www.burmeseclassic.com



www.burmeseclassic.com

# မြပုလဲသွယ်

နှင်းဆီတစ်ပွင့်

စိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၇၇၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၅၅၀၇၀၉ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

နှင်းဆီတစ်ငုံ /မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈ - စာ ၁၂ × ၁၈ စင်တီ။

(၁) နှင်းဆီတစ်ငုံ


## အခန်း (၁)

မျက်စိတစ်ဆုံး မြင်တွေ့နေရသော မြင်ကွင်းကို ဧယျတေ့ ငေးမျှော်ကြည့်မိသည်။ ပြာလွင်သော မိုးကုတ်စက်ဝိုင်းနှင့် စိမ်းမြ ရွှန်းစိုသော ကမ္ဘာမြေပြင်တို့ ဆက်စပ်ပတ်သက်နေပုံက အနုသုခုမပညာရှင်တစ်ဦး ရေးဆွဲထားသော ပန်းချီကားကြီးနှင့် လှလှပပ။ အဝေးကြည့်မြင်ကွင်းမှာတော့ တစ်သားထဲ ပေါင်းစပ်ထားသလို ပြည့်စုံငြိမ်းချမ်းသည်။

အကျွမ်းတဝင် ရင်းနှီးသည်။

ဆွတ်ပျံ့ကြည်နူးဖွယ် မြင်ကွင်းလှလှလေးအဖြစ် အများက အားကျသည်။ အကြောင်းမသိလျှင်တော့ ဤမြင်ကွင်းလှလှလေး၏ ခွဲဆောင်မှုအောက်မှာ လူတိုင်း ရင်သပ်ရှုမောတအံ့တဩ ဖြစ်လောက်သည်။

တကယ့်တကယ် အရင်းစစ်တော့ အဖြစ်မှန်က ထိုသို့ မဟုတ်။ အမြင်မှာနီးသလောက်နှင့် အလှမ်းကွာဝေးသည်သာမက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့်တစ်ခု ဆုံစည်းပေါင်းစပ်၍ မရနိုင်သော မြစ်စဉ်များသည် သာ လွှမ်းမိုးလျက်။ သီးခြားစီဖြစ်တည်၍။ သီးခြားဘဝများဖြင့် ရပ်တည်ရှင်သန်နေထိုင်ကြသည့် အဖြစ်များအား သက်ဆိုင်သူများ မှတစ်ပါး တခြားမည်သူသိနိုင်ပါမည်နည်း။

သူလည်း သူ့ဘဝနှင့်သူ။

ကိုယ်ကလည်း ကိုယ့်ဘဝနှင့်ကိုယ်။

အမြင်နီးပေမယ့် အလှမ်းဝေးလွန်းမက ဝေးလွန်းသည့်အဖြစ်တွေနှင့် တစ်မိုးအောက်ထဲမှာ အတူရှိနေရသည့် အဖြစ်တွေနှင့် ဖြစ်သည်။

"ကားအဆင်သင့်ဖြစ်ပါပြီ ဆရာ"

"ကောင်းပြီ"

ဒရိုင်ဘာဦးစိန်က ရိုကျိုးသော အမူအရာဖြင့် ဖေယျတုနားက ထွက်သွားသည်။ ခရီးသွားဖို့ အဆင်သင့်ဖြစ်ပေမယ့် လေသာပြတင်းမှာ ရပ်နေရာက ဖေယျတု မလှုပ်ရှားနိုင်သေး။ ရင်လေးဖွယ် ရှေ့ဆက်ရမည့်ခရီးအတွက် အထီးကျန်သွေ့ခြောက်စွာ ကျယ်လောင်သော သက်ပြင်းရှိုက်သံသာ ဖေယျတုဘဝခရီး၏ အဆုံးသတ်အခြေစင်စစ်ဖြစ်လာ၏။

ခြေလှမ်းကို နေရာက စရွေ့သည်။ ကျယ်လွင့်ပြန့်ပြောသော မြင်ကွင်းက ဖေယျတုနောက်ပါးမှာ မှုဝါးလျက် ကျန်ရစ်၏။





သူ၏ဦးတည်ရာက သူ့အလာကိုစောင့်နေမည့် ဒရိုင်ဘာဦးစိန်ရှိရာသို့ မဟုတ်။ အိပ်ခန်းထဲမှာ တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာရှိနေမည့် အေရီရယ်ရှိရာသို့ ဖြစ်သည်။

စေ့ရုံစေ့ထားသော အိပ်ခန်းတံခါးရှေ့မှာ ခြေစုံရပ်ပြီး အခန်းတံခါးကို ခပ်ဖွဖွခေါက်လိုက်၏။

"ခေါက်...ခေါက်"

"ဘယ်သူလဲ"

တိုးဖွညက်ညောသော အသံလေးတစ်ခု။

"ကိုယ်ပါ အေရီရယ်"

"ဩော်"

တိုးတိတ်သော အသံလေးက. အသိအမှတ်ပြုသည်လား၊ ညည်းတွားဆန့်ကျင်ခြင်းလား ဆိုသည်ကို သူကိုယ်တိုင်လည်း ခွဲခြား မသိလိုတော့ပါ။ ဖိတ်ခေါ်ခြင်းလည်းမပြု၊ တားမြစ်စကားလည်း မဆို။

"ကိုယ်ဝင်ခဲ့ရမလား အေရီရယ်"

"ကို့သဘောပါ"

"ကျွီး"

အခမ်းနားဆုံးသော အဆောင်အယောင်တွေချည်း ထုံမှိုင်းပြည့်လွှမ်းနေသော အေရီရယ် အခန်းမှာ မွေးပျံ့ကြိုင်သင်းသော



www.burmeseclassic.com

www.burmeseclassic.com



ပန်းရနံ့တို့ဖြင့် ထုံမွှန်းသော်လည်း မသာယာနိုင်။ ကြီးမားကျယ်ပြန့်သော နှစ်ယောက်အိပ်မွေ့ယာကြီးပေါ် အဆင့်ဆင့်ခုခံထားသည့် ခေါင်းအုံးများအလယ်မှာ အေရီရယ်ဆိုသည့် ယမင်းရုပ်က လှပစွာ ငြိမ်ငြိမ်သက်သက် လဲလျောင်းလျက်။

အိပ်ခန်းဝမှာ မားမားကြီးရပ်နေသော ဖေယျာတုမျက်နှာကို အရောင်ဖျော့သော မျက်လုံးများဖြင့် လှမ်းကြည့်သည်။

"ခရီးသွားတော့မယ်လား"

အေရီရယ်ထံမှ စတင်ထွက်ပေါ်လာသော နှုတ်ဆက်စကား ဖြစ်ပါသည်။ နွေးထွေးလိုက်လှဲခြင်းလည်းမရှိ။ အေးစက်သည်ဟု၍လည်း မဆိုသာ။ သို့သော် ဝတ်ကျေတမ်းကျေဆိုသော စကားနှင့်တော့ ကိုက်ညီသည်ဟု ဆိုရမည်။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ငဲ့ညှာထောက်ထားသော အပေါ်ယံ ဆက်ဆံရေးက တာဝန်တစ်ရပ်ကို ထမ်းဆောင်နေရခြင်းအဖြစ်ထက် ဘာတစ်ခုမှမထူး။

သူ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အေရီရယ်ရှိရာသို့ ပျော့ပျောင်းနူးညံ့သော ကတ္တီပါကော်ဇောကို နင်းဖြတ်လျက် လျှောက်ခဲ့သည်။

"နေသာရဲ့လား အေရီရယ်"

"ဒီလိုပါပဲ ကိုရယ်၊ အေရီရယ်အခြေအနေကလည်း ကို





သိတဲ့အတိုင်းပဲ ဝမ်းဒေးကိုး ဝမ်းဒေးဆီးဗားမဲ့လေ"

"အေရီရယ် ရယ်"

တစ်နေ့ရွှေတစ်နေ့ငွေပါဆိုသည့် သူ့မကျန်းမာရေးအခြေအနေကို အေရီရယ်က အေးဆေးသက်သာစွာ အပြုံးမပျက် ပြောနိုင်ပေမယ့် အေရီရယ်အတွက် များစွာ စိတ်မချမ်းမသာဖြစ်သွားရသော ဖေယျာတုကတော့ ဖြူဖျော့ဖျော့ အေရီရယ်လက်ကလေးတစ်ဖက်ကို နွေးထွေးသန်မာသော သူ့လက်ချောင်းများဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်မိပါသည်။

"ကို ဘာလုပ်ပေးရမလဲ အေရီရယ်"

"ကို ဘာမှလုပ်မပေးနိုင်ပါဘူးကွယ်၊ သွားရမယ့်ခရီးကိုသာ ဖြောင့်ဖြောင့်သွားပါ"

"ကို့ကို ဘာမှာဦးမလဲ အေရီရယ်"

"မမှာတော့ပါဘူး၊ လမ်းခရီးမှာ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်ပါ၊ အေရီရယ်အတွက် စိတ်မပူပါနဲ့၊ အေရီရယ်က ကိုယ့်ဘဝနဲ့ကိုယ် နေတတ်နေပါပြီ"

"ဟိုမှာ ဘယ်နှစ်ရက်ကြာမှာလဲလို့ မမေးတော့ဘူးလား အေရီရယ်"

"ကို ဟိုမှာ ဘယ်နှစ်ရက်ကြာမှာလဲ"

"အပတ်နှစ်"



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာတု တစ်ချက်ရယ်လိုက်သည်။

အေရီရယ်က သူ့သဘောနှင့်သူ ဇေယျာတုကို မေးခြင်းပေတော်။ ဇေယျာတုက မေးခိုင်း၍ သူမက လိုက်မေးခြင်းအဖြစ်ကို သဘောကျ၍ဖြစ်ပါသည်။

သူတို့နှစ်ယောက်ကြားမှာ တကယ်ပဲ ဘာသံယောဇဉ်မှ မရှိတော့ဘူးလား။ အုံ့ဩစရာကောင်းသော အခြေအနေကနေ ကြောက်စရာကောင်းသော အခြေအနေကို ကူးပြောင်းသွားခဲ့သည်မှာ ကြာပါပြီကောလားလေ၏။

"ကို"

"ဗျာ"

"အေရီရယ် မေးနေတယ်လေ၊ ကို ဟိုမှာ ဘယ်နှစ်ရက်ကြာမှာလဲလို့"

"ရက်အတိအကျတော့ သတ်မှတ်မထားဘူး အေရီရယ်၊ တစ်လလောက်လည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါထက်လည်း ပိုစောချင်စောမယ်"

"ကို့အခြေအနေတွေကို အေရီရယ်သိအောင် နေ့တိုင်းဖုန်းဆက်မှာပါ အေရီရယ်"

"ကို ပင်ပန်းနေပါမယ်ကွယ်၊ အေရီရယ်ကို တာဝန်ကြီးတစ်ခုလို သဘောထားမနေပါနဲ့၊ တစ်ပတ်တစ်ခါ ဒါမှမဟုတ်





ကို အဆင်ပြေတဲ့အခါကြမှပဲ အေရီရယ်ဆီကို ဖုန်းဆက်ပါ"

"ကို့ကို အေရီရယ် နားလည်ပါတယ်"

"ဒါပေမယ့် အေရီရယ် အခြေအနေက"

"ဘာဖြစ်သလဲကို၊ ကိုမရှိတုန်း အေရီရယ် တစ်ခုခုဖြစ်သွားမယ်ထင်လို့လား"

သူမဖြေပါ။

အေရီရယ် မျက်နှာဖြူဖြူလေးကို ရီဝေမှိုင်းမှုိင်စွာ စူးစိုက်ကြည့်ငေးနေတော့ အေရီရယ်က ချစ်စဖွယ်ရယ်ပါသည်။

"စိတ်ချပါကိုရယ်၊ ကိုမရှိဘဲနဲ့ အေရီရယ် ဘာမှမဖြစ်ပါဘူး၊ အေရီရယ်ကိုယ် အေရီရယ်သိပါတယ်"

"အေရီရယ် ဝဋ်တွေက မကုန်သေးပါဘူးကွယ်၊ ကိုပြန်လာတဲ့အထိ ဒီနေရာလေးကပဲ အေရီရယ် စောင့်ကြိုနေဦးမှာပါ"

"အေရီရယ်"

"အေရီရယ်ကို ဘာမှနှစ်သိမ့်ဖို့ မကြိုးစားပါနဲ့တော့ ကိုရယ်၊ ကိုသွားရမယ့်ခရီးကိုသာ စိတ်ချလက်ချသွားပါ၊ အေရီရယ် နေကောင်းပါတယ်"

"ကို အမြန်ဆုံးပြန်လာခဲ့မယ် အေရီရယ်"

"ကောင်းပါပြီကိုရယ်"

အေရီရယ်၏ ပြေချောသော နဖူးလေးကို သူ တစ်ချက်

www.burmeseclassic.com



ငုံ့နမ်းနှုတ်ဆက်လိုက်ကာ နေရာက ကျောခိုင်းထွက်ခဲ့သည်။ သူ့နောက်ပါးမှာ အေရီရယ်တစ်ယောက် ဘယ်လိုပုံစံနှင့် ကျန်ရစ်သည်မသိ။

သိလည်း မသိချင်တော့ပါ။

အေရီရယ်နှင့် ဧယျတုတို့ ဒီလိုပုံစံနဲ့ပဲ နှစ်ရှည်လများ တစ်မိုးအောက်မှာ နှစ်ယောက်အတူ နေထိုင်ခဲ့သည့်နှစ်တွေ ပြန်ရေတွက်ကြည့်လျှင် ဆယ်နှစ်နားကိုပင် ကပ်တော့မည်ထင်။

"ဒေါ်ပု"

"ဆရာ"

"အေရီရယ်ကို ကျွန်တော် ခရီးထွက်နေတုန်း သေသေချာချာ ဂရုစိုက်ပါ၊ အကြောင်းတစ်ခုခုထူးရင် ချက်ချင်းဖုန်းဆက်ဖို့ မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါဆရာ၊ မမလေးကို ကျွန်မ သေသေချာချာ ဂရုစိုက်မှာပါ"

သူ နောက်ပိုင်းကို လှည့်မကြည့်တော့။ ဒရိုင်ဘာဦးစိန် အသင့်ဖွင့်ပေးထားသော ကားတံခါးချပ်ကို ဖြတ်ကျော်လျက် ကားထဲ ဝင်ထိုင်လိုက်သည်။ ညက်ညောညင်သာစွာ ကားလေး လျှောခနဲထွက်လျှင် အေရီရယ်နှင့် ခွဲခွာမြိုင်ခြံသည်လည်း သူ၏ နောက်ပါးမှာ ဝေဝါးလျက် ကျန်ခဲ့သည်။





ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးလျက်ရှိသည်။ မြင်ကွင်းတွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာသော်လည်း ဧယျတုအာရုံထဲ ဘာတစ်ခုမှ မထင်ရှား။ အသိအမှတ်ပြုလောက်စရာရယ်လို့လည်း မမြင်။ မျက်စိတည့်ရာ စင်းစင်းကြည့်လျက် ကားနောက်ခန်းမှာ မလှုပ်ယှက်။ ခံစားမှုကင်းမဲ့သော မျက်နှာဖြင့်သာ လိုက်ပါလာသည်။

ခံစားမှု။

ထိုစကားအစုသည် ဧယျတုနှင့် ဘာမှမသက်ဆိုင်တော့သလို ကင်းလွတ်ကွာဝေးနေခဲ့သည်မှာ အဘယ်မျှကြာပြီနည်း။ အပျော်ဆိုသောစကားသည် ဧယျတုဘဝထဲက ထွက်ခွာချုပ်ငြိမ်းသွားခဲ့သည်မှာ ဘယ်အချိန်ကဟူ၍ပင် မမှတ်မိ။

အရယ်အပြုံးဆိုသည့် စကားသည်လည်း ဧယျတုနှင့် မသက်ဆိုင်တော့သလို ထင်ရသည်။ သူသာမဟုတ် အေရီရယ်သည်လည်း သူ့နှယ်ရှိပေမည်။ သို့သော် အေရီရယ်က အသက်မပါသော အပြုံးအရယ်များဖြင့် သူ့ကိုယ်သူ လှည့်စားသည်။ ဧယျတုကိုလည်း နှစ်သိမ့်ဖို့ ကြိုးစားသည်။ အေရီရယ်၏ မပီပြင်သော သရုပ်ဆောင်မှုတွေကို မသိသလို ဟန်ဆောင်လိုက်လျှောရင်း ဧယျတုကိုယ်တိုင်သည်ပင်လျှင် ဘဝအစစ်တွေ ပျောက်ဆုံးနေသူ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုအစစ်အမှန်တွေ ဖွေရှာ၍မတွေ့တော့။ အချစ်မပါသော အိမ်ထောင်ရေးက ကြောက်စရာကောင်းသော သွေးပျက်တုန်လှုပ်ချောက်ချားစရာအဖြစ်သို့ တဖြည်းဖြည်း သွေ့ခြောက်ပြောင်းလဲရသည့်အထဲ အေရီရယ်၏ ရောဂါဝေဒနာကလည်း တရိရိတမြေ့မြေ့။

"ဟင်း"

ဘယ်နှစ်ကြိမ်မှန်းမသိသော သက်ပြင်းရှိုက်သံက ဖေယျတုထံမှ ထွက်ပေါ်လာပြန်သည်။ သက်ပြင်း မကြာခဏချလျှင် အသက်တိုတတ်သည်ဟု ဆိုကြသည်။ စက်ရုပ်လူသားဘဝဖြင့် ပျော်ရွှင်ခြင်းကင်းသော ဘဝမှာ နေပျော်စရာ ရှင်သန်မှုက ဘယ်ဆီမှာရှိလေသည်မသိ။

အသက်ရှင်သန်ခြင်းနှင့် သေဆုံးခြင်းကြားဝယ် ဖေယျတုကိုယ်တိုင် ဘာကိုမှ အလိုမရှိဘဲဖြစ်နေ၏။ သူနှင့်အေရီရယ်အဖြစ်က အဝေးကြည့်မြင်ကွင်းမှာတော့ တစ်သားထဲ ပေါင်းစပ်ထားသလို ပြည့်စုံငြိမ်းချမ်းသည်။

အကျွမ်းတဝင် ရင်းနှီးသည်။

အဖြစ်မှန်က ထိုသို့မဟုတ်။

အမြင်မှာနီးသယောင်နှင့် အလှမ်းကွာဝေးလွန်းသည်သာမက တစ်ယောက်နှင့်တစ်ယောက် ပေါင်းစပ်ဆုံစည်း၍ မရနိုင်





သော ဖြစ်စဉ်များနှင့်သာ။

"ကားမှန်တံခါးတွေကို ဖွင့်လိုက် ဦးစံနဲ့"

"ဟုတ်ကဲ့ဆရာ"

မွန်းကြပ်မှုကို ဤနည်းဖြင့် ဖြေရှင်း၍ ရနိုင်ပါမည်လား။ ကားထဲက အေးစိမ့်သော အဲယားကွန်းလေက သူ့ရင်ထဲကအပူကို ကုနိုင်စွမ်းမရှိ။

ကားမှန်အကျမှာ ကြမ်းရိုင်းစူးရှသည့် လေပြင်းက သူ့ရင်ခွင်တစ်ခုလုံးကို တိုးဝင်မွှေနှောက်ဖို့ ကြိုးစားသည့်တိုင် ဘာတစ်ခုမှ လွင့်ပြယ်ခြင်းကမရှိ။ ဖေယျတု၏ တည်ကြည်ခန့်ညားသော မျက်နှာကို တိုးဝင်လာသောလေက မည်းနက်သော သူ့ဆံပင်အုံထူထူကို လက်လက်ခါ သယ်ယူခါယမ်းပစ်သည်။

ဝတ်ဆင်ထားသော အင်္ကျီဘောင်းဘီအနားစများ။ ဖျတ်ဖျတ်ခါ မျောလွင့်သလို ဖေယျတု၏ ပြီးဆုံးခဲ့သော အတိတ်တချက်နှာကားချပ်သည်လည်း လေရူးနှင့်အတူ တစ်စစီ တစ်ခုစီ မျောလွင့်လျက် လိုက်ပါသွား၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ငယ်စဉ်ကလေးဘဝထဲက မိခင်မရှိသော ဧယျတုကို ဖခင်ဖြစ်သူ ဦးဧယျက ငယ်စဉ်ထဲက ကျောင်းအိပ်ကျောင်းစား ဘော်ဒါမှာ ပို့လျက် ကျောင်းထားသည်။ ကိုယ်တိုင်လည်း နောက်အိမ်ထောင်ပြုခြင်းမရှိ။ ချစ်ခြင်းမေတ္တာအားလုံးကို သား တစ်ယောက်တည်းဖြစ်သော သူ့အပေါ်မှာ စုပုံအောထားသလို ဧယျတုဆိုသည့် သူကလည်း ဖေဖေ့ကို သိပ်ချစ်ပြီး သိပ်အားကိုး ခဲ့သည်။

ဧယျတုအတွက် ဖေဖေက အဖေနေရာရော အမေနေရာ မှာ ရှိသူဖြစ်သည့်အတိုင်း ဖခင်ကြီးစကားကို တစ်သွေမတိမ်း လိုက်နာသည့်နေရာမှာ ဧယျတုက သားလိမ္မာဖြစ်သည်။

ဖေဖေက နိုင်ငံခြားမှာ ကျောင်းသွားတက်ဆိုတော့လည်း မငြင်း။ ဖခင်ကြီးဆန္ဒအတိုင်း နိုင်ငံခြားမှာ ပညာသွားသင်သည်။





သားအဖနှစ်ယောက် ဤခရီးကို မညည်းငွေ့စတမ်း။ သွားလိုက် ပြန်လိုက်။ စားအတူ သွားအတူ။ သူငယ်ချင်းလို ညီအစ်ကိုလို တရင်းတနှီး။ နွေးနွေးထွေးထွေး နေလာခဲ့ရာက ဗြုန်းခနဲ ဖေဖေ မကျန်းမာတော့ နိုင်ငံခြားမှာပဲ အလုပ်လုပ်မည့် အစီအစဉ်ကို ဖျက်ပြီး မြန်မာနိုင်ငံကို ချက်ချင်းပြန်ခဲ့ရသည်။

သူပြန်ရောက်တော့ ဖေဖေ့ရောဂါအခြေအနေက နောက်ဆုံး အဆင့်။ ဘဝတစ်ခုမှ မျှော်လင့်ချက်မရှိတော့။ ဒီလိုအချိန်မှာ ဖေဖေ၏ နောက်ဆုံးဆန္ဒက အေရီရယ်ကိုလက်ထပ်ဖို့ သူ့ကို တောင်းဆိုသည်။

သားလိမ္မာ ဧယျတုက ဖေဖေ့မျက်နှာတစ်ခုထဲကိုကြည့် ပြီး ဖခင်ကြီးစိတ်ချမ်းသာဖို့ လက်ခံခေါင်းညိတ်လိုက်တော့ အေရီ ရယ်နှင့် လက်ထပ်ဖြစ်သွားသည်။ ဖေဖေ့မျက်စိရှေ့မှာ။ ဖေဖေ့ နောက်ဆုံးအချိန်မှာ ကျေနပ်ခြင်းပီတိတွေနှင့် လောကကြီးကိုရော သားဖြစ်သူကိုပါ စိတ်ချလက်ချ ကျောခိုင်းထွက်ခွာသွားသည်။ ဖေဖေ့ရုပ်ကလာပ်ရှေ့မှာ အံကြိတ်ပြီး မျက်ရည်ကျခဲ့သည်။

နှစ်ဘက်မိဘ အသိုင်းအဝိုင်းနှစ်ခုစလုံး ချမ်းသာပြည့်စုံ တာခြင်းအတူတူ အေရီရယ်က တစ်ဦးတည်းသောသမီးဖြစ်သလို ဧယျတုဆိုသည့် ဖေဖေ့သားကလည်း တစ်ဦးတည်းသောသားဆို တော့ နှစ်ဦးနှစ်ဘက် ပေါင်းစည်းရရှိသော စည်းစိမ်ချမ်းသာတွေ

www.burmeseclassic.com

www.burmeseclassic.com



က သူတို့ဆယ်သက်စားမကုန်နိုင်စရာ ဖြစ်လာသည်။

အောင်မြင်သော စီးပွားရေးက ဧယျတုလက်ထက်မှာ ပိုအောင်မြင်လာသည်။ ပို၍ကျယ်ပြန့်လာသည်။ အေရီရယ်ကို ဖေဖေက သူနှင့်သင့်တော်သည်။ လက်ထပ်ပါဟု တောင်းဆို၍ လက်ထပ်ခဲ့သည်။ အေရီရယ်နှင့် ပတ်သက်ပြီး ဧယျတုမှာ ဘာခံစားချက်မှမရှိ။

သို့သော် ဧယျတုက ယောကျ်ားကောင်းပီသသည်။ ခင်ပွန်းသည်တစ်ယောက်၏ တာဝန်ဝတ္တရား ကျေပြွန်သည်။ သူ့ဘက်က အေရီရယ်အပေါ်မှာ ဘာတစ်ခုမှ မလစ်ဟင်းအောင် ကြိုးစားနေထိုင်သည်။ အချိန်တန်လျှင် သားတွေသမီးတွေနှင့် နေပျော်သော အိမ်ထောင်ရေးတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

အေရီရယ်ကိုယ်တိုင်လည်း သူ့အပေါ်မှာ ဘယ်လိုသဘောထားသည်ကိုက ဧယျတုမသိ။ စိတ်မဝင်စားသဖြင့်လည်း မေးမြန်းစူးစမ်းခြင်းမပြု။ လှတ်စွအဆုံး အေရီရယ်လို လှပသော မိန်းကလေးတစ်ယောက်မှာ ချစ်သူရည်းစားရှိခဲ့သလား။ မရှိခဲ့ဘူးလားဆိုတာကိုပင် အခုချိန်ထိမသိ။ သိအောင်လည်း မမေး။

အေရီရယ်ကလည်း ပြောမပြခဲ့ပါ။

ပြောပြခွင့်မသာတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။





တစ်ခုသေချာသည်က အေရီရယ်ကိုယ်တိုင်လည်း သူ့နည်းတူ ဇနီးမယားကောင်းတစ်ယောက်ဖြစ်ဖို့ သူမကိုယ်သူမ ကြိုးစားအားထုတ်ခဲ့ခြင်းဖြစ်သည်။ အပျော်ရှင်ဆုံး အိမ်ထောင်သည်များမဟုတ်ခဲ့ကြပေမယ့် အေရီရယ်ရော ဧယျတုပါ အဆင်ပြေပြေ နေနိုင်သော အိမ်ထောင်ရှင်များအဖြစ် ကြိုးစားရပ်တည်ခဲ့ကြသည်။

ဝမ်းနည်းစရာကောင်းသည်က ဧယျတု မျှော်လင့်ထားသလို အေရီရယ်တစ်ယောက် သူ့အတွက် မိသားစုဘဝလေးကို ဖန်တီးဖြည့်စည်းပေးနိုင်စွမ်း မရှိခဲ့ခြင်းတည်း။

နာမည်ကြီး ဆရာဝန်တွေနှင့် ကြိုးစားတိုင်ပင်သည်။ တွေ့ဆုံဆွေးနွေးသည်။ နောက်ဆုံး ဖန်ပြွန်သန္ဓေသားအထိ စဉ်းစားခဲ့သော်လည်း အေရီရယ်၏ သွေးအိမ်အားနည်းရောဂါက မည်သည့်သားသမီးကိုမျှ လက်ခံနိုင်စွမ်းမရှိ။

သူလက်လျှော့ခဲ့ရသလို အေရီရယ်လည်း သူမအဖြစ်ကို ဝမ်းနည်းသေးသိမ်စွာ ယူကျုံးမရဖြစ်သွားသည်။ စိတ္တဇဆန်ဆန် ဖြစ်သွားတော့ အစားအအိပ်မမှန်တော့ အေရီရယ်မှာ ရောဂါဝေဒနာမျိုးစုံ ဝင်လာသည်။

စိတ်ထောင်းတော့ ကိုယ်ကြေဆိုသည့်စကားက အေရီရယ်ဖို့ဖြစ်လာသည်။ စိတ်ကျရောဂါသည် အေရီရယ်နှင့်သူ အတူနေ၍မဖြစ်တော့။ တစ်ယောက်စီ သီးခြားစီခွဲနေကြသည်။ အေရီရယ်မှာ

www.burmeseclassic.com



နှလုံးရောဂါအပြင် တခြားဝေဒနာတွေပါစုံသည်။ အေးစက်သေ့ခြောက်သော သူတို့အိမ်ထောင်ရေးက ထိုပုံစံအတိုင်း ရက်ပေါင်းများစွာ ကြာမြင့်ရှည်လျားလှပါပြီတော့။

အေရီရယ်က သူမ၏ အထီးကျန်သေ့ခြောက်သောဘဝကို မြန်မြန်အဆုံးသတ်လိုသည်။ သို့သော် ကံဇာတ်ဆရာအလိုကျ အေရီရယ်ဖြစ်ချင်တိုင်း ဘာတစ်ခုမှမဖြစ်။ သေချင်လျက်နှင့် မသေ။ ရောဂါဝေဒနာအမျိုးမျိုး၏ ဖိစီးနှိပ်စက်ခြင်းအောက်မှာ အေရီရယ်ခမျာ တလူးလူးတလွန့်လွန့်။

တညည်းညည်း တညူညူ။

အေရီရယ်၏ အဖေနှင့်အမေမှာလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားသဖြင့် အေရီရယ်ဘဝက ဓေယျာတုမှတစ်ပါး ခိုကိုးအားထားရာမရှိ။ ဒါကိုသိ၍ ဓေယျာတုကလည်း အေရီရယ်အပေါ် မရက်စက်။

အချစ်သစ်လည်းမရှာ။

အပျော်အပါးလည်း မလိုက်စား။

သူ့ဘဝသူ့အလုပ်တွေထဲမှာ အာရုံနှစ်ထားသည်။ အေရီရယ်ကိုလည်း ဘယ်တော့မှ မပစ်ပယ်။ သနားစရာကောင်းသော ဇနီးသည်အဖြစ်ရော၊ ခိုကိုးအားထားရာမဲ့ လူသားတစ်ယောက်အဖြစ်ရော ပြုစုစောင့်ရှောက်သည်။





ဂရုစိုက်အလေးထားသည်။

နေရာပေး၍ ဆက်ဆံသည်။

စိတ်ထားကောင်းသော၊ သစ္စာရှိသော ဓေယျာတု၏ ယောကျ်ားပီသမှုအတွက် အေရီရယ်ကိုယ်တိုင်ကလည်း လေးစားပါသည်။ သူ့အပေါ် အစစအရာရာ အနစ်နာခံသော ယောကျ်ားအပေါ်မှာလည်း သနားမိသည်။

ဖြစ်နိုင်လျှင် အေရီရယ်ကိုယ်တိုင် ဓေယျာတုကို အချစ်သစ်ရှာပြီး သူ့ဘဝသူ ပျော်ရွှင်အောင် တည်ဆောက်နေထိုင်သွားစေချင်သော်လည်း နှုတ်က ထုတ်ဖော်ပြောရဲသည့်အထိတော့ သတ္တိမရှိ။

အေရီရယ်အပေါ်မှာ ဓေယျာတုက မချစ်မှန်းသိပေမယ့် အေရီရယ်ကတော့ ဓေယျာတုဆိုသည့် သူမခင်ပွန်းသည်ကို ချစ်သည်။ မြတ်နိုးသည်။ တွယ်တာအားကိုးသည်။ ဤသည်ကို ဓေယျာတုကမသိ။ သူကိုယ်တိုင် အချစ်မရှိ၍ တခြားသူတစ်ယောက်၏ အချစ်ကို သတိမထားမိ။ အလေးမထားမိခြင်းဆိုလည်းမမှား။

ဟိုတုန်းကတော့ ခင်ပွန်းသည်ထံမှ တုံ့ပြန်လာမည့်အချစ်ကို အေရီရယ် တိတ်တခိုး မျှော်လင့်ခဲ့ဖူးသည်။ တမ်းတရင်ခုန်ခဲ့ဘူးသည်။ အခုတော့ အေရီရယ်ရင်ထဲ အသည်းထဲက လှိုက်လှဲသော ချစ်ခြင်းမေတ္တာကို အေရီရယ်ဘာသာ လျှို့ဝှက်တိတ်ဆိတ်စွာသော့ခတ်သိမ်းဆည်းခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရယ်ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ခင်ပွန်းသည်ကို အရှေ့ရယ်အချစ်တွေနှင့် ထပ်ပြီး ဝန်ပိုစေချင်တော့သည်က ဒေယျတုအပေါ်ထားသော အရှေ့ရယ်ရင်ထဲက စစ်မှန်လေးနက်သည့် ချစ်မေတ္တာသာဖြစ်သည်။

ဤသည်ကို ဒေယျတုကမသိ။

မသိ၍လည်း အရှေ့ရယ်အပေါ်မှာ နားမလည်။ သွေးခြောက်၍ အထီးကျန်ဆန်သော သူ့ဘဝခရီးလမ်းအတိုင်းသာ မှားမှားမှန်မှန် အတတ်နိုင်ဆုံးအနေအထားဖြင့် အကောင်းဆုံးဖြစ်အောင် လျှောက်လှမ်းနေထိုင်သူဖြစ်သည်။

အခုလည်း ကုမ္ပဏီကိစ္စဖြင့် ဂျပန်နိုင်ငံကိုသွားရမည့်ခရီးမှာ သူ့ဇနီးသည် အရှေ့ရယ်ကို ဝင်ရောက်နှုတ်ဆက်အသိပေးခြင်း ဖြစ်သည်။ သူဘာလုပ်လုပ်၊ ဘယ်သွားသွား အရှေ့ရယ်ကို အမြဲ အသိပေးသည်။ ပြောပြတိုင်ပင်သည်။

အရှေ့ရယ်ကို အသိမပေးဘဲ ဘာမှမလုပ်။ ဒေယျတုနေရာမှာ တခြားယောကျ်ားတစ်ယောက်ဆိုလျှင် အိမ်က နာတာရှည်ရောဂါသည် ဇနီးကို အရေးပင်လုပ်မည်မဟုတ်။ နောက်ထပ် အချစ်သစ်ရှာကာ အိမ်ကမိန်းမ ဘာဖြစ်ဖြစ်၊ သူတို့ဘာသာ ဘဝသစ်မှာ အချစ်သစ်နှင့် ပျော်ပျော်ကြီးနေကြမည့်သူတွေချည်းဖြစ်သည်။





ထိုသူတွေထဲမှာ ဒေယျတုမပါ။

အခုချိန်ထိလည်း အရှေ့ရယ်အပေါ်မှာ သစ္စာဖောက်ဖို့ စိတ်ကူးမရှိ။

"လေယာဉ်ကွင်းရောက်ပါပြီ ဆရာ"

"ကောင်းပြီ"

ကားတံခါးကို ဦးစိန်ကိုယ်တိုင် သူ့ဆရာကို ဖွင့်ပေးသည်။ အချိန်တစ်လကျော်ကြာမည့်ခရီးမှာ အရှေ့ရယ် ဘယ်လိုနေမည်မသိသော်လည်း အလုပ်တာဝန်ဝတ္တရား သူသွားရမည့် ခရီးစဉ်တွေကလည်း ဟိုနေရာ ဒီနေရာက မကြာခဏ ပေါ်ပေါက်လာတတ်သည်။

"ဦးစိန်"

"ပြောပါဆရာ"

"ကျွန်တော်မရှိတုန်း ခင်ဗျားမမလေးကို ဂရုစိုက်ပါ"

"ဟုတ်ကဲ့ဆရာ"

"ဪ...နေဦး သူ့အတွက်ရှာခိုင်းထားတဲ့လူ အခုထိ ရှာမရသေးဘူးလား"

"ဟုတ်ကဲ့၊ ရှာလို့တော့ရပါတယ်ဆရာ၊ ဘယ်သူကမှ မမလေးနားမှာ ကြာရှည်မနေချင်ကြဘဲ လစ်လစ်ပြေးကြလို့ ဒီတစ်ခါတော့ ဒေါ်ပုကိုပဲ အရှာခိုင်းထားပါတယ်"

"အရှေ့ရယ် အဆင်ပြေအောင် ခင်ဗျားတို့ပဲ ကြည့်စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါရှာ၊ သူခများ နာတာရှည်ရောဂါသည်ဆိုတော့ သူ့စိတ်နဲ့ သူ့ကိုယ် မတည့်တဲ့အခါတွေ သူ့စိတ်အလိုမကျတာတွေလည်း ရှိတာပေါ့''

''ဒါကို နားလည်ခွင့်လွှတ်သည်းခံနိုင်မယ့်သူမျိုး ရှာဗျာ၊ လခပိုပေးဆိုလည်း ပေးမယ်၊ အရေးကြီးတာက အေရီရယ် အဆင်ပြေပြေနေဖို့ပဲ''

''ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ၊ မမလေးအတွက် ကျွန်တော်တို့လည်း အစွမ်းကုန်ကြိုးစားရှာပါ့မယ်''

''ကျွန်တော်သွားမယ်''

''ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့''

လေယာဉ်ကွင်းထဲ သူဝင်ခဲ့သည်။

လေယာဉ်ပေါ်အတက်မှာတော့ အေရီရယ်နှင့် ခတ္တာမြိုင်ကို ခဏမေ့ထားပြီး အလုပ်ကိစ္စအတွက် ပြောဆိုဆွေးနွေးရမည့် အစီအစဉ်တွေကို အချိန်ပေးစဉ်းစားရသည်။

လေ့လာမှတ်သားရသည်။

ကောင်းကင်ပြာပြာ တိမ်ဖြူဖြူတွေထဲမှာ ဖေယျာတု စီးလာသည့် လေယာဉ်ကြီးက အင်နှင့်အားနှင့် အချိန်ပြင်းစွာ ထိုးဖောက်ပျံသန်းနေသည်။

သူနှင့်အေရီရယ်တို့ ဘဝခရီးတစ်လျှောက် အတူလက်တွဲ





ဖြတ်သန်းဖို့ သူကိုယ်တိုင် မည်မျှအရှိန်ပြင်းစွာ ထိုးဖောက်ပျံသန်းရဦးမည်နည်း။

ဤသည်ကို ဖေယျာတုလည်းမသိ။ ဖေယျာတုစီးလာသည့် ဂျက်လေယာဉ်တော့ သူ့တာဝန်အတိုင်း ခရီးဆုံးရှိရာသို့ နိမ့်ကာမြင့်ကာ သူ့ခရီးစဉ်ဦးတည်ရာသို့ ထိုးဖောက်ပျံသန်းလျက်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"ခင်ဗျားကိုယ်တိုင်သွားလို့ ဖြစ်မလား ဒေါ်မုရ၊ ခင်ဗျား မရှိရင် မမလေး ဘယ်လိုလုပ်မလဲ"

"ဒါကြောင့် ပြောတာပေါ့ မောင်စိန်ရယ်၊ ဆရာကလည်း သူ့မိန်းမကို သေချာဂရုစိုက်ဖို့မှာသွားတယ်၊ မမကို ပြုစုဖို့ကြတော့လည်း လူကမရှိ၊ ရှိတဲ့လူကြတော့ မမလည်း သဘောမကျ၊ ပိုဘက်ကလည်း မမကို သဘောမကျနဲ့ အခု တို့ဘာဆက်ကြရမှာ တုန်းဟဲ့"

"ဘာမှမလုပ်နဲ့ဗျာ"

စိတ်ရှုပ်ရှုပ်ဖြင့် ဦးစိန်က ပြန်အော်သည်။

"မလုပ်လို့ဖြစ်မလားဟဲ့၊ အခုလည်း ဆရာဖုန်းဆက်တိုင်း လူရပြီလားချည်းမေးနေတာ၊ နင် မကြားဘူးလား"

"လူကတော့ ရနေသားပဲဗျာ၊ ကျွန်တော်လည်း ရှာတာပဲ၊





ဆရာဖုန်းမဆက်တဲ့အချိန်ဆို လူကရပြီ၊ ဟော ဆရာဖုန်းဆက်တဲ့ အချိန်လည်းရောက်ရော မမနားမှာ ဘယ်သူမှကို မရှိတော့ဘူး"

"သိပ်ကိုခက်တာပဲဗျာ"

ဒရိုင်ဘာဦးစိန်က သူ့ခေါင်းကဆံပင်တိုတိုကို စိတ်ရှုပ်ရှုပ်ဖြင့် ခွဲကုတ်သလို ဒေါ်ပုကိုယ်တိုင်လည်း စိတ်ပျက်လက်ပျက် မျက်နှာနှင့် ထိုင်းမှိုင်းနေသည်။ အလုပ်ရှင်နှင့် အလုပ်သမားဆိုပေမယ့် တစ်ဦးက စေတနာ တစ်ဦးကမေတ္တာဆိုသလို အပြန်အလှန် သူ့ဘက်ကိုယ့်ဘက် ငဲ့ညှာစာနာနိုင်မှ အလုပ်ရှင်နှင့် အလုပ်သမား မြဲကြသည်သာ။

အခုတော့ ထိုသို့မဟုတ်။

ပွဲစားက တစ်ယောက်မတော်း တစ်ယောက်ပြောင်းပို့သည့်တိုင် အဆင်မပြေမှုတွေချည်း ဖြစ်နေသည်။ အေရီရယ်လို နာတာရှည်လူမမာနား ဘယ်သူမှ စိတ်ရှည်လက်ရှည် စေတနာထား ပြီး မပြုစုလိုကြ။

အေရီရယ်ကလည်း စိတ်ကောင်းနေသည့်အချိန်မှာ ချိုချို အေးအေး ငြိမ်နေနိုင်ပေမဲ့ သူ့စိတ်နှင့်သူ့ကိုယ် စိတ်အလိုမကျသည့် အချိန်တွေမှာ ပေါက်ကွဲမှုတွေ ပြင်းထန်ပြီး ဆူဆူပူပူ ထုသည်။ ရိုက်သည်။ ပစ်ခွဲသည်ဆိုတော့ လူကမမြဲ။

ဆေးရုံက ဆရာမလေးတွေ နေ့တစ်ယောက် ည



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပြောင်းပြောင်းထားတော့လည်း တစ်ယောက်အထာ တစ်ယောက်မသိတာနှင့် အဆင်ကမပြေ။

ပိုက်ဆံမက်ပြီး လိုက်လာတုန်း ပျော်တပြုံးပြုံးခဏသာ။ ရက်ပိုင်းနှင့် ပြန်မလာကြသူတွေချည်း။

"နောက်တစ်ယောက်သား သွားခေါ်ပါဟယ်၊ တော်ကြာ ဆရာပြန်လာတော့မှာ၊ သူ့မိန်းမနား လူမရှိရင် ငါတို့ဘယ်လိုမျက်နှာ ပြမလဲ"

"ရွာမပြန်နဲ့ဆိုလည်း မပြန်သေးပါဘူး၊ ပွဲစားခေါ်တုတ် ဆီကိုသာသွား၊ ဆရာမရရင်လည်းခေါ်ခဲ့၊ ဘာဖြစ်ဖြစ် တစ်ရက်ဆို လည်း တစ်ရက်နည်းတာမဟုတ်ဘူး"

"နေဦးဗျာ စွတ်မလုပ်နဲ့ ကာယကံရှင်ဖြစ်တဲ့ မမသဘော ကလည်း တစ်မျိုး၊ သူ့နားကို ရေရှည်နေနိုင်မယ့်သူပဲ ခေါ်ပါလို့ ကျွန်တော်တို့ကို ပြောထားတယ်မဟုတ်လား"

"ခဏ…ခဏ လူအပြောင်းအလွဲတွေလုပ်တော့၊ အားလုံး ဟာ အိုနေင်းခွက်နင်းနဲ့ မမသာက်က စိတ်မရှည်နိုင်တာလည်း အပြစ် လို့ဆိုရခက်သား"

"ကဲ ခက်သားတွေ မခက်သားတွေ လုပ်မနေနဲ့၊ သွားပါ ကျုပ်ခိုင်းတဲ့အလုပ်သာလုပ်ချည်၊ ဆရာပြန်လာတော့မယ်လို့ ဖုန်းဆက်ထားတာ၊ ရှင်လည်းအသိမဟုတ်လား"





"သွားပါတော့၊ သွားပါ"

ဦးစိန် ထွက်သွားသည်။

ကားစက်သံကြားမှ ဒေါ်ပု သက်ပြင်းချသည်။ ပြည့်စုံ ချမ်းသာသည်မှာ ကိုကိုတက်။ လိုတာရပြည့်စုံသည်မှန်သော်လည်း ခတ္တာမြိုင်မှာက အိမ်ရှေ့ပူအိမ်နောက်မချမ်းသာဆိုသလို အိမ်ရှင် သူဌေးလင်မယား စိတ်မချမ်းသာရတော့ အိမ်မှာရှိနေသူတွေမှာ လည်း စိတ်ဆင်းရဲမှုတွေကိုယ်စီနှင့် ဖြစ်သည်။

"ဒေါ်ပု"

"လာပါပြီ မမလေး"

အသံက အရင်ရောက်သွားသော်လည်း ခြေထောက်က နောက်မှာကျန်ရစ်သည်။ လေးပင်သော ခန္ဓာကိုယ်က တော်ရုံနှင့် လိုရာခရီးကမရောက်။

"အစမ်းကို ခေါ်ပါဦးဒေါ်ပုရယ်၊ ကျွန်မ တစ်ကိုယ်လုံး ရှလိုက်တာ ရေပတ်တိုက်ပေးပါဦး"

အေရီရယ်အသံက တိုးလျလျ။ အစမ်းခေါ်ပေးပါဆိုတာ နှင့် ဒေါ်ပု ဘာပြောရမှန်းမသိ။ အေရီရယ်လက်ချက်နှင့် အစမ်း နားကွဲသွား သွေးထွက်သံယိုဖြစ်သည့်ကိစ္စကြောင့် မကျေမနပ်ဖြစ် တာ ရုံးတိုင်မည်၊ ဂါတ်တိုင်မည်လုပ်လာ၍ ငွေအလျော်ပေးပြီးမှ ခတ္တာမြိုင်က ထွက်သွားသည်မှာ ဘာမှမကြာသေး။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ပု ကျွန်မပြောတာကြားရဲ့လား"

"ကြားပါတယ် မမရယ်၊ အစမ်း သူ့အဘွားနေမကောင်းလို့"

"ဘာလဲ ကျွန်မရန်ကိုကြောက်လို့ အလုပ်က ထွက်ပြေးပြီလား"

အေရီရယ်ကလည်း သူ့အပြစ်သူသိပြီးသားမို့ ဒေါ်ပုကပဲ အစမ်းအကြောင်း မဖုံးကွယ်ပဲ ဆက်ပြောလိုက်သည်။

"ရိုးရိုးထွက်သွားရင်တော့ အကောင်းသားပေါ့မမရယ်၊ အခုတော့ ရုံးတိုင်မယ်၊ ဂါတ်တိုင်မယ်လုပ်နေလို့ ဦးစိန်နှင့် ဒေါ်ပု မနည်းချော့ပြီး အလျှော်ပေးလိုက်ရသေးတယ်"

"နောက် အဲဒီလိုမိန်းကလေးမျိုး အေရီရယ်ဆီကို ဘယ်တော့မှခေါ်မလာနဲ့"

"ဟုတ်ကဲ့ပါ မမရယ်၊ အခုရေပတ်တိုက်တာကို ဒေါ်ပုပဲ လုပ်ပါ့မယ်၊ ဦးစိန်ကိုတော့ ဂရာဆရာမ ဆွဲခဲ့ဖို့မှာလိုက်ပါပြီ၊ တော်ကြာ ဆရာက ပြန်လာရင်"

"ရှင်တို့ဆရာကို ထည့်ပြောမနေစမ်းပါနဲ့ ဒေါ်ပုရယ်၊ အေရီ့ရယ်ပြောတာကိုသာ မသေမချင်းမှတ်ထားစမ်းပါ၊ နောက် ဘယ်လိုလူပဲခေါ်လာ ခေါ်လာ၊ အေရီရယ်အပေါ်မှာ စေတနာထားနိုင်မယ့်သူကိုသာခေါ်ပါ၊ တစ်နေ့နှစ်ယောက် တစ်နေ့တစ်ယောက်





လူအမျိုးမျိုးပြောင်းတာ အေရီရယ် မကြိုက်ဘူးလို့ပြောထားတယ် မဟုတ်လား"

"ဒေါ်ပုသိပါပြီ မမရယ်၊ အခုလောလောဆယ် လူကရှာမရသေးတော့ ရှိတဲ့ဆရာမနဲ့ပဲ"

"တော်ပြီ တော်ပြီ၊ အေရီရယ်ကိုသာ ရေပတ်မြန်မြန်တိုက်"

"ဟုတ်ကဲ့ မမ"

အေရီရယ်က သူ့အပြစ်သူ့အမြင်။

မြင်ရက်နှင့် တမင်မမြင်ဟန်ဆောင်သည်ပဲလား မသိ။ လှုမဖြခြင်းကို တွင်တွင်အပြစ်တင်နေပြီး လှုမဖြရခြင်း၏ အဓိက တရားခံအဖြစ် သူ့ကို အပြစ်ပြောတာကြတော့ လက်မခံ။ ဒေါ်ပုပဲ အိပဲ့အိပဲ့နှင့် ရေပတ်တိုက်ဖို့ ပြင်ရဆင်ရသည်။

"ဟဲ့...အသန်း အသန်း"

"လာပါပြီ ကြီးကြီး"

"ကြီးကြီးကို နောက်ထားခဲ့၊ လူက အရင်ဒီကိုလာ"

"ဟုတ်ကဲ့ လာပါပြီ"

အသက်က ဆယ့်သုံးနှစ်။

လူက ဟိုမရောက်ဒီမရောက် ကလေးလိုလို ခွေးလိုလို အသန်းဆိုသည့် အညာသူမပေတူးတူး ဒေါ်ပုရှေ့ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွား ရေပတ်တိုက်ဖို့ပြင်စမ်း"

"ဟုတ်ကဲ့"

လူကပျာသလို လုပ်ပုံကလည်း ပျာပျာနှင့် ဘာတစ်ခုမှ အချိုးမပြေ။ အသန်းနောက်က ဒေါ်ပုပဲ တဟဲ့ဟဲ့နှင့် လိုက်အော်နေခိုက်...

"ဘာတွေဆူညံနေတာလဲ"

"ကဲဟယ်"

"ကဲ"

"ဝုန်း"

"ခွမ်း"

"အမလေး ကြီးကြီးရဲ့"

"ဟဲ့ အသန်း"

"မမ"

ငယ်သံပါအောင်အော်၍ ပြေးသောအသန်းကို လိုက်ဆွဲရတော့မလို ပန္နည်းတွေနှင့် ပစ်ပေါက်ရိုက်ခွဲနေသော အေးရီရယ်ကို ဝဲ ပြေးဆွဲရမလိုလိုနှင့် ဒေါ်ပုအော်သံ။ အေးရီရယ်အော်သံ။ ပန္နည်းတွေ ပစ်ပေါက်ရိုက်ခွဲသံ တဝုန်းဝုန်းတခွမ်းခွမ်းက တိတ်ဆိတ်နေသော ခတ္တာမြိုင်တစ်ခုလုံး ပွက်ပွက်ဆူ ဝုန်းဒိုင်းကျဲသွား၏။

"အေးရီရယ်"





"ဟင် ကို"

"ဆ...ဆရာ"

အောင်မြင်ခန့်ညားသောအသံ။

မြင့်မားချောမောသောသဏ္ဌာန်က အဝီစိကဲ့သို့ ဆူညံပွက်နေသော အသံများကို ရေနှင့်ပက်ဖြန်းလိုက်သည့်နှယ် တစ်ခန်းလုံးငြိမ်သက်တိတ်ဆိတ်သွားကာ အိပ်ခန်းဝမှာ မားမားကြီးရပ်နေသူကိုသာ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ဒေါ်ပု ကြည့်နေမိသည်။

အေးရီရယ်ကတော့ သူမမျက်နှာကို စိတ်မသက်သာစွာ သနားကရုဏာကြီးစွာ စူးစိုက်ကြည့်ငေးနေသည့် ဖေယျတုမျက်လုံးများဆီမှ ဖယ်ခွာလျက်။ အံကိုတင်းတင်းကျိတ်ကာ မျက်ရည်တွေနှင့် မျက်နှာကို တစ်ဖက်သို့ ဖျတ်ခနဲ ဆွဲလှည့်ပစ်လိုက်ပါသည်။

အေးရီရယ်ရယ်။

ခံစားသွားရသည့် အေးရီရယ်ပုံစံလေးကိုကြည့်၍ ဖေယျတု စိတ်မကောင်းပေမယ့် အေးရီရယ်အဖြစ်ကို သူလည်းမကယ်နိုင်။ ဘာမှမတတ်နိုင်သည့်ဘဝ။

"ဘယ်လိုဖြစ်ကြတာလဲ ဒေါ်ပုရယ်၊ ဟိုကလေးမလေး ဘာရော ခုံအောက်မှာ ဘယ်လိုဖြစ်တာလဲ"

"ဟို...ဟို ဒေါ်ပုတို့"



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေသိမ်းလိုက်ပါဦးဗျာ၊ လာ အေရီရယ် ကို့အခန်းကိုလိုက်ခဲ့"

"ရတယ်၊ အေရီရယ် ဒီမှာပဲနေမယ်"

"ဒေါ်ပု အေရီရယ်အခန်းကို ခပ်မြန်မြန်ရှင်းပါ"

"ဟုတ်ကဲ့"

"ဟဲ့ အသန်း၊ မြန်မြန်ထွက်လာခဲ့စမ်း၊ သွား နောက်ဖေးက အမှိုက်ကျုံးတဲ့ခြင်းနဲ့ ဂေါ်ပြားသွားယူချည်"

"ဟုတ်···ဟုတ်ကဲ့"

အသန်းက နောက်ကို တစ်ချက်ပင် လှည့်မကြည့်ဘဲ သူတို့နားက ခြေကုန်လစ်ပြေးသွားသည်။ ဇေယျာတုသာ ပြန့်ကျဲလွှင့်စင်မှုကြဲနေသော ဖန်ကွဲဖန်စများကြားက အေရီရယ်ကိုသာ ငေးကြည့်နေ၏။

အေရီရယ်က သူ့ကိုမကြည့်။ မျက်နှာကိုလွှဲပြီး ကျောခိုင်းလျက် အနေအထားမှာ ငြိမ်သက်တိတ်ဆိတ်လျက်။

"အေရီရယ်"

"နောက်မှ အေရီရယ်ဆီကိုလာပါကို၊ အခု ကိုအနားယူလိုက်ပါဦး"

"ဒေါ်ပု အသန်းကိုခေါ်ပါ"

"ဟဲ့ အသန်း"





"ရှင် ကြီးကြီး"

"မလာသေးဘူးလား"

"ကြီးကြီးပြောတဲ့ပစ္စည်း ရှာမတွေ့လို့ကြီးကြီး"

"အောင်မလေး ငါ့နှယ်နော် အရေးကြီးပါတယ်ဆိုမှ"

ဒေါ်ပု အီပွဲအီပွဲနှင့် အသံသာကြားရပြီး လူရိပ်ပင်မမြင်ရသော အသန်းနောက်လိုက်သွားသည်။ ပစ္စည်းများ ပြန့်ကျဲရှုပ်ထွေးနေသောအခန်းမှာ ဇေယျာတုနှင့် အေရီရယ်တို့ နှစ်ယောက်တည်း ကျန်ရစ်သည်။

"အေရီရယ်ကို ခွင့်လွှတ်ပါကို၊ အေရီရယ်ကြောင့် ကို စိတ်အနှောင့်အယှက်ဖြစ်သွားပြီ"

"ကိုကသာ အေရီရယ်ကို တောင်းပန်ရမှာပါလေ၊ အေရီရယ်နားမှာ ကိုက အချိန်ပြည့်နေမပေးနိုင်ခဲ့ဘူးမဟုတ်လား"

"ကို့အပြစ်မဟုတ်ပါဘူး ကို"

"အေရီရယ်မှာလည်း အပြစ်မရှိပါဘူး၊ အေရီရယ် ကိုယ့်ကိုယ်ကိုသာ နားလည်ခွင့်လွှတ်လိုက်စမ်းပါ"

"အေရီရယ် တစ်ယောက်တည်းနေပါရစေ"

"ကောင်းပါပြီ အေရီရယ်၊ ဟောဒီမှာ အေရီရယ်အတွက် ကိုဝယ်လာတဲ့လက်ဆောင် ဒီမှာထားခဲ့မယ်"

အေရီရယ်ထံမှ ဘာသံမှထွက်မလာသလို လှည့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခကြည့်။ အေရီရယ် အခန်းရှေ့က ဖေယျတု ထွက်လာခဲ့သည်။ ဖေယျတုထွက်သွားမှ ဒေါ်ပုနှင့်အသန်း အပြေးအလွှားရောက်လာပြီး အေရီရယ် ပစ်ပေါက်ရိုက်ခွဲထားသော ပန်းစည်းတွေကို အမြန်သိမ်းဆည်းဖယ်ရှား ရှင်းလင်းကြသည်။ အသန်းကတော့ အေရီရယ်နားကိုမကပ်။ ဝေးနိုင်သမျှဝေးအောင်နေပြီး ပန်းစည်းအကွဲအရှတွေ ခပ်သွက်သွက်ကောက်ထည့်ရင်း မျက်လုံးကလည်း အေရီရယ်ထံ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်ရောက်သွားလိုက်ပါသေးသည်။

တစ်ခဏအတွင်း အေရီရယ်အခန်းတစ်ခုလုံး နဂိုအတိုင်း သပ်ရပ်ရှင်းလင်းသွားသည်။

"ဒေါ်ပု"

"ပြောပါ မမလေး"

"ကိုယူလာတဲ့ပန်းစည်းထုပ် အေရီရယ်ဆီယူခဲ့ပါ"

"ဒီမှာပါမမ"

"ဒေါ်ပုတို့သွားနိုင်ပြီ၊ အိပ်ခန်းတံခါးကိုပိတ်ခဲ့ပါ"

"ကောင်းပါပြီ မမ"

"ဟဲ့ အသန်း ဒီတံမြက်စည်းကို ညည်းကယူလေ"

"ဟုတ်...ဟုတ်ကဲ့"

အိပ်ခန်းထဲက ဒေါ်ပုနှင့်အသန်း သုတ်ခြေတင်မသွားခင် အေရီရယ် အိပ်ခန်းတံခါးကို ဒေါ်ပုကိုယ်တိုင် သေချာဆွဲပိတ်ပေး





သွားသည်။

ဘယ်သူမှမရှိတော့မှ အေရီရယ်က ဖေယျတု သူမအတွက် ဝယ်လာသော လက်ဆောင်ထုပ်လေးကို တစ်ခုချင်းစီ ဖွင့်ကြည့်သည်။ အဖြူရောင်သာ နှစ်သက်သော အေရီရယ်အကြိုက် အဖြူရောင်ဝတ်စုံလှလှလေးတစ်စုံနှင့် နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်းပုံစံ ဆန်းပြားလှပသော ရွှေကြိုးမျှင်မျှင်မှ တွဲခိုနေသည့် စိန်လော့ကက်လေးတစ်ခု။

"အဟွန့်"

မချိမဆန့် အပြုံးတစ်ခု အေရီရယ်မျက်နှာလေးပေါ် ရောက်လာသည်။

တကယ့်တကယ် ပျော်ရွှင်မှုအစစ်အမှန်ဆိုတာ ဘာလဲ။ ချမ်းမြေ့ခြင်းမေတ္တာတရားကရော ဘယ်မှာလဲ။

အေရီရယ်အတွက် ကို အခုဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေဟာ ချစ်လို့ပေးတာမှမဟုတ်ဘဲ။

အေရီရယ်ရဲ့ စိတ်ဆင်းရဲမှု၊ အထီးကျန်ဆန်မှုနှင့် အေရီရယ်ကိုယ်ပေါ်မှာ အချိန်အခါမရွေး၊ နေရာမရွေး ဖိစီးနှိပ်စက်နေတဲ့ ရောဂါဝေဒနာသည်တစ်ယောက်အတွက် သနားကရုဏာကြေး။ နှစ်သိမ့်လက်ဆောင်တွေကို အေရီရယ် ဘာလုပ်ရမှာလဲကွယ်။

ဝမ်းသာစွာ လက်ခံလိုက်ရမှာလား။ ဝမ်းနည်းစွာ ငြင်းပယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာလား။ အေရှိရယ် မသိတော့ဘူးကိုရယ်။

ထိုနောက်မှာတော့ ဖေယျာတု ဝယ်လာသည့် လက်ဆောင်မွှေးမြည်းများကို ရင်မှာပိုက်တွေးလျက် သူမကိုယ်လေးကို အိပ်ရာပေါ် မှောက်အပ်လျက် တသိမ့်သိမ့်ရှိုက်ငိုလိုက်သည့် အေရှိရယ်အသံက သူမအိပ်ခန်းလေးထဲမှာ ဝမ်းနည်းကြေကွဲ ပျံ့လွင့်စီးမျောသွား၏။

* * *



## အခန်း (၄)

"အဖြစ်ကတော့ အဲဒါပါပဲ ဆရာရယ်၊ ဒေါ်ပုတို့မှာက ခေကိုလည်းသနား၊ အလုပ်သမားမဖြစ်တဲ့ကိစ္စကိုလည်း ဘယ်လိုဖြေရှင်းရမှန်းမသိတာနဲ့ပဲ အခုလို"

"ဒီလောက်ဆို ကျွန်တော်နားလည်ပါပြီ ဒေါ်ပု"

"ဟုတ်ကဲ့ပါဆရာ"

"အခုလောလောဆယ် ဦးစိန်ခေါ်လာတဲ့ ဆရာမ ရှိတယ် မဟုတ်လား"

"ဟို အဲဒါကလည်း ဒီနေ့ပဲပြန်ပို့ရပါလိမ့်မယ်"

ဒေါ်ပုအသံက ခပ်တိုးတိုး။

သူ့ဆရာ၏ မကြည်သာသော မျက်နှာချောချောကို ကြည့်ကာ ဒေါ်ပုလည်း စိတ်ထဲမချမ်းသာ။

"ဝိုက်ဆံပိုတိုးပေးမယ်ဆိုတာတောင် မနေတော့ဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်ကဲ့"

ဖေယျတုဘက်က ဘာမှပြောစရာမရှိသလို ငြိမ်ကျသွားသည်။ ငွေဆိုသည်မှာ လူသားတိုင်း သည်းခြေကြိုက်ဆိုပေမယ့် တချို့တချို့သောအရာတွေကိုတော့ ငွေဘယ်လောက်ပုံပေးပေး ဝယ်ယူလို့မရနိုင်တာတွေလည်းရှိသည်။

အခုကိစ္စမှာ တခြားသူတွေကိုချည်း အပြစ်ပုံချနေလို့မရ။ အဓိကတရားခံက အေရီရယ်ကိုယ်တိုင်ဆိုတာ ဖေယျတုကိုယ်တိုင် သိသလို အားလုံးလည်းသိသည်။ ငွေဘယ်လောက်ပေးပေး အေရီရယ်နားမှာ ကြာရှည်နေလိုသူမရှိ။ ဒီလိုဖြစ်အောင် အေရီရယ် ကိုယ်တိုင်ကပဲ ဖန်တီးသူဖြစ်သည်။

"အေးလေ ကျွန်တော်တို့လည်း တခြားနည်းနဲ့ ကြိုးစားကြသေးတာပေါ့၊ ပြန်မယ်ဆိုတဲ့ ဆရာမကိုလည်း ဦးစိန်နဲ့ပို့ခိုင်းလိုက်ပါ"

"ဆရာ အပြင်သွားဦးမှာမဟုတ်လား"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်ဘာသာ ကားမောင်းသွားလိုက်မယ်"

"တီ...တောင်"

အေရီရယ်အခန်းမှာ တပ်ဆင်ထားသော ဘဲလ်မှ အသံ





မြည်လာ၏။

"အေရီရယ်ခေါ်နေပြီ ခေါ်ပု၊ ခင်ဗျားသွားလိုက်ဦး"

"ဟုတ်ကဲ့ ဆရာ"

ဖေယျတုနားက ခေါ်ပု ထွက်သွားသည်။

ဖေယျတုတစ်ယောက်တည်း သူထိုင်နေသည့် ခုံမှာ မလှုပ်မယှက်ကျန်ခဲ့သည်။ အေရီရယ် အခြေအနေက တစ်နေ့တခြား ပိုဆိုးလာမှန်း ဖေယျတုသိသည်။ သူရှိနေသည့် အချိန်တွေမှာတော့ အေရီရယ်က ထင်သလောက်မဆိုးရှာပါ။

တတ်နိုင်သမျှ ဖေယျတု စိတ်ချမ်းသာအောင် သူ့စိတ်ကို ကြိုးစားချုပ်တည်းပြီး နေထိုင်မှန်း ဖေယျတုသိသည်။

အေရီရယ်ကိုလည်း သနားလည်းသနား စိတ်လည်းပျက် နှင့် ဖေယျတုအဖြစ်ကိုယ်တိုင် သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်နေမှန်း မသိတော့လောက်အောင် အေရီရယ်နှင့် သူ့ကြားက ပြဿနာက နက်ရှိုင်းရှုပ်ထွေးမှုတွေ ပြည့်နေသည်။

"ဆရာ"

သူ့မျက်စိရှေ့ ခပ်လှမ်းလှမ်းတွင် ခပ်ရိုရိုရပ်နေသည့် ဦးစိန်ကို ပါးစပ်က ဘာမှမပြောဘဲ မျက်လုံးနှင့် တစ်ချက်လှမ်း ကြည့်လိုက်သည်။

"ဆရာကိုယ်တိုင် ကားမောင်းသွားမလို့ဆို၊ ကျွန်တော်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အထိ စောင့်လို့ရရင်''

''နေ…နေ ခင်ဗျားကိုမွှသာ အဆင်ပြေအောင် အရင်လုပ်ဦး၊ အေရီရယ်အတွက် နောက်ထပ်လူသစ်သာ ရအောင်ရှာခဲ့ ဟုတ်လား''

''ဟုတ်ကဲ့ ဆရာ''

''မမအတွက် ဆရာမတစ်ယောက်တော့ ရမှာပါ''

ဦးစိန်စကားကို သူခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ။ ဦးစိန်က ဇေယျာတုကို အလိုက်တသိနှုတ်ဆက်ပြီး ထွက်သွားသည်။ ဆေးလောကဆိုသည်ကလည်း အကျယ်ကြီးမဟုတ်။ တစ်ယောက်စကား တစ်ယောက်နားနှင့် ခတ္တာမြို့ငယ်ဆိုလျှင် အားလုံးဝေးဝေးရှောင်လာသည့်အထိ အေရီရယ်သတင်းက ဤမျှကြီးပါသည်။

ငွေတွေ အဆမတန်ရ၍ လိုက်လာကြသည်။ နာတာရှည်လူနာကို ပြုစုရံဆိုလျှင်လည်း ပြဿနာကမကြီး။ အေရီရယ် စိတ်ရှုပေါက်တိုင်း သူနာပြုလူတွေကို ထုထောင်းနှိပ်စက်တာမျိုး။ ပစ္စည်းတွေ ပစ်ပေါက်ရိုက်ခွဲတာမျိုးကြတော့ ဘယ်သူမှ ကြာရှည်သည်းမခံချင်ကြ။

''တူ…တူ…တူ''

ဇေယျာတုလက်ကိုင်ဖုန်းက အသံမြည်လာ၍ သူအတွေးစ





ပြတ်သွားကာ လက်ကိုင်ဖုန်းကို ကောက်ယူလိုက်သည်။

''ဟဲလို''

''ဇေယျာတု ငါပါကွ''

ဇေယျာတုသူငယ်ချင်း ဒေါက်တာအောင်မျိုး၏ အသံစာစာက သူနားစည်ကို တိုးဝင်လာသည်။

''အေး…ပြော''

''ပြောမှာတော့ မပူနဲ့ကိုယ့်ဆရာရေ၊ မင်းကိုကြည့်ရတာ စိတ်မချမ်းသာလွန်းလို့ ဗွတ်အတင်းမေ့ ဆေးစစ်ခိုင်းထားတာ အခုအဖြေရပြီ၊ မင်းရဲ့အဆုတ်မှာ ပြဿနာရှိနေတယ်၊ မင်းလုပ်နေတဲ့ အလုပ်တွေအားလုံးကိုရပ်ပြီး အေးအေးချမ်းချမ်းနေနိုင်မယ့် တစ်နေရာကို အမြန်ဆုံး ခရီးထွက်ဖို့ပြင်ဆင်ပါ''

''ခရီးက အမြဲထွက်နေတာပဲကွ''

''အခုပုံစံနဲ့ မတူဘူးလေ၊ မင်းသွားနေတဲ့ခရီးက မင်းကုမ္ပဏီကိစ္စ၊ မင်းအလုပ်ကိစ္စတွေအတွက်ပဲ၊ အခုသွားရမှာက မင်းဦးနှောက်ထဲ ဘာအလုပ်မှမထည့်ဘဲသွားရမှာ''

''ဒါဟာ မင်းကျန်းမာရေးအတွက် မင်းဘဝပျော်ရွှင်မှုအတွက်ဆိုလည်း မမှားဘူး''

သူ့ကျန်းမာရေးအတွက်။

သူ့ဘဝ ပျော်ရွှင်မှုအတွက်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ဒေါက်တာအောင်မျိုးစကားကို သဘောကျစွာ သူရယ်ပစ်လိုက်သည်။

"အဟုန်း…ဟွန်း…ဟွန်း"

"မင်းက ငါ့ကိုဘာရယ်တာလဲကွ"

"မင်းကိုရယ်တာမဟုတ်ပါဘူးကွာ၊ ငါ့ကိုယ်ငါ သဘောကျလို့ပါ"

"ဘာမှသဘောကျမနေနဲ့၊ ငါပြောတဲ့အတိုင်းသာလုပ်၊ အခု မင်းဘယ်နေရာသွားမလဲ ဘာတွေလုပ်ချင်လဲဆိုတာ ငါ့ကို အရင်ပြော"

"ငါ့မှာ ပြောစရာလည်းမရှိဘူး၊ သွားစရာလည်း မရှိဘူးကွ အောင်မျိုး"

"မင်းကတော့ကွာ"

"ငါတကယ်ပြောနေတာ၊ ငါ့ဘဝက ဒီပုံစံခွက်ထဲမှာ နေသားကျနေပါပြီလေ၊ မင်းပြောသလို လုပ်လို့လည်း ဘာမှထပ်ပြီး အကြောင်းထူးလာစရာမရှိပါဘူး၊ မင်းစေတနာကို ငါလေးစားပါတယ်"

ဓေယျတုအသံက အထီးကျန်သွေ့ခြောက်လျက်။ သူ့အသံသူ ဟိုးအဝေးက ပြန်ကြားနေရသလိုလို ဘာလိုလို။ သူ့ရှေ့ဆက်ရမည့် အနာဂတ်ခရီးက ဘာတစ်ခုမှ အပြောင်းအလွဲမရှိ။





ငွေတွေအများကြီးရှိသည်။

အလုပ်တွေရှိသည်။

စိတ်အလိုမကျသောရောဂါသည် ဇနီးရှိသည်။ အလုပ်သမားမပြဲသော ခတ္တာမြိုင်ဆိုသည့် ခမ်းနားကြီးကျယ်သည့် အိမ်ကြီးရှိသည်။ စီးစရာ ကားသုံးလေးစင်းရှိသည်။ စိန်တွေရွှေတွေ အများကြီးရှိသည်။

ပြီးတော့ စက်ရုပ်ဆန်ဆန် သွားလာလှုပ်ရှားနေသော ခံစားချက်မဲ့ အထီးကျန်ယောကျ်ားတစ်ယောက်ရှိသည်။

ဒါပဲဖြစ်သည်။

ဒါထက်လည်း ဘာတစ်ခုမှမရှိ။

လျော့လည်းမလျော့။

တစ်ဖက်က ကျယ်လောင်သော သက်ပြင်းရှိုက်သံက ဓေယျတုနားစည်ကို အရှိန်ပြင်းစွာ ဖြတ်စီးဝင်ရောက်လာ၏။ ဓေယျတုနှင့် အောင်မျိုးက အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဖြစ်သည်။

သာယာမှုကင်း၍ အညာနွေလို ခြောက်သွေ့ပူပြင်းသော ဓေယျတု၏ အိမ်ထောင်သည်ဘဝကို စာနာနားလည်သလို အရေးရယ်၏ ဘဝဖြစ်စဉ်ကို သနားငဲ့ညှာစာနာမိ၍ ဒေါက်တာအောင်မျိုးကိုယ်တိုင် ဤလောကသံသရာဝဋ်ဆင်းရဲထဲက ဓေယျတုတို့ ဇနီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နှံ့အဖြစ်ကို ဘယ်လိုအစဆွဲထုတ်ရမှန်းမသိသော အဖြစ်တွေ နှင့်ပါ။

"မင်း ငါ့စေတနာကို တကယ်လေးစားရင် ငါစီစဉ်တာကို မင်းလက်ခံပါ ဓေယျတု၊ မင်းအတွက် စိတ်အပြောင်းအလဲဖြစ်စေမယ့် နေရာတစ်ခုကို ငါစီစဉ်ထားတယ်"

"အဲဒီနေရာကိုသာ မင်းရောက်အောင်သွားပါ့မယ်လို့ ငါ့ကို ကတိပေး"

"ငါက ဘယ်ကိုသွားရမှာလဲ"

"ငါ့ရွာကို"

"ဘယ်လို"

ဓေယျတုနားထဲ ခေါက်တာအောင်မြိုးစကားက သစ်ဆန်းသွားသည်။ ကျေးလက်တောရွာဆိုသည့် စကားက သူလိုလူနှင့် လားလားမှမအပ်စပ်။ ဓေယျတုလို လူတစ်ယောက် သွားရကောင်းသည့်နေရာဟုလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသလို အိပ်မက်ပင် မမက်ခဲ့ဘူးသောအရာ။

"ကျေးလက်တောရွာဆိုတာ မင်းဘဝနဲ့ ဘာမှမအပ်စပ်ဘူးဆိုတာ ငါသိတယ်ဓေယျတု၊ မင်းရဲ့ငယ်စဉ်ဘဝတစ်လျှောက်လုံးရော အခုလက်ရှိ အသက်အရွယ်မှာရော မင်းသွားခဲ့ရတဲ့ခရီးတိုင်းဟာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးနဲ့ မြို့ကြီးပြကြီးတွေချည်းမှာပဲ





အချိန်ကုန်ခဲ့ရတဲ့ခရီးတွေပါလေ"

"တောရွာဆိုတဲ့ စကားကို အခု မင်းကြားရတာကိုက နားထဲမှာစိမ်းနေတယ်မဟုတ်လား"

သူငယ်ချင်းဖြစ်သူစကားကို ဓေယျတု မငြင်းပါ။ မြန်မာနိုင်ငံမှာရှိစဉ်က ဖေဖေ့အစီအစဉ်နှင့် ဘော်ဒါမှာနေခဲ့ရသလို နိုင်ငံခြားမှာ စာသွားသင်ဖြစ်တော့ ကျေးလက်တောရွာမဆိုထားနှင့် မြန်မာနိုင်ငံ၏ အငွေ့အသက်နှင့်ပင် ကင်းဝေးခဲ့ရသောဘဝ။

"ငါတစ်ခါမှ မသွားဖူးဘူးအောင်မြိုး၊ ဘယ်သူကမှလည်း ငါ့ကို အဲဒီလိုနေရာမျိုးသွားရမယ်လို့ မပြောကြဘူး၊ မင်းကလွဲရင်ပေါ့"

"မြို့ပြရဲ့အဆောင်အယောင်၊ နိုင်ငံရပ်ခြားတိုင်းတစ်ပါးရဲ့ အငွေ့အသက်တွေကြားထဲမှာချည်း လူဖြစ်လာခဲ့ရတဲ့ မင်းဘဝအတွက် ကြုံရခဲ့တဲ့ အပြောင်းအလဲလို့ တစ်ခုအဖြစ်သာ ကျေကျေနပ်နပ် လက်ခံလိုက်တော့ ဓေယျတု"

"ငါလိုလူတစ်ယောက်က မင်းကို ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးဆိုတာကို မင်းယုံကြည်စိတ်ချခဲ့မယ်ဆိုရင်ပေါ့လေ"

"ငါဘယ်တော့သွားရမလဲ"

"ဒီတစ်ပတ်အတွင်း၊ မင်းအတွက် လွတ်လပ်ပေါ့ပါးပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်တောင့်သက်သာဖြစ်မယ့် အဝတ်အစားတွေကိုပဲ စိစစ်ရွေးချယ်ပြီး အသင့်လုပ်ထား"

"မင်းကို ငါကိုယ်တိုင် ငါ့မိဘတွေအိမ်ကို လိုက်ပို့မယ်"

"သင့်ခ်ယူး အောင်မျိုး၊ အေရီရယ်ကိုရော ငါနဲ့အတူ ခေါ်ခဲ့လို့ဖြစ်မလား"

"သူလိုက်ချင် အချိန်မရွေးပါ ဖေယျတုရာ၊ မင်းမိန်းမ သဘောကို အရင်မေးလိုက်ဦး ဟုတ်ပြီလား၊ ငါဖုန်းချလိုက်ပြီ"

"ကောင်းပြီ"

ဖုန်းလိုင်းပြတ်တောက်သွားသည်။

ကျေးလက်တောရွာခရီးဆိုသည့် စကားက ဖေယျတုနားထဲ ပဲ့တင်ထပ်ကျန်ရစ်သည်။ မြင်တွေ့သွားလာနေကြပုံသဏ္ဌာန်မျိုး မဟုတ်သလို သူကြားနေကြစကားထဲမှာ ထိုစကားမျိုးမပါခြင်းကို အခုမှ သတိထားမိသည်။

ခတ္တာမြို့မှာချည်း ငြီးငွေ့စိတ်ပျက်စရာကောင်းအောင် အချိန်တို့ ကုန်ဆုံးပစ်နေရသောအဖြစ်နှင့် ကင်းလွတ်ရာသို့ အေရီရယ် ကို ခေါ်သွားမည်။ လူ့ရောစိတ်ပါ အပြောင်းအလဲဖြစ်စေမည့်နေရာ မှာ သူ့ရောအေရီရယ်ပါ ရှိသင့်သည်။

သူ့ခြေလှမ်းအစုံက အေရီရယ်ရှိရာ ရောက်သွားသည်၊ သူရောက်သွားတော့ အေရီရယ် အိပ်ခန်းတံခါးက ပွင့်နေသည်၊





"အေရီရယ်"

"ဩော်...ကို"

အေရီရယ်လက်ထဲက တစ်စုံတစ်ရာကို ဘေးသို့ချလိုက်ပြီး မြို့စောင်အောက်မှာ အသာဖုံးကွယ်လိုက်တာကို ဖေယျတု မမြင်။ အနည်းငယ်လန်းကြည်နေသော အေရီရယ်မျက်နှာလေးကိုသာ အပြုံးဖြင့် နှုတ်ဆက်လိုက်၏။

"ဒီနေ့တော့ အေရီရယ် မျက်နှာလေး လန်းလို့ပါလား"

"ညက အေရီရယ် အိပ်ရေးဝဝအိပ်လိုက်ရတယ်လေ၊ အေရီရယ်ကို ဘာပြောစရာရှိလို့လဲကို"

ခင်ပွန်းဖြစ်သည့် မျက်နှာရိပ်မျက်နှာကဲကို စာဖတ်သလို တတ်တတ်သော အေရီရယ်က ဖေယျတုအတွင်းစိတ်ကို လှမ်းမြင် နေသလို သူမက အရင်ဦးအောင် မေးခြင်းဖြစ်ပါသည်။

ဖေယျတုက အေရီရယ်အနားက ခုံတစ်လုံးမှာ အေရီရယ် နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်ရင်း အေရီရယ် ကျန်းမာရေးအခြေအနေ ကို တစ်ချက်မျှ လေ့လာအကဲခတ်လိုက်သည်။

"အေရီရယ် နေလို့ကောင်းရင် ကိုတို့ တစ်နေရာရာကို နှစ်ယောက်အတူ ခရီးထွက်ကြမလား အေရီရယ်"

အေရီရယ်ထံမှ ဘာသံမှမကြားရဘဲ ခပ်ကြာကြာ ငြိမ်သက်တွေဝေငေးငိုင်သွားတာ မြင်ရသည်။ ဖေယျတုနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အစုံပတ်ခဲ့ရသည့် အေရီရယ်၏ ခရီးစဉ်များစွာကြောင့် အေ
ရယ် မသွားဘူး၊ မရောက်ဘူးသည့်နေရာဆိုသည်ကလည်း ခပ်ရှား
ရှားသာ။

ဟိုတုန်းကတော့ အေရီရယ်ဘဝမှာ မျှော်လင့်ခြင်းတွေ
ရင်မှာ တပွေ့တပိုက်နှင့် ကိုလက်ကိုတွဲပြီး ခရီးတွေမမောတမ်းသွာ
ခဲ့ပေမယ့် အခုချိန်မှာ ကျဆုံးရှုံးနိမ့်သူတစ်ယောက်ဘဝနှင့်ကိုယ
အေရီရယ်ကို ဘယ်လိုပဲခေါ်ခေါ် ဘယ်ခရီးကိုမှ ကိုနဲ့အတူ မသွာ
ဖြစ်တော့ဘဲ အမြင်ငြင်းဆန်ခဲ့သည့် အေရီရယ်ကို ဘာကြောင့် သူ့နှ
အတူ လိုက်ခဲ့ဖို့ ခေါ်ယူချင်ရသနည်း။ အေရီရယ် မလိုက်လိုပါ

"ကိုပဲသွားပါ၊ အေရီရယ် ဒီမှာပဲနေခဲ့မယ်"

"ဘယ်ကိုသွားမှာလဲလို့ ကိုကိုမမေးတော့ဘူးလား အေ
ရယ်"

"ဘယ်နေရာပဲဖြစ်ဖြစ် အေရီရယ်ရောက်ဖူးပြီးသား နေ
တွေချည်းပါပဲကိုရယ်၊ ကိုဘာသာ တစ်ယောက်တည်းပဲ လွတ်လွ
လပ်လပ်သွားပါ"

"အေရီရယ်ပါနေရင် ကိုအတွက် ပိုတောင်အနှော
အ ်က် ဖြစ်ဦးမယ်"

"ကိုက အေရီရယ်နဲ့အတူ သွားချင်တယ်ဆိုရင်ရော

"ကို"





ခင်ပွန်းသည်မျက်နှာကို အေရီရယ် အလန့်တကြားမော့ကြည့်လိုက်တော့ နွေးထွေးနူးညံ့သည့် မေယျတာ၏မျက်ဝန်းများဖြင့်ဆုံပါသည်။

အေရီရယ်အပေါ်မှာ သစ္စာစောင့်သိပြီး ခင်ပွန်းသည်ကောင်းတစ်ယောက်ဖြစ်အောင် အမြဲမပြတ် ကြိုးစားရပ်တည်ရှာသော ယောက်ျားမြတ်။ အေးစက်သော အေရီရယ်လက်ကလေးကို မေယျတာက နွေးထွေးသန်မာသော သူ့လက်များဖြင့် ခပ်တင်းတင်းဖိဆုပ်ပါသည်။

"ကိုယ်တို့ ကျေးလက်တောရွာလေးတစ်ခုကို အလည်သွားကြမယ် အေရီရယ်"

"ရှင်"

"ဘယ်ကိုသွားကြမယ်"

"ရွာကလေးတစ်ရွာကိုလေ"

"ရွာလေးတစ်ရွာ"

အေရီရယ်နားထဲမှာ ဆန်းသစ်ရှုပ်ထွေးသွားသည်။ အေရီရယ် မျှော်လင့်ထားသည်က တခြား၊ အေရီရယ်ကြားရသည့်စကားက တလွဲမို့ ကိုမျက်နှာချောချောကို အေရီရယ် နားမလည်စွာမော့ကြည့်မိသည်။

"ကိုတကယ်ပြောနေတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ အေရီရယ်၊ ကိုယ့်သူငယ်ချင်း ဒေါက်တာအောင်မျိုးကိုယ်တိုင် သူ့မိဘတွေနေတဲ့ရွာလေးကို ကိုယ်တို့ကို လိုက်ပို့ပေးမှာ"

"ဖြစ်မှဖြစ်ရလေ ကိုရယ်၊ အေရီရယ်က ဘယ်ကိုများသွားမှာလဲလို့"

"အဟင်း ဟင်း ဟင်း"

ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ခုကို ကြားရသလို အေရီရယ်က တိုးတိုးညက်ညက်ရယ်သည်။ ရယ်ရင်းက သူမလက်ကလေးကို ဇေယျာ့လက်ထဲက အသာအယာ ရုန်းဖယ်လိုက်တာ ဇေယျာ ဖြေလွှတ်ပေးလိုက်သည်။

"ကို"

"ဟင်"

"အေရီရယ်ဘဝမှာ ဒီစကားကိုကြားရတာ ဒါပထမဆုံးပဲ"

ကိုလည်း အေရီရယ်နဲ့အတူတူပါပဲဆိုသည့် စကား ဇေယျာ ရင်ထဲကပဲ တီးတိုးပြောကြားခြင်းကို အေရီရယ် မကြား

"မြို့ကြီးပြကြီးပေါ်မှာ လိုတရပြည့်စုံပြီး ရွှေပေါ်မြ နေရတဲ့ဘဝမှာတောင် အေရီရယ်က ကိုယ့်ဘဝကိုယ် ငြီးငွေ့စိ ကုန်နေတဲ့သူပါကွယ်"





"ကို အခု အေရီရယ်ကို ခေါ်သွားမဲ့တောရွာဇနပုဒ်မှာဆို ပိုဆိုးဖို့ပဲရှိတော့မှာပေါ့"

"အပြောင်းအလဲ တစ်ခုခုအနေနဲ့ဆိုရင်ရော အေရီရယ်"

"ကိုပဲသွားပါကွယ်၊ ကြားရတာနဲ့တင် အေရီရယ် စိတ်ကုန်လွန်းလို့ပါ"

ထိုစကားက အေရီရယ်အတွက် အမှန်တရားဖြစ်ပါသည်။ ဆင်းရဲဒုက္ခကို အေရီရယ် မကြိုက်။ မပြည့်မစုံ နွမ်းပါးချို့တဲ့မှုတိုင်းကို အေရီရယ် မုန်းသည်။ ဇေယျာ့ပြောသည့်စကားက အေရီရယ်သို့ ရွှေလင်ဗန်းနှင့် အချင်းဆေးပြီး ရွှေနှန်းကိုက်မွေးလာသည့် သူ့ငြင်းသမီးလေးနားမှာ ခါးနေသည်။

"ဒါဖြင့်လည်း အေရီရယ်သွားချင်တဲ့နေရာကိုပြောလေ၊ ကို လိုက်ပို့မယ်"

"အေရီရယ်အတွက် ဒုက္ခမရှာပါနဲ့ကွယ်၊ အေရီရယ်ဘဝနဲ့ အေရီရယ်ရှိပါစေ၊ ကိုသာ ဒေါက်တာအောင်မျိုးနဲ့အတူ လိုက်သွား ခရီး ခတ္တာမြိုင်မှာပဲ အေရီရယ် နေခဲ့မယ်"

"နောက်နှစ်ရက်ဆိုရင် ကိုတို့ခရီးစမယ်"

"ကို့အတွက် ပျော်ရွှင်သောခရီးဖြစ်ပါစေလို့ အေရီရယ် ဆုတောင်းပါတယ်ကွယ်"

ပျော်ရွှင်သောခရီး။



www.burmeseclassic.com

www.burmeseclassic.com



ဓေယျာ ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

""ကုမ္ပဏီမှာ အစည်းအဝေးရှိလို့ ကိုသွားတော့မယ်၊ အေရီရယ် ဘာမှာဦးမလဲ""

""မမှာတော့ပါဘူးကို""

""ကိုသွားပြီနော် အေရီရယ်""

""ကောင်းပါပြီကိုရယ်""

နဖူးပြင်ထက်မှာ ဖျတ်ခနဲ အနမ်းတစ်ခုရောက်လာသည်။ ခြေလှမ်းကျဲကြီးတွေနှင့် ကျောခိုင်းသွားသူကို တွေတွေဝေဝေလေး ကြည့်ရင်း အေရီရယ်မျက်ဝန်းမှာ မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။

ခြုံစောင်အောက်မှာ အေရီရယ် ဂုဏ်သိမ်းထားသော ဝတ်စုံဖြူဖြူလေးရှိရာ အကြည့်ရောက်သွားသည်။ ပြီးတော့ အေရီရယ် ဖြူနုသော လည်တိုင်က စိန်လော့ကက်ပါသော ရွှေကြိုးမျှင်လေးကို သူမလက်ကလေးတွေနှင့် ဖွဖွထိကိုင်ကြည့်သည်။

ကိုဝယ်ပေးတဲ့ အမှတ်တရလက်ဆောင်ကို အေရီရယ် လည်မှာ အမြတ်တနိုး ဆွဲထားပေမယ့် ကို ကိုယ်တိုင် သတိမပြုမိတာလား။ စိတ်မဝင်စားခြင်းလား။ အေရီရယ်မျက်လုံးမှာ ချက်ချင်း မျက်ရည်တွေပြည့်လာ၏။ ဘယ်လိုပဲဖြစ်ဖြစ် အေရီရယ်ကတော့ ကိုဝယ်ပေးတဲ့ အမှတ်တရ ပစ္စည်းတိုင်းကို အလေးအနက် တန်ဖိုး





ထားပြီး မြတ်မြတ်နိုးနိုး သိမ်းဆည်းထားမြဲဆိုတာ ကို မသိပေမယ့် အေရီရယ်သာသိသော လျှို့ဝှက်ချက်များသာ ဖြစ်ပါတော့သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟဲ့…အငုံ မလာသေးဘူးလား၊ ဟင်းချိုရွက်ကလေး တစ်ခါခတ်ရှုးခိုင်းလိုက်ပါတယ် သင်းပါ ဘယ်နေရာမှာ အပင် ပေါက်နေတယ်မသိဘူး"

"အငုံရေ…ဟေ့ အငုံ"

အငုံအမေ ဒေါ်မြရှင်က နောက်ဖေးထမင်းချက်သည့် မီးဖို ဆောင်ကပြင်ကထွက်၍ သူ့သမီးပေါက်ကျော်မကို အသံကျယ် ကျယ်နှင့် လှမ်းခေါ်သော်လည်း အငုံ့ထံမှ မည်သည့်တုံ့ပြန်သံမျှ မရှိ။

လှူရိပ်သော်မှလည်း မမြင်ရ။

အကင်းအချင်းမရှိသော အငုံကြောင့် ဒေါ်မြရှင်မှာ စိတ်ညစ်ရသည်ကလည်း ဖန်တစ်ရာတေလျှက်ရှိသည်။ မုဆိုးမ သားအမိဖြစ်၍ တစ်နေ့ဝမ်းစာ တစ်နေ့ ရှာဖွေစားသောက်ကြရသူ





များဖြစ်သော်လည်း ဒေါ်မြရှင် စိတ်မညစ်တတ်သလို လှပသော အငုံ့မျက်နှာလေးမှာလည်း အမြဲပြုံးချိုလတ်ဆတ်လန်းဆန်းနေတတ် ပါသည်။

ကောက်စိုက်။ ပျိုးနှုတ်။ မြေပဲနှုတ် အလုပ်တွေကို အလုပ် နှင့်လက် မပြတ် လုပ်နိုင်၍ လူတန်းစေ့မနေနိုင်သော်လည်း ထမင်း တော့ ဟင်းကောင်းလေးဖြင့် ပုံမှန်စားနိုင်ကြသည့်သူတွေထဲ ဒေါ်မြ ရှင်တို့သားအမိ ပါဝင်လေသည်။

မစားရသည်မှာ ကြာပြီဖြစ်သော ဝက်သားကို မန်ကျည်း ချဉ်နှင့် ဆီကလေးအိနေအောင်ချက်။ ငြုပ်သီးအညာထောင်းကို ဆားလေးလေးခတ်လျက် ဟင်းရွက်စုံဟင်းချိုရေ ပူပူကလေးနှင့် မြိုက်မြောချရမည့်အစီအစဉ်မှာ အငုံအား ဒေါ်မြရှင်မအား၍ ဟင်းချို ရွက် အရူးခိုင်းလိုက်ရာမှ ပြန်ပေါ်မလာတော့ခြင်းဖြစ်သည်။

"ဒီကလေးမတော့လား လာပါလေ့စေဦး၊ ရောက်လာမှ ဗိုက်ကြောနာနာဆွဲလိမ်ပစ်မယ်"

ဒေါ်မြရှင်မှာ ဖိုခွင်ပေါ်က ဟင်းချိုအိုးအတွက် မီးကို အတိုးအလျှော့လုပ်နေရင်းက အငုံကို မကျေမနပ် ပါးစပ်က တစ်ဗျစ် တောက်တောက်ပြောဆိုနေ၏။ ပါးစပ်ကသာ အငုံကို ဟိုလိုလုပ် မည်။ ဒီလိုလုပ်မည်နှင့် စိတ်ထင်သလောက် တောက်လျှောက်ဆို နေသော်လည်း သမီးဖြစ်သူအငုံအား ဖတာဆိုးသမီးလေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်ရောက်သည့်အထိ လေသံမာမာနှင့်ပင် မဆိုမငေါက်ဖူးသေးချေ။

"အမေရေ…အမေ"

"ဟော…အင့်ပြန်လာပြီ"

"အေး…သမီးရေ အမေ မီးဖိုဆောင်မှာဟေ့"

သမီးဖြစ်သူပြန်လာလျှင် ဆူမည်ကြိမ်းမည်ဟု ပြောနေသည့်သူမှာ ဒေါ်မြရှင်မှ ဟုတ်ပါလေစဟု ထင်စရာ သာယာချို အေးသောအသံဖြင့် သမီးအင့်အား ပြုံးရွှင်သောမျက်နှာထား၊ နူးညံ့ ကြင်နာသော မျက်ဝန်းများဖြင့် ဆီးကြိုအသံပြုရုံမျှမက အိမ်ပေါ်သို့ ဝုန်းဒိုင်းပြေးတက်လာသော သမီးရှိရာသို့ အရင်ဦးအောင် လျှောက်သွား၏။

"အမေ"

"ဟဲ့ သမီး မောကြီးပန်းကြီးနဲ့ ဘာဖြစ်လာတာလဲ၊ မျက်နှာကလည်း ပြုံးလို့ပါလား"

"ပြုံးဆို ဟောဒီမှာလေ အင့်အတွက်ဆိုပြီး အစ်ကိုမောင် ဝယ်လာတဲ့ ကချင်လုံချည်လေး မလှဘူးလားအမေရဲ့ ကြည့်ပါဦး"

အင့်က ဖိုးဖိုးဖတ်ဖတ်။ သူ့လက်ထဲပါလာသည့် စက္ကူ ပတ်ကို ဆွဲခွာပြီး လုံချည်စကို သူမကိုယ်မှာ ကပ်ပြသည်။

"ဝမ်းသာစရာ အမေရဲ့၊ အစ်ကိုမောင်က အင့်အတွက်ပဲ





ဝယ်ပေးတာ၊ နှင်းအိတို့ အေးလှတို့အတွက်တော့ မပါပေါင်"

"အင့်နဲ့ လှရဲ့လား အမေ"

"လှပါတော် လှပါ၊ ငါ့သမီးက အသားကဖြူဝင်းနေ တော့ ဘယ်အရောင်နဲ့မဆို လှပြီးသားလိုက်ပြီးသား၊ အင်္ကျီပုံစံကို တော့ လှလှချုပ်အေး၊ မိသန်းကြည်ဆိုင်တော့ မအပ်နဲ့၊ အဝင်းဆီမှာ ပဲအပ်"

"ဟုတ်ကဲ့ပါ အမေရဲ့၊ အသွားစံအလှူမှာ ဒီဝတ်စုံဝတ်ရ မယ်"

"ရော့…ရော့ ဒီမှာအမေ ဟင်းချိုအိုးအတွက် ဟင်းရွက် အစုံအကုန်ပဲ"

"ဟဲ့…များလှချည်လား အင့်ရယ်၊ တစ်ခါချက်ရုံးခဲ့ပါဆို တစ်သက်ချက်စားလောက်အောင် ရုံးလာရသလားအေ"

ဒေါ်မြရှင်က လွယ်အိတ်ပုပ်တစ်လုံး ပြွတ်သိပ်ထိုးကျိတ် ထည့်လာသော အမယ်စုံ ဟင်းသီးဟင်းရွက် အဖူးအညွှန့်များကို ဧကာခုံးတစ်ခုထဲ ဆွဲထုတ်သွန်ချရင်း ပြောလိုက်ခြင်းဖြစ်သည်။

"အစ်ကိုမောင် ရုံးပေးလိုက်တာ အမေရေ၊ အင့်လည်း မသိဘူး၊ ရော့အင့်ယူသွားဆိုမှ ယူလာတာ၊ အမေ့ဘာသာပဲ ကြည့်ချက်လိုက်တော့"

အင့်က အမေ ဟင်းချိုရွက်ကို စိတ်မဝင်စားအေး သူမ



www.burmeseclassic.com

www.burmeseclassic.com



အတွက် လက်ဆောင်ရလာသည့် အဝတ်မှာသော အာရုံဝင်စားလျှက်။ မှန်ရှေ့မှာ အသစ်စက်စက်ဝတ်စုံကို ကိုယ်မှာကပ်၍ အနီးကြည့် အဝေးကြည့်လုပ်နေ၏။

"အင်ုရေ…ဟော…အင်ု"

"ဪ ကျိုးတင်လာလေ၊ ဒီမှာလေ အင်ုအတွက် အစ်ကို မောင်ဝယ်လာတဲ့ လုံချည်ဆင်လေး မလှဘူးလား"

"လှပါတယ် အင်ုရယ်၊ နှင်းအိတို့ပြောလို့ အစ်ကိုမောင် အင်ုအတွက် လုံချည်လက်ဆောင်ဝယ်လာတာ တစ်ရွာလုံး မသိချင်မှအဆုံးပါ"

ကျိုးတင်က အင်ုအချစ်ဆုံးသူငယ်ချင်းဖြစ်ပြီး ကျိုးကလေးလို အသားညိုညိုလေးဖြစ်သည်။ သို့သော် ကျိုးတင်က အင်ုကဲ့သို့စိတ်ရင်းသဘောထားဖြူစင်ရိုးသား၍ မည်သူ့အပေါ်မှာမှ မနာလိုဝန်တိုစိတ်မရှိချေ။

"အဲဒီနှင်းအိဟာလေ သူနဲ့လည်းမဆိုင်ဘဲနဲ့ ဘာ့ကြောင့် အင်ုအပေါ်မှာ အမြဲရန်လိုနေတယ်မသိဘူး"

"အင်ုက လှတာကိုး"

"သူလည်း လှတာပါပဲ၊ လှတာအပြင် ဗိုက်ဆံကလည်း ချမ်းသာလိုက်တာမှ ကျိုကျိုတက်လို့ပါ ကျိုးတင်ရယ်၊ အင်ုတို့လို မရှိဆင်းရဲသားနဲ့ သူတို့ဘဝက တခြားစီ၊ အင်ုအပေါ်မှာ သူဒီလို





သဘောထားတာ အင်ုဖြင့် သိပ်ဝမ်းနည်းတာပဲ"

ပြောရင်း အင်ု တကယ်ဝမ်းနည်းလာကာ အစ်ကိုမောင်ဝယ်လာပေးသော ဝတ်စုံကိုပါ လက်ထဲပစ်ချလိုက်သည်။ ခေါင်းမြှုပ်ရင်မှာ ခြံထဲဆင်းသွားပြီး ရေတွင်းမှ ရေငင်နေသဖြင့် အင်ုတို့ သူငယ်ချင်းနှစ်ယောက် စကားကို မကြားချေ။

"ဘာဝမ်းနည်းစရာရှိလဲ အင်ုရဲ၊ အစ်ကိုမောင်ကို မိနှင်းအိ ကျိတ်ကြိုက်နေတာ အင်ုမှမသိဘဲ"

"သူ့ဘာသာ ကြိုက်တော့ရော အင်ုအပေါ် ရန်လိုစရာလား"

နှုတ်ခမ်းစူနေသော အင်ုမျက်နှာလှလှကို တစ်ချက်မျှ လှမ်းကြည့်ပြီး ကျိုးတင်က အင်ုအတွက် အစ်ကိုမောင် ဝယ်လာပေးသော ဝတ်စုံကို သေသေချာချာ ခေါက်သိမ်းသည်။

"အစ်ကိုမောင်ကမှ နှင်းအိကို ပြန်မကြိုက်ဘဲ အင်ုကိုချည်း ဂရုစိုက်နေတော့ နှင်းအိက ရန်လိုတာ အင်ု ခံရတာပေါ့"

"အင်ုနဲ့ ဘာဆိုင်လို့လဲ"

"အင်ုကတော့ ဘာမှမဆိုင်ဘူးပေါ့၊ အစ်ကိုမောင်ကြီးကတော့ အင်ုနဲ့ဆိုင်ချင်ဆိုင်နေမှာ"

"ဟင်…ကျိုးတင်နော်၊ အင်ုကို အစ်ကိုမောင်နဲ့ မစနဲ့ သိလား၊ အင်ုမကြိုက်ဘူး၊ အစ်ကို့ကို အစ်ကိုတစ်ယောက်လိုချစ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အငုံမှာ တခြားဘာစိတ်ညစ်စိတ်မှုကို မရှိဘူး”

တကယ်လည်း အစ်ကိုမောင်ကို အစ်ကိုတစ်ယောက်လို ခင်မင်မိသည်ကလွဲ၍ အငုံမှာ တခြားဘာစိတ်မှမရှိ။ အသွားစံ၏ မြေး အစ်ကိုမောင် အငုံတို့ဆိုသည်က ငယ်စဉ်ဘဝ ကျေးကလေး ဘဝထဲက အတူသွား၊ အတူလာ၊ အတူဆော့ကစားလာကြသူတွေ။

ကြီးမှ အစ်ကိုမောင့်ဘက်က အငုံအပေါ် အရောင်းပြောင်း လာလျှင်တော့ မပြောတတ်။ အငုံကတော့ အစ်ကိုမောင်အပေါ် အစ်ကိုတစ်ယောက်ထက် ပို၍မမြင်။ တခြား ဘာခံစားချက်မှလည်း မရှိ။ အစ်ကိုမောင်ကိုယ်တိုင်လည်း အငုံအပေါ်မှာ မရိုးသားသည့် အမူအရာမျိုးမပြ။

ဒါမှမဟုတ် အငုံကပဲ သတိမထားမိလေသလားမသိပါ။

“အေးပါဟယ် အဲဒီအကြောင်းတွေ ခဏထားစမ်းပါ၊ အခု ဘကြီးသိန်းတို့အိမ်ကို ဦးလေးမျိုးအောင်နဲ့အတူ မြို့ကဧည့်သည် ပါလာမှာကိုရော သိပြီးပလား”

“သိပါဘူး ကျီးတင်ရယ်၊ စိတ်လည်းမဝင်စားပါဘူး။ သူတို့ဧည့်သည်လာတာ အငုံတို့ဧည့်သည်မှမဟုတ်ဘဲ၊ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စမှန်သမျှ အငုံကတော့ ဘာတစ်ခုမှကို စိတ်မဝင်စား ဘူး”

“အငုံကသာ စိတ်မဝင်စားနေ တစ်ရွာလုံးကတော့ ဦးလေးမျိုးအောင် ပါလာမယ့်ဧည့်သည်ကို အခုထဲက စိတ်ဝင်စား ကြ၊ မေးမြန်းစပ်စုကြနဲ့ သူတို့မှာ တခြားအလုပ်တောင်မရှိတော့တဲ့ အတိုင်း”

“ဦးလေးမျိုးအောင်က ဆရာဝန်ကြီးဆိုတော့ သူနဲ့လာတဲ့ သူ့သူငယ်ချင်းကလည်း ဆရာဝန်ကြီးပဲဖြစ်မှာပေါ့ ကျီးတင့်ရဲ့၊ ဘာစပ်စုနေရဦးမှာလဲ”

“ငါလည်း နင်တွေးသလိုပဲ တွေးပါတယ်အငုံရယ်၊ တကယ်တော့လည်း သူ့ဘာသာ ဆရာဝန်ကြီးမကလို့ ဘာပဲဖြစ်ဖြစ် တို့နဲ့မဆိုင်ပါဘူးဟယ်၊ ငါတို့အလုပ် ငါတို့လုပ်မှ ထမင်းနပ်မှန်တာ ပါ”

“ကဲ…ကဲ ငါပြန်မယ်၊ ရော့ အငုံ နှင်းအဝတ်စ ထုပ်သိမ်း လိုက်ဦး”

ကျီးတင်လှမ်းပေးသည့် အဝတ်ထုပ်ကို ကိုင်လျက် အငုံ ခပ်ငူငူလေးကျန်ရစ်သည်။ အငုံမျက်လုံးထဲ အစ်ကိုမောင်မျက်နှာ တစ်လှည့် နှင်းအိမျက်နှာတစ်လှည့် ပေါ်လာသည်။

ဘာတွေမှန်းမသိ။

“အငုံရေ ဒီမှာ အမေ့ကို ရေကူတင်ပေးစမ်းပါဦးအေ”

“လာပြီအမေ၊ လာပြီ”

လက်ထဲက အဝတ်ထုပ်ကို ဘုတ်ခနဲပစ်ချပြီး အမေ့ရှိရာ





စိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းသို့ ပေါ့ပါးဖျတ်လတ်စွာ အငုံ ရောက်သွားချိန် အငုံ အတွေးထဲမှာ ဘာဆိုဘာမှမရှိတော့။

"ဟင်းရွက်ဆေးဖို့ရေ မရှိတော့လို့ တစ်ခါတည်းသာ အိမ်ပေါ်ကအိုးတွေထဲ ရေဖြည့်လိုက်အငုံရယ်၊ ဒါပြီးမှ အမေတို့ သားအမိ ရေချိုး ထမင်းစားကြတာပေါ့ ဟုတ်လား"

"အငုံ ဗိုက်မဆာသေးပါဘူး အမေရဲ့၊ အမေပဲ အရင် ရေချိုးလိုက်ပါ၊ အငုံ ရေတွင်းထဲက ရေငင်ပေးမယ်"

"အေး...အေး အဲဒါလည်း ကောင်းတယ်၊ မီးဖိုနားကပ် ပြီး ထမင်းဟင်းချက်ရတာ အိုက်စပ်စပ်နဲ့၊ တစ်ခါတည်းပဲ ရေချိုး လိုက်တော့မယ်"

အမေရေချိုးဖို့ အငုံကိုယ်တိုင် ရေချိုးတွင်းလေးထဲက ရေအေးအေးကို ခပ်ငင်ပြီး အမေ့ကိုယ်ပေါ် လောင်းပေးသည်။

"ကောင်းလိုက်တာသမီးရယ်၊ တစ်ကိုယ်လုံးကို အေးသွား တာပဲ"

"ဝအောင်သာချိုး အမေ၊ အငုံ ဒီကျောက်စည်ထဲ ရေဖြည့် ပေးမယ်"

အမေက အငုံဖြည့်ပေးသော ကျောက်စည်ထဲက ရေကို အားပါးတရချိုးသလို ညစာထမင်းကို ဝက်သားဟင်းနှင့် အားပါး တရ စားပါသည်။ မနက်လင်းအားကြီးချိန်မှာတော့ အမေ့ထံက





တအင်းအင်းညည်းသံကြား၍ အမေ့ကိုယ်လေးကို အငုံ စမ်းသပ် ကြည့်သည်။

ခြစ်ခြစ်တောက်ပူနေသော အမေ့ခန္ဓာကိုယ်အရေပြား၏ အပူမီးက တမုဟုတ်ခြင်း အငုံ့ရင်ထဲ ချက်ချင်းကူးစက်တောက် လောင်သွားသည်။

"အမေ...အမေ"

"အင်း...ဟင်း...ဟင်း"

အမေ့ထံမှ ပြန်ထူးသံလား ညည်းညူသံလားမသိသည့် ညည်းမဲ့အသံတစ်ခုကြောင့် အငုံ့ရင်မှာ နည်းနည်းတော့ သက်သာရာရသွားသည်။ အမေသတိမလစ်သေးပါလားဆိုသည့် အသိနှင့် အမေ့ကိုယ်လေးကို အငုံ ခြုံစောင်ကြီးဖိထပ်ခဲ့ပြီး ရေနွေး [illegible]အိုး အမြန်ကျိုသည်။

အိမ်မှာ လိုရမယ်ရ အသင့်ဆောင်ထားသည့် အနီးပွင့် ဆေးထုတ်ဆေး အမေ့ကိုတိုက်လိုက်တော့ အမေက ကြိုးစားပြီး သောက်ရှာပါသည်။ သို့သော် အမေ့ခန္ဓာကိုယ်ပေါ်က အဖျားက ကျ။ အမေ့ထံမှ အဖျားတက်သံ တအင်းအင်းကို နားထောင်ရင်း အငုံ ရင်တွေပူနေသည်။

"အမေ"

"အမေ အငုံ ခေါ်တာကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း…ဟင်း…မာင်း"

"ရွာကို ဆရာဝန်ကြီးတွေလာကြမှာတဲ့ အမေရဲ့၊ အမေ့
အတွက် ဆရာဝန်ကြီးတွေဆီမှာ အငုံကိုယ်တိုင် ဆေးတောင်းပေး
မယ်နော်"

"အမေ့ကိုယ်အမေ သတိမလစ်အောင်နေ သိလား"

အမေ့နားမှာ တစ်ချိန်လုံး သူမတတ်သလောက် ပြုစုရင်း
အငုံနှုတ်ကလည်း အမေအားမငယ်အောင် အားပေးစကားတွေ
တတွတ်တွတ်ပြောနေမိသည်။ ကျီးတင်ပြောတုန်းက ဘာကို
စိတ်မဝင်စားသည့် အငုံက အခုတော့ ဆရာဝန်ကြီးတွေ အမြန်လာ
ပါတော့ဟု တခြားသူများထက် အရင်ဦးအောင် ဘုရားမှာ အကြိမ်
ကြိမ်ဆုတောင်းသံက အငုံ အိမ်လေးထဲ ညံဝေလျက်ရှိနေ
သတည်း။

* * *



## အခန်း (၆)

စိမ်းမြသော လယ်ကွင်းလယ်ကွက်များဆီမှ ဖြတ်သန်း
တိုက်ခတ်လာသည့် ရိုးပြတ်ရနံ့သင်းမွှေးသည့်လေကို အရင်ဆုံး
ရှူရှိုက်ရသည်။ မျက်စိတစ်ဆုံး ငေးမျှော်ကြည့်မိပြန်တော့လည်း
စိမ်းညိုညို့ စပါးခင်းနှင့် ဂေါ်ဖီခင်း၊ ကြက်သွန်ခင်း၊ မြေပဲ၊ ငြုပ်၊
ပြောင်းခင်းတွေက လှအင်အားနှင့် သီချင်းတကြော်ကြော် ဆိုလျက်။

ဘာအပူအပင်မှမရှိကြလေဟန် မျက်နှာတွေက ကြည်လင်
ငြိမ်းချမ်းကြသလို ဖျတ်လတ်သည့် လှုပ်ရှားမှုတွေကလည်း
ချက်ကျလက်ကျ သွက်သွက်လက်လက်။ ဓေယျတုလက်ထဲက
ထင်မရာလေး တဖျပ်ဖျပ် အလုပ်များသွားသည်။

မြေရနံ့သင်းမွှေးသောလေနှင့် တောင်သူယာသမားများ၏
လူနေမှုဘဝက ရိုးရှင်းသလောက် စိတ်ချမ်းသာစရာဘဝများဟု
ဆိုချင်သည်။ အပူအပင်မရှိ။ ပကတိ ငြိမ်းချမ်းသောအသွင်သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘာဟန်ဆောင်မှုမှုမပါ။

ဖေယျတုတို့ မြို့နေလူတန်းစားနှင့်တော့ ကွာချင်တိုင်းကွာသည်။ သူငယ်ချင်းနှစ်ယောက် ရွာထဲအနှံ့လျှောက်ပြီး ရွာအပြင်စည်းရိုးကို ဖြတ်ကျော်၍ ဤလယ်ကွင်းပြင်များရှိရာ ရောက်လာကြခြင်းဖြစ်သည်။

ဒေါက်တာအောင်မျိုးက သူ့သူငယ်ချင်း ဖေယျတုလှုပ်ရှားမှုတိုင်းကို မသိမသာရော သိသိသာသာပါ တစ်ချိန်လုံးလိုက်အကဲခတ်နေ၏။ ဖေယျတုကတော့ အောင်မျိုး သူ့အနားရှိနေတာကိုပင် သတိမရတော့သလို သူမြင်တွေ့နေရသော တောသူတောင်သား လယ်ယာသမားတို့၏ သက်ဝင်လှုပ်ရှားမှုထဲ သူပါအတူလိုက်ပါစီးမျောလျက်ရှိ၏။

ကုမ္ပဏီပိုင်ရှင်သူဌေး။

ဓနီးဖြစ်သူ အေရီရယ်၏ ချမ်းသာကြွယ်ဝမှုနှင့် ပေါင်းလိုက်တော့ ဖေယျတုတို့ လင်မယားနှစ်ယောက်အတွက် ကျန်ရှိသည့် အမွေအနှစ်တွေနဲ့တင် ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေလျှင် ဆယ်သက်စားမကုန်။ သုံးမကုန်ပစ္စည်းတွေနှင့် ထိပ်သီးသူဌေးတွေခများ...

လူချမ်းသာပေမယ့် စိတ်မချမ်းသာနိုင်ပါဟုဆိုလျှင် ဤနေရာ ဤဌာနမှာ တစ်နေ့လုပ်မှ တစ်နေ့စားကြပါလျက် ဘဝကို





ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်ဖြတ်သန်းနေကြသူတွေအနေဖြင့် ယုံပင်ယုံနိုင်ကြပါမည်လားမသိ။

ဖေယျတုအသက်က သုံးဆယ်ဆိုပေမယ့် နေရိပ်ထဲမှာ အမြဲနေရသော သူဌေးတို့၏ ထုံးစံအတိုင်း အရွယ်တင်နုပျိုကာ ချောသောအသားက နေရောင်အပူအောက်မှာ နီရောင်ကဲလျက် ချွေးပွံ့နေပုံကို ရယ်လည်းရယ်ချင်၊ သနားလည်းသနားပေမယ့် မရယ်ရက်ပါ။

စိန်တံတိုင်း၊ ငွေတံတိုင်း၊ ဂုဏ်ပကာသနတံတိုင်းများစွာကြားမှာ ပိတ်မိနေသော လူသားတစ်ယောက်အဖြစ် သူ စာနာသနား၍ဖြစ်သည်။ ချစ်သူရည်းစားပင်မရှိ။ အချစ်ကို ရှာဖွေချိန်ရှိတာလား။ အချစ်ကလည်း ဖေယျတုကို ဒဏ်ခတ်လေသလားပြောတတ်။

ဥပဓိရုပ်ဖြူဖြူမြင့်မြင့် ချောချောလှလှကြီးနှင့် လိုက်ဖက်စွာ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ဆံပင်နက်နက်၊ စူးရှသည့်မျက်လုံးအစုံ၊ နီရဲသည့်နှုတ်ခမ်းအစုံပိုင်ရှင် ဖေယျတုက သားအလိမ္မာအဖြစ် သူ့အဖေစကားအတိုင်း မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့သည်။

မဲရေချ်အော့ဖ်လပ်စ်။

မဲရေချ်အော့ဖ် ကော်နီဗီးနီးယန့်စ် စသည့်စကားနှင့်မှုထဲ

www.burmeseclassic.com



ဇေယျတု၏ လက်ထပ်မင်္ဂလာပွဲက မဲရေချိုအောဖ်လမ်းမ် ချစ်၍ လက်ထပ်ခြင်းအမျိုးအစားမဟုတ်။ မဲရေချိုအောဖ်ကော်န်ဗီးနီးယန့်စ် ဆိုသည့် အဆင်ပြေ၍ လက်ထပ်ခြင်းအမျိုးအစားထဲမှာ အကျုံးဝင်သူ။

အချစ်မပါတော့ အနှစ်ကမရှိ။

သို့သော် အဆင်မပြေအောင်တော့ ဇေယျတုဘက်ကရော အေရီရယ်ဘက်ကပါ အစွမ်းကုန်ကြိုးစားသည်။ အောင်မြင်သော အိမ်ထောင်ရေးက မဟုတ်ခဲ့။ အလွန်အင်မတန် စိတ်မချမ်းမြေ့စရာ အကောင်းဆုံး အိမ်ထောင်ရေးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။

ဇေယျတုနေရာမှာ အောင်မျိုးဖြစ်နေမည်ဆိုလျှင်ပင် အေရီရယ်အပေါ်မှာ အောင်မျိုးကိုယ်တိုင် ဤမျှ သစ္စာစောင့်သိနေမည် မထင်။ ဤလောက်လည်း ကိုယ့်ကိုယ်ကို စိတ်အဆင်းရဲခံနိုင်တာမဟုတ်။ ဇေယျတုကတော့ ဘယ်သူနဲ့မှ မတူသော ယောကျ်ားမြတ်ဟု ဆိုရမည်။

စောင့်စည်းသည်။

ထိန်းချုပ်နိုင်သည်။ ဖြစ်လာမည့်ဘဝမှာ နောက်ထပ် အချစ်သစ်မရှာဘဲ သူမို့နေနိုင်သည်။

"ဦးလေး…ဦးလေးအောင်မျိုး"

"ဟဲ့…နင် ကျီးတင်မဟုတ်လား၊ ချွေးတွေသံတွေနဲ့





အမောတကော ဘာဖြစ်လာတာလဲ၊ ကောင်မလေးရဲ့"

တစ်ဖုတ်ဖုတ်ပြေးလာသံ။ တကျော်ကျော် သူ့အမည်ခေါ်သံများ၏ အဆုံးသတ်မှာ သူရောက်လာသည့် ကျီးတင်ဆိုသည့် ကျီးကန်းနှင့်တူသော ချာတိတ်လေးကို အောင်မျိုး မျက်ခုံးတွန့်ကြည့်သည်။ အရီးခေါ်မိုင်း၏သမီးက တဟောဟောနှင့် မောနေရာက သူ့နဖူးပေါ်ကချွေးကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်းဖိသုတ်လိုက်ပြီးမှ…

"ဟို ရွာတောင်ပိုင်းက အင့်အမေ ခေါ်လေးမြှောင်ရယ် အများကြီးပြီး ခေါ်မရတော့လို့ ကျီးတင်နဲ့ အမြန်လိုက်ခဲ့ပါ ဦးလေးရယ်၊ အင့်အမေ သေတော့မယ်ထင်တယ်"

"ဟဲ့…မငိုနဲ့လေ၊ လာ လာ ငါနဲ့လိုက်ခဲ့၊ ငါ့မှာ ဆေးဒိတ်အသင့်ပါတယ်၊ အခုပဲသွားကြမယ်"

"ဟုတ်…ဟုတ်ကဲ့"

လူမှာဆိုတာနှင့် ဆရာဝန်စိတ်ဓာတ်က ဝုန်းခနဲထပြသည်။ ကျီးတင်ဆိုသည့် ကလေးမလေးနှင့် ရွာဘက်ကို သုတ်ခြေတင်မည် ပြုပြီးမှာ သူနှင့်အတော်ဝေးဝေးမှာ ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်နေသော ဇေယျတုကို ဖျတ်ခနဲသတိရသည်။

"ခြော် နေဦး ဦးလေးသူငယ်ချင်းကို လှမ်းအသိပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဓေယျတု"

တောသားပီပီ အသံကျယ်ကျယ်နှင့် ဓေယျတုကို လှမ်းခေါ်တော့ ဓေယျတုက နေပူကျဲကျဲမှာ ရပ်နေသည့် အောင်မျိုးနှင့် ကျီးတင်ရှိရာ လှမ်းကြည့်သည်။

ကာကီရောင်ဖျော့ဖျော့ ချည်သားအင်္ကျီ လက်ရှည်ကို ကဝိုကရိုခေါက်တင်ထားပြီး ကာကီရောင်ဖျော့ဖျော့ ဘောင်းဘီရှည်၊ အီတာလီလုပ် သားရေဖိနပ်ကို စီးထားသည့် ဓေယျတုပုံစံက အကြောင်းမသိလျှင် ဗမာတစ်ယောက်နှင့်ပင် မတူချင်။

တောင့်တင်းဖြောင့်စင်းသည့် ခန္ဓာကိုယ်အချိုးအစားနှင့် ချော့မောခန့်ညားသော ဥပဓိရုပ်က နိုင်ငံခြားကားထဲက ရုပ်ရှင်မင်းသားတစ်ယောက်လို ကြည့်ကောင်းသည်။ စတိုင်လ်ကျသည်။

"ရွာထဲကို ငါ့ခဏပြန်မလို့ ခင်းတစ်ခါထဲ လိုက်မလား"

"နိုး"

ဓေယျတုအဖြေက တစ်ခွန်းထဲဖြစ်သည်။

"ရွာထဲကို မင်းတစ်ယောက်တည်း ပြန်လာလို့ ဖြစ်တယ်မဟုတ်လား"

ဒီတစ်ခါ ဓေယျတု ခေါင်းညိတ်သည်။

"ငါသွားနှင့်မယ်"

"အိုကေ"





သူငယ်ချင်းနှစ်ယောက်၏ အမေးအဖြေခန်းကို ကျီးတင်က စိတ်ဝင်တစား အထူးအဆန်း ပါးစပ်အဟောင်းသားဖြင့် တအံ့တသြငေးနေ၏။

"လာ ကျီးတင်၊ ဦးလေးတို့သွားကြမယ်"

"ဟုတ်ကဲ့"

ခြေလှမ်းကျဲကြီးတွေနှင့် ထွက်ခွာသွားသူနောက်ကိုလိုက်ရင်း တစ်လမ်းလုံး ဦးလေးအောင်မျိုးမေးသမျှ အဒေါ်မြရှင်အခြေအနေကို တင်ပြရသည်။ကျီးတင်ရော အင်ပါ ဒီနှစ်ဆယ်တန်းဖြေထားကြသူများဖြစ်သည်။ နှစ်ယောက်စလုံး အသက်ဆယ့်ငါးနှစ်ကျော် ရွယ်တူခြင်းဖြစ်သော်လည်း အင်ုက ကျီးတင်နှင့်မတူ။

အင်ုက တကယ့်အပျိုမကြီးတစ်ယောက်လို မျှစ်စို့ပေါက်နှင့်တူပြီး ခါးကသေးသေးလေး။ တင်ပါးကြီးက ဝိုက်နေသည်။ အသားဖြူဖွေးနေပြီး မျက်ဆံနက်ကြီးတွေ အရည်လဲ့ကာ တစ်မျိုးချစ်စရာကြီးဖြစ်သည်။

တစ်ရွာလုံး အင်ုအလှကို မှီသူမရှိ။ နှင်းအိ လှသည်ဆိုတာက ဖြူပါးပါးနှင့် ဝါးခြမ်းပြားအလှ ဖြစ်သည်။ ကျီးတင်ကိုယ်တိုင်တလည်း ပိန်ကပ်ကပ်။ အသားက မည်းသေးနှင့် နာမည်နှင့်လူလိုက်လည်းလိုက်ဖက်သေးတော့သည်ဟု ပြောရမလောက်ပင်။

အင်ုကို ကျီးတင်ချစ်သည်။ အင်္ဂလိပ်စာအဓိကဖြင့် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



နှစ်တက္ကသိုလ်တက်နေသော အစ်ကိုမောင်နင့်လည်း သူဘောတူသည်။ နှင်းအိကိုတော့ အင့်ကိုမှန်း၍ ကျီးတင်ကလည်း မိနှင်းအိကို ကြည့်မရ။

ဦးလေးအောင်မျိုးက သူ့အိမ်ထဲဝင်ပြီး ဆေးအိတ်ကိုဆွဲလျက် ကျီးတင်နောက်က လိုက်လာ၏။

"အင့်ရေ ဦးလေးဦးမျိုးအောင် အဒေါ်မြရှင်ကို ဆေးကုပေးဖို့ လိုက်လာပြီဟေ့"

"ဟင် ကျီးတင်"

အမေ့နားမှာ အသွားအုံနှင့်အတူ ထိုင်ငိုင်လျက် မျက်ရည်ကျိတ်ကျနေရာက ကျီးတင်၏ ဝမ်းသာအားရ အော်သံလေးနှင့် ကျီးတင်နောက် ဆေးအိတ်ဆွဲ၍လိုက်လာသော ဦးလေးဦးအောင်မျိုးကြောင့် အင့်ရင်ထဲ တထိတ်ထိတ်ခုန်သည့်အထိ ဝမ်းသာသွားကာ မျက်ရည်စတွေကို ကမန်းကတန်း သုတ်လိုက်၏။

"အမေ…အမေ ဆရာဝန်ကြီးလာပြီ အမေရဲ့"

အမေ့ကိုယ်ကြီး ဖွတ်အတင်းလှုပ်နှိုးနေချိန်မှာ ဦးလေးဦးအောင်မျိုးက ဆေးအိတ်ချပြီး အမေ့ကို ကမန်းကတန်း စမ်းသပ်စစ်ဆေးသည်။ ဆေးထိုးသည်။ သောက်ဆေးပေးသည်။

"အဒေါ်…အဒေါ်"

"ရေပတ်တိုက်မယ် ကျီးတင်၊ ရေဇလုံနဲ့ အဝတ်သန့်သန့်



ယူခဲ့"

"ဟုတ်…ဟုတ်ကဲ့"

ကျီးတင်ကိုယ်စား အင့်ကပဲ အမေ့အတွက် အပြေးအလွှား ဆရာဝန်ပြောသည့်အတိုင်း ရေဇလုံနှင့် အမေ့မျက်နှာသုတ်ပဝါ အသစ်လေးကို ထုတ်ပေးသည်။ ဆရာဝန်၏ အပြုအစုကောင်းမှုကြောင့် အတော်လေးကြာတော့ အမေ့ထံမှ အင်းခနဲအသံထွက်လာသည်။

"အမေ…အမေ"

"နေ…နေ မနိုးနဲ့၊ လူနာသတိရလာပြီပဲ အိပ်ချင်အိပ်ပါစေ၊ ဦးလေးပေးတဲ့ဆေးကိုသာ ပြောထားတဲ့ အချိန်အတိုင်း တစ်နေ့သုံးကြိမ်တိုက်ဟုတ်ပြီလား"

"ဟုတ်ကဲ့"

အင့် ခေါင်းညိတ်ပြီး ဆေးထုပ်လေးတွေ တရိုတသေ သိမ်းသည်။

"ညည်းက ဒေါ်လေးဒေါ်မြရှင်သမီး အင့်လား"

"ဟုတ်ကဲ့ပါ"

"အေး…အေး ကျီးတင်ကိုတော့သိတယ်၊ အင့်ကိုတော့ သိပ်မမှတ်မိဘူး၊ ညည်းက ငယ်ငယ်တုန်းကနဲ့မတူဘူး၊ အတော်ပြောင်းလဲသွားတာကိုးကွ"

www.burmeseclassic.com



"အငုံကတော့ ဦးလေးကို မှတ်မိပါတယ် ဦးလေးရဲ့"

ကြိုးတင်လို ကလေးမျက်နှာလေးမဟုတ်တော့ဘဲ အပျိုမကြီးတစ်ယောက်လို လုံးလုံးဖြစ်သွားသည့် အငုံအလှကို ရည်ညွှန်း၍ ပြောခြင်းဖြစ်သည်။

"အေးပေါ့ ညည်းတို့က မှတ်မိရင် လှမ်းသာခေါ်ကြ၊ နှုတ်ဆက်ကြပေါ့၊ ဦးလေးတို့က ငယ်ရာကကြီးလာတဲ့ ညည်းတို့ကို သိပ်မမှတ်မိတော့ဘူး"

"ဦးလေးက ရွာကို ခဏခဏပြန်မှမလာဘဲ"

ကြိုးတင်က ဝင်ပြောတော့ ဒေါက်တာအောင်မျိုး သဘောကျစွာ ရယ်သည်။

"အေး...ကြိုးတင်ပြောတာမှန်တယ်၊ ရွာကိုမပြန်ဖြစ်တာ လေးငါးခြောက်နှစ်မကတော့ဘူးထင်တယ်"

"ဦးလေး ဦးအောင်မျိုး ဘထွေးက အိမ်ကို ပြန်လာခဲ့ပါဦးတဲ့၊ ဆေးကုဖို့ လူနာတွေ ရောက်နေပြီလို့ပြောတယ်"

"လာမယ်ပေါ့၊ လာမယ်၊ ကဲ အငုံ ဦးလေးပြန်မယ်၊ အဒေါ်မသက်သာရင် အချိန်မရွေး ဦးလေးကိုလာပြော ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"ဆေးအိတ် အသင့်ပါလာတော့ ချက်ချင်းဆေးလိုက်ကုရပဲ"





"ကိုင်း သွားပြီဟေ့"

"ဦးလေး ဆေး ဆေးဖိုး"

အငုံအသံက မဝံ့မရဲ။

"တစ်ရွာလုံး ငါ့အမျိုးတွေချည်းပဲဟ၊ ဆေးအလကားကုနေတာ အငုံရေ၊ သွားပြီဟေ့"

"ရော့ ဖိုးခွေး ငါ့ဆေးအိတ်ကို မင်းယူခဲ့"

"ဟုတ်ကဲ့ ဦးလေး"

ဖိုးခွေးခေါ်ရာနောက် ဦးလေး ဦးအောင်မျိုး ပြန်ပါသွားသည်။ တိတ်ဆိတ်သော အိမ်လေးသို့ လူတစ်ယောက် ဘွားခနဲ ရောက်လာပြန်သည်။

"အငုံ"

"အစ်ကိုမောင်"

"အခုပဲ အစ်ကိုအောင်မျိုးနဲ့ လမ်းမှာတွေ့ခဲ့တယ်၊ ဒေါ်လေးအခြေအနေ ဒီလောက်ဖြစ်တာ ဘာလို့ အစ်ကိုမောင်ကို မပြောတာလဲ အငုံရယ်"

"ဟိုတစ်နေ့က အကောင်းကြီးပါ အစ်ကိုမောင်ရယ်၊ ရုတ်တရက်ဖြစ်တာဆိုတော့ အငုံလည်း ထူပူပြီး ဘာလုပ်ရမှန်း မသိလို့ပါ"

"နောက်တစ်ခါ ဘာဖြစ်ဖြစ် အစ်ကိုမောင်ကို အရင်ပြော

www.burmeseclassic.com



ဖို့ မမေ့ပါနဲ့ ကြားလား အင့်"

"ဟုတ်ကဲ့"

မျက်နှာငယ်လေးနှင့် အင့်ကိုကြည့်ပြီး သင်းမောင်ရင်ထဲ ပူနေသည်။ တစ်ရွာလုံး အချမ်းသာဆုံး၊ ရွာမျက်နှာဖုံးဖြစ်သော သင်းမောင်တို့မိသားစုဝင်တွေက သူတို့သားအတွေးဆုံး၊ မြေးအတွေးဆုံးဖြစ်သော သင်းမောင်ကို အင့်နှင့် အရောတဝင်နေတာ ထိုင်တာကို လုံးဝမကြိုက်နှစ်သက်ကြပါ။

လယ်မရှိယာမရှိ မုဆိုးမသားအမိလည်းဖြစ်၊ တစ်နေ့လုပ်မှ တစ်နေ့စားရသော ဆင်းရဲသားသားအမိနှင့် မကပ်စေချင်သော်လည်း သင်းမောင်ကို နှုတ်အတင်းအကျပ်မပြောရဲ။ ပြောလိုက်မှ ပိုဆိုးပြီး အင့်ကို လက်ထပ်ယူလိုက်မှာစိုး၍ ငြိမ်နေကြပေမယ့် သင်းမောင်သွားရာနောက် လိုက်ကြည့်မည့်လူတစ်ယောက် ထည့်ထားသည်။

ဒါကို သင်းမောင်ကလည်း သိသည်။ အင့်ကို မြို့ထား မတတ်ချစ်ပေမယ့် အခုချိန်ထိ သူ့ရင်ထဲကအချစ်ကို ထုတ်ဖော်ခြင်း မပြုဘဲ ရှောင့်နေသည်ကလည်း သင်းမောင်မှာ အကြောင်းရှိသည်။ သင်းမောင်က ရွာမှာ အမြဲနေရသူမဟုတ်။ မြို့တက်ပြီး ကျောင်းနေရသည်။

အိမ်က သူ့ကို အင့်နှင့် အရောမဝင်စေချင်မှန်းသိ၍ ကိုယ်ရှိန်သတ်နေရသည်။ သင်းမောင် အလိုဆန္ဒအတိုင်းသာဆိုလျှင် အင့်မျက်နှာလေးကို အချိန်ပြည့် ကြည့်နေချင်သည်။ အင့်အိသံလေးကို အမြဲကြားချင်နေသည်။ အင့်ကို သူ့ရင်ထဲက အချစ်တွေ ဖွင့်ပြောပြီး ချစ်သူရည်းစားတော်ဖို့ မခက်ခဲသော်လည်း သူနှင့်အင့် ချစ်သူတွေဖြစ်သွားတာကိုသာ သူ့အိမ်ကသိလျှင် သင်းမောင်ဒုက္ခ ရောက်မှာထက် အင့်တို့သားအမိ အရင်ဒုက္ခရောက်မှာ ကြိုသိနေသည်။

ကျောင်းပြီးလျှင်တော့ ဘယ်သူတွေ ဘာပြောပြော အင့်ကို လက်ထပ်မည်။ အားလုံးနှင့် ဝေးရာမှာနေမည်။ ဒါက သင်းမောင်အဆုံးအဖြတ်။ သင်းမောင်စိတ်ဆန္ဒမို့ ချစ်ရသူဒုက္ခ မရောက်အောင် သူ့ကိုယ်သူ ဆင်ခြင်ရခြင်းဖြစ်သည်။

အင့်ကတော့ သင်းမောင်ဒုက္ခတွေကိုမသိ။ သူ့အပေါ်မှာ အင့်က ရိုးသားလွန်းသည်။ ဘာအရောင်မှမရှိ။ နှင်းအိတို့နှင့်တော့ တွာသည်။ နှင်းအိကို သင်းမောင်ကြည့်မရ။

သင်းမောင် ကြည့်မရသူကိုမှ သင်းမောင်အိမ်က နှင်းအိနှင့်သူ့ကို သဘောတူကြသည်။ လက်ထပ်ပေးစားလိုကြသည်။ နှင်းအိက တစ်ဦးတည်းသောသမီး ဖြစ်ရုံမက ရွာမှာ သင်းမောင်တို့ပြီးလျှင် နှင်းအိတို့မိသားစုတွေက ဒုတိယအချမ်းသာဆုံးဖြစ်သည်။

သင်းမောင်က သူ့အိမ်က ဘာပြောပြော မသိဟန်ဆောင်






www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အငုံနှင့်လည်း ကင်းကင်းရှင်းရှင်းဆိုတော့ အိမ်က သင်းမောင်ကို ဖွင့်တိုးမပြောရဲ။ သင်းမောင်မှာသာ ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်နှင့် နေမြင့်လေ အရှုးရင့်လေဖြစ်နေသည်။

ဒီတစ်ခေါက် သူ ရွာကိုပြန်ရောက်လာတော့ အငုံက သိပ်လှနေတော့ သူ စိတ်ချမထားနိုင်အောင် ဖြစ်လာသည်။

"အငုံ"

"ရှင်"

"ခဏနားချင်နားလေ၊ အဒေါ်နားမှာ အစ်ကို လူမှာစောင့်ပေးမယ်"

"အစ်ကိုသင်းမောင်၊ အဘွားစံ မူးလဲလို့ အမြန်လာပါတဲ့၊ အရီးလေးက အခေါ်ခိုင်းလိုက်တယ်"

အငုံခြံဝမှာ ဖိုးတုတ်က လှမ်းအော်ခြင်းဖြစ်သည်။

"ဘယ်တုန်းကလဲ ငါထွက်လာတုန်းက အကောင်းပါ"

"ကျွန်တော်လည်းမသိဘူး၊ သွားခေါ်ဆိုလို့လာခေါ်တာ သွားတော့မယ်"

အငုံတို့ခြံဝက ဖိုးတုတ်ဆိုသည့်ကောင်လေးက သူပြောစရာရှိတာပြောပြီး ပြန်လှည့်ပြေးသွားတော့ သင်းမောင် မကြည်မသာနှင့်ပင် အငုံကို နှုတ်ဆက်လိုက်ရသည်။

"အစ်ကို ခဏသွားလိုက်ဦးမယ် အငုံ၊ ပြီးမှ ပြန်လာခဲ့မယ်"





"အဘွားစံနားမှာပဲနေပါ အစ်ကိုမောင်ရယ်၊ အမေက သက်သာပါပြီ"

"အကြောင်းထူးရင် ကျီးတင်ကို အစ်ကို့ဆီလွှတ်ပါ"

"ဟုတ်ကဲ့"

"အစ်ကိုသွားပြီ အငုံ"

အငုံတို့ခြံဝင်းထဲက သင်းမောင်ပြန်သွားတော့ ကျီးတင်က အငုံကို တစ်ခုခုပြောမည်ပြုပြီးမှ သူငယ်ချင်းမ၏ အမေအတွက် ဆွေးသောကရောက်နေသော မျက်နှာကိုကြည့်ကာ အသာပါးစပ်ပိတ် ငြိမ်နေလိုက်ပါသည်။

စိတ်ထဲကတော့ အလကားညာနေတာပဲဟု ကျီးတင်သာ တစ်ယောက်တည်း ဆက်ပြောပစ်လိုက်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

စမ်းချောင်းလေးထဲကရေက ကြည်လင်စီးမြလျက် ရေစီးအတိုင်း တသွင်သွင်စီးဆင်းသွားပုံလေးက နုသစ်သော အ… မလေးနှယ်။ မြင်ရသူတဝင်ကို ငြိမ်းချမ်းစေသည်။ အေးမြစေသည် လတ်ဆတ်လန်းဆန်းစေသည်။

ဖေယျတုက မျက်လုံးအစုံကို မှေးမှိတ်ငြိမ်သက်လျက် စမ်းရေစီးသံကို နားစွင့်လျက် ငြိမ်သက်နေ၏။ စိမ်းညို့သော သစ်… ဝါးပင်အုပ်အုပ်စုစု ဖွဲ့စည်းထားသော ဤနေရာလေးက ဖေယျ… အတွက် တစ်နေ့တာနားခိုရန် အသင့်တော်ဆုံးနေရာအဖြစ် သူ့… သာ တိတ်တဆိတ် ကျေနပ်စွာ သတ်မှတ်ထား၏။

အောင်မျိုးမပါဘဲနှင့် ဤအနီးပတ်ဝန်းကျင်ကို သူ… တစ်ယောက်တည်း ကျွမ်းကျင်စွာ သွားတတ်လာတတ်စပြုလာ… ဆေးကုသခြင်း၊ အမျိုးတွေအဆွေတွေအိမ် သွားလာလည်ပတ်ခြင်း…





တခြားရွာနီးချုပ်စပ်က လူနာများရှိရာ လာပင့်၍ လိုက်သွားရခြင်းဖြင့် အောင်နိုင်သော အောင်မျိုးကို အဖော်မခေါ်တော့ဘဲ သူတစ်ယောက်တည်း ထွက်လာခြင်းဖြစ်သည်။

“အဟင့်…ဟင့်…ဟင့်”

တိုးသဲ့သော ရှိုက်သံက လေအဝေ့မှာ ဘယ်နေရာဆီက မှန်းမသိ မျောလွင့်လာ၏။ ရုတ်တရက်တော့ မသည်းမကွဲ။ နောက်တော့ ပီပီပြင်ပြင် သည်းသည်းကွဲကွဲ။ သစ်ပင်ကြီး၏ ပင်စည်ကို မှီ၍ ငြိမ်သက်စွာလဲလျောင်းနေရာက သူထလိုက်သည်။ ဤနေရာမှာ သူတစ်ယောက်တည်းမဟုတ်တော့ဘဲ တခြားတစ်ယောက် ရောက်နေခြင်းကို သတိပြုမိစေသော ငိုရှိုက်သံမှာ မည်သည့်အရပ်က လာသနည်း။

“အဟင့်…အဟင့်”

နားကြားမှားခြင်းမဟုတ်။

ဝမ်းပမ်းတနည်း စိုစိုနင့်နင့် ရှိုက်၍ရှိုက်၍ တအစ်အစ် တအီးအီး ငိုသံရှိရာသို့ သူ ခြေသံကို လုံလုံထား၍ လျှောက်သွားသည်။

ဟော တွေ့ပါပြီ။

သိပ်ဝေးဝေးပင်မသွားရ။

ဖေယျတုနှင့် ခပ်လှမ်းလှမ်း ကျောက်ဆောင်လေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်က မျက်ရည်တွေကို လက်ဖဝါးဖြူဖြူလေးတွေနှင့် ခပ်ကြမ်းကြမ်း သုတ်ဖယ်လိုက်၊ တအီးအီးငိုလိုက်နှင့် တစ်ယောက်တည်း တစ်ကိုယ်တော်ငိုပွဲ ကျင်းပနေသည့် သဏ္ဍာန်လေးတစ်ခု။

နုသစ်သော မျက်နှာလှလှလေးက ဤမျှငိုကြွေးရှိုက်ငင်နေသည့်ကြားက ဝင်းဝင်းပပ ရွှန်းမြစွာသာသော လမင်းတစ်စင်းနှယ်။ ခြေအစုံကို ရေထဲမှာ တစ်ဝက်နှစ်ဆင်းလျက်။ တစ်ယောက်တည်းငိုနေသည့် မိန်းမလှလေးမှာ မည်သူနည်း။

ဧယျတု တစ်ခါမှမမြင်ဘူး။

သို့သော် တစ်ခါမြင်ဘူးရုံနှင့် ထူးခြားသော အလှပိုင်ရှင်ဖြစ်ခြင်းကိုက ဘယ်လိုမှ အသိအမှတ်မပြုဘဲ နေလို့မရ။ ပိုးသားလို နက်ပြောင်မည်းခက်နေသော ဆံနွယ်တွေကို ဖြူသောလက်များကြား တစ်တွေးတစ်ပွေ့ မြင်တွေ့နေရသည်။

ဤမိန်းမလှလေးမှာ ဘာကို ဤမျှဝမ်းနည်းနေသနည်း။ ဧယျတုဘဝထက်တော့ ဆိုးမည်မထင်။ သူငေးကြည့်နေတာကို မိန်းမလှလေးမသိ။ ဧယျတုကိုယ်တိုင်လည်း တမင်ခိုးကြည့်လို၍ ရည်ရွယ်သည်ကမဟုတ်။

တိုက်ဆိုင်စွာ သူတို့နှစ်ယောက်ကြားမှာ သစ်ပင်ကြီးခြားနေ၍ တစ်ဘက်က ဧယျတုကိုမမြင်ဘဲ ဧယျတုကသာ တစ်ဘက်ကို မြင်နေရပြီး ခိုးကြည့်သလို ဖြစ်ရခြင်းတည်း။





သူကြည့်ဆဲ မိန်းမလှလေးက အငိုရပ်ပြီး မျက်နှာကို စမ်းရေဖြင့် ပက်ဖြန်းသစ်ဆေးသည်။ ရှင်းလင်းစွာမြင်တွေ့နေရသော မျက်နှာလေးကို ဧယျတု မျက်တောင်မခတ်စတမ်း စူးစိုက်လျက် ငြိမ်သက်စွာ ငေးကြည့်နေခိုက်မှာပင် သူ့စိတ်မှာ တစ်ခုခုထူးခြားသလို ဖြစ်လာ၏။

ဘာကိုထူးခြားသည်ကိုက သူကိုယ်တိုင်လည်းမသိ။ အံ့သြတာလည်းဖြစ်နိုင်သည်။ ဒီလို ကျေးလက်တောရွာလေးမှာ တော်ဝင်မှီးဆန်သော အလှဘုရင်မတစ်ပါးကို တွေ့လိုက်ရ၍ တုန်လှုပ်တာလည်းဖြစ်မည်။ တွေ့ဆုံကြရပုံကလည်း တမင်ချိန်းထားလျှင်တောင် ကွဲချင်လွဲဦးမည်။ အခုတော့ လူသူကင်းရှင်းသည့်နေရာတစ်ခုမှာ ဧယျတုနှင့် မိန်းမလှလေး နှစ်ယောက်ထဲ။

"ဖျောက်"

ဧယျတု ခြေထောက်နားက သစ်ကိုင်းကို တက်နင်းမိသံဖြစ်သော်လည်း တိတ်ဆိတ်သော ဝန်းကျင်မှာ ဤအသံကပင်လျှင် ကျယ်လောင်သက်ဝင်ရပြန်သည်။

လှပဝိုင်းစက်သော မျက်ဝန်းအစုံ၏ အကြည့်က အသံကြားရာသို့ သမင်ပျိုမနှယ် ဖျတ်ခနဲ ရောက်လာခိုက်မှာ ဧယျတုကို မြင်သွား၏။

"အို"



www.burmeseclassic.com

www.burmeseclassic.com



အငုံ လန့်သွားသည်။

သူမှာသာ ကိုယ့်ခံစားချက်နှင့်ကိုယ် အမေအတွက် စိုးရိမ်စိတ်ပူပြီး ဤနေရာလေးမှာ လာငိုနေစဉ်က အငုံတစ်ယောက်တည်းဟု ထင်ခဲ့သည်။ အခုတော့ အငုံ တစ်ခါမှ မမြင်မတွေ့ဖူးသည့်လူစိမ်းကြောင့် အငုံထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။

"လာလိုက်တာ"

ဧယျာတုရင်ထဲက ဆိုမြည်လိုက်သော အသံဖြစ်သည်။ ကိုယ်တစ်ခြမ်းကို သစ်ပင်အကွယ်က ထွက်လိုက်တော့ အငုံမျက်နှာမှာ ကြောက်ရိပ်ဖြင့် ဖွေးသွား၏။

"ခင်ဗျား…ခင်ဗျား ဘယ်သူလဲ"

အငုံအသံက တုန်နေ၏။

"ဗျာ"

"ကိုယ်လူကောင်းပါ"

ဧယျာတုအသံက ပီသကြည်မြနေ၏။

တစ်ယောက်ကို ထင်ထင်ရှားရှား မျက်နှာချင်းဆိုင် မြင်နေရသောနေရာမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော လူစိမ်းကို ကြည့်၍ အငုံကြောက်လာ၏။

"လူကောင်းဆို ဘာလို့ အငုံမသိအောင် အငုံကို ချောင်းကြည့်နေတာလဲ"





"ဗျာ"

ထင်မှတ်မထားသည့် အမေးစကားက ဧယျာတုကို [illegible] အဖြေခက်သွားစေသည် မထင်ခဲ့ပါ။ သူ့ဘဝသက်တမ်း [illegible]လျှောက်လုံး ပထမဆုံးကြားရသော ထူးခြားဆန်းပြားသည့် [illegible]ပုစ္ဆာကို သူ့ထက် အသက်များစွာ ငယ်ရွယ်နုနယ်သော မိန်းမ[illegible]လေးမှ မေးခြင်းဖြစ်သည်။

"ကိုယ် မင်းမသိအောင် ချောင်းကြည့်မိသလို ဖြစ်သွား[illegible]လား"

"အငုံ မျက်စိနဲ့မြင်တာကို ညာချင်သေးလို့လား"

"ကိုယ်မညာပါဘူးဗျာ၊ ဒီအဖြစ်တွေက တတယ်ကို [illegible]တော်တဆ တိုက်ဆိုင်သွားတာပါ၊ အငုံအရင် ဒီနေရာကို ကိုယ် [illegible]စောကြီးရောက်နေတာပါ"

အငုံ ဘာဆက်ပြောရမှန်းမသိဘဲ သူမမျက်စိရှေ့က နူးညံ့[illegible]မိမွေ့သော အမူအရာ၊ တည်ကြည်ခန့်ညားချောမောသော ဥပဓိ[illegible]ပိုင်ရှင် လူကြီးကိုသာ ငေးကြည့်မိလျက်သားဖြစ်သွားသည်။

"အငုံသွားတော့မယ်"

လူကြီးနှင့်လူငယ် ဖက်ပြိုင်ရန်ဖြစ်နေစရာ အကြောင်းမရှိ။ [illegible]ရာက ချာခနဲလှည့်အထွက်မှာ နောက်ပါးက အသံတစ်သံ [illegible]ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

လူကြီး၏ခေါ်သံက အင့်ခြေအစုံကို အွဲရပ်ပစ်သည်။

"ဟိုမှာ အင့်လက်ကိုင်ပဝါလေး ကျန်နေတယ်"

အမှန်ပင် အင့်ထိုင်နေသည့်နေရာလေးမှာ အင့်လက်ကိုင်ပဝါဖြူဖြူလေး ကျန်ရစ်သဖြင့် အင့် ပြန်လှည့်ပြီး ကောက်ယူလိုက်သည်။

"ကိုယ့်နာမည် ဓေယျာတုပါ"

အင့် ဘာမှမပြော။ ကျေးဇူးတင်စကားလည်းမဆို။

ဓေယျာတုဆိုသည့် လူကြီးရှိရာ တစ်ချက်လှမ်းကြည့်ပြီး သမင်ပျိုမလေးလို နေရာက လှစ်ခနဲ ပြေးသွားသဖြင့် မြင်ကွင်းထဲက ပျောက်သွားသည်။

အင့်။

ဓေယျာတုရင်ထဲ ထိုအမည်လေးကာ အမှတ်မထင် စွဲထင်ကျန်ရစ်၏။ တစ်ခဏတာ ဆုံတွေ့လိုက်ရသည့် မိန်းမလှလေးတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်သော်လည်း ဓေယျာတုနှင့် အင့်ဆိုသည့် မိန်းမလှလေးတို့၏ ဆက်စပ်ပတ်သက်မှုက ဤမျှနှင့်အဆုံးသတ်သွားလိမ့်မည်ဟု ဓေယျာတုကိုယ်တိုင် ထင်ခဲ့သော်လည်း ကံတရားက ဆန်းကြယ်လွန်းသည်။

လူသားတို့ မျှော်လင့်ထားသမျှ ဖြစ်ချင်မှဖြစ်ခွင့်ရသလို





မမျှော်လင့်ဘဲနှင့်လည်း ဖြစ်ချင်ရာတွေ ဖြစ်လာတတ်မြဲ ဖြစ်သည့်အတိုင်း အင့်နှင့် ဆုံတွေ့ခဲ့ရာနေရာလေးကို ကျောခိုင်းအထွက်...

"အမယ်လေး"

"ဝုန်း"

အလန့်တကြား အော်ဟစ်လိုက်သည့် မိန်းကလေးတစ်ယောက်၏အသံနှင့် တစ်စုံတစ်ရာ ပြုတ်ကျလဲပြိုသံကြောင့် ဓေယျာတုရင်ထဲ ထိတ်ခနဲဖြစ်သွားကာ စောစောက သူ့မျက်စိရှေ့က လှစ်ခနဲ ပြေးထွက်သွားသည့် မိန်းမလှလေး၏ မျက်နှာကို ဖျတ်ခနဲ ပြေးမြင်လိုက်သည်။

အင့်များလားဆိုသည့် အတွေးနှင့် သူ့ကိုယ်သူသတိမထားမိခင် ခြေလှမ်းကျဲကြီးတွေနှင့် အသံကြားရာကို အပြေးလျှောက်သွားမိသည်။ သို့သော် တိတ်ဆိတ်သော ဝန်းကျင်မှ ဓေယျာတုမှတစ်ပါး တခြားမရှိ။

သူ့ရင်ထဲ မဖြစ်စဖူး ထူးခြားစွာ ပူလောင်လာ၏။

"အင့်"

"အင့်"

အင့်အမည်ကို သူခေါ်ရင်း မျက်လုံးကလည်း ဖွေရှာသည်။ ဤနေရာကိုက ဓေယျာတုမရောက်ဘူး။

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



“အင့် ဒီမှာ”

အသံသဲ့သဲ့လေးတစ်ခုကြောင့် ဓေယျာ့ အားဓာက်သွားကာ အသံလာရာလှျောက်ခဲ့တော့ ကျိုးကျနေသော ဆွေးမြည့်သည့် ထန်းဖင်ထက်ပိုင်းပြတ်အောက် ရွှံ့နွံထဲမှာ အင့်ဆိုသည့် မိန်းမလုလေး ရောက်နေတာကို မြင်လိုက်ရသည်။

“အင့်”

“ဟောဗျာ”

ဓေယျာ့ အင့်အဖြစ်ကိုကြည့်ပြီး မရယ်မိအောင် ကြိုးစားသော်လည်း နှုတ်ခမ်းအစုံကတော့ သူ့အလိုလို ဖြုံးသွားပါသည်။

“ခင်ဗျားက အင့်ကို ဘာရယ်တာလဲ”

“ဗျာ”

ရေတိမ်စပ်စပ်ရွှံ့နွံထဲမှာ သူမကိုယ်ပေါ်ကျနေသည့် ထန်းပင်အခွေးထက်ပိုင်းကျိုးကြီးကို တွန်းဖယ်ဖို့ကြိုးစားနေသည့် အင့်ကို မြင်ရသည်။

“နေ…နေ ကိုယ်ဆင်းလာခဲ့မယ်၊ အင့်တစ်ယောက်တည်း အားနဲ့ ဖယ်လို့ရမှာမဟုတ်ဘူး”

အင့်အဖြစ်ကိုကြည့်ပြီး ဓေယျာ့ ညစ်ပတ်ပေရေနေသော ရွှံ့နွံထဲဆင်းဖို့ ကြိုးစားသည်။ ဆင်းရန်နေရာက ဘယ်မှာမှ ရှာမတွေ့။ ဆင်းစရာနေရာမရှိ၍ကမဟုတ်။ ရွှံ့နွံညစ်ညစ်ထဲ ဆင်းရန် ဝန်လေး





နေသဖြင့် နည်းလမ်းရှာနေခြင်းဖြစ်သည်။

အင့်က ဓေယျာ့ဆိုသည့်လူကြီး ဖြစ်နေပုံကို ရွှံ့နွံထဲက သိုက်ကြည့်နေ၏။ အစတုန်းကတော့ ရိုးရိုးသားသား။ နောက်တော့ လူကြီးဖြစ်နေပုံကို သဘောပေါက်သွားကာ ရယ်ချင်လာသဖြင့် လှပသော အင့်မျက်နှာလေးက ပြုံးစိစိဖြစ်လာ၏။

ဖြူဖွေးနုညက်နေသော လူကြီး၏ အသားအရေနှင့် သန့်ပြန့်စွာ သားသားနားနား ဝတ်ဆင်ထားသည့် အဝတ်တွေနှင့် လူကြီးမှာ ရွှံ့နွံတို့ ညစ်ပတ်ထူပြောသော ရေထဲသို့ မဆင်းရဲ၊ မဆင်းဝံ့ဘဲ အင့်ကိုကူညီဖို့ ကြိုးစားနေပုံက ရယ်စရာ။ မြို့ကြီးသားတို့ဟာ ရွှံ့နွံ အလွန်ကြောက်ကြသည်။

အင့်တို့လို တောသူတောင်သားကြပြန့်တော့ တစ်နေ့တစ်နေ့ ရွှံ့နွံထဲဆင်းနိုင် ထွန်ယက်နိုင်ပါမှ ထမင်းဝဝစားကြရသည့်ဘဝ။ အင်အားရှိသလောက် အင့်ကိုယ်ပေါ်က ထန်းပင်အခွေးအဒိုးကြီးကို တွန်းဖယ်ပစ်သည်။

“ဟိတ်…အဲဒီလို ဇွတ်မလုပ်ရဘူးလေ၊ ကိုယ်လာခဲ့မယ် ဆိုနေ”

“ခင်ဗျားလာမှာကနောက်၊ အခုပဲ အင့် ခြေထောက်က လွှတ်ပြီသိလား”

“အာ…ဆောရီး ဆောရီး”



www.burmeseclassic.com

www.burmeseclassic.com



"ကို အခုပဲလာပြီ"

"အမင်လေးဗျာ"

"ဗွမ်း"

"ခစ်...ခစ်...ခစ်"

နှယ်ပင်သေးသေးလေးကို သူ့ကိုယ်ကြီးနှင့် မလိုက် သွားဆွဲပြီး ခိုအဆင်းမှာ နှယ်ပြတ်၍ ဇေယျာတုတစ်ကိုယ်လုံး အင့်အပါးသို့ ကိုရိုကားယားကျလာပုံကို အင့် အသံထွက်၍ တခစ်ခစ်ရယ်မောမိသည်။

ရွှံ့ပေမှာစိုးသည့်လူကြီး။ အခု တစ်ကိုယ်လုံး ရွှံ့နှံ့ထဲမှာ ပေလူးလျက်ရှိပေပြီ။ ဇေယျာတုလက်ထဲမှာ နှယ်ပင်အပြတ်က တစ်ဝက်တစ်ပျက် ပါလာတာကို တစ်ချက်ငုံ့ကြည့်ပြီး သူ့အဖြစ်ကို အနားက မကူညီဘဲ အူလှိုက်သည်းလှိုက်ရယ်နေသူလေးကို ဇေယျာတု မိုက်ကန်းကန်း တစ်ချက်စိုက်ကြည့်ပစ်လိုက်သည်။

"မင်းက ကို့ကို ရယ်တယ်ပေါ့ဟုတ်လား"

"ရယ်တာပေါ့၊ လူကြီးဖြစ်နေပုံက ဘယ်လောက်ရယ်စရာကောင်းလဲ"

"ခစ်...ခစ်"

"ကိုယ့်ခန္ဓာကိုယ်ကြီးမှ အားမနာ နှယ်ပင်သေးသေးလေးကို အားကြီးနဲ့သွားဆွဲမှတော့ ဒီလိုဖြစ်တာတောင်နည်းသေး"





"ခစ်...ခစ်"

"အဟွန်း...ဟွန်း...ဟွန်း"

အင့် ပြောလည်းပြောစရာမို့ ဇေယျာတုပါ သူ့အဖြစ်သူသဘောကျပြီး အင့်နှင့်အတူ ရောရယ်လိုက်သည်။

စိတ်ပါလက်ပါ

ကျယ်ကျယ်လောင်လောင် ရွှံ့ဗွက်ထူထူထဲမှာ မိန်းမလှလေးတစ်ယောက်နှင့်အတူ ရယ်မောနေသူမှာ ခတ္တာမြိုင်က ဇေယျာတုဆိုလျှင် ယုံကြပါမည်လား။

ကြည့်စမ်း...။

သူ့ရယ်သံတွေ သူပြန်ကြားနေရခြင်းအဖြစ်က ပျော်စရာလိုလို ဘာလိုလို။ ဇေယျာတုဘဝနှင့် လုံးဝမသက်ဆိုင်သော အပြုအမူများအဖြစ် အင့်မျက်နှာလှလှလေးရှိရာသို့ အံ့သြစွာ လှမ်းကြည့်လိုက်မိသည်။

အင့်က ချစ်စဖွယ်ရယ်မောလျက်။

* * *

ခွင်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အား…ကျွတ်…ကျွတ်"

"ဖြည်းဖြည်း ကိုယ့်ကိုတွဲလျှောက်လေ အငုံ"

လှပသော အငုံမျက်နှာလေး နာကျင်မှုဖြင့် ရှုံ့မဲ့သွားတာကိုကြည့်ပြီး ဇေယျာတုက အငုံ့ကိုယ်လေးကို သူ့လက်များဖြင့် တင်းကြပ်စွာ ဆွဲယူထိန်းပွေ့ရင်း အငုံခမျာ ဇေယျာတုရင်ခွင်ထဲ ရောက်မှန်းမသိ ရောက်နေရသည့်အဖြစ်ပါ။

အငုံ ညာခြေထောက်လေးမှာ ချော်ကျသည့်အရှိန်ဖြင့် ဒဏ်ရာရလာသည်။ ထိုဒဏ်ရာက အငုံ ခြေလှမ်းလိုက်တိုင်း ဆတ်ဆတ်ခါဖို့ဖြစ်လာခြင်းဖြစ်သည်။ နောက်ထပ် ခြေတစ်လှမ်းကို ကြိုးစားပြီး အငုံရွှေ့သည်။

"အမလေး"

"အငုံ"







"အို"

လဲပြိုတော့မလိုဖြစ်သွားသည့် အငုံကိုယ်လေးက ကျစ်လစ်စွာ စိုးရိမ်တကြီး ပိုက်ထွေးသူ့ရင်ခွင်ထဲမှာ ရောက်သွားပုံက အသည်းနွေးစရာ။ ဇေယျာတုဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသော ခံစားမှုတစ်ခုကြောင့် အငုံ့မျက်နှာလှလှလေးကို ရင်ခုန်စိတ်လှုပ်ရှားစွာ ငုံ့အကြည့်။

အငုံကိုယ်တိုင်ကရော ဓာတ်ထိတ်ထိတ်ခုန်သော ရင်ခုန်သံကြောင့် ဇေယျာတုမျက်နှာချောချောကို ရှက်အမ်းအမ်းအမူအရာလေးဖြင့် မော့အကြည့် နှစ်ယောက်သား လမ်းခုလတ်မှာ အကြည့်ချင်းပေါင်းစုံသွားကြကာ တစ်ယောက်မျက်နှာကို တစ်ယောက် ညှို့ဓာတ်မိနေသူများပမာ တစ်စိမ့်စိမ့် စူးစိုက်ကြည့်မိလျက်သား ဖြစ်သွားကြသည်။

ပထမဆုံး အသိဝင်လာသူ အငုံ။

"အငုံ"

"ဖယ်ပါ၊ အငုံဘာသာ ကြိုးစားလျှောက်ကြည့်ပါဦးမယ်"

"ဖြစ်ပါ့မလား အငုံ"

"ဖြစ်မှာပါ"

ဇေယျာတုလက်အစုံကို အငုံဖယ်ရှားပြီး ဇေယျာတုရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးထဲက သူ့မကိုယ်လေး အသာရုန်းဖယ်တော့ ဧယျတုလည်း အသာပင် ဖြေလွှတ်ပေးလိုက်ပါသည်။ အငုံ၏ ဖြူသောမျက်နှာလေးက ပန်းနုရောင် နီမြန်းထူအမ်းလျက်။ ဘုမသိဘမသိ ပထမဆုံး ခိုဝင်လိုက်ရသော ရင်ခွင်သခင်၏ မျက်နှာကို မကြည့်ရဲအောင် ရှက်လန့်လျက်ရှိ၏။

အငုံက ဧယျတုကို ကျောခိုင်းလျက် သူ့မသာသာ တတ်နိုင်သမျှ ကြိုးစားလျက် ခြေလှမ်းကို ဖွတ်တိုးလျှောက်သည်။ ဧယျတုက အငုံနောက်ကို ချက်ချင်းလိုက်မသွားသေးဘဲ နေရာမှာ တွေတွေကြီးရပ်လျက် သူ့ကိုယ်သူ စဉ်းစားအဖြေရှာသလို ငြိမ်သက်စွာ အငုံ့ကို စိုက်ငေးလျက်ကြည့်နေ၏။

သူဘာတွေဖြစ်နေသနည်း။

ဧယျတုစိတ်တွေ ပုံမှန်မဟုတ်သည်က အသေအချာဖြစ်သည်။ ကမ္ဘာအနှံ့ ခြေဆန့်နေသူတစ်ယောက် ဖြစ်ရုံမျှမက မြို့ကြီးပြကြီး အသိုင်းအဝိုင်းကြီးကြီးထဲမှာ ကျင်လည်နေသော ဧယျတုလို လူတစ်ယောက်အတွက် အငုံထက် အဆပေါင်းများစွာသာလွန်သော မိန်းမချော မိန်းမလှပေါင်း မြောက်မြားစွာ တွေ့ဖူးမြင်ဖူးပါသည်။

အကျွမ်းတဝင် တရင်းတနှီးလည်း ပတ်သက်ဆက်ဆံဖူးသည်။ တချို့ဆို ဧယျတုကို အမျိုးမျိုးသော အခွင့်အရေးတွေ





ပေးကြသည်။ လက်ကမ်းကြိုဆိုကြသော်လည်း ဧယျတုက ဘယ်သူ့ခင်းပေးသည့် လမ်းကိုမှမလျှောက်။

သူတို့လုပ်တာကို အသိအမှတ်ပြုပေမယ့် ဘယ်မိန်းမအပေါ်မှာမှ စိတ်မလှုပ်ရှား။ စိတ်လည်းမဝင်စား။ ရင်ခုန်ဖို့ဆိုတာ တကယ့်ကို သူနဲ့မဆိုင်သော စကားတစ်ရပ်အဖြစ် သတ်မှတ်ခဲ့သူက အချိန်တိုလေးအတွင်းမှာ တွေ့ရသည့် အငုံဆိုသော သာမန်ကျေးတောသူမိန်းကလေးတစ်ယောက်အပေါ်မှာ သူ့စိတ်တွေ လှုပ်ရှားလွန်းမက လှုပ်ရှားနေသည့်အဖြစ်က အံ့ဩမယုံချင်စရာဖြစ်နေ၏။

အေရီရယ်ကို လက်ထပ်စဉ်ကရော အခုအချိန်ထိရော တစ်ခါမှ မခုန်ဘူးသည့်ရင်က အငုံဆိုသည့် မိန်းမချောလေးကြတော့ တဒုန်းဒုန်း တအုံးအုံးနှင့် ဧယျတု နားမလည်နိုင်သော ဘာသာဗေဒတစ်မျိုး ထုတ်လွှတ်လျက် သူ့ခန္ဓာကိုယ် အသွေးအသားတို့ကို စကားတစ်မျိုးဆိုလျက် ရှိလေပြီ။

ထိုဘာသာစကားက တခြားမဟုတ်။

ဧယျတု နှလုံးသားထဲကို အချစ်ဆိုသည့်အရာ ဝင်ရောက်လာပြီဟု ပြင်းထန်စွာ အချက်ပေးနေခြင်းသာတည်း။ ထူးဆန်းသည်။ အံ့ဩစရာလည်းကောင်းသည်။ ပြီးတော့ ဘာတစ်ခုမှ ဆိုနိုင်စရာလည်းမရှိ။

သို့သော် ထိုအခြေအနေတစ်ရပ်ကို မဖြစ်နိုင်ပါဟု



www.burmeseclassic.com

www.burmeseclassic.com



ဓေယျာတု ပြတ်သားစွာ မငြင်းဆန်ရဲ။ ကန့်ကွက်တားဆီးချင်၍လည်း မရဲ။ အချစ်က အချစ်ဖြစ်ပြီး ဘဝက ဘဝဖြစ်နေသည်။

အချစ်။

ချက်ချင်း သူ့ဦးခေါင်းကို ဓေယျာတု ခါယမ်းပစ်သည်။ ထိုဘာသာဗေဒသည် သူနှင့် မသက်ဆိုင်သော သီးခြားစကား တစ်ရပ်အဖြစ် လက်မခံလိုသည့်တိုင် အချစ်ဆိုသည့်အရာ ဓေယျာတု နှလုံးသားအတွင်း အင်အားပြင်းပြင်းနှင့် ဝင်ရောက်လာ လေပြီ။

"မဟုတ်သေးပါဘူးကွာ"

"ရှင်"

"ဩော်...အင်ုကိုပြောတာမဟုတ်ပါဘူးဗျာ၊ ကိုယ့်ကို ကို ပြောတာပါ"

အင်ုက သူ့စကားကိုယုံလေသည် မယုံလေသည်မ ဓေယျာတုကတော့ သူ့အဖြစ်သူ ပြုံးရယ်မိသည်။

ရှေ့ အခုမှခက်နေပါလား။

အပြုံးအရယ်ကင်းမဲ့သော ဓေယျာတုဆိုသည့် လူသား ခဏခဏပြုံးနေရယ်နေသည်။ အင်ုက သစ်ပင်အရိပ်မှာ ထိုင်ချ အင်ုနားမှာ သူပါထိုင်ဖြစ်သွားသည်။

"ဥက်မလျှောက်နိုင်တော့ဘူး မဟုတ်လား"





"အင်း"

ခြေထောက်ကို ဖိကိုင်ပုံ့ကြည့်လျက် အင်ုက ဓေယျာတု အမေးကို ဖြေသည်။ သူ လှပသော အင်ုမျက်နှာလေးကို စိုက်ကြည့် ရင်း ရင်တစ်ခုလုံး နွေးလာသည်။

ဘယ်နှယ့်ဖြစ်ပါလိမ့်။

အင်ုရဲ့ နာကျင်မှုက ဓေယျာတုရင်ကို ဘာကြောင့် ကူးစက် နာကျင် ခံစားစေသနည်း။ ဤသည်မှာ အချစ်ဆိုသည့်အရာမှ တစ်ပါး တခြားမဖြစ်နိုင်။

"အင်ု အိမ်ဘယ်နားမှာလဲ"

"ဘာလုပ်မလို့လဲဟင်"

"ကိုလိုက်ပို့မလို့ပေါ့"

"လိုက်ပို့မယ်"

"အင်း"

အင်ုက တအံ့တဩ ဘေးဘီဝဲယာကို မျက်လုံးနက်နက် တွေနှင့် လျှောက်ကြည့်သည်။

"ဘာနဲ့လိုက်ပို့မှာလဲ၊ ခင်ဗျားမှာ ကားပါလာလို့လား"

"ဒါပေါ့...ရွာထဲမှာ ကိုယ့်ကားရှိတယ်၊ အင်ု ဒီကစောင့် နေမယ်ဆိုရင်. ကို သွားယူလိုက်မယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဦးလေးဦးအောင်မျိုးသူငယ်ချင်း ဆရာဝန်ကြီးဆိုတာလား"

"ဗျာ"

"ဟုတ်ပါတယ်၊ ရွာထဲကို ကားနဲ့လာတယ်ဆိုတော့ ဦးလေးသူငယ်ချင်း ဆရာဝန်ကြီးပါ"

အင်္ငုံက သူမထင်မြင်ယူဆချက်ကို သူမဘာသာ ဆက်ပြောသည်။ ဇေယျာတုက အင်္ငုံနှုတ်ဖျားက ဦးလေးဟု တစ်ခါခေါ်လိုက်တိုင်း သူ့ကိုယ်ကြီးပါ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားသည်။

"အင်္ငုံ အသက်ဘယ်နှစ်နှစ် ရှိပြီလဲဟင်"

"ဘာလို့မေးတာလဲ"

"သိချင်လို့ပေါ့"

"ဆယ့်ခြောက်နှစ်"

"ဪ"

ဦးလေးဟုခေါ်သည်မှာ အင်္ငုံအပြစ်ဟုမဆိုသာသော်လည်း အင်္ငုံ နှုတ်ခမ်းဖျားလေးက ထိုသို့ခေါ်ခြင်းကို ဇေယျာတု မနှစ်သက်ပါ။ ကိုကိုဆိုလျှင်တော့ မဆိုး။ ကြည့်စမ်း သူ့အတွေးတွေ ဘယ်အထိအောင်များ ဘောင်ကျော်ကုန်ပါလိမ့်မလဲ။

ဇေယျာတု မင်းတော့ စိတ်မှမှန်သေးရဲ့လားကွာ။ သူ့ကို သူ အပြစ်မတင်စဖူး အပြစ်တင်စကားဆိုလိုက်ရခြင်းအဖြစ်ကို





ချောင်တာမရပါ။

"ဆရာဝန်ဦးလေးကြီး"

"ဗျာ"

"အင်္ငုံ ကိုကို ဘယ်လိုခေါ်လိုက်တယ်"

အင်္ငုံမျက်နှာလေးကို သူ တအံ့တသြကြည့်တော့ ပြုံးနေသည့်မျက်နှာက ရင်နွေးသွားသည်။

ဦးလေးဦးအောင်မျိုးသူငယ်ချင်း ဆရာဝန်ဦးလေးကြီးမို့ ဆရာဝန်ဦးလေးကြီးလို့ ခေါ်လိုက်တာလေ။

"ဪ အင်္ငုံဆိုတဲ့ ချာတိတ်လေးရယ်၊ ကိုက အောင်မျိုးသူငယ်ချင်းဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အင်္ငုံထင်သလို ဆရာဝန်ကြီးတော့ မဟုတ်ရပါဘူးဗျာ"

"ဒါဖြင့် ဆေးမကုဘူးလားဟင်"

"ကိုယ်က ဆရာဝန်မှမဟုတ်တာ၊ ဘယ်လိုလုပ် ဆေးကုမှာလဲ ချာတိတ်ရယ်"

အင်္ငုံ ငိုင်သွားသည်။

အင်္ငုံ အတွေးထဲမှာ အမေရှိနေသည်။ ဖြစ်နိုင်လျှင် အမေ့ကို ကြီးပြကြီးပွိုပြီး ဆေးဝါးကောင်းကောင်းနှင့် ဆေးကုသချင်သည်။ ဒါတော့ အမေ့အဖျားက ကျသွားလိုက်၊ ပြန်တက်လာလိုက်နှင့် အင်္ငုံမှာ အမေ့အတွက်ပဲ တစ်ချိန်လုံး ပူနေရတာနှင့် ထမင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မစားနိုင်၊ အလုပ်လည်း ကောင်းကောင်းမလုပ်နိုင်။

နောက်ဆုံး ဈေးရှင်းသည့်နေရာမှာ တစ်ယောက်တည်း ငိုနေမိသည့်အထိ အငုံ့ရင်ထဲ သောကမီးတွေ မပြတ်ပူလောင်နေသည်။

လေက စိမ့်ခနဲတိုက်ခတ်သွားသဖြင့် ရေစိုအဝတ်တွေအောက်က အငုံ့ကိုယ်လေး ဆတ်ဆတ်တုန်သွားသလို ဒေယျာတု ကိုယ်ကြီးလည်း ချမ်းစိမ့်သွားသည်။

"ဒီမှာ လေသိပ်တိုက်တယ် အငုံ၊ ကိုယ်တို့နှစ်ယောက်စလုံး ကိုယ်ပေါ်ကအဝတ်တွေ ရေစိုနေတာဆိုတော့ ကြာရင် နှစ်ယောက်စလုံး အအေးမိပြီး ဖျားနာနေမှခက်မယ်"

"ဟိုမှာမြင်လား"

"ဘာလဲဟင်"

အငုံ့ထံမှ အဆက်အစပ်မရှိသော စကားကြောင့် ဒေယျာတု ဘာကိုနားလည်ရမှန်း မသိဖြစ်သွားသည့်အခိုက် အငုံ လက်ညှိုး ဖြူဖြူလေးက တစ်နေရာကို ညွှန်ပါသည်။

"လှည်းတစ်စီးလာနေပြီ၊ အငုံတို့ အဲဒီလှည်းနဲ့ ရွာထဲကို ပြန်လိုက်သွားကြမယ်"

"ဦးလေးကြီး လှည်းစီးဖူးလား"

"အင်း"





သူ ခေါင်းညိတ်လိုက်ပေမယ့် အငုံ့ထံမှ ဦးလေးကြီးစကား ... သူ့ရင်ကို ဘယ်နေရာမှန်းမသိ နာကျင်ပင်ပန်းလှပါဘိ။

"ဪ ဘယ်သူလှည်းလဲလို့၊ အသွားစံတို့လှည်းကိုး၊ ...ောင်းလာတဲ့လူက ဦးလေးအုန်းပဲ"

အငုံက တဖြည်းဖြည်း နီးကပ်လာသည့် လှည်းယာဉ်ကို ကြည့်၍ သူမဘာသာ တစ်ယောက်တည်း ပြောနေဟန်ကို ဒေယျာတု ... အနားက လက်ပိုက်လျက် ငြိမ်ကြည့်နေ၏။

"ဦးလေးအုန်း၊ ဗျို့ ဦးလေးအုန်း အငုံပါ၊ ဒီမှာခြေထောက် ... ဒဏ်ရာရထားလို့ လှည်းကြုံလိုက်ချင်လို့"

"အေး...အေး"

ဦးလေးအုန်းက သူ့လှည်းယာဉ်ကို အငုံနှင့် ဒေယျာတုရှိရာ ...ောင်းယူလာပြီး သူတို့နှစ်ယောက် ရှေ့မှာရပ်သည်။

"မြို့ကဧည့်သည်ကို ညည်းက လိုက်ပို့တာလား အငုံရဲ့"

"ဟုတ်ပါတယ်ခင်ဗျာ"

အငုံက ဖြေခြင်းမဟုတ်ပါ။

ဒေယျာတုက အငုံ့ကိုယ်စား သူ့သဘောနှင့်သူ ဝင်ဖြေလိုက် ...မို့ အငုံက သူ့မျက်နှာချောချောကို တစ်ချက်လှမ်းကြည့်သည်။ ...ာမှတော့မပြော။

"အငုံကို လှည်းပေါ်တင်ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ပြောနေတာကမှ ကြာဦးမည်။ ဖေယျာတုက အပြောနှင့် အလုပ် တစ်ထပ်တည်း။ အင်း၏ သေးကျဉ်းသောခါးလေးမှ အင်း ကိုယ်လေးကို အရုပ်ကလေးတစ်ရုပ်လို ပေါ့ပါးစွာ ကိုင်မြှောက်ပြီး လှည်းပေါ်တင်ပေးသည်။ ပြီးတော့ သူကိုယ်တိုင် အင်းဘေးမှာ ဝင်ထိုင်လိုက်တော့ ဦးလေးအုန်းက နှင်တံဖြင့် နွားကိုတို့ပြီး စထွက် သည်။

လှည်းက တစ်ခါလှုပ်ယမ်းလိုက်တိုင်း အင်းတို့နှစ်ယောက် အသားချင်းထိမိတိုးမိကြသည်။ ထိုအခါတိုင်း တစ်ယောက်ကို တစ်ယောက် မျက်လုံးလက်လက်များဖြင့် ကြည့်မိကြရုံမှတစ်ပါး နှစ်ယောက်စလုံး ဘာစကားမှမပြော။

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ လိုက်ပါလာကြသည် မှာ အင်းအိမ်ကလေးရှေ့ရောက်သည့်အထိ ဖြစ်သည်။

"ဒါ အင်းအိမ်လေ ဦးလေးကြီး၊ အိမ်ထဲဝင်ဦးမလား"

"နောက်မှလာမယ်လေ၊ အခုတော့ အင်းတို့အိမ်ပေါ် အရောက်ကို ပို့ပေးခဲ့မယ်"

"ဟာ နေပါစေ၊ အင်းဘာသာ"

"အာ"

အင်းစကားဆုံးအောင် သူကမစောင့်။ ဖျတ်ခနဲ အင်းကိုယ်





လေးကို ဆွဲယူပွေ့ချီပြီး အင်းအိမ်ပေါ်အထိ လိုက်ပို့သည်။ ရုက်လွန်း၍ အင်းမျက်နှာလေး ရဲရဲနီနေသလို အင်းအိမ်မှာ ကြိုရောက်နေသည့် သင်းမောင်မျက်နှာကြီးမှာ မည်းမျက်ပြီး လူသတ်လိုသည့် အရိပ် အယောင်တွေနှင့် ခဏခြင်း ညိုမှောင်သွားသည်။

"ကိုသွားမယ် အင်း"

"ဟုတ်ကဲ့"

အင်း အိမ်လေးထဲက ဖေယျာတုထွက်သွားမှ သင်းမောင်က အင်းဘက်ကို ဆတ်ခနဲ လှည့်လာသည်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ အင်း၊ တစ်ကိုယ်လုံး ရည်း ရေစိုလို့ပါလား"

"လမ်းမှာ အင်း ချော်လဲပြီး ခြေထောက်ဒဏ်ရာရလာလို့ ဦးလေးဦးအောင်မျိုးသူငယ်ချင်းက လိုက်ပို့တာပါ အစ်ကိုမောင်၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ အင်းအတွက် အစ်ကိုက စိတ်ပူလို့ ။ ပြစမ်း အင်းခြေထောက်ကဒဏ်ရာ၊ ကြည့်စမ်း ခြေထောက် လေးကို နီရဲနေတာပဲ"

"နေဦး…နေဦး အစ်ကိုအိမ်ပြန်ပြီး ဆေးယူလိုက်ဦးမယ်၊ စောင့်လဲပြီး အင်း ခဏလေးစောင့် ဟုတ်လား"

"နေပါစေအစ်ကိုရယ် တော်ကြာ အစ်ကို့အိမ်က အစ်ကို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဆူနေပါဦးမယ်"

မျက်နှာငယ်လေးနှင့် အငုံ့ဆိုလိုက်တော့ သွားရန်ပြင်နေသည့် သင်းမောင်ခြေအစုံ လမ်းခုလတ်မှာ ရပ်တန့်သွားသည်။

"အငုံ ဘာပြောလိုက်တာလဲ"

"ကျီးတင်ပြောလို့ အငုံသိပြီးပါပြီ၊ အစ်ကို့အိမ်က အငုံနဲ့ ရောရောနှောနှောနေတာ မကြိုက်ဘူးလို့ ပြောပြီး အစ်ကို့ကို ဝိုင်းဆူကြတယ်ဆိုတာလေ"

"နောက်လည်း အငုံဆီကို အစ်ကိုမလာပါနဲ့တော့၊ တော်ကြာ အစ်ကို့မိသားစုတွေသိသွားလို့ အငုံတို့သားအမိ ဒုက္ခဖြစ်နေပါ့မယ်"

"အငုံ"

သင်းမောင်ခေါ်ပေမယ့် အငုံက လှည့်မကြည့်။

"ကျီးတင် အငုံကို လာတွဲစမ်းပါဦးဟယ်"

"အေး...အေး လာပြီ၊ လာပြီ"

အခြေအနေအရပ်ရပ်ကို တအံ့တသြ ကြည့်ရှုနားထောင်နေသည့် ကျီးတင်က အငုံနား အပြေးအလွှားရောက်လာမည်အပြု

"နေပါစေ ကျီးတင်၊ အငုံကို ဟိုလူလိုပဲ ငါကိုယ်တိုင် သူ့အခန်းထဲပို့ပေးမယ်"





"အစ်ကိုမောင်"

"အို"

အငုံ ဒါပဲအော်လိုက်နိုင်ပြီး သင်းမောင်ပွေ့ယူမချီရာနောက် ရှက်နှာနီနီနှင့် ပါလာသည်။ အိမ်ထဲမှာ အမေရှိသည့်အတွက် အသံကျယ်ကျယ်မထွက်ရဲ။ အစ်ကိုမောင်ကို စိတ်ဆိုးသော်လည်း အံကြိတ်ပြီး ငြိမ်ခံနေလိုက်ရသည်။

သင်းမောင်က အငုံကိုယ်လေးကို အငုံအိပ်ရာပေါ် ချပေးသည်။

"ဒီမယ်အငုံ"

"အစ်ကိုက မပြောရက်လို့ အငုံကို ဒီလောက်အထိကြည့်နေတာ၊ အခုတော့ ဟိုလူ့လက်ထဲ အပါမခံနိုင်လို့ အငုံသိအောင် တစ်ခါတည်းပြောခဲ့မယ်"

"အငုံကို အစ်ကိုချစ်နေတာ ကြာလှပြီသိလား"

"ဟာ"

"ပြီးတော့ ဘယ်သူတွေဘာပြောပြော အစ်ကိုလက်ထပ်ခဲ့သူက အငုံတစ်ယောက်တည်းပဲဆိုတာ မြဲမြဲမှတ်ထား"

"အစ်ကိုသွားမယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သင်းမောင်က ရှိုးရှိုးနှုတ်ဆက်ခြင်းမဟုတ်။ အင်္ကျီပါးလေး တစ်ဘက် ဖျတ်ခနဲ ခိုးနမ်းသွားတာမို့ အင်တစ်ကိုယ်လုံး ထူပူပြီး ကျန်ရစ်သည်။

* * *



## အခန်း (၉)

အိပ်ရာပေါ် ဘယ်ညာလူးလိမ့်နေပေမယ့် အင် အိပ်လို့ မပျော်။ မကြုံစဖူး ထူးကဲသည့်အဖြစ်များကြောင့် အင့်ရင်တွေ ခုန်လျက် စိတ်လှုပ်ရှားနေမိခြင်းကြောင့် ဖြစ်သည်။

အစ်ကိုသင်းမောင်က အင့်ကို ချစ်သည်တဲ့။ ပါးစပ်က တင် ရှိုးရှိုးပြောတာမဟုတ်။ အင့်ပါးကိုပင် နမ်းသွားလိုက်သေး သည်။ အစ်ကိုမောင် ဘာပြောပြော အင်ကတော့ မယုံပါ။ အစ်ကို မောင်နှင့် နှင်းအိကို အစ်ကိုမောင်ကျောင်းပြီးတာနှင့် လက်ထပ်ပေး စားကြမည်ဆိုတာ တစ်ရွာလုံး တစ်ရပ်လုံး သိထားပြီးသားကိစ္စ မှာ အင့်လို အညတရ သူဆင်းရဲမလေးတစ်ယောက်က ဘာမှ ဝင်ရှုပ်စရာမရှိ။

ကိုယ့်ဘဝနှင့်ကိုယ် နေရုံသာရှိသည်။ အစ်ကိုမောင်လည်း သူ့ဘဝနှင့်သူ နှင်းအိလို သူဌေးမလေးကို ယူ၍ ပျော်ပျော်နေပျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအားလုံး ငြိမ်းအေးပေပြီ။ အခုတော့ ထိုသို့မဟုတ်။ အစ်ကို လက်ထပ်မည့်သူက အင်္ဂပါဆိုတာနှင့် အင်္ဂမှာ စိတ်တွေရှုပ်ကျ သည်။

ဖားတုလို့ ခရုခုန်၍မဖြစ်။

အိုင်ပျက်ရုံအပြင် တခြားမရှိ။ အင်္ဂတို့ဆင်းရဲတာ တစ်ရွာ လုံးသိသည်။ မုဆိုးမသမီးနှင့် အစ်ကိုလို ရွာမျက်နှာဖုံး သူဌေးသာ နှင့် သဘောမတူသည်မှာ ဘာမှမဆန်း။

ဆန်းသည်က အစ်ကိုမောင်ဖြစ်သည်။ အင်္ဂကိုမှ ချစ် သည်တဲ့။

တစ်ခါမှ သက်ပြင်းမချဖူး အင်္ဂ သက်ပြင်းချလိုက်သည်

ဘာဖြစ်လို့များ အင်္ဂဆိုတဲ့ ဘဝကံအကြောင်းမလှတဲ့ မိန်း လေးကိုမှ ရွေးပြီး ချစ်ချင်ရတာလဲ အစ်ကိုရယ်။

အစ်ကို့ဘဝနဲ့ ထိုက်တန်တဲ့ နှင်းအိကိုသာ လက်ထပ်ပြ ဘဝမှာ ပျော်ပျော်နေပါဆိုရင် အင်္ဂစကားကို အစ်ကိုကြိုက်မှကြို ပါ့မလား။

အစ်ကို့အပေါ်မှာ သံယောဇဉ်မကင်းပေမယ့် ချစ် တစ်ယောက်လိုတော့လည်း မချစ်မိခြင်းကို အင်္ဂမှာ ကိုယ့်ကိုယ် ကျေးဇူးတင်နေရသေးသည်။

အင်္ဂကိုယ်တိုင် အစ်ကို့အပေါ်မှာ အရှုံးအမူး စွဲစွဲလမ်းလ





ချစ်မိနေပြီဆိုလျှင် အစ်ကို့လိုလူတစ်ယောက်ကို နှင်းအိလက်ထဲသို့ အခုလို စိတ်လက်ပေါ့ပါးစွာ ထည့်ချင်မှလည်း ထည့်ပေးနိုင်ပါလိမ့် မည်။

ဖြစ်ချင်ရာဖြစ် အစ်ကို့ဆန္ဒအတိုင်း အစ်ကို့ရင်ခွင်မှာပဲ အင်္ဂ ဘဝတစ်ခုလုံး နှစ်အပ်မိချင်လည်း အပ်မိမည်။ အခုတော့ အစ်ကို့ ကို အင်္ဂမချစ်။ မချစ်သဖြင့် နှင်းအိလက်ထဲ အစ်ကို့ကို အလွယ်တကူ ထည့်လိုက်နိုင်သည်။

အင်္ဂကို ခွင့်လွှတ်ပါ အစ်ကိုရယ်။ အစ်ကို့ကို အင်္ဂ လက်မထပ်ပါရစေနဲ့။ ချစ်လည်းမချစ်ပါရစေနဲ့ အစ်ကိုရယ်။ အစ်ကို လည်း အစ်ကို့ဘဝမှာ နေနိုင်ဖို့ ကြိုးစားသလို အင်္ဂလည်း အင်္ဂဘ မှာ ရှင်သန်နေထိုင်ပါရစေလား အစ်ကိုရယ်။

"အင်္ဂ…သမီး"

"အမေ ဘာလိုချင်လို့လဲဟင်"

အင်္ဂ အိပ်ရာက လူးလဲထပြီး အမေ့နားရောက်သွားပါ၊ အမေက မှိန်ဖျော့စွာ မီးရောင်လက်လက်ကြားက မော့ကြည့်သ

"ရင်ထဲပူလွန်းလို့ ရေတစ်ခွက်လောက် ပေးစမ်းပါ ကွယ်"

"ဟုတ်ကဲ့ အမေ"

ရေအေးအေးတစ်ခွက်ကို အင်္ဂကိုယ်တိုင်ယူလာပြီး အမေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုက်သည်။

"သမီး"

"ရှင်"

"ကြီးတင်ပြောတဲ့ မြို့ကဧည့်သည်ဆိုတာ ဘယ်သူလဲ"

"ဦးလေးဦးအောင်မိုး သူငယ်ချင်းပါ အမေ၊ ဘာဖြစ်
လဲဟင်"

"ဘာမှတော့မဖြစ်ပါဘူးကွယ်၊ အမေမရှိတော့ရင် အ
သမီးလေးကို ဒီရွာမှာ တစ်ယောက်တည်း မထားခဲ့ချင်လို့ပါ"

"အို အမေကလည်း မပြောကောင်းမဆိုကောင်း အ
ဘာမှမဖြစ်တော့ပါဘူး အမေရဲ့"

ပြောရင်း အငုံ့အသံကိုက ငိုသံပါလာသည်။ အ
မရှိတော့ရင်ဆိုသည့် အတွေးက အငုံ့ကို ခြောက်လှန့်နေသည်
အငုံပဲသိသည်။

"မောင်သင်းမောင်လေးကတော့ အမေ့သမီးလေးအ
မှာ တကယ့်မေတ္တာစစ်နဲ့ နှစ်နှစ်ကာကာချစ်တာ မှန်ပေမယ့် သူ
တစ်မိသားစုလုံးက သမီးနဲ့ လုံးဝသဘောမတူကြဘူးလေ"

"စိတ်ချပါ အမေရယ်၊ အငုံ့ကလည်း အစ်ကို့ကို မချ
ဘူး၊ ယူလည်းမယူပါဘူး အမေ၊ အစ်ကိုသင်းမောင် အမေကြီးကို
သူတို့အစ်မတွေပါ ကြောက်လွန်းလို့ပါ"





"အမေက အမေ့သမီးလေးကို ပိုးမွေးသလို မွေးလာတာ
သင်းတို့တွေ နှိပ်စက်ဖို့မှမဟုတ်ဘဲကွယ်၊ သင်းမောင်ကလွဲရင်
ခြားသင့်တော်တဲ့လူရှိရင် သမီးလက်ထပ်ချင်လက်ထပ် အမေ
သဘောတူတယ်"

"အရေးထဲမှာ အမေကလည်း အငုံ့ကို ဘာစကားတွေ
ပြောနေမှန်းမသိပါဘူး၊ ယောကျ်ားယူဖို့လည်း စိတ်ကူးမရှိပါ
ဘူး အမေရယ်၊ ဆယ်တန်းအောင်ပြီး ဘွဲ့ယူဖို့ မနည်းကြိုးစားရဦး
မှာသိလား"

"အမေသာ ကိုယ့်ကိုယ်ကို နေကောင်းအောင်နေစမ်းပါ၊
အငုံ့ဘဝမှာ အမေမရှိလို့မဖြစ်တာ အမေလည်းသိရဲ့သားနဲ့"

အငုံ့ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတာမြင်တော့
အမေက အငုံ့ပါးပြင်ပေါ်က မျက်ရည်တွေကို သူ့လက်ချောင်းပိန်ပိန်
လေးတွေနှင့် လှမ်းသုတ်ပါသည်။

"မငိုပါနဲ့သမီးရယ်၊ အမေလည်း နေကောင်းတော့မှာပါ၊
တိတ် တိတ် အမေ့သမီး စိတ်ကို အမေသိပါတယ်ကွယ်"

"သမီးဖြစ်ချင်တဲ့အတိုင်း ဘွဲ့ရပညာတတ်ကြီးဖြစ်ရစေမှာ
ပါ၊ အမေနေကောင်းရင် သမီးကြီးမှတ် ဒေါ်ပုရှိတဲ့မြို့ကို
သွားလည်ကြရင်မကောင်းဘူးလား"

"တကယ်လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



အငုံက သူ့ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းသုတ်ရင်း စိတ်က ထက်သန်စွာမေးလိုက်တော့ အမေက ခေါင်းညိတ်သည်။

"တကယ်ပေါ့ကွယ်၊ သမီးကြီးတော်ကြီးနဲ့ အမေတို့ သား အမိ အဆက်အသွယ်ပြတ်နေတာ ဘယ်လောက်တောင်ကြာပြီလဲ၊ သမီးငါးတန်းနှစ်က တစ်ခါလား ရွာပြန်လာတယ်၊ နောက် ပေါ်မလာတာ နှစ်တွေနည်းသလား"

"အကြီးပု ရှိမှရှိသေးရဲ့လား အမေရယ်၊ ရှိရင်တော့ အငုံတို့ဆီလာမှာပါ"

အကြီးပုက အမေ့အချစ်ဆုံးသူငယ်ချင်းဖြစ်ပြီး အိမ်ထောင် မရှိ အပျိုကြီးဖြစ်ကာ မြို့ကသူဌေးအိမ်မှာ အိမ်တော်ထိန်းတာဝန် ယူထားရသည်ဟုဆိုပါသည်။ ထိုစကားကို အကြီးဒေါ်ပုပြောပြ၍ သိကြရတာဖြစ်ပြီး သားအမိနှစ်ယောက်စလုံး အကြီးပုလုပ်သည့် သူဌေးအိမ်ကို တစ်ခါမှ မရောက်ဖူးပါ။

"သူ့လိပ်စာ အမေတို့ကိုပေးထားသားပဲကွယ်၊ ဖွဟဲ့ လွဲပါ စေ, ဖယ်ပါစေ အမေများ တစ်ခုခုဖြစ်လို့ကတော့ သမီးကြီးကြီး ဟုဆီမှာသာ သွားနေပြီး ပညာဆုံးခန်းတိုင်အောင်သင် သိလား"

"အမေ ဘာမှမဖြစ်ပါဘူး အမေရဲ့"

"အေးပါ၊ အမေကလည်း သဘောပြောတာပါ အငုံရယ်





ညည်းဟာက စစ်မရောက်ခင်က မြားကုန်နေလိုက်တာ၊ ဘာဖြစ်လို့ မျက်ရည်တွေက ခဏခဏကျနေရတာလဲ"

"မျက်ရည်တွေကို သုတ်စမ်းပါအေ"

"အငုံ ဝမ်းနည်းလို့ပါအမေရယ်"

"ဘာဝမ်းနည်းစရာရှိလဲကွယ်၊ လူသတ္တဝါဆိုတာ သေဖို့ မွေးဖွားလာကြရတာပဲ၊ လောကကြီးမှာ သက်ရှိသတ္တဝါမှန်သမျှ တစ်နေ့မဟုတ် တစ်နေ့တော့ သေကြရမယ့်သူတွေချည်းပဲ"

"အမေမှမဟုတ်ဘူး အားလုံး သေကြရမယ့်အတူတူ ဘာမှ ဝမ်းနည်းမနေနဲ့၊ ကဲ အိပ်တော့၊ အိပ်တော့၊ မနက်ဖြန် အသွားစံအလှူမဟုတ်လား"

"အငုံမသွားတော့ဘူး အမေ"

တုံးတိတိ အငုံဆိုလိုက်သည်။

သူမကို အလိုမရှိကြသူတွေရှိရာ အငုံမသွားချင်သလို သူတို့ကတော့ အငုံကိုမြင်လိုတွေ့လိုကြမည်မထင်။ ဒီကြားထဲ အမေ့ကိုသင်းမောင်ကြောင့် အသွားစံအလှူပွဲကို ပို၍မသွားချင်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ်၊ တခြားသူမျက်နှာ ကြည့်ချင်ပေမယ့် အသွားစံမျက်နှာက ရှိသေးတယ်မဟုတ်လား၊ အမေတို့သားအမိအပေါ်မှာ သမီးအသွားစံလောက် ကောင်းနိုင်တဲ့ သူ ရှိဦးမလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



''သွားသာသွားပါ၊ အလှူမှာ ကြာကြာမနေချင်လည်း သမီးအဘွားစံကို မျက်နှာပြပြီး ခပ်မြန်မြန်သာပြန်လာခဲ့ ဟုတ်လား''

''ဟုတ်ကဲ့''

ထိုစကားကို အငုံ လက်ခံပါသည်။

တကယ်လည်း အဘွားစံက အငုံတို့သားအမိအပေါ်မှာ အစစအရာရာ သွေးသားရင်းချာလို စောင့်ရှောက်ကူညီသူဖြစ်သည် အငုံကိုလည်း ချစ်သည်။

မကြာခဏဆိုသလို အဝတ်အစားတွေလည်း ဝယ်ပေး သည်။ အစားအသောက်တွေလည်း ပေးသည်။ အငုံတို့သားအ မှာ အဘွားစံ၏ကျေးဇူးတွေ အများကြီးရှိသည်။ တခြားမိသား ဝင်တွေကတော့ အဘွားစံနှင့် အစ်ကိုမောင်လိုမဟုတ်။

အေးလေ သူတို့နေရာမှာ အငုံဆိုရင်လည်း ကိုယ့်အေ လေးကို အခြေမဲ့အနေမဲ့ ဆင်းဆင်းရဲရဲ မုဆိုးမသမီးနဲ့ ဘယ်လို သဘောတူနိုင်မှာလဲ။

သူတို့အပြစ်ချည်းမဟုတ်ပါဘူး။ အငုံတို့ဘဝက ဆိုးလွ တာကသာ တကယ့်အပြစ်ကြီးတစ်ခုပါ။

အငုံသာ နှင်းဆီတို့လို ချမ်းသာကြည့်လိုက်စမ်းပါ အစ်ကိုမောင် တစ်အိမ်လုံး အခု နှင်းဆီကို ဖူးဖူးမှုတ်သလို အငုံ လည်း ဖူးဖူးမှုတ်ထားလိုက်မယ်ဖြစ်ခြင်း။





နှင်းဆီဆိုမှ မနက်ဖြန်ဝတ်ရမည့် အဝတ်ကို သတိရပြီး မေ အိပ်ပျော်အောင် စောင့်ပြီးမှ ရှိစုမဲ့စုအဝတ်ထဲက ကောင်းနိုး ရာကို ရွေးထုတ်ရှာဖွေကြည့်မိသည်။

ဘယ်လိုပဲရှာရှာ။

ဘယ်လိုပဲကြည့်ကြည့်။

အစ်ကိုမောင် အငုံအတွက် ဝယ်လာပေးသည့် အသစ်စက် စက် ဝတ်စုံလေးဆီမှာပဲ အာရုံကရောက်ရောက်သွားသည်။ ဖြစ်နိုင် ချင် အစ်ကိုမောင်ဝယ်ပေးသည့် ထိုဝတ်စုံဖြင့် သူတို့အလှူကို သွားလို့။ ဝိုင်းကြည့်ကြသည့်အကြည့်တွေကို အငုံ သိသည်။

တခြားဝတ်စုံ သုံးလေးစုံရှိသော်လည်း ထိုဝတ်စုံအားလုံး သ အကြိမ်ကြိမ်ပွဲတိုးပြီးသား ဝတ်စုံတွေချည်းဆိုတော့ ထပ်မဝတ် ချင်တော့။

ဟယ် တတ်နိုင်ပါဘူး။

သူတို့ဘာသာ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲမြင်မြင် အစ်ကိုမောင်ဝယ်ပေးတဲ့ ဝတ်စုံလေးကိုပဲ ဝတ်သွားလိုက်တော့မယ်။

အကျီပုံစံကို ဆန်းဆန်းပြားပြား မချုပ်တော့ဘဲ ရိုးရိုးရှင်း ရှင်း ချုပ်တာတော့ တစ်မျိုးလေးဖြစ်ကာ အလှမှာအယဉ်ဆင့်ဖို့ ဖြစ်နေသည်။ မြစိမ်းရောင်လဲ့နေသော ဝတ်စုံက ဖြူသော အငုံ အသားနှင့် ဟပ်မိလျက် အငုံအလှကို ပို၍ထင်ရှားပေါ်လွင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှာ မီးရောင်နှင့် ဝတ်စုံစိမ်းလေးကို အထပ်ထပ် ထပ်ကြည့်သည်။ ကျေနပ်လောက်ပြီဆိုမှ ဝတ်စုံကို ခေါက်ရိုးမကျိုးအောင် ဂရုစိုက်သိမ်းဆည်းပြီး မီးကိုငြိမ်းလိုက်သည်။

မျက်လုံးကိုအမှိတ်မှာ ဦးဧယျတု၏ မျက်နှာက အငုံ့ အာရုံထဲ ဖျတ်ခနဲရောက်လာသည်။ ပြီးတော့ ပျောက်ကင်းသက်သာစပြုနေပြီဖြစ်သော ခြေထောက်ကို သွားသတိရ၏။

“အဟွန်း”

အငုံတို့အဖြစ်ကို ပြန်သတိရပြီး ကျိတ်ရယ်လိုက်သည် တစ်ကိုယ်လုံး ထူပူပြီး ပါးလေးတွေ နွေးသွားသည်။

တစ်ချိန်လုံး အငုံကို ချီပိုးပွေ့ပိုက်လာသူ ရင်ခွင်ထဲ အငုံမှာ တအိအိနှင့် ရှက်မွှန်ဆင်းပြေးလိုလှသော်လည်း သူက မလွှတ်တော့ မျက်နှာရော တစ်ကိုယ်လုံးရော ထူပူနေရသည့်အဖြစ်ကို ပြန်တွေးတိုင်း အငုံ့ရင်ကို အခုန်မြန်စေသည်။

ဘယ်လိုလူကြီးမှန်းလည်း မသိဘူး။ လူကို ချာတိတ် ချာတိတ်နဲ့ ခေါ်ပုံကြီးက မုန်းစရာ။

နာမည်ရှိနေတာသိရက်နဲ့ အငုံလို့မခေါ်ဘူး။

နှုတ်ခမ်းစူလျက် စိတ်ထဲက ဦးဧယျတုကို လှမ်းအပြစ်တင်နေပေမယ့် အငုံ စိတ်ထဲမှာ တစ်ခါမှ မကြားဘူးသော သစ်ဆန်းသည့် အခေါ်အဝေါ် နာမ်စားက စွဲနေ၏။





မကြိုက်ဘူးဆိုသည့်ကြားကပင် သူ့ဆီက ချာတိတ်ခေါ်သံကို ထပ်ခါထပ်ခါ ကြားချင်နေမိသည့်အဖြစ်ကိုလည်း အံ့သြနေမိသည်။ နောက်လာမယ်ပြောပြီး အငုံ အိမ်စုတ်လေးကို မလာခဲ့ပါ။

မနက်ဖြန် သူရော အသွားစံအလှူကို လာမလားမသိဘူး။

ဦးဧယျတုဆိုတဲ့ လူကြီးလာရင် ပိုတောင်ကောင်းဦးမှာ။

အငုံကို မကြည့်ချင်မမြင်ချင်ကြတဲ့ သူတွေရှေ့မှာ ဦးဧယျတုနားမှာ အငုံနေပြလိုက်ရင် ဘယ်သူမှ ဘာမှပြောနိုင်ကြတော့မှာ မဟုတ်ဘူး။

အထူးသဖြင့် အစ်ကိုမောင်သာ အငုံကို ဦးဧယျတုနဲ့ အတူတွဲပြီးမြင်ရင် သူ့မျက်နှာကြီး ဘယ်လောက်ပုပ်သိုး အရုပ်ဆိုးသွားလိုက်မလဲဆိုတာ အငုံမျက်လုံးမှာ မြင်ယောင်ကြည့်သည်။ အားလုံးရှေ့မှာ အငုံက သူတို့မောင်ကို လိုက်ကပ်နေတာမဟုတ်ပါဘူး။ သူတို့မောင်ကသာ အငုံကို လိုက်ကပ်နေတာပါဆိုတာ သိသွားရင် အငုံကျေနပ်ပြီ။

ဒါမှ မိနှင်းအိလည်း မှတ်သွားမှာ။

အတွေးနုနုဖြင့် အငုံဘာသာ တစ်ယောက်တည်း ကျိတ်ကျေနပ်ကာ မနက်ဖြန် အခွမ်းကုန် အလှဆုံးပြင်ဆင်သွားမှ ဖြစ်တော့မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်မှ အငုံတစ်ယောက် နှစ်ခြိုက်စွာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားသည်။

မနက် အမေအတင်းနှိုးမှ အိပ်ရာက ကမန်းကတန်းထပြီး ရေချိုးအလှပြင်ဖို့ လုပ်ငန်းစရသည်။ ခါတိုင်းလို ပြီးပြီးရော ပြင်ဆင်ခြင်းမဟုတ်။ အငုံ အလှအပတွေကို တစ်စိတ်ခြင်း၊ တစ်ပိုင်းခြင်း ညက်ညောပြေပြစ်စွာ အချိန်ကုန်ခံ၍ ပြင်ဆင်ခြယ်မှုန်းခြင်းဖြစ်သည်။

အလှပြင်ရာမှာ ပိုင်နိုင်ကျွမ်းကျင်၍ကမဟုတ်။ ဟိုတစ်ခါ နှင်းအိကို အလှပြင်ဆရာမ ပြင်ဆင်ပေးတာကို ကြည့်ရှုမှတ်သားထားပြီး လိုက်အတုခိုး ပြင်ဆင်တာဖြစ်သည်။

"သမီးရေ အငုံ မသွားသေးဘူးလား"

"အခုပဲသွားပါတော့မယ် အမေ"

"အေး...အေး တော်ကြာနေပူလာတော့မယ်၊ သွားစရာရှိတာ စောစောသွား စောစောပြန်လာ ကြားလား"

"ဟုတ်ကဲ့ပါ အမေရဲ့"

အငုံက သူ့ကိုယ်သူ မှုံဝါးဝါးမှန်ထဲမှာ ရှေ့နောက်ဘယ်ညာပြန်ကြည့်သည်။ ဘယ်လိုပဲကြည့်ကြည့် အငုံသိပ်လှနေခြင်းကိုသာ မြင်နေသည့်အတွက် ကျေနပ်စွာပင် မှန်ကိုကျောခိုင်းပြီး ပဝါကိုဆွဲပြီး ထွက်ခဲ့သည်။

ရွာလမ်းပေါ် မရောက်ခင် အသွားစံ၏ အလှူမဏ္ဍပ်မှ သီချင်းသံက တစ်ရွာလုံးကို လွှမ်းနေ၏။ လမ်းမှာ ကျီးတင်ကိုများ





တွေ့ဦးမလားဟု ဟိုဟိုဒီဒီ ရှာပေမယ့်မတွေ့။

တွေ့မယ့်တွေ့တော့ နှင်းအိဆိုသည့်မိန်းမ ဖြစ်နေသည်။ နှင်းအိအနားမှာ အပေါင်းအဖော်တွေ ဝိုင်းနေသည်။ မိတ်ကပ်ဆရာခေါ်ပြင်ထားသဖြင့် နှင်းအိပုံစံလေးက ကော်ပတ်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ လှတာကတော့လှသည်။

တစ်ကိုယ်လုံး ရွှေတွေစိန်တွေ သီးနေတော့ ပိုပြီးကြည့်ကောင်းနေသည်။ နှင်းအိကလည်း အငုံကို မြင်သည်။ အုပ်စုလိုက် ဝိုင်းပြီး စကားပြောနေသည့်ကြားက အငုံတစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် သေသေချာချာကြည့်သည်။

အငုံကိုယ်ပေါ်မှာ အစ်ကိုမောင် ဝယ်ပေးသည့်ဝတ်စုံရှိသည်။ ထိုဝတ်စုံကလည်း နှင်းအိကိုယ်ပေါ်က သောင်းကျော်တန် အကောင်းစားဝမ်းဆက်နှင့် တန်ဖိုးချင်းမတူသလို အငုံကိုယ်ပေါ်ရှိ အဖိုးတန်ရွှေငွေဆိုသည်ကလည်း သားအမိနှစ်ယောက် ခြစ်ကုတ်စုဆောင်းထားသည့် ရွှေကြိုးမျှင်မျှင်နှင့် ကျောက်ဖြူလော့ကက်သေးသေး၊ နားကပ်တစ်ရံအပေါ်စား ရွှေလက်ပတ်နာရီတစ်လုံး။ ရွှေလက်စွပ်တစ်ကွင်းမျှသာ။

သို့သော် အငုံအလှကို နှင်းအိလိုက်ပြိုင်၍မရ။ အငုံအလှက ရှန်းရှန်းစက်စက် ဝင်းဝင်းပပ။ မနက်ခင်းမှာ လသာနေသည့်အဝိုင်း အပြစ်ဆိုစရာ မြူတစ်မှုံစာပင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နစိမ်းရောင်ဝတ်စုံနှင့် အစိမ်းရောင်ပဝါကို ကပိုကရို လွှမ်းခြုံထားသော အင့်ဦးခေါင်းမှာ ကျိုးကင်ညကလာပို့သွားသော စံပယ်ပန်းကုံးကြီးက နက်မှောင်သော ဆံပင်များကြား မခို့တရို့ ခပ်ယဉ်ယဉ် ဟိုတစ်စဒီတစ်စ ကျနေပုံက ချစ်စရာ။ မြတ်နိုးစရာ ဖြစ်နေသည်။

အင့် အပြင်အဆင်က နှင်းအိတို့အမြင်မှာတော့ ဆန်းနေပေမယ့် ကြည့်ရမြင်ရသူတွေ မျက်လုံးထဲမှာတော့ ရိုးသားရှင်းလင်း၍ အေးမြမြကျက်သရေဖြင့် ကြည့်မဝချင်စရာ တင့်တယ်သော လှပခြင်းမျိုး ဖြစ်နေသည်။

"အခုမှလာသလား အင့်ရဲ့"

"အေး"

နှင်းအိနှင့်အတူရှိနေသည့် အေးမက အင့်ကို ခပ်ပြုံးပြုံး လှမ်းနှုတ်ဆက်တော့ အင့် တစ်ခွန်းပဲ ဖြေလိုက်သည်။

"ကျိုးတင်တော့ မဏ္ဍပ်ထဲမှာရှိမယ်ထင်တယ်၊ စောစောက တွေ့လိုက်တယ်"

"ဟုတ်လား၊ အင့်က သူလာမလားလို့ စောင့်နေတာ၊ သွားလိုက်ဦးမယ်ဟေ့ အေးမ"

အင့်က သူ့ကိုစကားပြောသည့် အေးမကိုဘဲ နှုတ်ဆက်ပြီး မဏ္ဍပ်ဘက်ရှိရာ လျှောက်သွားတာကိုကြည့်ပြီး နှင်းအိရင်ထဲမှာ





ရှုလောင်နေသည်။

"ဟော့ဒီ အေးမဟာ လျှာကိုရှည်တယ်၊ ဘာလို့ အင့်ကို သွားနှုတ်ဆက်နေရတာလည်း၊ ဒီလောက်တောင် ညည်းယောင်းမကို ချစ်နေရင် တစ်ခါထဲ အတူလိုက်သွားပါလား"

"အိုအေ သူလည်း သူငယ်ချင်းပဲ၊ နှုတ်ဆက်တာ ဘာဖြစ်လဲ၊ ညည်းမကျေနပ်လို့ညီး ငါ့ကို မခေါ်နဲ့ပေါ့"

"တော်ပါ အခုမှ စကားအပိုတွေ ပြောမနေကြစမ်းပါနဲ့၊ အင့်ကိုယ်ပေါ်ကဝတ်ထားတာ အစ်ကိုမောင်ဝယ်ပေးတဲ့ ဖတ်စုံ ဟုတ်လား"

နှင်းအိက သူ့အပူနှင့်သူ။ အဘွားစံ၏အလှူကို အစ်ကိုမောင်ဝယ်ပေးသည့်ဝတ်စုံဖြင့် လှပကော့ပျံနေအောင်ရောက်လာသော အင့်ကို နှင်းအိငေးကြည့်နေရလျှင်။ အင့်ပေါ် တစ်ဖက်သတ်မေတ္တာရှိနေသော အစ်ကိုမောင်ဆိုလျှင် မျက်လုံးတွေရော အသည်းနှလုံးတွေပါ ပြောင်းပြန်လှန်လောက်ပေသည်။

နှင်းအိကိုယ်ပေါ်မှာ အဖိုးတန်ဝတ်စုံ စိန်တွေရွှေတွေ ဘယ်လိုပင် ခြယ်မှုံးသော်လည်း အင့်၏ ဘုရားကပေးလိုက်သော အလှတရားများကိုက လိုက်မှီတုပယှဉ်ပြိုင်ချင်၍မရချေ။ အထူးသဖြင့် အင့်ကိုယ်ပေါ်ရှိဝတ်စုံမှာ အစ်ကိုမောင်လက်ဖြင့် ပင်ပင်ပန်းပန်း တကူးတက ရှာဖွေဝယ်ယူလာတာမို့ နှင်းအိရင်ထဲအသည်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆတ်ဆတ်ခါ မနှာလိုဇန်တိုရခြင်းတည်း။

"အင်ုကို အစ်ကိုမောင်ဝယ်ပေးတယ်ဆိုတာက အပေါစား ဝတ်စုံကြီးပါဟယ်၊ ဒါကလည်း မုဆိုးမသားအမိကိုသနားပြီး စွန့်ကြဲပေးကမ်းတာမျိုးလောက်ပါ၊ နှင်းအိကိုယ်ပေါ်ကဝတ်စုံနဲ့ တန်ဖိုးချင်း တခြားစီပါဟယ်၊ ဂရုစိုက်မနေစမ်းပါနဲ့"

"ဟော ဟိုမှာ အစ်ကိုမောင်ကြီး ဒီဘက်လာနေပြီ နှင်းအိရေ၊ ကြည်ရတာ အင်ုနဲ့ မတွေ့ကြသေးဘူးထင်တယ်၊ အစ်ကိုမောင်ကြီးကို အင်ုနဲ့မတွေ့အောင် တခြားဘက်ကို ခေါ်ထုတ်သွားပါလားနှင်းအိ"

"ငါလှမ်းခေါ်လိုက်မယ်နော်"

"အစ်ကိုမောင်၊ ဗျို့အစ်ကိုမောင်"

နှင်းအိတက်တော်သား ခင်မြိုင် အစ်ကိုမောင့်ကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ သင်းမောင်က နှင်းအိတို့အုပ်စုနားရောက်လာသည်။ တိုက်ပုံအင်္ကျီအဖြူ၊ လည်ကတုံးအင်္ကျီအဖြူ၊ ယောပုဆိုးအစိမ်းညိုညိုကိုဝတ်ထားသည့် သင်းမောင်ပုံစံက ရုတ်တရက်ကြည့်လျှင် သတို့သားနှင့်ပင်တူနေသည်။ အင်ုနှင့်ဆိုလျှင်က ပြောစရာမရှိ။

"ဘာလဲ ခင်မြိုင်၊ ညည်းတို့အုပ်စု မဏ္ဍပ်ထဲမဝင်ဘဲ ဒီမှာဘာလုပ်နေကြတာလဲ"

ခင်မြိုင်တို့အုပ်စု ရုတ်တရက် ဘာပြောရမှန်းမသိသဖြင့်





တစ်ယောက်မျက်နှာ နှစ်ယောက်ကြည့်ကြသည့်အခိုက်မှာ နှင်းအိထံမှ အသံထွက်လာသည်။

"နှင်းအိ ရွှေကြိုးတစ်ကုံးပျောက်လို့ပါ အစ်ကိုမောင်၊ အဲဒါ ဘယ်သူမှ မသိစေချင်တာနဲ့ တိုင်ပင်နေကြတာပါ၊ အစ်ကိုမောင် ကူညီမယ်ဆိုရင် ဘယ်သူမှမသိအောင် နှင်းအိနဲ့အတူ လိုက်ရှာပေးပါလားဟင်"

"လိုက်ရှာပေးပါ အစ်ကိုမောင်ရယ်နော်"

နှင်းအိက ပါးစပ်က ရိုးရိုးပြောတာတင်မဟုတ်။ သင်းမောင်လက်မောင်းကြီးတစ်ဖက်ကို သူမလက်ကလေးများဖြင့် ဆွဲကိုင်လှုပ်ရမ်းလျက် သင်းမောင်နားကပ်၍ လုပ်သော သူမမျက်နှာလေးကို မော့မော့လေးလုပ်၍ သနားစဖွယ်အမူအရာဖြင့် ပြောခြင်းဖြစ်ရာ အင်ုကိုမတွေ့၍ အရှာထွက်လာသော သင်းမောင်မှာ အခက်တွေ့သွားသည်။

"နှင်းအိ မိသားစုကိုပြောလိုက်ပါလားကွယ်"

"အို သူတို့ကိုပြောလိုက်ရင် နှင်းအိကို ဆူကြပူကြမှာပေါ့ အစ်ကိုရဲ့၊ လာပါအစ်ကိုရယ်၊ နှင်းအိကိုသနားရင် ချစ်ရင် နှင်းအိအိမ်ကမသိအောင် ကူညီပါနော်၊ အစ်ကိုသာ နှင်းအိနဲ့အတူ လိုက်ရှာရင် ပြန်တွေ့မှာပါ"

"တခြားလည်း ဝေးဝေးမသွားရသေးပါဘူး၊ နှင်းအိအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားတဲ့လမ်းနဲ့ ဒီမဏ္ဍပ်အကူးလေးနားတင်ပါ''

နှင်းအိက ဖွတ်တရွတ်။

''ကဲ ကဲ အစ်ကိုမောင်လိုက်ခဲ့မယ်၊ တခြားကောင်မလေးတွေလည်း ကိုယ်နည်းကိုယ့်ဟန်နဲ့ နှင်းအိဆွဲကြိုးကိုရှာထားကြဦး၊ အမေတို့မေးရင် ကိစ္စရှိလို့ အပြင်ခဏသွားတယ်လို့သာ ပြောထားကြ နားလည်လား''

''ဟုတ်ကဲ့ပါ''

''လာ နှင်းအိ၊ အစ်ကိုတို့သွားကြမယ်''

သင်းမောင်နောက် နှင်းအိ အတူပါသွားသည်။ နှင်းအိရင်ထဲ ပျော်လွန်း၍ ရင်တွေတဒိတ်ဒိတ်ခုန်နေ၏။ အတူတူယှဉ်လျှောက်ရင်း သင်းမောင်မျက်နှာချောချောကို တစ်လမ်းလုံး ခိုးကြည့်လာ၏။ ဒါကို သင်းမောင်ကမသိ။

ဘယ်တုန်းကမှ မပျောက်ခဲ့သော နှင်းအိဆွဲကြိုးကို အသည်းအသန်ရှာဖွေလျက်။ နှင်းအိ အရူးလုပ်သမျှ အဟုတ်မှတ်နေပုံကို ချစ်လည်းချစ် သနားလည်းသနားနှင့် ဘယ်သူမှမမြင်အောင် တစ်ဘက်လှည့်၍ နှင်းအိပြုံးရယ်လိုက်လေသည်။

* * *



## အခန်း (၁၀)

ဖေယျတု၏ ကင်မရာမြင်ကွင်းထဲ ဝင်လာသူကို မြင်လိုက်ရသည့်ခဏမှာပင် ရင်တစ်ခုလုံး နွေးထွေးဖိုလှိုက်သွားကာ သူ့ကင်မရာအတွင်း ထိုအသွင်သဏ္ဌာန်လှလှကိုသာ အနေအထားအမျိုးမျိုးဖြင့် စိတ်ရှိသလောက် ရိုက်ကူးလျက်ရှိ၏။

အင်္ဂက ဖေယျတုကို ရုတ်တရက်မမြင်သေး။ သူမသူငယ်ချင်း ကျီးတင်ပြောသမျှဆိုသမျှကိုသာ ခေါင်းညိတ်ခေါင်းခါကာလှုပ်လှုပ်နားထောင်လျက် တစ်ခါတစ်ခါ ပြုံးရယ်လိုက်ပုံလေးတို့ ငေးခနဲငေးခနဲ ကြည့်ဖြစ်သွားသည်အထိ အင်္ဂအလှက ဖေယျတုအသည်းပြင်ဝယ် ထင်းထင်းကြီး နေရာယူဖမ်းစားလျက်ရှိ၏။

မဖြစ်နိုင်ဘူးဆိုတာသိလျက်

ဘယ်လိုနည်းနှင့်မျှ ပတ်သက်ခွင့်မရှိနိုင်မှန်းသိပါလျက် ဤချစ်စရာ ယမင်းရုပ်လှလှလေးကို အပိုင်ရယူသိမ်းပိုက်ထားလို



www.burmeseclassic.com

www.burmeseclassic.com



သော ဆန္ဒစိတ်ရိုင်းက အေရီရယ်ဆိုသည့် အမည်အောက်မှာပင် တစ်စစီ တစ်ခုစီ မှုဝါးကွယ်ပျောက်သွား၏။

မဖြစ်နိုင်ဘူး။

ဘယ်လိုမှမဖြစ်သင့်ဘူးဆိုသော ထိုအတွေးက ဇေယျာတု ကို အင့်အိမ်ကလေးရှိရာဘက်သို့ အကြိမ်ကြိမ်သွားရောက်လိုသော စိတ်ဆန္ဒကို တားမြစ်ချေဖျက်ပစ်၏။ ထို့ကြောင့်ပင် ဇေယျာတုကိုယ် တိုင် အင့်ဆိုသည့် မိန်းမလှလေးနှင့် မဆုံမတွေ့ဖြစ်အောင် နေခြင်း ဖြစ်သည်။ အချစ်ဆိုသည် အပူမီး၏ဒဏ်ကို သူလိုလူတစ်ယောက် ခံစားနာကျင်လိုက်ရ၍ ပို၍မထူးခြားလာသော်လည်း အင့်ကဲ့သို့ နုနယ်ငယ်ရွယ်သော ကလေးမလေးအတွက်တော့ဖြင့် ထိုဆိုးရွားလှ သော အချစ်ဝေဒနာဆိုးကို သူ့လိုမခံစားစေလိုချေ။

ဤသည်မှာ အင့်အပေါ်ထားရှိသည့် ဇေယျာတု၏ ချစ်ခြင်း မေတ္တာသာ။

"ဟယ် ဟိုမှာ ဦးလေးကြီးတော့၊ လက်ထဲမှာလည်း ကင်မရာကြီးနဲ့ ဓာတ်ပုံအရိုက်ခိုင်းဦးမှပဲ ကျိုးတင်ရေ"

"လာ လာ အင့်နဲ့လိုက်ခဲ့"

"ဘယ်ကိုလိုက်ရမှာလည်း အင့်ရဲ့၊ ကျိုးတင်ကို ခိုင်းထား တာရှိသေးတယ်"

"လာစမ်းပါဟယ်"





ကျိုးတင်က အင့်ခေါ်ရာ ကန့်လန့်ကန့်လန့်နှင့်ပါလာသည်။ အပြုံးဖြင့် နှုတ်ဆက်လိုက်ပုံက လိုက်လှဲသည်။ ရင်ထဲအသည်းထဲ က လာသောအပြုံး။ ဟန်ဆောင်ပြုံးခြင်းမဟုတ်။ အေရီရယ်နှင့် သူကြားမှာပြုံးသော အပြုံးနှင့်လည်းမတူ။

"ဦးလေးကြီးက ဓာတ်ပုံဆရာလား"

"ဗျာ"

အနီးကပ်မြင်နေရသော နုထွေးလှပသော မျက်နှာလေးက အပြုံးလှလှဖြင့် ဇေယျာတု မျက်နှာချောချောကို မော့မော့လေးကြည့် နေသလို။ ဇေယျာတုကိုယ်တိုင်ကလည်း ထိုမျက်နှာလှလှလေးကို မြတ်နိုးချစ်မဝနိုင်သော ရှုန်းလက်တောက်ပသော အကြည့်ဖြင့် နူးနူး ညှို့ညို့ကြည့်ငေးဖြစ်သွားပါသည်။

မဆုံးနိုင်သောအကြည့်။

နှစ်သိမ့်ရောင့်ရဲခြင်းမရှိသော အကြည့်များဖြင့် အင့်မျက်နှာ လေးကိုသာ တစ်ချိန်လုံး ငေးမောနေလိုစိတ်ကို ဖြတ်တောက်သိမ်း သည်းကာ ချစ်စရာ ယမင်းရုပ်ကိုပဲ ဘယ်သူမှ မမြင်မတွေ့နိုင်သည့် နှလုံးသားအတွင်းသို့ အမြတ်တနိုး လျှို့ဝှက်ထားလိုက်သည်။

"အင့်တို့သူငယ်ချင်းနှစ်ယောက်ကို ဓာတ်ပုံရိုက်ပေးပါ"

"ရတယ်လေ ဘယ်နေရာမှာရိုက်ပေးရမှာလည်း"

"အခုတော့ ဒီမှာပဲ အရင်ရိုက်ပေးပါ၊ ပြီးမှ တခြား



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ သွားရိုက်မယ်''

''လာ ကျီးတင်''

အငုံက သူမသူငယ်ချင်း ကျီးတင်ကို သူ့ဘက်ဆွဲယူပြီး ကျီးတင်ပခုံးကိုဖက်ကာ ဓေယျာတုကင်မရာလှမ်းကြည့်သည်။

''အငုံတို့ကို လှလှလေးရိုက်ပေးနော် ဦးလေးကြီး''

''ကောင်းပါပြီဗျာ''

အငုံသဘောကျ သူမပြောသည့်အတိုင်း ခတ်ပုံတစ်ဖျတ် ဖျတ်ရိုက်ပေးလိုက်သည်။ အားလုံးအကြည့်တွေက သိပ်လှသည့်အငုံ နှင့် လူချောကြီးဓေယျာတုထံ စိတ်ဝင်တစား ရောက်ရှိနေကြခြင်း ကို အငုံ မသိသလို ဓေယျာတုကလည်း စိတ်မဝင်စား။

သူတို့အလုပ် သူတို့သာ စိတ်ဝင်စားနေ၏။

''တော်ပြီ တော်ပြီ ဒီလောက်ပဲရိုက်တော့ ဦးလေးကြီး''

အငုံထံမှ အလန့်တကြားလေး ထွက်လာသော အသံလေး ကြောင့် ဓေယျာတုလက်ထဲက ကင်မရာ လေထဲရပ်တန့်သွားသည်။

''ဘာဖြစ်လို့လည်းဗျာ ခတ်ပုံတွေအများကြီးရိုက်မယ်ဆို အခု မရိုက်တော့ဘူးလား''

''ရိုက်တော့ရိုက်ချင်သားပဲ ခတ်ပုံတွေအများကြီးရိုက်ပြီး ရင် ပိုက်ဆံတွေ အများကြီးကုန်မှာစိုးလို့ပါ''

''အငုံမှာ ပိုက်ဆံအများကြီးမရှိဘူး ဦးလေးရဲ့၊ အခုတောင် ဘယ်နှစ်ပုံရှိပြီလဲ မသိဘူး''

''ပိုက်ဆံတွေ အများကြီးသုံးရင် အငုံကို အမေကဆူမှာ သိလား''

သြော် အငုံဆိုတဲ့ မိန်းမလှလေးရယ်။

''ဟော ခေါ်နေပြီ၊ ခဏနော်ဦးလေး''

ဓေယျာတုနားက အငုံ လစ်ခနဲပျောက်သွားခိုက်မှာ ဓေယျာ တုနားကို အောင်မိုးရောက်လာသည်။

''ဓေယျာတု လာဟေ့၊ အလျှုထမင်း စားဖူးတယ်ရှိအောင် စားဦး''

''နေဦးကွ တော်ကြာ အငုံပြန်လာချင်လာဦးမှာ၊ ငါ့ကို မတွေ့ရင် လိုက်ရှာနေမှာစိုးလို့ပါ''

''အငုံနဲ့မင်းကသိလို့လား''

''အေး''

ဓေယျာတု ဒါပဲပြောပြီး လူတွေကြားထဲ အငုံကိုရှာကြည့် သည်။ အငုံနှင့်တူသူက ဘယ်နေရာမှရှာမတွေ့။ အောင်မိုးကတော့ သူ့သူငယ်ချင်း ဓေယျာတုကို နားမလည်နိုင်သဖြင့် မျက်ခုံးကိုတွန့် သည်။

''မင်းကို အငုံက ဘာလို့ပြန်လာရှာရမှာလည်းကွ''

''သူ့ကို ခတ်ပုံရိုက်ပေးဖို့လေ''





www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"အငုံက ငါ့ကို ဓာတ်ပုံဆရာလို့ထင်နေတယ်"

"ကောင်းကွ"

အောင်မိုးက သူ့နဖူးသူရိုက်တော့ ဇေယျာတုက အငုံနှင့် သူ့အဖြစ်ကိုတွေးပြီး သဘောကျစွာ ခပ်တိုးတိုးရယ်တော့ အောင်မိုးက တအံ့တဩ သူ့မျက်နှာကိုကြည့်သည်။

"ဇေယျာတု"

"ဘာလဲ"

"မင်းက ရယ်လိုမောလို့ပါလားကွ"

"လူပဲ ရယ်တာဆန်းသလား"

"ဆန်းတယ် အေရီရယ်နဲ့တုန်းက ခတ္တာမြိုင်မှာ မင်း အခုလိုမရယ်နိုင်ခဲ့တာ ဘယ်လောက်ကြာပြီလည်းကွာ"

ဇေယျာတု မျက်နှာချောချောပေါ်က ပျော်ရွှင်ကြည်နူးခြင်း အရိပ်အငွေ့တွေ ဖျတ်ခနဲပျောက်သွားသည့်အဖြစ်ကိုမြင်မှ အောင်မိုး သူ့စကားအတွက် နောင်တ အကြီးအကျယ်ရသွားသည်။

"ဆောရီး ဇေယျာတု၊ ငါ့စကားမှားသွားတယ်"

"မင်း တောင်းပန်စရာမလိုပါဘူးလေ၊ မင်းပြောတဲ့အထဲမှာ အမှားတစ်ခုမှမပါပဲ"

"ဇေယျာတု"





"လာလေ မင်းပြောတဲ့ အလှူထမင်း သွားစားကြမယ်"

ဇေယျာတုအတွက် သီးသန့်ပြင်ဆင်ထားသည့် ထမင်းဝိုင်း ရှိရာသို့ အောင်မိုးကပဲ ဦးဆောင်ခေါ်လာခဲ့သည်။ တိုက်ဆိုင်ချင်တော့ အငုံကို ဇေယျာတုထိုင်သည့် ထမင်းဝိုင်းမှာ ဧည့်ခံသူအဖြစ် တွေ့ရသဖြင့် ဇေယျာတု အံ့ဩသဘောကျသွားသလို အငုံမှာလည်း မျက်နှာလှလှလေးပြုံးသွားသည်။

"အငုံပျောက်သွားလို့ လိုက်ရှာနေတာ၊ အငုံက ဒီရောက်နေတာကိုးဗျ"

"ဘွားစံက ဧည့်သည်ကို ဧည့်ခံမယ့်သူမရှိလို့ အခေါ်ခိုင်းလိုက်တာလေ၊ ဧည့်သည်ဆိုတဲ့က ဦးလေးတို့ပဲဖြစ်မယ်လို့ထင်သား"

အောင်မိုးက အငုံနှင့် သူ့သူငယ်ချင်း ဇေယျာတုကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီး အငုံကို တရင်းတနှီးနှုတ်ဆက်သည်။

"ညည်းအမေ နေကောင်းပြီလား အငုံ"

"သက်တော့သက်သာပါတယ် ဦးလေး"

"အေး အေး မပြန်ခင် ညည်းကို ခေါ်လေးသောက်ဖို့ ဦးလေး ဆေးပေးခဲ့ဦးမယ်"

"ဟုတ်ကဲ့ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



အလှူထမင်းဟင်းက ငါးခြောက်အုန်းနို့ချက် ပဲတီချဉ် ငြုပ်သီးဘာလချောင်ကြော် ဗလာဟင်းချိုဖြစ်သော်လည်း တစ်ရွာလုံး အားပါးတရစားကြသလောက် ဖေယျာတုမှာ အလှူထမင်းဟင်းများကို တို့ဂဏန်းဆိတ်ဂဏန်းမျှလောက်သာ စားနိုင်ပါသည်။ ငြုပ်သီးကိုက နည်းနည်းမှမထိ။ ပဲတီချဉ်ကိုလည်းမစား။ ငါးခြောက်အနှစ် မဖြစ်သလောက်နှင့် ထမင်းဖြူ ဗလာဟင်းချို သုံးလေးဇွန်းကို ဇွန်းခက်ရင်းနှင့်စား၍ ထိုမျှနှင့် အပြီးသတ်ပါသည်။

"ဦးလေးကြည့်ရတာ ဘာမှလည်းမစားဘူး၊ တောက ထမင်းဟင်းတွေမို့ မစားနိုင်တာလား ဦးလေးရဲ့"

"ဪ မဟုတ်ရပါဘူးဗျာ"

"ဒါဆို ဒီလက်ဖက်နဲ့ ငှက်ပျောသီးတော့ ကုန်အောင်စား၊ ဒါမှ အငုံလည်း ထမင်းဖြောင့်ဖြောင့်စားနိုင်မှာ ဟုတ်တယ်မဟုတ်လားအငုံ"

အငုံက ဖေယျာတုရှေ့ကို လက်ဖက်အုပ်နှင့် ငှက်ပျောသီး ပန်းကန် ရေနွေးထည့်ထားသည့် ပန်းကန်ကို သူမကိုယ်တိုင်ချပေးသည်။

"အငုံရော စားပြီးပြီလား"

"စားတော့မစားရသေးဘူး၊ ဦးလေးစားတာ အရင်ကြည့်ပြီးမှ အငုံ ထမင်းသွားစားမယ်"

"အငုံက မင်းဘာမှမစားလို့ မင်းကို ထမင်းစောင့်ကျွေးနေတာကွ၊ ရော့ ရော့ ဒီငှက်ပျောသီးနဲ့ လက်ဖက်တစ်အုပ်တော့ ကုန်အောင်စား၊ ဒါမှ အငုံလည်း ထမင်းဖြောင့်ဖြောင့်စားနိုင်မှာ ဟုတ်တယ်မဟုတ်လားအငုံ"

"ဟုတ်ကဲ့ ဦးလေးအောင်မျိုး"

ဦးအောင်မျိုးက ဖေယျာတုမမြင်အောင် အငုံကို မျက်လုံးတစ်ဖက်မှိတ်ပြလိုက်တာမို့ အငုံလည်း ရယ်ရယ်မောမောနှင့် ခေါင်းလေးညိတ်ပြလိုက်သည်။

ဖေယျာတုမှာ သူ့အပေါ်မှာ စေတနာပိုသော အငုံ စိတ်ချမ်းသာစေရန်အတွက် သူ့လက်ထဲရောက်လာသည့် ငှက်ပျောသီးကို အငုံ့ရှေ့မှာ စားပြလိုက်ရ၏။

"အငုံ ထမင်းသွားစားလို့ရပြီ"

လက်ထဲက ငှက်ပျောသီးအခွံကို မြှောက်ပြပြီး ဖေယျာတု ပြောတော့ အငုံကရယ်သည်။ ဘေးကလူတွေကပြုံးကြသည်။

"အငုံ"

"ဪ အစ်ကိုမောင်"

သင်းမောင်က အခုမှရောက်လာခြင်းဖြစ်သော်လည်း အခြေအနေအားလုံးကို မြိုအကဲခတ်ပြီးသူဖြစ်သည့်အတိုင်း အငုံကို မျက်လုံးလက်လက်တွေနှင့် လိုက်ကြည့်နေသော ဖေယျာတုဆိုသည့် လူချောကြီးရှေ့မှ လျှင်မြန်စွာ ခေါ်ထုတ်သွားချင်နေ၏။

"အငုံ ထမင်းမစားရသေးဘူးဆို၊ အစ်ကိုမောင်နဲ့ တစ်ခါ







www.burmeseclassic.com

www.burmeseclassic.com



ထဲစားလိုက်ကြရအောင်၊ အောက်မှာ ကျီးတင်လည်း စောင့်နေတယ်"

ကျီးတင်ဆိုတာနှင့် အငုံလိုက်သွားဖို့ ခြေလှမ်းပြင်မိ

"ခဏနော် ဦးလေး၊ အငုံ ထမင်းသွားစားလိုက်ဦးမယ်"

"ကောင်းပါပြီဗျာ"

ဖေယျာတုက အငုံနှင့်အတူပါသွားသော သင်းမောင်၏ အကြည့်ကို မကြိုက်သော်လည်း မသိသလိုနေလိုက်သည်။ ပုံ အနေအထားကိုကြည့်တာနှင့် မြွေမြွေချင်းခြေမြင်သည်ဟုဆိုဆို၊ အငုံ အပေါ် မရိုးသားသည့် သင်းမောင်သဘောထားနှင့် ဖေယျာတုအပေါ် ရန်လိုသော သင်းမောင်အကြည့်များကို ကောင်းစွာနားလည်သည်။

အငုံကတော့ အားလုံးရှေ့မှာ ဟန်မပျက် သင်းမောင်နောက်ကို လိုက်လာခဲ့ပေမယ့် သင်းမောင်နှင့် နှင်းဆီတို့နှစ်ယောက်တည်း သီးသန့်လူခွဲထွက်သွားသည်ဆိုသော သတင်းကို တစ်ဆင့်စကားဖြင့် ကြားပြီးဖြစ်သည်။

သူတို့ဘာသာ ဘာဖြစ်ဖြစ် အငုံနှင့်တော့မဆိုင်ပါ။ ဘာမှလည်း မခံစားမိ။ အငုံ့စိတ်ထဲမှာ ဦးဖေယျာတုဆိုသည့် လူကြီးကို ထူးဆန်းနေသည်။

"အငုံ ငါ ဒီမှာဟေ့"

"အေး အေး အငုံလာပြီ ကျီးတင်ရေ"





"အငုံ"

အနားမှာအတူရှိနေသည့် သင်းမောင်က ကျီးတင်ရှိရာ သွားမည့် အငုံ့လက်ကို လှမ်းဆွဲလိုက်တာမို့ အငုံမှာ သင်းမောင် မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

"အငုံလက်ကိုလွှတ်ပါ အစ်ကို"

"အစ်ကိုနဲ့အတူ ထမင်းတစ်ဝိုင်းထဲမစားဘူးလား"

သင်းမောင်မျက်နှာကိုကြည့်ပြီး အငုံ တစ်ချက်ပြုံးလိုက်သည်။

"ဟိုမှာလေ အစ်ကိုနဲ့အတူ ထမင်းစားဖို့စောင့်နေတဲ့ နှင်းဆီရှိတယ်"

"အငုံ"

သင်းမောင်လက်ထဲက အငုံလက်ကလေး ဆောင့်ရုန်းလိုက်တာမို့ သင်းမောင် အသာလွှတ်ပေးလိုက်ရသည်။

"အစ်ကို လာလေ၊ နှင်းဆီ အစ်ကို့ကိုစောင့်နေတာ"

လူကြားထဲ နှင်းဆီက သင်းမောင်လက်ကို ပိုင်ပိုင်ကြီးလာဆွဲနေတာမို့ သူတို့အဖြစ်ကို စိတ်ဝင်စားနေကြသူတွေရှေ့မှာ သင်းမောင်ရင်ထဲက ဒေါသတွေကို မျိုသိပ်ချုပ်တည်းပြီး နှင်းဆီဆွဲခေါ်ရာ ဣန္ဒြေမပျက်လိုက်ခဲ့ရသည်။

လူကသာ နှင်းဆီနှင့်အတူပါလာသော်လည်း သင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကတော့ သူမသူငယ်ချင်း ကျိုးတင်နှင့် ရယ်ရယ်မောမော ထမင်းလက်ဆုံစားနေသည့် အငုံထံမှာသာ တရစ်ဝဲဝဲရောက်နေ၏။ ဒါကိုသိလျှင်နှင့် အငုံက သင်းမောင်ရှိရာကို တစ်ချက်လှည့်မကြည့်။

သင်းမောင်ရင်ထဲ အငုံလုပ်နေပုံကို ကျလိကျလိနှင့် အသည်းယားလှသော်လည်း အနားကနှင်းအိကြောင့်လည်း စိတ်ရှုပ်လှသည်။ ဖြစ်နိုင်လျှင် သူ့အနားက နှင်းအိကို အော်ငေါက်ထုတ်ပြီး အငုံလက်ကလေးကိုဆွဲကာ အားလုံးနှင့်ဝေးရာကို ထွက်ပြေးသွားချင်မိသည်။

ဆန္ဒသာရှိ၍ စိတ်သွားတိုင်းကိုယ်မပါနိုင်သည့်အဖြစ်ကြောင့် စိတ်ညစ်ညစ်နှင့် ဘာအရသာမှမရှိသော ထမင်းဟင်းကို ထိုးနစ်၍စားရင်း အငုံအခြေအနေကို စောင့်ကြည့်နေခိုက်မှာပင် နောက်ကိုလှည့်ကြည့်တော့ အငုံမရှိတော့။ သင်းမောင်ရင်ထဲ ညှိုးခနဲ အုန်းခနဲ ထူပူသွားသည်။

"ကျိုးတင် အငုံရော"

"ကျွန်မလည်းမသိဘူး အစ်ကိုသင်းမောင်၊ ထမင်းစားပြီး အိမ်ပြန်မယ်ဆိုပြီးထွက်သွားတာပဲ"

"ငါလည်း မမြင်လိုက်ရပါလား"

"နှင်းအိမြင်လိုက်ပါတယ် အစ်ကို၊ အငုံကို နှင်းအိ





လိုက်ခေါ်ပေးရမလား"

အနားရောက်လာသော နှင်းအိစကားကြောင့် တစ်ခုခုပေါက်ကွဲချင်နေသော ဒေါသစိတ်ကို တစ်ဝက်မက လျှော့ချလိုက်ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ထိုနေရာက ပြေးထွက်လာခဲ့သည်။

"အစ်ကို အစ်ကို"

နှင်းအိခေါ်သံကြားသော် လှည့်မကြည့်။ အငုံနှင့် ရယ်ရယ်မောမော စကားပြောနေသည့် ညွှန့်သည်ကိုလှချောရှိရာကို သွားကြည့်တော့ ဘယ်သူမှမရှိတော့ သင်းမောင် အရူးကြီးလိုဖြစ်သွားသည်။

အငုံအိမ်ရှိရာ ခြေလှမ်းကျဲကြီးတွေနှင့် အပြေးရောက်သွားတော့ အငုံကို အလှူကိုလာသည့်အဝတ်နှင့်ပင် အသင့်တွေ့လိုက်ရမှ ရင်ထဲကအလုံးကြီး ပြုတ်ကျသွားသည်။

"အငုံ"

"အစ်ကို"

ခြေလှမ်းကျဲကြီးတွေနှင့် အငုံနားရောက်သွားတော့ အငုံက သူ့ကို တအံ့တဩမော့ကြည့်သည်။

"မျက်နှာကြီးလည်း နီရဲလို့ ဘာဖြစ်လာတာလဲ အစ်ကို"

"ဒေါ်လေးရော"

"အမေ အိပ်နေတယ်အစ်ကို၊ ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အငုံ"

"အိုး"

သင်းမောင်က တစ်ခွန်းမှစကားမဆိုတော့။ အငုံကိုယ်လုံး အိအိလေးကို သူ့ရင်ခွင်ထဲ အတင်းအကျပ် တသားထဲပွေးကပ်ကာ အငုံမျက်နှာဖူးဖူးလေးကို ကမူးရှူးထိုးအချစ်တွေနှင့် ဖွတ်အတင်း တိုးဖော့ရှိုက်နမ်းပစ်သည်။

အငုံမှာ ထင်မှတ်မထားသည့်အဖြစ်ကြောင့် ပထမကြောင် နေပြီးမှ သင်းမောင်ကိုယ်ကြီးကို သူမရှိသမျှ အင်အားလေးနှင့် ဖွတ်အတင်းရုန်းကန်ဖယ်ရှားဖို့ ကြိုးစားသည်။

"အငုံကို ဒီလိုမလုပ်ပါနဲ့အစ်ကို၊ အငုံမကြိုက်ဘူး"

"အငုံကိုလွှတ်ပါ"

"မလွှတ်နိုင်ဘူးအငုံ၊ မင်းကို အစ်ကိုဘယ်လောက်ချစ် တယ်၊ ဘယ်လောက်မြတ်နိုးတယ်ဆိုတာ မင်းသိလား"

"အစ်ကိုရင်ထဲက ခံစားချက်တွေကို မင်း ဘာသိလည်း အငုံ"

"အို အငုံ ဘာမှမသိချင်ဘူး၊ အငုံကိုလည်း ဒီလိုဖွတ် အတင်းအကျပ် မလုပ်ပါနဲ့"

"အငုံကိုလွှတ်"

အငုံက သင်းမောင်ပြောစကားကို နားမထောင်။ ရုန်းမြဲ





ပြာဝေစွာ ခါးခါးသီးဆိုရင်း သင်းမောင်ရင်ခွင်ထဲက ဖွတ်ရုန်းတော့ သင်းမောင်ရင်ထဲ ဘယ်နေရာဆီကမှန်းမသိ ဆတ်ဆတ်ခါနာကျင် သွားသည်။

သူမျှော်လင့်ခဲ့သည်က အငုံထံမှ အချစ်ကို အလွယ်တကူ ကြည်ကြည်ဖြူဖြူ လက်ခံရရှိလိမ့်မည်ဟု ထင်ခဲ့သည်။ အခုတော့ သင်းမောင်ထင်မြင်ချက်တွေနှင့် သင်းမောင်ရင်ဆိုင်ကြုံတွေ့နေရ သည့် အဖြစ်တွေက တကယ့်ကို တခြားစီဖြစ်နေ၍ ဝမ်းလည်းနည်း မိသည်။

တစ်ပြိုင်နက်ထဲမှာ အစ်ကိုအောင်မိုးသူငယ်ချင်း မြို့သား တိုလူချောမျက်နှာကို ဖျတ်ခနဲပြေးမြင်တော့ အငုံကိုယ်လေးကို ဒိုတိုး၍ဖက်ပစ်သည်။

"အို ဒါက ဘာလုပ်တာလဲ"

"အငုံကို အစ်ကိုချစ်တယ်"

"ဟင့်အင်း ဟင့်အင်းဆို"

"အို"

အငုံက အမေနီးမည်စိုး၍ အသံကျယ်ကျယ်မထွက်ရဲ။ သင်းမောင်ကလည်း ဒါကို အခွင့်ကောင်းယူကာ အငုံတစ်ကိုယ်လုံး ကို စိတ်ကြိုက်ရှိုက်နမ်းပစ်သည်။ အငုံထံမှ ငိုရှိုက်သံတိုးတိုးလေး ထွက်လာမှ အငုံကိုယ်လေးကို အသာဖြေလွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အငုံ မြဲမြဲမှတ်ထား၊ အစ်ကိုကလွဲပြီး တခြားဘယ်ကောင်ကိုမှ ချစ်ဖို့ ကြိုက်ဖို့မစဉ်းစားနဲ့၊ ပြောထားရဲ့သားနဲ့ အငုံဘက်က သစ္စာဖောက်လို့ကတော့ အငုံအကောင်ကို အသေသတ်ပြီးမှ ထောင်ထဲဝင်မယ်သိလား"

"အစ်ကိုသွားမယ်"

အငုံက ဘာစကားတစ်ခွန်းမှမပြောနိုင်တော့။ အမေမကြားအောင်သာ တစ်အစ်အစ်ကျိတ်ငိုလျက် သူမအိပ်ခန်းလေးရှိရာသို့ မျက်နှာလှလှလေးကို လက်ဝါးနှစ်ဘက်ဖြင့်နှစ်အုပ်လျက် ပြေးဝင်သွားလိုက်ရပါတော့သတည်း။

အငုံ စိတ်ထဲမှာတော့ ထင်တိုင်းကျဲသွားသော အစ်ကို့ကို အမုန်းကြီးမုန်းလျက် စိတ်နာသွား၏။

* * *



## အခန်း (၁၁)

စိမ်းမြသော ကောက်ပင်ပျိုစိမ်းစိမ်းနှင့် ကျယ်ဝန်းသပ်ရပ်သော ဥယျာဉ်လယ်မြေများရှိရာသို့ ဓေယျာတု တစ်ချက်ငေးကြည့်ရင်း စီးကရက်တစ်လိပ်ကို ဖြည်းဖြည်းခြင်းရှိုက်ဖွာလိုက်၏။

အောင်မျိုးဇွတ်ခေါ်၍ လိုက်လာခဲ့ရသော ဤခရီးစဉ်မှာ တခြားတခြားသော ခရီးစဉ်များကဲ့သို့ စိတ်ပျက်ညည်းငွေ့ဖွယ် အဖြစ်အပျက်အကြောင်းအရာ၊ ကြားနေမြင်နေကြ မြင်ကွင်းများဖြင့်သာ အဆုံးသတ်ပြီး အချိန်တန်လျှင် အိမ်ပြန်ရလိမ့်မည်ဟု ထူဆခဲ့သော ဓေယျာတုအယူအဆက

အငုံဆိုသည့် ချစ်စရာ မိန်းမလှလေးနှင့် တွေ့ဆုံခွင့်ရပြီးနောက်မှာ ဓေယျာတုအတွက် အရာအားလုံး ပို၍သစ်လွင်လန်းဆန်းလှပလာသည်ဟုထင်သည်။ အငုံနှင့်ပတ်သက်လာမှ ရယ်မောခြင်းအတတ်ပညာကို ပြန်သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုဆိုသည့် စကားလုံးနှင့် ရင်းနှီးလာသည်။ နှစ်ကာ လကြာမြင့်စွာ ပျောက်ဆုံးသွားသော ပျော်ရွှင်မှုသည် လုပသော အင်္ဂုနှင့်အတူ သူ့ဘဝထဲရောက်လာသည်။ ဓေယျတုဘဝမှာ ခိုးကြောင်ခိုးဝှက် ကလေးဆန်ဆန်မလုပ်ဖူးသော အတတ်ပညာများ ကို အင်္ဂုကြောင့် လုပ်ဖြစ်လာသည်။

ဥပမာ အင်္ဂုမသိအောင် အင်္ဂုဓာတ်ပုံများကို အနေအထား အမျိုးမျိုးနှင့် ရိုက်ကူးရယူခြင်း။ အင်္ဂုမသိအောင် အင်္ဂုလုပ်ရှားမှု တွေ အင်္ဂုစကားသံ ရယ်မောသံလေးတွေကို စိတ်မဝင်စားသလိုလို မကြားသလိုလို။ မမြင်သလိုလိုနှင့် စိတ်ဝင်တစား ကြားနာမှတ် သားနေခြင်းများအပြင် လူအလစ်ကိုစောင့်ပြီး အင်္ဂုမျက်နှာလှလှ လေးကို လျှပ်တစ်ပြက် ခိုးကြည့်ခြင်းတို့ အစုံပါဝင်လေသည်။

ဤအလုပ်များက ခတ္တာမြို့၏အရှင်သခင် သိန်းပေါင်း မရေမတွက်နိုင်အောင် ချမ်းသာပြည့်စုံသော ကုမ္ပဏီပိုင်ရှင် သူဋ္ဌေး ဦးဓေယျတု၏ အလွန်အင်မတန် ကလေးဆန်သော လုပ်ရပ်များပါ ဟု ချပြလျှင် မည်သူယုံကြည်နိုင်မည်နည်း။

သူကိုယ်သူပင် ဤအပြုအမူများကို ပြုလုပ်သူမှာ ဓေယျတု ဆိုသည့်သူပါဆိုတာ လက်မခံချင်သေး။ လက်လည်းမခံလို။ တစ်သက်လုံး အနေအထိုင်တည်ကြည်ရိုးသားဖြောင့်မတ်ခဲ့သူ၊ အေရီရယ်လို ဇနီးမယားတစ်ယောက်အပေါ်မှာ သစ္စာစောင့်သိခဲ့သူ





တစ်ယောက်က အချိန်တိုလေးအတွင်းမှာ အမှတ်မထင် တွေ့ဆုံခဲ့သော မိန်းမလှလေးတစ်ယောက်ကိုမှ အမြတ်တနိုး စွဲစွဲလန်းလန်း ချစ်သွားခဲ့ပါပြီဟုဆိုလျှင် သူ့ကို ဘယ်လိုလူတွေကများ ပြစ်တင် ဆန့်ကြမည်မသိပါ။

သိလည်း ဘယ်သူတွေဘာပြောပြော ဓေယျတု ဂရုစိုက် သည်မဟုတ်။ သူ့ဘဝတစ်လျှောက်လုံး သူမှန်သည်ဟုထင်သော အရာတိုင်းကို ပြတ်သားစွာ ဆုံးဖြတ်စီရင် ရှင်သန်လာသူဖြစ်သည်။ အခြားတစ်ပါးသူတစ်ယောက်၏ ဝေဖန်မှုက သူလိုလူတစ်ယောက် အတွက် ဘာတစ်ခုမှ အသုံးမဝင်။

ဆုံးဖြတ်ချက်ချပြီးလျှင် ပြန်လည်ပြင်ဆင်ခြင်းမပြု။ သူ့ဆုံးဖြတ်ချက်ကြောင့် ဖြစ်လာသည့် အမှားအမှန်တိုင်းကို သူတာဝန်ယူသည်။ ခံစရာရှိလည်းခံမည်။ စံဆရာရှိလည်းစံမည်။ ဤမှုအတိုင်း သူနှင့်အေရီရယ်တို့ဘဝ ဤမျှရှည်ကြာခိုင်မြဲခြင်းဟု သည်းဆိုနိုင်သည်။

အခုချိန်ထိ အေရီရယ်အပေါ်မှာ သူ့ဘက်က ဘာတစ်ခု မှ အမှားမရှိသေးသော်လည်း အင်္ဂုဆိုသည့် မိန်းမချောလေးနှင့်တွေ့ ပြီးနောက်မှာတော့ ဓေယျတုဘဝမှာ အံ့သြဖွယ် မယုံနိုင်စရာ အပြောင်းအလဲတွေဖြစ်လာသည်။

အင်္ဂုဆိုသည့် မိန်းမလှလေးကို သူချစ်မိပြီ။ ထို့အတူ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားက ဇေယျတု၏သဘောထား၊ လောကအမြင်အားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်သည်။

"ဦးဇေယျတု"

"အင့်"

ချိုသောအသံနှင့် လှပသောပုံရိပ်က ဇေယျတုမျက်လုံးများမှတစ်ဆင့် နှလုံးသားအတွင်း နစ်ဝင်စီးဆင်းသွား၏။ သူကိုယ်သူသတိမထားမိခင်မှာပင် ခြေလှမ်းကျဲကြီးတွေက သူရှိရာလှမ်းလာနေသည့် အင့်ရှိရာ ကြိုလျှောက်သွားကာ အင့်ကို ပြေးကြိုနေ၏။

"အင့်"

"ဦးလေးကြီး"

အပြေးလာသူနှင့် သွားရောက်ကြိုဆိုသူနှစ်ဦး လမ်းခုလတ်မှာ ဆုံမိကြသည်။ ငါးပေဆယ်လက်မခန့်ရှိသော ဇေယျတုကြီးကို ငါးပေသုံးလက်မသာရှိသော အင့်က မော့မော့လေးကြည့်ရသလို ဇေယျတုကလည်း လှပသော အင့်မျက်နှာလေးကို ငုံ့ကြည့်သည်။

"ခတ်ပုံတွေရပြီဆို ဟုတ်လား"

"ဒီမှာလေ"

အသင့်ဆောင်ထားသော ဓာတ်ပုံထည့်သည့် စက္ကူညိုကို အင့်လက်ထဲ ထည့်ပေးလိုက်တော့ အင့်က သူ့မဓာတ်ပုံတွေကို ချက်ချင်းထုတ်ကြည့်သည်။





"ဟယ် ဓာတ်ပုံကြီးတွေကလည်း အကြီးကြီးတွေ ထုးထားတာလား၊ ပိုက်ဆံတွေတော့ကုန်ပါပြီ"

ဓာတ်ပုံထဲက အင့်ရုပ်သွင်ကို စိတ်မဝင်စားနိုင်ဘဲ ပုံအကြီးကြီးတွေကို တွေ့ရသဖြင့် ပိုက်ဆံအကြောင်းတွေးကာ အင့် စိတ်ညစ်သွားဟန်ကိုကြည့်၍ ဇေယျတုပြုံးသည်။

ထိုအပြုံးက ချစ်ခြင်းမြတ်နိုးခြင်းတွေ လျှံဝေနေသည့်အပြုံးဖြစ်သည်။

"အင့် ပိုက်ဆံတွေမကုန်ရပါဘူးဗျာ၊ ကိုယ်က အင့်ကို ဒီဓာတ်ပုံအားလုံး လက်ဆောင်အဖြစ်ပေးခဲ့မှာပါ"

"လက်ဆောင်ပေးမှာ"

"ဒါပေါ့ ကို ဒီနေ့ပဲပြန်မှာလေ"

"ဪ"

လက်ထဲကဓာတ်ပုံကို စိတ်မဝင်စားတော့ဘဲ အင့်က သူ့အနားမှာနီးကပ်စွာ အတူရှိနေသည့် ဇေယျတုဆိုသည့် လူချောကြီးကို ရွှန်းစက်မည်းနက်သော မျက်လုံးကြီးများဖြင့် မော့ကြည့်သည်။

ဝေရီနွမ်းညှိုးစွာ အင့် မျက်နှာလှလှလေးကို တုံ့ပြန်ရှုးစိုက်ကြည့်နေသူ၏ မျက်ဝန်းလက်လက်များနှင့်အဆုံမှာတော့ အင့်ရင်ထဲ အေးခနဲလှုက်ဖိုသွားကာ ဘယ်လိုခံစားချက်ကြီးမှန်းမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ထူထူအုံအုံကြီးဖြစ်သွားသည်။

"အငုံ"

"ရှင်"

"အငုံကို ဒီနေရာကိုခေါ်လိုက်တာ နှုတ်ဆက်ချင်လို့ပါ"

"ဟုတ် ဟုတ်ကဲ့"

တုန်တုန်ရီရီဖြစ်သွားသောအသံကို မထိန်းလိုက်နိုင်အောင် အငုံရင်ထဲ တဒိတ်ဒိတ် အခုန်မြန်နေသည်မှာ ဘာကြောင့်မှန်း မငုံမသိ။

"ကိုယ့်ဘဝမှာ အငုံကို အမြဲအမှတ်ရနေမှာပါ"

ဖေယျတုအသံက တိုးတိတ်စွာ နူးညံ့သိမ်မွေ့နေ၏။

"အငုံလည်း ဓာတ်ပုံတွေပေးလို့ သတိရနေမှာ"

"ဓာတ်ပုံမပေးရင် သတိမရတော့ဘူးလား"

"ရှင်"

"အဟွန်း ဟွန်း ဟွန်း"

ဝိုင်းစက်လှပသော မျက်လုံးကြီးတွေက ပကတိဖြူစင်နူးညံ့စွာ အပြစ်ကင်းစင်ရိုးသားလှတာမို့ ဖြစ်နိုင်လျှင် သူမြတ်နိုးသော မျက်လုံးလှလှများ မှေးမှိတ်သွားသည့်အထိ အငုံကိုယ်လေးကို ရင်ခွင်မှာ အတင်းကျပ်ဆုံး ပိုက်ထွေးကာ စိတ်ရှိလက်ရှိ တယုတယ နမ်းပစ်ချင်လာသည်။





"ဟောဒီမှာ ကိုယ့်လိပ်စာကဒ်၊ လမ်းကြုံရင် ကိုယ့်ဆီကို ဝင်လည်လို့ရတယ်၊ သတိရရင် ဖုန်းဆက်လို့ရတယ်၊ အငုံသိမ်းထား"

အဖြူရောင်ကဒ်ပြားလေးတစ်ခု အငုံလက်ထဲရောက်လာသည်။ အငုံ ဘာပြောရမှန်းမသိဘဲ ကဒ်ပြားလေးကို ဆုပ်ကိုင်ထားရာက တစ်စုံတစ်ခုကို သတိရလာသည်။

"ပြန်မယ်ဆိုတာ စောစောကြိုသိရရင် ဦးလေးအတွက် လက်ဆောင်တစ်ခုခုတော့ အငုံဝယ်လာမှာပါ"

"ပေးပြီးပြီလေ"

"ရှင်"

"အငုံ ကို့ဆီလာတာ၊ အငုံပေးတဲ့လက်ဆောင်ပေါ့၊ ကို့မှာ စောင့်သာစောင့်နေရတာ အငုံလာမှလာပါ့မလားလို့ စိုးရိမ်နေတာ"

"အငုံက ပြောပြီးရင် ကတိတည်ပါတယ် ဦးလေးကြီးရဲ့"

"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်"

"နောက်ဘယ်တော့ အငုံတို့ရွာကို လာလည်ဦးမှာလည်း ဟင်"

"အငုံလာစေချင်တဲ့အချိန် လာမယ်လေ"

ဖေယျတု ခဏစဉ်းစားပြီးမှ လေးလေးနက်နက် တိုးသက်

www.burmeseclassic.com



ညင်သာစွာ ပြောသော်လည်း ဇေယျာတု၏ စကားအဓိပ္ပါယ်ကို ရုတ်တရက် အင်နားမလည်။

"အင်ကတော့ အမြဲလာစေချင်ပါတယ်၊ ဒါပေမယ့် အင်တို့တောက ဖျင်းစရာကောင်းတော့ ဦးလေးတို့ ဘယ်ကြာကြာ နေနိုင်မှာလဲလေ"

"အင်ရှိရင်တော့ နေနိုင်ပါတယ်၊ ဘယ်နေရာဖြစ်ဖြစ်ပါ"

"ဦးလေးကြီးကလည်း"

"ဩော် ကို တကယ်ပြောနေတာ၊ မယုံရင် အင်ဧည့်သည် အဖြစ် ကို့ကို လက်ခံကြည့်ပါလား"

ဇေယျာတုက ကိုယ့်အကြံနှင့်ကိုယ် အင်မျက်နှာလှလှလေးကို မြင်တွေ့ခွင့်ရအောင်ပြောတာဖြစ်ပေမယ့် အင်အတွက်ကြတော့ ဇေယျာတုစကားက သူမ၏ မလှမပ ဆင်းရဲနိမ့်ကျသော ဘဝ အတွက် များစွာစိတ်မသက်သာဖြစ်သွားစေပါသည်။

"အင်တို့က လူဆင်းရဲတွေပဲ ဦးလေးကြီးရယ်၊ ဦးလေးကြီးကို ဧည့်သည်အဖြစ် လက်ခံဖို့မပြောနဲ့၊ အင်တို့သားအမိ နှစ်ယောက်တည်းတောင် ထမင်းနပ်မှန်အောင် မနည်းကြိုးစားနေရတာ ဦးလေးကြီးမှမသိပဲ"

"ကိုသိပါတယ်ဗျာ"

"အင်သာလက်ခံတယ်လို့ပြောကြည့်၊ တစ်ပတ်အတွင်း





အင်ဆီ ကိုယ်ပြန်လာမယ်"

"ဘာလုပ်ဖို့လည်းဟင်"

"အင်ဧည့်သည်လုပ်ဖို့ပေါ့"

"အား အကောင်းမှတ်လို့နားထောင်နေတာ၊ ဦးဇေ ကို ... အချိန်ပို ... ာ အင်ကို စ,နေတာကိုး"

ပြောပြီး အင်ရယ်တော့၏။ ဇေယျာတုက ...ိုက်ကြည့်သည်။ သူ့စကားကို အင်မယုံမှန်း ဇေယျာတုသိသည် ... အင်ထင်သလို ဇေယျာတုက အင်ကို စနောက်ပြောခြင်းမဟုတ်သည် ...ိုက အင်မသိ။ သူတကယ်ပြောနေခြင်းဖြစ်သည်။

ဖြစ်နိုင်လျှင် အင်ကို ဒီရွာလေးမှာမထားခဲ့ချင်။ ဇေယျာတု ...နှင့်အတူ တစ်ပါတည်း ခေါ်ဆောင်သွားလို့ရလျှင် ခေါ်သွားလိုက်ချင် ...သည်။

"ကိုက အတည်ပြောနေတာဆိုရင်ရော"

"တစ်ရွာလုံးက အင်ကို ဝိုင်းရယ်ကြမှပေါ့"

"ဘယ်လိုရယ်မှာလဲ"

"ကိုယ့်ဘဝကိုယ်မသိဘဲ ထမင်းနပ်မှန်အောင် မစားနိုင် ...တဲ့အင်က မြို့ကြီးပြကြီးက ကားအကောင်းစားကြီးစီးလာတဲ့ သူဌေး ...ဧည့်သည်ကို ဧည့်သည်အဖြစ် လက်ခံလို့လေ"

"အင်ပြောသလောက်ကြီးလည်း ကိုက မချမ်းသာပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

"အငုံတို့ထက် အဆပေါင်းရာထောင်မက ချမ်းသာပြီး သွားပါလေ၊ ကဲ ပြန်တော့မှာဆို ပြန်လေ၊ တော်ကြာ အချိန်နောက်ကျနေမယ်"

နေနိုင်မှ "ဓာတ်ပုံတွေ လက်ဆောင်ပေးတဲ့အတွက်တော့ သိပ်ကို …င်ပါတယ်၊ ဒီကပြန်ရင် အမေ့ကို ဒီဓာတ်ပုံတွေပြပြီး …ယ်လောက်လှကြောင်း ကြွားရမယ်"

ဟုတ်တယ်။ အငုံက သိပ်လှတယ်။ ဒါကြောင့် အငုံနားက ဘယ်မှမသွားချင်အောင် အငုံကို ကိုယ်သိပ်ချစ်မိပြီဆိုသည့်စကားလုံးများက ဖေယျာတုရင်ထဲမှာ စီးဝင်ပျံ့နှံ့နေပါသည်။

အငုံက သူ့ဓာတ်ပုံတစ်ပုံကို စိတ်ဝင်စားစွာ ဆွဲထုတ်ကြည့်ပြီး ပြန်ထည့်သည်အထိ အနားမှာအတူရှိနေသူထံက ဘာသံမှထွက်မလာသဖြင့် အငုံ ဖျတ်ခနဲလှည့်အကြည့်

အငုံကို တစ်ခါမှမမြင်ဖူးသူတစ်ယောက်လို စိုက်ကြည့်နေသူ၏ မျက်လုံးများအောက်မှာ အငုံတစ်ကိုယ်လုံး ထူပူကာ ပါးလေးတွေပါရဲနီသွားသည်။

"အငုံ"

အငုံမထူးမိ။

အငုံကို ဘယ်လိုကြီးကြည့်နေမှန်းမသိ သူနှင့်သာမျက်နှာ





ချင်းမဆိုင်ဝံ့တိုင်း မျက်လွှာကိုချလျှက် ဦးခေါင်းကိုပါငုံ့ပစ်ပါသည်။

"ကိုပြန်သွားရင် အငုံသတိရနေမှာလား"

"အမြဲတော့ ဘယ်သတိရနိုင်ပါ့မလဲ ဦးလေးကြီးရယ်၊ အငုံတို့ဘဝက တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ လူတစ်ယောက်ကို အချိန်ပေးပြီး သတိရနေနိုင်လောက်အောင် အချိန်မို မရှိပါဘူး"

"ဒီလိုပြောလို့ အငုံကို စိတ်ဆိုးချင်လည်းဆိုးပါ၊ အငုံကတော့ အငုံရင်ထဲရှိတဲ့အတိုင်းပဲ ပြောတတ်တယ်"

"ကို့ကိုသာ သတိမရတာပါ၊ ဟိုကောင်လေးကိုတော့ အချိန်မရွေး နေရာမရွေး အငုံ သတိရနေမှာမဟုတ်လား"

"ဘယ်ကောင်လေးလဲ"

"အငုံရဲ့ အစ်ကိုဆိုတာလေ"

"အို"

အငုံရဲ့အစ်ကိုဆိုတာနှင့် အငုံ မျက်နှာလေးပျက်သွားသည်။ ဟိုတစ်နေ့က အငုံနှင့် ပြဿနာတက်သွားပြီးထဲက အစ်ကို့မောင်ကို အငုံ လုံးဝအတွေ့မခံဘဲ ရှောင်ပြေးနေမိသည့်အဖြစ်ကို သွားသတိရသွား၍ပါ၏။

အငုံအပေါ်မှာ အနိုင်ယူသော အစ်ကို့ကို အငုံမုန်းပါသည်။ အိမ်ကိုလာတိုင်းလည်း အငုံထွက်မတွေ့။ အငုံထွက်မလာတော့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက အမေနှင့်စကားပြောပြီး ပြန်သွားရသည်။ အခန်းထဲမှာ အငုံရှိနေတာသိပေမယ့် ဖွတ်ဝင်မလာခဲ့။

"အငုံ"

"ရှင်"

"ကိုပြောလိုက်တာနဲ့ အငုံချစ်သူကို ချက်ချင်းသတိရသွားပြီလား"

"ဦးလေးကြီးနော်၊ အငုံတို့အကြောင်းမသိဘဲနဲ့ အစ်ကို့ကို ဘာကိစ္စ အငုံချစ်သူလို့ပြောရတာလဲ"

"မဟုတ်လို့လား"

"မဟုတ်လို့ပေါ့၊ အငုံလိုဆင်းရဲသူမကို ဘယ်သူမှ မချစ်ကြ မကြိုက်ကြပါဘူးလေ၊ တကယ့်တကယ် ချစ်ကြကြိုက်ကြမယ်ဆိုရင်လည်း ဘယ်မိဘကမှ သူတို့သားကို အငုံလို မိန်းကလေးတစ်ယောက်နဲ့ သဘောတူကြပါ့မလည်း ဦးလေးကြီးရဲ့"

ပြောရင်း အငုံမှာ သူ့မဘဝကို သူမ ဝမ်းနည်းလာကာ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာ၏။ အငုံမျက်ရည်တွေမြင်တော့ ဖေယျတုလန့်သွားကာ ဘာလုပ်ရမှန်းမသိဘဲ ပြာသွားသည်။

"မငိုနဲ့လေ အငုံ၊ ကိုက အငုံချစ်သူထင်လို့ ပြောမိတာပါ"

"ဟုတ်တယ် အစ်ကိုသင်းမောင်က အငုံကိုချစ်နေတယ်၊





အစ်ကိုမိဘတွေက သူတို့သားကို အငုံနဲ့ လုံးဝသဘောမတူဘူး၊ သူတို့သဘောတူတာက ရွာထဲက သူဌေးသမီး နှင်းအိနဲ့ပဲ၊ နှင်းအိကလည်း အစ်ကို့ကိုချစ်တယ်၊ အစ်ကိုက အငုံကိုချစ်တယ်၊ ဘယ်လောက်ရယ်စရာကောင်းလဲ"

ဘယ်လောက်ရယ်စရာကောင်းလည်းဟု ပြောသူက အီးခနဲ ငိုချလိုက်တာကြောင့် ဖေယျတုမှာ အငုံကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူသိမ်းပွေ့ထားချင်စိတ်ကို မနည်းချုပ်တည်းမြိုသိပ်လိုက်ရသည်။

အငုံက ကိုယ့်ခံစားချက်နှင့်ကိုယ်။ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုနေဆဲ။ တကယ်လည်း အငုံရင်ထဲ လှိုက်နေအောင် ဝမ်းနည်းသည်။ အစ်ကို့ကိုမချစ်ရ၍ကမဟုတ်။ မရှိဆင်းရဲသားအဖြစ် အနိမ့်ခံရသော သူ့မဘဝအကျိုးပေးအတွက်ဖြစ်သည်။

ဖေယျတုဘက်ကြတော့ အငုံငိုနေတာကို အတွေးတစ်မျိုး မြင်မြင်ပြီး အငုံ အငိုတိတ်သည်အထိ ထိုင်စောင့်နေ၏။ အငုံရှိုက်သံလေးစဲသွားမှ သူပြောလိုသည့် စကားကိုပြောသည်။

"အငုံကရော အဲဒီကောင်လေးကိုချစ်လို့ ငိုနေတာလား"

"ဟမ်"

အငိုမျက်နှာနှင့် ဖေယျတုဆိုသည့်လူကြီးကို အငုံ မကျေနပ် ဆတ်ခနဲလှည့်ကြည့်တော့ အငုံကို စိုက်ကြည့်နေသူ မည်း



www.burmeseclassic.com

www.burmeseclassic.com



သည် မျက်နက်ဝန်းတွေဆုံရပြန်သည်။

"အဲဒီကောင်လေးကို အင့်ချမ်းနေတယ်ဆိုရင်လည်း"

"မချစ်ဘူး မချစ်ဘူး၊ မချစ်လို့ အင့် သူ့ကို အတွေ့မခံဘဲ တမင်ရှောင်နေတာပေါ့၊ ချစ်နေမှဖြင့် ဒီလိုတောင်ငိုနေစရာမလိုဘူး၊ သူခေါ်တဲ့နောက် ဖြစ်ချင်ရာဖြစ်လိုက်သွားရုံပဲ"

မျက်ရည်တွေကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း ဒေါပွပွနှင့် အင့်ဆိုသည်။ အင့်စိတ်ထဲမှာလည်း အင့်မတွေ့ချင်မှန်း သိသိနှင့် အင့်အိမ်ကို လာလာနေသော အစ်ကိုသင်းမောင်ကိုလည်း မကျေနပ်။ သူ့ကြောင့် အမေက အင့်ကို သက်ပြင်းတစ်ချချနှင့် စိတ်မချဖြစ်နေသည်။

"မချစ်ဘူးဆိုပြီး အင့်က ဘာလို့ငိုရတာလဲ"

အရေးထဲ ဒီလူကြီးကလည်းတစ်မျိုး။ အင့်ကို တရားခံစစ်သလို တစ်ခုချင်း တစ်ပိုင်းချင်း အသေးစိတ်စစ်ဆေးသလိုမေးနေတော့ အင့်မှာ ပိုစိတ်ညစ်လာသည်။

"အင့်ကိုက ဆင်းရဲလို့၊ သူများအနှိမ်ဘဝနဲ့နေရတာကို ဝမ်းနည်းလို့ပေါ့၊ အင့်သာ သူဌေးမလေးဖြစ်ရင် အင့်ကို ဘယ်သူမှ အခုလို အနိုင်ကျင့်ရဲကြမှာမဟုတ်ဘူး"

"နှိမ့်ချစော်ကားရဲကြမှာမဟုတ်ဘူး၊ ဒီစကားတွေ ဦးလေးတို့လို သူဌေးတွေကို ပြောနေလို့လည်း နားလည်မှာမဟုတ်ပါဘူး





လေ၊ အင့်ဘဝနဲ့ အင့် ခံစားချက်ပါ"

"ခုထဆိုပြီး အင့်ထွက်လာတာ အိမ်မှာ အမေက သိပ်နေကောင်းတာမဟုတ်ဘူး အင့်ပြန်တော့မယ်"

"အင့်"

ဖေယျတုခေါ်ပေမယ့် အင့် လှည့်မကြည့်တော့ဘဲ လာရာလမ်းအတိုင်း ဓာတ်ပုံအိတ်လေးကိုပိုက်ကာ တစ်အားပြေးထွက်သွားလိုက်ပြီမို့ ဖေယျတုလည်း ဘာမှမတတ်နိုင်သည့်အဆုံး အင့်နောက်ကျောပြင်လေးကိုသာ ငေးလျက်ကျန်ရစ်သည်။

လမ်းချိုးကွေ့လေးတစ်ခုမှာ အင့်ပျောက်သွားမှ အသင့်ရပ်ထားသည့် ကားရှိရာ သူပြန်လျှောက်လာခဲ့သည်။

ဖေယျတုကားလေး နေရာကထွက်သွားပြီးနောက် မြင်ကွင်းက တဖြည်းဖြည်းဝေးသွားသည်အထိ သစ်ပင်ကြီးတစ်ခုအကွယ်က ငေးကြည့်နေသည့် အင့်ကိုက မည်သူမျှမတွေ့လိုက်။

ဖေယျတုကတော့ တနင့်တပိုးသော ခံစားချက်တွေကို ရင်နှင့်မဆန့်အောင် ပွေ့ပိုက်ကာ လာရာလမ်းအတိုင်း ခွတ္တာမြိုင်ရှိရာသို့ ပြန်လာခဲ့ရပြီဖြစ်ပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အေရီရယ် အခြေအနေ ဘယ်လိုလဲ သိပါရစေ ဒေါက်တာ"

"အခုတော့ လုံးဝစိတ်ချရတဲ့ဘက်ကို ရောက်သွားပါပြီ ဦးဇေယျတု၊ ဖြစ်စကတော့ ကျွန်တော်တို့ အတော်ချေးပျံသွားတာဗျာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ရပါတယ်ဗျာ အချင်းချင်းတွေပဲ၊ ခင်ဗျားမိန်းမကိုသာ ဂရုစိုက်ပါ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီဒေါက်တာ"

ဆရာဝန်ကြီးဦးသာမြတ်ကို ဇေယျတုကိုယ်တိုင် ကားနား အထိ လိုက်ပို့ပြီးမှ အေရီရယ်အခန်းကို သူပြန်လာခဲ့သည်။ အေရီရယ်က ဖျော့တော့ပါးလှပ်သောအသွင်ဖြင့် နှစ်မြိုက်စွာ အိပ်ပျော်နေ





တာ သူငေးကြည့်နေမိသည်။

အေရီရယ်ကို ဆေးရုံတင်လိုက်ရသည်။ အမြန်လာပါဟု ဦးစိန်ကိုယ်တိုင်လိုက်လာပြီး အကြောင်းကြား အသိပေး၍ ဇေယျတု ပြန်လာခြင်းဖြစ်သည်။ ဒီရောက်တော့ အေရီရယ်ကို ဆေးရုံမှာ သုံးလေးရက် အခြေအနေစောင့်ကြည့်ပြီးမှ အိမ်ကိုပြန်ခေါ်လာခြင်းဖြစ်သည်။

ဤသည်မှာလည်း ဇေယျတုဆန္ဒမဟုတ်။ အေရီရယ်စိတ်။ အေရီရယ်ဆန္ဒအတိုင်း သူ့ဘက်က အတတ်နိုင်ဆုံး လိုက်လျောဖြည့်ဆည်းပေးခြင်းဖြစ်သည်။

အောင်မိုးက သူ့နောက်မှ ရွာကပြန်လာပြီး အေရီရယ် အခြေအနေလာကြည့်သည်။ အေရီရယ်အခြေအနေ စိတ်ချရပြီဆိုမှ သူလည်း နယ်ကိုပြောင်းရွှေ့မိန့်ကျပြီဖြစ်၍ တစ်ခါထဲ နှုတ်ဆက်ကြောင်းပြောမိသည်။ အငုံ့အကြောင်းမေးချင်ပေမယ့် သူ့ကိုယ်သူ မေးမိအောင် တခြားအကြောင်းအရာများဖြင့် ပြောင်းလွှဲသည်။

အငုံ့ကိုချစ်သည်။ မြတ်နိုးမိသည်ကတစ်ပိုင်းဖြစ်သော်လည်း လက်ရှိမှာ ဇေယျတုဆိုတာ အိမ်ထောင်သည်တစ်ယောက်မျှသာ။ လင်မယားနှစ်ယောက် တစ်ယောက်တစ်ခန်းစီ ခွဲနေသည်မှာ သုံးနှစ်ရှိပြီဖြစ်ပေမယ့် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းကမဟုတ်။

လူကသာ ခတ္တာမြိုင်ကို ပြန်ရောက်လာပေမယ့် သူ့စိတ်

www.burmeseclassic.com



ဝိဉာဉ်ကတော့ အငုံအပါးသာ ရစ်ဝဲလျက်ကျန်ရစ်သည့်အဖြစ်ကို ဓေယျတုပဲသိသည်။ သူ့အခန်းထဲမှာ အငုံဓာတ်ပုံရှိသည်။ သူ့စိတ်ကြိုက် ဓာတ်ပုံကိုကူးယူပြီး မှန်ဘောင်ဖြင့် သူ့အိပ်ရာဘေးမှာ ထားသည်။

အိပ်ရာဝင် အိပ်ရာထ။ အလုပ်သွား အလုပ်ပြန်ချိန်တိုင်း အငုံ့ပါးပြင်နုကို ငုံ့နမ်းပြီး နှုတ်ဆက်တတ်သည်မှာ ဓေယျတု၏ နေ့စဉ်မပျက်ကွက်သော တာဝန်ဝတ္တရားဖြစ်သည်။

ဤမျှအငုံကို မြတ်နိုးစွဲလမ်းသည်။ သတိရတမ်းတသည်။ အခုဆိုလျှင် အငုံနှင့်ခွဲခွာလာရသည်မှာ တစ်လပြည့်တော့မည်။ ဆန္ဒရှိတိုင်း အငုံရှိရာ ပြေးသွားချင်သည့် သူ့စိတ်ရိုင်းကို မနည်းချုပ်တည်းနေရသည်။ မဖြစ်နိုင်ဘူးဟု သူ့ကိုယ်သူ နားနားတင်းကျပ်လေ အငုံပေါ်မှာ စွဲလမ်းမှုဝေဒနာက ပိုမိုပြင်းထန်လေဖြစ်နေခြင်းကိုက ဓေယျတုကိုယ်တိုင်ပင်မသိ။

ဟောက်ဂျားဝီသ၍ ဆုံးဖြတ်ချက်ခိုင်မာသူဖြစ်သည့်အတိုင်း ရောဂါသည် ဇနီးသည်အား ကွာရှင်းပြီး တခြားတစ်ပါးသောသူကို လက်ထပ်ရန်တော့ စိတ်မကူး။ အိမ်ထောင်ရေးဖောက်ပြန်ပြီး ဂုဏ်သိက္ခာမဲ့။ အရှက်မဲ့သူတွေနှင့် တစ်တန်းတစ်စားတည်း အဖြစ် မခံနိုင်။

အရေးရယ်ရှိနေသ၍တော့ အငုံကို မည်မျှပင်ချစ်ခင်မြတ်နိုး





ပါစေ။ လက်မထပ်ဟု ပြတ်သားစွာ ဆုံးဖြတ်ထားသူဖြစ်သည့် အတိုင်း အငုံဆိုသည့် ချစ်စရာယမင်းရုပ်ကို သူ့ဘာသာ တိတ်တိတ် ဆိတ် သိမ်းဆည်းလျက် တစ်ယောက်တည်း ကျိတ်မြတ်နိုးကာ တသသဖြစ်နေသူဖြစ်သည်။

"ဆရာ"

"ပြောပါ ဒေါ်ပု"

"မနက်ဖြန်ဘဲ ဒေါ်ပု တူမလေးရောက်လာမယ်ဆိုတာ ပြောချင်လို့ပါ"

"ဦးစိန်ကို အကြိုလွှတ်ဖို့ ကျွန်တော်ပြောထားပြီးပါပြီ၊ ဒါမှမဟုတ် ဒေါ်ပုကိုယ်တိုင်ပဲ သွားကြိုချင်လား"

"ဖြစ်နိုင်မယ်ဆိုရင်တော့ ကလေးကို ဒေါ်ပုကိုယ်တိုင်ပဲ သွားကြိုချင်ပါတယ်ဆရာရယ်၊ သူ့ခမျာ အမေလုပ်တဲ့သူကလည်း အခုမှဆုံးကာစဆိုတော့ သိပ်ကိုဝမ်းနည်းအားငယ်နေရှာချိန်မို့ပါ"

"ကောင်းပြီလေ၊ ဦးစိန်နဲ့အတူ ဒေါ်ပုပါလိုက်သွားပေါ့ ဒါပဲမဟုတ်လား"

"ဟုတ်ကဲ့"

ဓေယျတုက ဒေါ်ပု၏တူမ မိဘမဲ့တစ်ကောင်ကြွက်လေးက ဓတ္တာမြို့ရှိ သူ့အဒေါ်ရှိရာလိုက် လာတော့မည်ဆိုသည့်အကြောင်း ဒေါ်ပုက ဓေယျတုကို ကြိုတင်ပြောပြသဖြင့် သူကလည်း ကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမပြဘဲ လက်ခံလိုက်သည်။ ဒေါ်ပုတူမလေးရောက်လာခြင်းဖြ ခတ္တာမြို့င်မှာ အလုပ်သမား အမြဲလိုနေသည့် ပြဿနာကို ဖြေရှင်းပြီးသားဖြစ်သွားလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်

အခုလောလောဆယ်တော့ ဆရာဝန်ကြီး ဦးသာမြတ် အစီအမံဖြင့် အေရိုရယ်နားမှာ ဆရာမရှိနေသည်။ ဘယ်အချိ အေရိုရယ်လက်ချက်နှင့် ပြန်ပြေးမည်ဟူ၍ကမသိ။ ဒီနေ့ ဧယျတ အလုပ်ကိုမသွား။ အေရိုရယ်နှင့်အတူ ခတ္တာမြို့င်မှာ အတူရှိနေသ အတွက် ဒေါ်ပုနှင့် ဦးစိန်တို့ အပြင်ထွက်နိုင်ကြခြင်းဖြစ်သည်။

ဦးစိန်၏ ကားထွက်သွားသံကြားလိုက်ရသည်။ ဧယျ လည်း အေရိုရယ်နားကခွာကာ သူ့အခန်းထဲဝင်ခဲ့သည်။ အိပ်ခ တံခါးကိုပိတ်လိုက်တာနှင့် လှပသည့် ချစ်သူက ပင်ပန်း နွမ်းနေ နေသော ဧယျတုနှလုံးသားကို ပိုက်ထွေးချော့မြူလိုက်၏။

ဧယျတုက အငုံဓာတ်ပုံလေးကို အကြာကြီးစိုက်ကြည့် မှ မျက်နှာလှလှလေးကို ဖွဖွနမ်းကာ အငုံပုံလေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ပိုက်ပွေ့ထား၏။

ချစ်လိုက်ရတာ အငုံရယ်။

အငုံသာ ကိုယ့်ဘဝထဲမှာ အတူရှိနေမယ်ဆိုရင် ကို့လော ပျော်မယ့်သူ ဒီကမ္ဘာမှာရှိမှာမဟုတ်ပါဘူးကွယ်။

အငုံ့ကို ကိုချစ်တယ်။





မျက်လုံးကိုမှေးမှိတ်လိုက်ပြန်တော့လည်း အငုံပုံရိပ်က ဧယျတုနှင့်အတူပါလာပြန်သည်။ ကြည်သာရွှင်ပျသော အငုံကိုယ် လေးကို အငမ်းမရ ဖမ်းယူထွေးဖက်တော့ အငုံက အသံထွက်၍ ရယ်၏။ သူပြုသမျှနှ၍ သူဆိုးချင်တိုင်းဆိုးသမျှ အငုံက မြတ်နိုး စရာကောင်းအောင် သည်းခံနေလျှင် ဧယျတုမှာ

အငုံအမည်ကိုသာ ထပ်ခါတစ်လဲလဲ မချင့်မရဲကြီး ညည်း တွားလျက်။ သက်ရှိလူသားမလေး အငုံရှိရာသို့သာ တစ်အားပြေး သွားချင်နေမိ၏။ ဤသည်က ခတ္တာမြို့င်၏အရှင်သခင် ဧယျတုမှ အငုံဆိုသည့် ချစ်ရသူလေးနှင့်ပတ်သက်၍ ကျိုတ်မနိုင်ခဲမရ သူ တစ်ယောက်တည်း အရူးကြီးတစ်ယောက်လို ဖြစ်နေသည့်အချိန်။

အငုံ စင်စစ်သည်ကား သူမကိုလာကြိုမည့် ကြီးတော် ဒေါ်ပုအလာကိုသာ ရှိစုမဲ့စု အထုပ်တလေးပိုက်၍ မျက်စိသူငယ် နားသူငယ်ဖြင့် ဒေါ်ပုစောင့်ခိုင်းထားသည့် ကားဂိတ်တစ်နေရာမှာ တိတ်ဆိတ်မှိုင်ငေးစွာ စောင့်လျက်ရှိပါသည်။

အမေဆုံးပြီးနောက် ရွာမှာ အငုံတစ်ယောက်တည်း ဘယ်လိုမှ ဆက်နေ၍မဖြစ်သည့်အဆုံး ကြီးတော်ဒေါ်ပုထံ စာရေး ဆက်သွယ်ပြီး ဒေါ်ပုအလုပ်လုပ်သည့်အိမ်သို့ လိုက်လာရခြင်းဖြစ် သည်။

မလိုက်လာလို့ကလည်းမဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသင်းမောင်နှင့် အငုံ့ကိစ္စကို တစ်ရွာလုံးနီးပါး သိကုန်ကြသည်သာမက အငုံမှလွဲ၍ တခြားဘယ်မိန်းကလေးကို လက်မထပ်ပါဆိုသည့် အစ်ကိုသင်းမောင်ကြောင့် အစ်ကိုသင်းမောင်မိသားစုက အငုံကို သတ်ပစ်ချင်နေလောက်ပင် အမုန်းကြီးမုန်းသွားကြသည်။

နှင်းအိမိဘအသိုင်းအဝိုင်းကလည်း ကိုသင်းမောင်မိသား သဘောထားနှင့် တစ်ထပ်တည်းဖြစ်ရာ နောက်ဆုံး ဆူးကြားက ခါးဘဝအဖြစ် ရေတိမ်မှာ အနစ်မခံသည့်အဆုံး ဤကဲ့သို့ ရန်ပြု မည့်သူများနှင့်ဝေးရာသို့ ရှောင်ပုန်းထွက်ပြေးလာခဲ့ရခြင်းဖြစ်သည်။

အငုံ့ရွာကထွက်လာတာ မည်သူမျှမသိ။ သိအောင်လည်း ထွက်မလာရဲ။ အစ်ကိုသင်းမောင်ရန်ကိုကြောက်၍ အငုံအနားမှာ အဖော်အမြဲခေါ်ထားရသည်။ ဒါကို အစ်ကိုသင်းမောင်ကလည်း သည်။ လူအလစ်မှာ အငုံကို ခိုးပြေးဖို့စီစဉ်ထားပေမယ့် အငုံ အစ်ကိုသင်းမောင်ခေါ်ရာကို မလိုက်။

အနားကိုပင် အကပ်မခံဘဲ ခပ်တည်တည်ခပ်စိမ်းစိမ်း အစ်ကိုသင်းမောင်ကို ဆက်ဆံလေ အစ်ကိုသင်းမောင်က အငုံ ပို၍အကြမ်းဖက်ဖို့ ကြိုးစားလေဖြစ်သည်။ ဒါကိုသိ၍ အစ်ကို တွေကလည်း အစ်ကိုသင်းမောင်နောက်မှာ လူတွေတစ်ပြုံ အစောင့်ချထားသည်။ အစ်ကိုသင်းမောင် လှုပ်ရှားမှုမှန်သမျှ မျှ





ဒေါက်ထောက်ကြည့်သည်။

အစ်ကိုသင်းမောင် စိတ်ထင်တိုင်းကျဲချင်သော်လည်းမရ။ နှင်းအိရန်ကတစ်မျိုး။ အမေသေလို့မှ ကောင်းကောင်းလွမ်းချိန်မရ။ အခုတော့ အငုံအပေါ်ကျရောက်လာမည့် အန္တရာယ်တောက လွတ်မြောက်လာခဲ့ပြီဟုဆိုရမည်။

အမေပြောသလိုပင် ခတ္တာမြို့မှာ အလုပ်ဝင်လုပ်ရင်း အငုံရည်မှန်းထားသည့်အတိုင်း ဘွဲ့တစ်ခုရအောင်ယူမည်။ ဒီနှစ် အငုံရော ကိုကိုတင်ပါ စာမေးပွဲအောင်ကြသည်။ အမေမရှိတော့ အငုံမှာ မပျော်နိုင်။

"ကျွီး"

ကားအကောင်းစားကြီး အငုံ့ရှေ့ရပ်လာတော့ အငုံလန့်သွားချက်မှာ ကားထဲက ကြီးတော်ဒေါ်ပု မျက်နှာဝိုင်းဝိုင်းကြီးပေါ်လာသဖြင့် အငုံ ဝမ်းသာသွားသည်။

"ကြီးတော်"

"အငုံ လာ လာ ကားပေါ်တက်၊ ညည်းအဝတ်အိတ်ကိုပေး"

"ရော့ ကြီးတော်"

အငုံက သူ့လက်ထဲကအဝတ်အိတ်ကို ကြီးတော်ဒေါ်ပု လက်ထဲ ဝမ်းသာအားရကမ်းအပေး



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး လေးလိုက်တာအငုံရယ်၊ ဘာတွေများ ဒီလောက် အလေးအပင်ခံပြီး သယ်လာရတာလည်းဟဲ့"

"အမေအမြဲသုံးနေကြ သနပ်ခါးကျောက်ပြင်လေးပါ ကြီးတော်ရယ်"

"သောက်ကျိုးနဲ့အေရယ်၊ သနပ်ခါးကျောက်ပြင်များ အမေ့ကိုယ်စား အလွမ်းပြေသယ်လာခဲ့ရတယ်လို့ပဲ ညည်းနှယ် မြှင် ကိုယ်စား တခြားဟာ ပေါ့ပေါ့ပါးပါးများ ထည့်ယူခဲ့ပါတော့လား"

ကြီးပုဆူတော့ အငုံက မျက်နှာငယ်လေးနှင့် သူမအဒေါ်ကို မော့ကြည့်သည်။

"တခြားအမေ့အသုံးအဆောင်ပစ္စည်းတွေလည်း ပါပါ တယ်ကြီးပုရဲ့၊ ဒီကျောက်ပြင်လေးက အဖေက အမေ့ကို အမှတ် တရလက်ဆောင်ပေးထားတဲ့ အမေ့အမွေ အမေအမြတ်နိုးဆုံး ပစ္စည်း လေးမို့ပါ"

"အောင်မလေး မယ်မင်းကြီးမရှင်းပြကာမှ ငါပါပို့ရှုပ်ကုန် ပြီ၊ ကဲ ကဲ ကားပေါ်အရင်တက်၊ အိမ်မှာက ဘယ်သူမှရှိတာမဟုတ် ဘူး"

"ဆရာနဲ့လူမမာသည်ကို ဒီအတိုင်းပစ်ထားပြီး ညည်းလာ ကြိုရတာ၊ လွယ်တယ်မထင်နဲ့ကလေးမရေ၊ အင်မတန် စိတ်သဘော ထားပြည့်တဲ့ အလုပ်ရှင်သူဌေးမို့သာပလေ"





"မောင်းတော့ ဦးစိန်ရေ"

ဗူး။

ဦးစိန်က တူမနှင့်အဒေါ်ဖြစ်သူကို ဘာမှမပြောဘဲ သူ့ကား ကိုနေရာက ဝေါခနဲမောင်းထွက်သည်။ ဒေါ်ပုက တစ်လမ်းလုံး အမေအကြောင်း ရပ်အကြောင်း ရွာအကြောင်းနှင့် တခြား သိချင်သည့် လူတွေအကြောင်း စုံနေအောင်မေးသဖြင့် အငုံမှာ တိုကြာကြာတပြီး မငိုလိုက်ရ။

ကြီးပုမေးတာတွေဖြေနေရတာနှင့်ပင် ကြီးပုနေသည့် ကြီးကို ဘယ်လိုဘယ်ပုံ ရောက်လာရမှန်းမသိတော့သည့်အထိ သည်။

"ကိုင်း အိမ်တော့ရောက်ပြီ၊ အခုမှ အရေးကြီးတဲ့စကား ပြောရဦးမယ်၊ ဒီမှာက သူဌေးရော သူဌေးကတော်ပါ သဘောမနော ကောင်းကြတယ်အေ့ သိလား"

"ညည်းသာ လိမ်လိမ်မာမာနဲ့ စိတ်ရှည်သည်းခံနိုင်မယ် ရင် ကြီးပုနဲ့ မခွဲမခွာ တို့တူဝရီးနှစ်ယောက် ဒီအိမ်ကြီးမှာ အတူနေ ရုံပဲ၊ အလုပ်ကလည်း ညည်းတို့ရွာမှာလို ဘာတစ်ခုမှ ပင်ပင် ပန်းပန်းတော့ လုပ်စရာမလိုပါဘူး၊ လူမမာ သူဌေးကတော်ကို ပြုစုရုံပဲ ညည်းလုပ်နိုင်ပါ့မလား"

"လူမမာပြုစုတာလောက်တော့ ပြောနေစရာတောင်



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး ကြီးပုရယ်၊ အမေ့ကို အငုံ့ကိုယ်တိုင် ချေးသေးကအ
ပြုစုလာတာပါ''

ပြောရင်း ဝမ်းနည်းလာကာ အငုံ့အသံလေးမှာ ငိုသံဖ
စွက်သွားရလျက် မျက်လုံးအိမ်မှာ ပြည့်လာသည့် မျက်ရည်မျ
ကိုပါ မျက်တောင်ရှည်ကြီးများဖြင့် တစ်ဖျတ်ဖျတ်ခတ်ထုတ်လိုက်
ပါသည်။ အိမ်ရှင်များမြင်တွေ့သွားလျှင် မကြိုက်ကြမည်စိုး၍ပါ

''အေးပါအေ၊ အငုံ့အမေကိုပြုစုတာလည်း ပြုစုတ
တစ်ပိုင်းပေါ့၊ ဒီကသူဌေးကတော်ကို ပြုစုရမှာနဲ့တော့လည်း မ
ပြန်ဘူးကွဲ့ အငုံ့ရယ်''

''အိုဗျာ ကလေးမလေးနားရှုပ်အောင်၊ ဟိုလိုတွေဒီလိုတွေ
နားခံသာအောင် လှည့်ပတ်ပြီးလျှောက်ပြောမနေစမ်းပါနဲ့ ဒေါ်ပုရဲ''

''အဖြစ်မှန်ကို အဖြစ်မှန်အတိုင်းသာ ပြောပြလိုက်၊ ဒါမှ
သူ့ခမျာ ဘယ်လိုနေ ဘယ်လိုထိုင်ဆိုတာ နားလည်မှာပေါ့''

''အေးလေ ငါကလည်း ပြောမလို့ပါပဲ''

''အခုမှ ပြောမလို့ပါလုပ်မနေနဲ့၊ တော်ကြာ အကြောင်း
မသိလို့ ဟိုနားသွားမိရင် ခင်ဗျားတူမနဖူး အာလူးသီးထွက်မယ်ဗျ
မှတ်ထား''

ကြားထဲက ဦးစိန်က စိတ်မရှည်ဘဲ ဒေါ်ပုကိုယ်စား
ဝင်ပြောခြင်းဖြစ်သည်။





''ဒီမှာကလေးမလေး ညည်းအခုတာဝန်ယူပြုစုရမှာက
ဦးလေးတို့အလုပ်ရှင် သူဌေးကတော်ပေမယ့် သူက နှစ်ရှည်လများ
ရောဂါဝေဒနာသည်အဖြစ် အိပ်ရာပေါ်နေလာရတာ၊ သူ့စိတ်နဲ့
သူ့ကိုယ်တောင်မတည့်တဲ့ လူစားမျိုးကွဲ့''

''သူ့ဒေါသဖြစ်လို့ကတော့ ဘာသောညာသော နား
မလည်ဘူး သူ့အနီးအနားရှိတဲ့ ပစ္စည်းနဲ့ထုချင်ထု ရိုက်ချင်ရိုက်နဲ့
အရူးလိုဖြစ်နေတာ၊ ရှင်းရှင်းပြောရရင် သူ့ဒဏ်မခံနိုင်လို့ ငွေဘယ်
လောက်ပိုပေးပိုပေး သူ့နား ဘယ်သူမှ မနေချင်ကြလို့ လစ်ပြေးတဲ့
လူချည်းပဲ''

''ဒီတစ်ခါတော့ ညည်းအလှည့်ပဲ၊ ကိုယ့်ဘာသာကိုယ်
အခုထဲက ဘယ်လိုနေမယ် ဘယ်လိုထိုင်မယ်ဆိုတာ တစ်ခါတည်း
စဉ်းစားထားနိုင်အောင် ဦးလေးက စေတနာနဲ့ အသိပေးတာ''

''ညည်းအခေါ်လုပ်ပုံနဲ့ အကြောင်းမသိဘဲ မမနားသွား
ကပ်လို့ကတော့ ထိပ်ပေါက်ခေါင်းကွဲဖြစ်မှာပဲ''

''ကြောက်စရာကြီးပါလား၊ ဦးလေးရယ်၊ အငုံ့ သူ့နားသွား
လို့မှဖြစ်ပါ့မလား''

အငုံ့ တကယ်ကြောက်သွားသည်။ အလုပ်လုပ်ရမည်ဆို
တုန်းကလည်း မကြောက်။ လူမမာပြုစုဖို့ကြတော့ဝန်မလေး။ အနား
ရောက်လာသူကို ထိပ်ပေါက်ခေါင်းကွဲအောင်လုပ်သည်ဆိုမှတော့



www.burmeseclassic.com

www.burmeseclassic.com



အငုံလည်း ကြောက်သည်ပေါ့။

ကိုယ့်ဘာသာ စိတ်ဆင်းရဲနေရသည်ကတစ်မျိုး။ အလုပ်ရှင်က အလုပ်လုပ်ပေးရုံနှင့်မပြီး လူကိုပါ ထုရိုက်ပေါက်ခွဲဦးမည်ဆိုတော့ အငုံ မျက်နှာလှလှလေးပါ ငိုမဲ့မဲ့ဖြစ်လာ၏။

"အဲဒီလောက်တော့လည်း မမကမဆိုးပါဘူးကွယ်၊ သူက အမြဲတမ်းကြီး ဖြစ်နေတာတော့ မဟုတ်ပါဘူး၊ ဖြစ်လာသည့်တိုင်အောင်လည်း အငုံအနားမှာ ဒေါ်ပုတစ်ယောက်လုံးရှိပါတယ်ကလေးရယ်"

"အငုံကို ဒေါ်ပုက ဖြစ်ချင်ရာဖြစ် ဒီအတိုင်းပစ်ထားပါ့မလား၊ လာ လာ အိမ်ထဲသွားကြမယ်"

အငုံလက်ကိုဆွဲပြီး ဒေါ်ပုက ခတ္တာမြိုင်၏အိမ်နောက်ဖေးမီးဖိုဆောင်ဘက်မှ ဖြတ်ဝင်သွားခိုက်မှာပင် ခတ္တာမြိုင်၏အရှင်သခင်ဖေယျတုက အိမ်ရှေ့ထွက်လာပြီး ဒရိုင်ဘာဦးစိန်နားရောက်လာပါသည်။

"ကားသံကြားလို့ ထွက်ကြည့်တာ၊ သွားကြိုတဲ့လူရောပါလာရဲ့လား"

"ပါပါတယ် ဆရာ၊ အခုလေးတင်ပဲ ဒေါ်ပုတို့တူဝရီးအိမ်ထဲဝင်သွားကြတာပါ"

"ကျွန်တော် အပြင်ခဏသွားဦးမယ် ဦးစိန်၊ အပြန် မိုးချုပ်





သည်း စိတ်မပူကြနဲ့"

"ကောင်းပါပြီဆရာ"

ဖေယျတုကားကြီး နေရာက ဝေါခနဲထွက်သွားခိုက် အငုံသတော့ ဒေါ်ပုလိုက်ပြသည့် ခတ္တာမြိုင်ကြီး၏လုပခမ်းနားသည့်မီးဖိုဆောင်နှင့် အဖိုးတန်ပစ္စည်းအသုံးအဆောင်တွေကြားမှာ တအံ့သြ ရင်သပ်ရှုမောလျက် ငေးမောမဆုံးရှိနေပါသတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အငုံက သူမအတွက်ရရှိသည့် အိပ်ခန်းလေးအတွင်း တစ်ယောက်တည်း ငြိမ်ကုတ်လျက်။ ဒီနေ့မှ အသစ်စက်စက်တွေ့လိုက်ရသော အလုပ်ရှင်သူဌေးကတော်ဆိုသူအား ကြားကာစကလို မကြောက်နိုင်မလန့်နိုင်တော့ဘဲ စိတ်ထဲက သနားနေမိသည်။

ခတ္တာမြိုင်အိမ်ကြီးတစ်ဆောင်လုံး အဖိုးတန်ပစ္စည်းတွေနှင့် ခမ်းနားပြည့်စုံလျက် နန်းတော်ကြီးတစ်မျှ လှပနေသည့်တိုင် သူဌေးကတော် အိမ်ရှင်မဆိုသူက သူမအိပ်ခန်းထဲရှိ ထိကိုင်ရက်စရာပင် မရှိသော ခုတင်ကြီးပေါ်မှာ ပိန်လှီဖျော့တော့စွာ လှဲလျောင်းလျက် ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားနေရပုံကို မျက်စိထဲကမထွက်တော့ချေ။

သူဌေးကတော်ဆိုလို့ အသက်ကြီးကြီး အဘွားကြီးများလား အောက်မေ့ပါတယ်။ အသက်ခပ်ငယ်ငယ်ပဲ ရှိပါသေးလား။





သူအိပ်နေတုန်း သေချာ သူ့မျက်နှာလေးကိုကြည့်လိုက်မိပြန်တော့လည်း တော်တော်ချော တော်တော်လှတာပဲ။

နာမည်လေးကြပြန်တော့လည်း အေရီရယ်တဲ့။

လှလိုက်တာ လှနဲ့နာမည်နဲ့ တကယ်လိုက်တယ်။ ချမ်းသာလိုက်ကြတာကလည်း ကျိုကျိုကိုတက်လို့။ အငုံ တို့တောက လူချမ်းသာဆိုတာတွေနဲ့များ တခြားစီ။ အစ်ကိုသင်းမောင်တို့ မိဘတွေနဲ့ မိနှင်းအိတို့များ ဒီလောက်ချမ်းသာကြည့်ကြစမ်းပါလား။

လူကိုလူလို့တောင် မြင်ကြမှာမဟုတ်ဘူး။ အခုတောင် ဒီလောက်ဖြစ်နေတာ။ မမအေရီရယ်တို့လိုများ ချမ်းသာလို့ကတော့ ဖမ်းကိုမိမှာမဟုတ်ဘူး။ ငွေကြေးချမ်းသာပြည့်စုံသလောက် ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲလဲနေသော သူဌေးကတော် အကြောင်းစဉ်းစားရင်း အငုံ အတွေးတွေက ရွာပြန်ရောက်သွားခြင်းဖြစ်သည်။

အခုလောက်ဆို အငုံ ရွာကပျောက်သွားတာ အစ်ကိုသင်းမောင်သိလို့ ခေါင်းမီးတောက်နေတော့မယ်။ မိနှင်းအိနဲ့ အစ်ကိုသင်းမောင် မိဘတွေကတော့ အငုံရွာမှာမရှိတာသိရင် ဝမ်းသာလွန်းလို့ ထတောင်ကနေမလား မပြောတတ်ပါ။

အေးလေ။ အငုံလည်း အစ်ကိုကို မချစ်ပါဘူး။ ချစ်မဲ့သည့်တိုင်အောင်လည်း အငုံကို အလိုမတူ မကြည်ဖြူသူတွေကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ မနေလို့။ ရွာကိုလည်း ဘယ်တော့မှ မပြန်တော့ ကြီးပုနှင့်သ
ဤခတ္တာမြို့မှာပဲ ဖြစ်သမျှရင်ဆိုင်ပြီးနေတော့မည်ဟု ဆုံးဖြတ်သည်

ခတ္တာမြို့၏အရှင်သခင် သူဌေးဆိုသူကို အင့်မမြင်ဘူ
သေးသလို ခတ္တာမြို့အိမ်ကြီးတစ်ခုလုံးကိုလည်း အင့် လျှောက်
ကြည့်ရသေးပါ။

ရောက်ရောက်ခြင်းဆိုသလိုပင်

အသန့်ဆိုသည့် ကလေးမလေးနှင့်အတူ မမအေရီရယ်
ကြီးပုကိုယ်တိုင် ရေပတ်တိုက်ပေးရာမှ ဝင်ကူညီရသည်။ သန
သွေးပေးရသည်။ ပေါင်ဒါလိမ်းပေးရသည်။ ခေါင်းဖြီးပေးတာ
အစ ကြီးပုလုပ်သမျှကိုင်သမျှ အစအဆုံး လေ့လာမှတ်သားနေ
သဖြင့် စိတ်ရောလူရော မအားချေ။

မမအေရီရယ်ဆိုသူက ကြီးပုလုပ်သမျှ ဘာတစ်ခွန်း
မပြောဘဲ အေးဆေးစွာ ငြိမ်ခံနေပုံလေးမှာ လူကြီးအပြုစုခံနေသော
ကလေးလေးနှင့်ပင် တူလှပေ၏။ ဒရိုင်ဘာဦးစိန်ပြောသလို ဘယ်သူ
ကိုမှ ထုရိုက်ခြင်းမပြု။ နုနုဖတ်ဖတ်ကလေးနှင့် သေးသေး
သွယ်သွယ် မမအေရီရယ်က အော်ဟစ်ထုရိုက်ဖို့မဆိုထားနှင့်။

သူကိုယ်သူပင် အနိုင်နိုင်မှုရှိသူသာတည်း ကြီးပုက ခေါ်
တူမလေး အင့်ဆိုတာလေဟု မမအေရီရယ်နှင့် မိတ်ဆက်ပေးတော့
မမအေရီရယ်က ခေါင်းလေးညိတ်သည်ဆိုရုံ အဲသိအမှတ်ပြုလိုက်





ပုံလေးကိုက သနားစရာဖြစ်နေ၏။

ထိုစကားကို အင့်လို ဘာအခြေအနေမှမရှိသော သူဆင်းရဲ
မလေးထံမှ ပြန်ကြားရလျှင် မမအေရီရယ် လွန်စွာစိတ်ဆိုးမည်ကို
သိသော်လည်း အင့်က သူ့အဖြစ်သူ မသနားအား။ စိန်တွေရွှေတွေ
တောင်လိုပုံနေပါလျက် အိပ်ရာကမထနိုင်သူကိုသာ သနားမျက်ရှိ
၏။

"တီ တီ"

"ဟော့ ကားသံကြားတယ်၊ သူဌေးပြန်လာပြီလားမသိ
ဘူး"

အခန်းထဲက အပြင်မထွက်ရဲသဖြင့် အိပ်ရာထက်မှာ
ကားသံကိုနားစွင့်လျက် ငြိမ်နေခိုက် အိမ်ရှေ့တံခါးဖွင့်သံ ပိတ်သံ
ကြားလိုက်ရ၏။ အိမ်အပြန်နောက်ကျသော်လည်း သူဌေးဆိုသူ
အား မညီသူမျှစောင့်ပြီး အိမ်တံခါးဖွင့်ပေးရန်မလိုချေ။

သူဌေးတွင် အိမ်သော့အပိုရှိ၍ဖြစ်သည်။ အင့်နားစွင့်နေ
သော်လည်း နောက်ထပ်ဘာသံမှမကြားရတော့ဘဲ တစ်အိမ်လုံး
တိတ်ဆိတ်ငြိမ်ကျသွားရာ မကြာမီ အင့်ပါ နှစ်ခြိုက်စွာ အိပ်ပျော်
သွား၏။

အင့်အိပ်ရာနိုးတော့ ကြီးပုတစ်ယောက် မီးဖိုချောင်မှာ
ရောက်နေပြီဖြစ်သည်။ ညက ညဉ့်နက်မှ အိပ်ပျော်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထနောက်ကျခြင်းအပေါ် ကြီးပုကို မျက်နှာပူအားနာနေမိ၏။

"ကြီးပု အငုံ အိပ်ရာထနောက်ကျသွားတယ်"

"အိပ်ရာအပြောင်းအလွဲဆိုတော့ ဒီလိုပေါ့ အငုံရယ်၊ လာ လာ ဒီဟင်းအိုးလေး အငုံဆက်ကြည့်ထားလိုက်၊ ကြီးပု မမ အခန်းကိုသွားလိုက်ဦးမယ်"

"တီး တောင်"

"ဟော ပြောရင်းဆိုရင်းက မမလှမ်းခေါ်နေပြီ၊ ဟိုဆရာက လည်း အခုချိန်ထိရောက်မလာသေးဘူးဆိုတော့ ဟုတ်မှဟုတ် သေးရဲ့လားမသိပါဘူး"

ကြီးပုက ပါးစပ်က တညည်းညည်းတညျူညျူနှင့်ပင် မမအေရီရယ်အခန်းရှိရာသို့ စားစရာများ အသင့်ပြင်ထားသော ဗန်း တစ်ချပ်ကိုဆွဲပြီး အိပ့်အိပ့်ကိုယ်ကြီးဖြင့် နင်းလျှောက်သွားဟန်ကို အငုံငေးကြည့်ရင်း ကျန်ခဲ့သည်။

ကြီးပုအလုပ်ကလည်း မလွယ်ပါလား။ ထမင်းဟင်း လည်းချက်ရ၊ လူနာလည်းပြုစုရနဲ့။ ဒါတောင် တစ်ပတ်တစ်ခါ အိမ်ကြီးတစ်အိမ်လုံးကို သီးသန့်လာရှင်းပေးသည့်လူက သီးသန့် ရှိသေးသည်ဟုဆိုပါသည်။

ခြံစောင့်မာလီက မနက်လာညပြန်သမားဖြစ်ပြီး ဒရိုင်ဘာ ဦးစိန်။ ဒေါ်ပုနှင့် အသန်းတို့သာ ခတ္တာမြိုင်၏ အမာခံလူဖြစ်သည်။





အသန်းကလည်း အငုံနှင့်ဘာမှမထူး။ မိဘမဲ့တစ်ကောင်ကြွက်ဖြစ် သဖြင့် ပြေးစရာမြေမရှိ။ လက်ခံကျွေးမွေးမည့်သူမရှိတာနှင့် ခတ္တာ မြိုင်မှာ လာသောင်တင်နေရှာသော ဒေါ်ပု၏ဆွေမျိုးနီးစပ်ထဲကဖြစ် သည်။

အခုလည်း ဟင်းအိုးကြည့်နေသည့်အငုံနားမှာ တလည်လည် လည်နှင့် သိပ်လှသည့် အငုံကို ကွက်ကြည့်ကွက်ကြည့်နှင့် စိတ်ဝင် စားလျက်ရှိ၏။

"မငုံ"

"ဟင်"

"ဟို ထမင်းကြော်ထားတာရှိတယ်၊ စားမလားဟင် အသန်းယူပေးမယ်လေ အသန်းနဲ့ အကြီးပုကတော့ စားပြီးပြီ"

"မငုံမစားသေးပါဘူး အသန်းရယ်၊ ဒီဟင်းအိုးကျက်ရင် ဘာတွေဆက်တည်စရာရှိသလည်းဆိုတာသာ မငုံကိုပြောစမ်းပါ"

"အဲဒါတော့ အသန်းလည်း သေချာမသိဘူး မငုံရဲ့၊ အကြီးပုပြန်လာမှ သူတို့ပြောတဲ့အတိုင်း လုပ်ပေးရမှာ"

"သူတို့ဆိုတာက"

"မမအေရီရယ်နဲ့ သူ့ယောကျ်ား သူဌေးကြီးပေါ့မငုံရဲ့၊ သူတို့ပြောတဲ့အတိုင်း ချက်ပေးထားပြန်တော့လည်း သူတို့က စားချင်မှစားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အသန်းတော့ မမအေရီယာကို"

"အေရီရယ်ပါဟဲ့ နင်ကလည်း"

"အင်းပါ မမအေရီရယ်ကို အသန်းတော့ သိပ်ကြောက်တာပဲ၊ သူ့စိတ်ဆိုးရင် ကြောက်စရာကြီး"

အသန်းက ဘယ်သူမှ ရိုက်မစစ်ပဲ မမအေရီရယ်အကြောင်းကို အငုံ့နားကပ်ပြီး တိုးတိုးလေးသတင်းပေးရင်း နောက်ဘက်ကိုလည်း ကျောမလုံစွာ လှည့်ကြည့်ပါသေးသည်။ အငုံ့က ဒရိုင်ဘာကြီးဦးစိန့်ပြောပြထား၍ မမအေရီရယ်အကြောင်းကြားထားပြီးနောက် အသန်းစကားကို မကြောက်တော့ချေ။

သနားစရာကောင်းသော အေရီရယ်မမကို အငုံ့ကိုယ်တိုင်မြင်တွေ့ပြီး၍ မကြောက်ခြင်းလည်းဖြစ်သည်။

"မမအေရီရယ်က သနားစရာပါအသန်းရယ်"

"အမလေး အကြောင်းမသိသေးလို့ မမငုံ့ကသနားနေတာ အသန်းတော့ သူ့ကြောင့် ခေါင်းကွဲပြီးထဲက အနားကိုသိပ်မကပ်တော့ဘူး၊ မတတ်သာလို့သွားရလည်း သူ့အရိပ်အခြေကိုကြည့်နေတာပဲ"

"သူ့ဒွေးကြီးကရော ကြောက်စရာကောင်းလား"

အငုံ့က သူမသိချင်တာမေးလိုက်တော့ အသန်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားနေခိုက်မှာပင်





"အငုံ့ရေ"

"ဟော့ အကြီးပုခေါ်နေပြီ မမငုံ့သွားလိုက်ဦး"

"အသန်းရောလာလေ"

"အကြီးပုက အသန်းကိုခေါ်တာမှမဟုတ်ဘဲ မမငုံ့ကိုပဲခေါ်တာ မမငုံ့ပဲသွားပေါ့"

"အငုံ့ရေ"

"လာပါပြီကြီးပု"

အငုံ့မှာ ကြီးပု၏ ဒုတိယအကြိမ်ခေါ်သံအဆုံးမှာ အသန်းကိုလှည့်ခေါ်မနေနိုင်တော့ဘဲ မမအေရီရယ်အိပ်ခန်းရှိရာဘက်သို့ စွတ်အပြေး

"ဟေး"

"ဘုတ်"

"အမလေး"

"အင့်"

ဆက်တိုက်ဆိုသလို ထွက်ပေါ်လာသော အသံလေးများနှင့်အတူ အခန်း၏ ထောင့်ချိုးအကွယ်တစ်နေရာမှ ဘွားခနဲထွက်လာသူတစ်ယောက်အား အရှိန်ပြင်းပြင်းဖြင့် ဝင်တိုက်မိ၍ နှစ်ယောက်သား လုံးထွေးလဲပြိုသွားကြသည်။

ဖေယျာတို့မှာ သူ့ရင်ခွင်ထဲ အရှိန်မထိန်းနိုင်ဘဲ ပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသူမှာ မိန်းမသားတစ်ယောက်ဖြစ်ကြောင်း အိထွေးနုးညံ့သော အတွေ့ မွှေးအီသော သနပ်ခါးရနံ့တို့ကြောင့် သိလိုက်ရသော်လည်း မည်သူမည်ဝါဟူ၍က မသိသေးချေ။

အငုံမှာလည်း တစ်ဘက်ကလူကို မမြင်မစမ်းနှင့် သူမဘက်က စွတ်တိုးဝင်လိုက်သလိုဖြစ်ကာ နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ လုံးထွေးလဲပြိုသွားရသည့်အဖြစ်ကြောင့်

များစွာ စိတ်မသက်မသာဖြစ်လျက် သူမနှင့်ဝင်တိုက်မိသူကို ယောကျ်ားတစ်ယောက်အဖြစ်သိရ၍ သူမကိုယ်လေးကို တင်းကျပ်စွာဖက်ထွေးထားသည့် လက်များအကြားမှ ထွန်းကန်ရုန်းဖယ်ဖို့ကြိုးစားရင်း သူမခန္ဓာကိုယ်လေးအောက်မှာ ပယ်ပယ်နယ်နယ်ဖိနေမိသူ၏မျက်နှာကို မော့အကြည့်

"ဟင်"

"အငုံ"

"အို ဦး ဦးဓေယျတု"

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် အံ့ဩသင့်လျက် မယုံကြည်နိုင်အောင် ဖြစ်နေစဉ်မှာပင်

"အငုံ ဟေး အငုံ"

"ဟော အငုံကိုခေါ်နေပြီ"

"အငုံ"





"အို အငုံကိုလွှတ်ပါဦးလေးရဲ့၊ တော်ကြာ ကြီးပုက အငုံကိုဆူလိမ့်မယ်"

"အငုံလာပါပြီကြီးပု"

အငုံက ဓေယျတုရင်ထဲက အဖြစ်အပျက် ခံစားချက်များကို ဘာဆိုဘာတစ်ခုမှမသိ။ သူမကိုယ်လေးကို လွှတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်စွာပိုက်ထွေးထားသည့် ဓေယျတု၏လက်အစုံကို ဖွတ်အတင်းဖယ်ရှားတိုးဝှေ့လျက် ဓေယျတုကိုပင် တစ်ချက်လှည့်ကြည့်ဖော်မရဘဲ သူမျက်စိရှေ့မှာပင် အေရီရယ်အခန်းရှိရာသို့ ပြေးဝင်သွားပါသည်။

အငုံ။

ကို့အသက်ရယ်။

ဓေယျတုမှာ လဲပြိုနေရာကပင်လည်း မထမိ။ အငုံပြေးဝင်ပျောက်သွားသည့် အေရီရယ်အခန်းရှိရာသို့လည်း လိုက်မသွား။ အိပ်မက်မက်နေသည့် လူတစ်ယောက်၏ ခံစားချက်မျိုးဖြင့် ရင်တွေတဒိန်းဒိန်းခုန်ကာ နေရာကမထနိုင်ဘဲ စိတ်လှုပ်ရှားစွာကျန်ရစ်သည်။

အချိန်စက္ကန့်နှင့်အမျှ တမ်းတမ်းတတ ချစ်မြတ်နိုးမိသူက ဓေယျတုရင်ခွင်ထဲသို့ မိုးပေါ်ကပြစ်ချလိုက်သလို ထွေးခနဲမွှေးခနဲ ရောက်ရှိ၍လာပေပြီ။ စိတ်လှုပ်ရှားလွန်း၍ သူ့ကိုယ်သူ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုလုပ်မိမှန်းပင်မသိ။

အေရီရယ်အခန်းထဲလည်း မဝင်၊ သူ့အခန်းကိုလည်း ပြန်မသွား ဧည့်ခန်းအလည်မှာ တစ်ယောက်တည်း ထိုင်ရထ မလိုဖြစ်ကာ ဟိုဒီသာ အပြန်အလှန်လျှောက်နေမိသည်။ ဖေယျာ ၏ နှလုံးသားခုန်သံတိုင်းက အင်း အင်းဟုသာ ဆိုမြည်လျက် အင် ရှိနေသည့် အေရီရယ်အခန်းရှိရာသို့ လှမ်းလှမ်းကြည့်ကာ တကယ် လူပျိုပေါက်လေးတစ်ယောက်ကဲ့သို့ ရင်ခုန်နေ၏။

အင်းမှာလည်း အကြီးပုခိုင်း၍သာ မမအေရီရယ်ကို ရေချိုး ရန် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ပေးနေရသော်လည် ခတ္တာမြိုင်အိမ်ကြီးမှာ ဦးဖေယျာတုဆိုသည့် လူကြီးကို ရုတ်တရ ကြီး မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ရင်တွေတဒိုင်းဒိုင်းခုန်နေပါသည်

သူ ဘယ်လိုလုပ်ပြီး ခတ္တာမြိုင်ကို ရောက်လာတာပါလိ

အိုလေ အင်းလိုတောသူကလူတောင် ဒီခတ္တာမြိုင်အိမ်ကြ ထဲကို ရောက်နေသေးတာပဲ။ ဦးဖေယျာတုလို လူတစ်ယောက်တ ခတ္တာမြိုင်ကိုရောက်တာ သိပ်တော့အံ့သြစရာမကောင်းလှပါ။

သူဌေးရဲ့သူငယ်ချင်းများလား။

ဒါမှမဟုတ် သူဌေးနဲ့ဆွေမျိုးတော်သူပဲလား။

တစ်ခုခုတော့၊ တစ်ခုခုပင်။ အင်းလိုတော့ ခတ္တာမြိုင်ကို အလုပ်လုပ်ဖို့ရောက်လာသူတော့ မဖြစ်နိုင်မှန်း အင်းသိသည်။





ဦးလေးဦးအောင်မျိုးပြောသလို ငါ့သူငယ်ချင်းက သူဌေး ဟုဆိုသည့်စကားကို မမေ့သလို ဦးဖေယျာတု၏ ကားအကောင်း စားကြီးနှင့် ဗီဒီယိုစက် ဓာတ်ပုံကင်မရာ အကောင်းစားတွေက တန်ဖိုးမသေးကြောင်း အင်းသိသည်။

ထိုထက်ပို၍ ထင်ရှားသည့်အဖြေက ဦးဖေယျာတု၏ ဝန်းသွေးရောင် နုဖတ်နေသော နေမထိလေမထိ နုရှုနေသည့် အသားအရေဖြစ်သည်။

"တဲ့ အင်း မမအတွက် သနပ်ခါးသွေးပြီးယူလာခဲ့ပါဆို အခုထိမပြီးသေးဘူးလားဟဲ့"

"ပြီးပါပြီ ကြီးပု၊ ဒီမှာပါ"

"ဒီမှာပါလုပ်မနေနဲ့ မမကိုယ်ပေါ်မှာ တစ်ခါထဲလိမ်း၊ ဖြည်းဖြည်းလေးလိမ်းရမှာနော်"

"ဟုတ်ကဲ့ပါ"

"မမကို အင်း သနပ်ခါးလိမ်းပေးမယ်နော်"

"အင်း"

အင်းက အေရီရယ်ထံမှ မျက်နှာလှလှလေးကို အချိုသာ အနုးညံ့ဆုံးပြုံးလျက် သနပ်ခါးလိမ်းဖို့ ခွင့်တောင်းတော့ အေရီရယ် က အင်းနာမည်ကို ခပ်တိုးဟိုးလေးလိုက်ခေါ်ကြည့်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြသည်။ အင်း အေရီရယ်ထံမှ ခွင့်ပြုချက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အေရီရယ်ကိုယ်လေးပေါ်သို့ အေးမြမွှေးကြိုင်သော သနပ်ခါးရည်များကို ဖွဖွညင်ညင် စိတ်ပါလက်ပါ စေတနာအပြည့်ဖြင့် လိမ်းပေးပါသည်။

"ဒေါ်ပု ရှာမလေးလား"

အေရီရယ်ထံမှ အင့်မျက်နှာလှလှလေးကို စိတ်ဝင်စားစွာ စိုက်ကြည့်လျက် မေးလာခြင်းဖြစ်ပါသည်။

"ဟုတ်ပါတယ် မမ၊ အင့်က အကြီးပုတူမပါ၊ ရွာမှာ အမေဆုံးတော့ အင့်တစ်ယောက်တည်း နေလို့မဖြစ်လို့ အကြီးပုဆီမှာ လာနေတာပါ"

"ဪ"

"ရွာမှာနေတော့ ဘာအလုပ်လုပ်လဲ"

"ပေါင်းနှုတ်လိုက်၊ မြေပဲနှုတ် လယ်အလုပ်ယာအလုပ်တွေ အစုံလုပ်တာပေါ့ မမရယ်၊ အင့်တို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ သားအမိနှစ်ယောက်စလုံး အလုပ်မရွေးနိုင်ကြဘူးလေ"

"အိုကွယ် ကြားရတာနဲ့တင် စိတ်ဆင်းရဲလိုက်တာ လူတွေ အဲဒီလောက်ပဲ ဆင်းရဲကြသလား"

"အဟင်း ဟင်း ဟင်း"

ပြောပြီး အင့်က အသံထွက်၍ တစ်ခစ်ခစ်ရယ်တော့





အင့်မျက်နှာလှလှလေးကို အေရီရယ်က ငေးခနဲကြည့်သည်။

လှလိုက်တဲ့ ကလေးမလေးပါလား။ ရုပ်ရည်ကလေးနဲ့မှ မလိုက်။ ဒီလောက်ဆင်းရဲနိမ့်ကျတဲ့ ဘဝကလာတာတောင်မှ သူ့ဘဝသူ စိတ်မပျက်ဘဲ ရယ်ရယ်မောမောနဲ့နေနိုင်သေးသည်။ အေရီရယ်လိုများ ချမ်းသာပြည့်စုံသည့်ဘဝမှာ ရှင်သန်နေထိုင်ခွင့်ရမည်ဆိုလျှင် ဘယ်လောက်များ ပျော်ရွှင်နေမှာပါလိမ့်။

အေရီရယ်လည်း အင့်လိုပဲ ဘယ်ဘဝရောက်ရောက် ပျော်ချင်လိုက်တာ။

"ကဲ ပြီးပြီ မမအေရီရယ်ရေ ကြည့်ပါဦး၊ ဒီပန်းနုရောင်ဝတ်စုံလေးနဲ့ မမအသားဖွေးဖွေးလေးနဲ့ လှလိုက်တာ၊ မမဆံပင်တွေကို အင့်ပဲ ရှင်းပေးရမလားဟင်"

"အင်း"

အေရီရယ် စိတ်လိုလက်ရ ဦးခေါင်းကိုညိတ်တော့ အင့်က မှန်တင်ခုံပေါ်က ဘီးတစ်ချောင်းကို ပြေးယူသည်။

"ခဏလေးပဲနော် မမ၊ အခုပဲပြီးတော့မှာ ဆံပင်ကို ရှင်းပြီးရင် ဒီအတိုင်းထားရမလား ကျစ်ဆံမြီးကျစ်လိုက်ရမလားဟင်"

"ကျစ်ဆံမြီးလောက်ပဲ ကျစ်လိုက်တာ ပိုအဆင်ပြေပါတယ်၊ အင့်ကျစ်လိုက်ပြီနော် မမအေရီရယ်"

အင့်က အေရီရယ်ထံမှ အဖြေကိုမစောင့်။ သူမဘာသာ



www.burmeseclassic.com

www.burmeseclassic.com



မေး သူမဘာသာဖြေပြီးနောက် သူမသဘောနှင့်ပင် အေရီရယ်၏ ပခုံးသာသာ ဆံနွယ်လေးများကို ဖြီးဖြီးဖှတ်ဖျတ် ကျစ်ဆံမြီးအဖြစ်သို့ ကူးပြောင်းလိုက်ပုံက မြန်ဆန်လှသည်။

"မမဆံပင်ကလည်း နူနူလေးတွေနော်၊ ကလေးလေး ခေါင်းကဆံပင်လေးတွေကျနေတာပဲ"

အေရီရယ်ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ။ အင်ံက သူစိတ်ထဲရှိတာကိုပြောပြီး မှန်တစ်ချပ်ပြေးယူကာ အေရီရယ်မျက်နှာလေးရှေ့ လာပြသည်။

"ဟောဒီမှာကြည့်ပါဦး၊ မမ အင်ံကျစ်ပေးတဲ့ ဆံမြီးကျစ်ကလေးနဲ့ မမအေရီရယ် ဘယ်လောက်လှသွားပြီလည်းဆိုတာ"

အင်ံယူလာသောမှန်ထဲက သူမပုံရိပ်ကို အေရီရယ် ငေးငေးလေးကြည့်မိဖြစ်သွားသည်။ အချိန်တွေ အကြာကြီးနေပြီးမှ သူမပုံရိပ်ကို မှန်တစ်ချပ်ပေါ်မှာ ပြန်လည်တွေ့ရှိခြင်းဖြစ်သည်။ ပါးလေးတွေ ချောင်ကျနေသော်လည်း နူးညံ့သိမ်မွေ့သော အေရီရယ်အလှတို့မှာ ကြွင်းကျန်နေပါသေးသည်။

"အင်ံရယ် ညည်းကြောင့်တော့ခက်ပါတယ်၊ ဘာဖြစ်လို့ မမလက်ထဲ မှန်သွားထည့်ရတာလည်း မမက မှန်မကြိုက်ဘူးဟဲ့"

"ပေးမမ ပေး၊ ဒေါ်ပုမှန်သိမ်းလိုက်မယ်"

"နေပါစေ"





"ဟင်"

ဒေါ်ပုက အေရီရယ်မျက်နှာကို တအံ့တသြကြည့်သည်။ မှန်ဆိုလျှင် တွေ့သည့်နေရာ တွေ့သည့်အချိန် ရိုက်နှက်ခွဲချေပစ်သော အေရီရယ်မဟုတ်ပါလေစဆိုသော အကြည့်နှင့်ဖြစ်ပါသည်။

"ဒေါ်ပု သွားလို့ရပြီ၊ အင်ံကို အေရီရယ်နားမှာပဲထားခဲ့ပါ"

"ဟုတ်ကဲ့ပါ မမ"

"အင်ံ"

"ရှင် မမအေရီရယ်"

"မမနားမှာနေဆိုရင် နေနိုင်ပါ့မလား"

"နေနိုင်ပါတယ် မမအေရီရယ်ရယ်၊ ဘာဖြစ်လို့ မနေနိုင်ရမှာလည်း"

"မမက နာတာရှည်လူမမာလေ ကြာရင် အင်ံစိတ်ပျက်မှာပေါ့"

"အင်ံ အတွက်တော့ စိတ်ချပါ၊ မမအေရီရယ်က နှင်မထုတ်မချင်း အင်ံက မမအေရီရယ်နားမှာပဲနေမှာပါ"

"ဘာဖြစ်လို့ မမနားမှာနေချင်တာလဲ"

အင်ံမဖြေ။

အေရီရယ်ကို မည်နက်ဝိုင်းစက်သော ရိုးသားအပြစ်ကင်း



www.burmeseclassic.com

www.burmeseclassic.com



စင်သော မျက်လုံးကြီးများဖြင့် တစ်ချက်ဝင့်ကြည့်သည်။

"ဖြေလေ"

"အငုံ အမှန်အတိုင်းဖြေရင် မမအေရီရယ် စိတ်ဆိုးမှာလား"

"ဖြေသာဖြေပါလေ"

"အငုံအဖြေကို မမနားထောင်ကြည့်မယ်"

"မမကိုသနားလို့ပါ"

"ဘာ"

"မမ အငုံကို စိတ်ဆိုးသွားပြီးလား၊ အငုံ အမှန်အတိုင်းပြောတာ မမကို အငုံသနားတယ်"

အငုံအသံက တိုးတိုးလေး။

သို့သော် အေရီရယ်နားထဲမှာတော့ ဗုံးတစ်လုံးပေါက်ကွဲသွားသည်နှယ် ကျယ်လောင်ပြင်းထန်ပါသည်။

အငုံရယ်။

ထိုမျှသာ အေရီရယ်စိတ်ထဲက ဆိုမြည်နိုင်လိုက်ပါသည်။ အငုံလို မိန်းကလေးက အေရီရယ်လို သူဌေးမတစ်ယောက်ကို သနားသည်ဟု ဆိုလာခြင်းကို အေရီရယ် ငိုရမည်လား။

ရယ်ပဲ ရယ်ချလိုက်ရမည်လား မခွဲခြားနိုင်သော်လည်း သူမဘဝအခြေအနေကို ပြတ်ပြတ်ထင်းထင်း ဖွင့်လှစ်လိုက်သော





အငုံစကားကြောင့် အေရီရယ်၏ မွမွကြေနေသော နှလုံးသားတစ်ခုလုံး လေအဟုန်မှာ ဟင်းလင်းလွင့်စင် လွင့်ပျံပါလေသတည်း။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အင့်"

"ဦးဓေယျတု"

တစ်ယောက်မျက်နှာကိုတစ်ယောက် တစ်ခါမှ မမြင်ဖူးသလို စိမ်းစိမ်းစူးစိုက်ကြည့်မိကြသည်။ အထူးသဖြင့် အင့်မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေသည့် ဓေယျတုအကြည့်တွေကအားမလိုအားမရ။ ကျေနပ်နှစ်သိမ့်ခြင်းမရှိသော မရောင့်ရဲမတင်းတိမ်နိုင်သည့် အကြည့်မျိုးဖြစ်၏။

"ဘယ်လိုလုပ်ပြီး ဒီအိမ်ကြီးမှာ ရောက်နေတာလည်းဟင်ဦးဓေယျတု"

"ဗျာ"

"သူဌေးကြီးရဲ့ဆွေမျိုးလား၊ ဧည့်သည်လား ဒါမှမဟုတ်"

"နေပါဦး အင့်ရယ်၊ အင့်ကရော ဒီကို ဘယ်လိုလုပ်





ရောက်နေတာလဲ"

အင့် နောက်ထပ်စကားမဆက်နိုင်ခင် ဓေယျတု အရင်ဦးအောင် ဖြတ်မေးလိုက်ရပါသည်။ အင့်ပုံစံလေးကြည့်ရတာ အခုချိန်ထိ ဓေယျတုကို ခတ္တာမြိုင်၏ အရှင်သခင်ဖြစ်မှန်း သိပုံမရသေးသလို အဇီရယ်၏ခင်ပွန်းသည်အဖြစ်လည်း သိထားပုံမရပါ။

မသိ၍လည်း ဓေယျတုကို ဘယ်လိုလူမျိုး မမေးဘူး မပြောဖူးသည့်စကားတွေနှင့် အင့်က အရင်ဆုံး သူ့ကိုပြန်ပြီး စူးစမ်းမေးမြန်းနေသည်မဟုတ်လား။

"အင့်က..ဒီမှာအလုပ်လုပ်ဖို့ရောက်နေတာလေ ဦးဓေယျတု"

"အလုပ်လုပ်မယ်"

"အင်း"

အင့်အဖြေကို ဓေယျတု အခုထိနားမလည်နိုင်သေးပါ။ ခတ္တာမြိုင်၏ အရှင်သခင်မှာ ဓေယျတုပါ။ အင့်ကို ခတ္တာမြိုင်မှာ အလုပ်ခန့်အပ်နိုင်သူမှာလည်း ဓေယျတုသာရှိပါသည်။

ဓေယျတုမသိဘဲ ခတ္တာမြိုင်မှာ ဘာတစ်ခုမှ လုပ်ခွင့်မရှိသလို သူမသိဘဲနှင့်လည်း ခတ္တာမြိုင်အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ခွင့်မရှိပါ။

အခု ဓေယျတုမသိဘဲ ခတ္တာမြိုင်မှာ အင့်ရောက်နေရဲ့



www.burmeseclassic.com

www.burmeseclassic.com



မကာ အလုပ်ပါလုပ်ဦးမည်ဆိုတော့ ဒေယျတုမှ မအံ့သြလျှင် မည်သူ အံ့သြပါမည်နည်း။

"ကိုလည်း ဘာတစ်ခုမှမသိရပါလား"

"သူဌေးကြီးသိတယ်လေ"

"ဟင်"

သူ့ကိုများ ဒေယျတုကိုများ အငုံ တမင်ရည်ရွယ်ပြီးဖြေ နေတာလားဆိုသည့် အငုံမျက်နှာလေးကို အကဲကြည့်လိုက်မိပြန် တော့လည်း အငုံပုံစံလေးက ပကတိ ရိုးသားသော ဖြူစင်နူးညံ့ အပြစ်ကင်းခြင်းတွေနှင့် သူ့ကိုပင် ပြန်ကြည့်နေသည်။

"ဦးဒေယျတုကိုကြည့်ရတာ တစ်မျိုးကြီးပါလား၊ ဘာဖြစ် လို့လဲဟင်၊ အငုံက တောသူမို့ ခတ္တာမြိုင်လိုအိမ်ကြီးမှာ အလုပ် မလုပ်သင့်လို့လား"

"ဟာ မလုပ်ဘူး၊ ကိုယ့်ကို အငုံ အထင်လွဲနေပြီ ရုတ်တရက်ကြီး အငုံကို ခတ္တာမြိုင်မှာ တွေ့လိုက်ရလို့ပါဗျာ"

"အငုံလည်း ဦးဒေယျတုကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက် ရလို့ အံ့သြတာပါပဲ"

"အခု အငုံက မမအေရီရယ်ကိုပြုစုဖို့ ဒီကိုရောက်နေတာ လေ၊ ဩော် မမအေရီရယ်ဆိုတာ သူဌေးကြီးရဲ့မိန်းမပေါ့၊ အဒေ ကလည်း ဆုံးသွားပြီဆိုတော့ ရွာမှာက အငုံတစ်ယောက်တည်း





ဆက်နေလို့ မဖြစ်ဘူးလေ"

"ဒါကြောင့် ဒီကိုထွက်လာတာ၊ အငုံအလုပ်က လူမမာ ကို ပြုစုရတယ်ဆိုပေမယ့် အိမ်ဖော်တစ်မျိုးပဲဆိုကြပါစို့လေ"

"အငုံ"

အငုံက သူမဘာဝဖြစ်စဉ်ကို ပြောပြပေမယ့် လှပသည့် မျက်နှာလေးက အပြုံးမပျက်။ ဝမ်းနည်းတာသနေဟန်လည်းမတွေ့။

ဒေယျတုအသည်းနှလုံးထဲ အငုံစကားက ဆတ်ဆတ်ခါ သွားရကာ အငုံအမည်လေးကို အလန့်တကြားလှမ်းခေါ်လိုက်ပေ မယ့် အငုံက သူ့မျက်နှာပေါ်က ပြောင်းလွဲနေသည့် အရိပ်အကဲကို သိ။

သူမပြောချင်ရာ ဆက်ပြောနေပါသည်။ အငုံစိတ်ထဲ ဒေယျတု မျက်နှာပျက်သွားသည်မှာ အိမ်ဖော်ဆိုသည့်စကားကြောင့် ူသာထင်သဖြင့် လှပသော မျက်နှာလေးကို နူးညံ့ကော့ရွှန်းစွာ ါသည်။

"အိမ်ဖော်ဆိုလို့ ဦးဒေယျတု စိတ်မကောင်းဖြစ်သွားတယ် တ်လား"

ဒေယျတုမဖြေနိုင်ပါ။

ဖြစ်နိုင်လျှင် ဒီအလုပ်ကို အငုံမလုပ်ပါနှင့်ဟု အရှူး ယောက်လို အော်ဟစ်ပေါက်ကွဲဖြစ်နေသည့်စိတ်ကို မနည်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



တည်းမျိုသိပ်နေရသည်။

"အင်ၾ သိပါတယ် ဦးဇေယျာတုရယ်၊ ဖြစ်နိုင်ရင်တော့ အင်ၾလည်း ဒီလိုနိမ့်ကျတဲ့ဘဝမျိုးကို ဘယ်လုပ်ချင်ပါ့မလဲ၊ ဒါပေမဲ့ အင်ၾပညာရေးအတွက် အင်ၾဘဝစားဝတ်နေရေးအတွက် စိတ်ချလုံခြုံတဲ့နေရာတစ်ခုခုမှာ အင်ၾ အလုပ်လုပ်ရမယ်လေ"

"ဒါမှ အင်ၾလိုချင်တဲ့ ဘွဲ့ကိုရအောင်ယူနိုင်မှာပေါ့"

"အင်ၾရယ် ကိုယ်လေ အင်ၾကို အင်ၾကို တခြားတစ်နေရာမှာ အလုပ်ရှာပေးပါရစေလားကွယ်၊ ကိုယ့်မှာ အသိမိတ်ဆွေတွေ အများကြီးရှိပါတယ်၊ အင်ၾ့အတွက် အလုပ်တစ်နေရာတော့ ကိုယ်ရှာပေးနိုင်ပါတယ်"

ဇေယျာတုအသံက တုန်နေသည်။

မျက်နှာချောချောကလည်း ပြုံးတော့မည့်မိုးနှယ် အုံ့ဆိုင်းသည်။ သူနှင့် အင်ၾအဖြစ်က တိုက်ဆိုင်လွန်းစွာ သို့မဟုတ် ကံဆိုးလွန်းစွာ တစ်မိုးအောက်ထဲမှာ တစ်နေရာထဲမှာ။

သူ့စကားကို အင်ၾက အသံထွက်၍ ခစ်ခနဲရယ်သည်။

"အင်ၾလို ဘွဲ့မရသေးတဲ့ မိန်းကလေးကို ဘယ်ကုမ္ပဏီကများ အလုပ်ခန့်မှာလည်း ဦးဇေယျာတုရယ်၊ အလုပ်ရလာရင်လည်း အင်ၾအတွက် အင်ၾရတဲ့လခနဲ့လောက်ပါ့မလား"

"အင်ၾရဲ့ နေထိုင်စားသောက်တဲ့စရိတ် သွားလာစရိတ်





ရေဖိုး မီးဖိုး"

"အားလုံးကိုပေးမှာပါ"

"ဦးဇေယျာတုကပေးမယ်"

"ဟုတ်ပါတယ် အင်ၾ"

"အင်ၾအတွက် အစစအရာရာ ကုန်ကျတဲ့စရိတ်မှန်သမျှ ကိုယ် တာဝန်ယူမှာပါ"

အင်ၾက အပြုံးမပျက်။ သူ့ကိုမော့ကြည့်သည်။

"ဘာဖြစ်လို့ ဦးဇေယျာတုက အင်ၾ့တာဝန်ကို ယူချင်ရတာလဲ၊ အိမ်ဖော်အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တဲ့ အင်ၾကို သနားလို့လား"

ချစ်လို့ မြတ်နိုးလို့ဆိုသည့်စကားကို ဇေယျာတုနှုတ်ဖျားက ပြောမထွက်ရက်ပါ။ အင်ၾကိုသာ အသည်းနှလုံးတွေ နာကျင်ဆွေးမြေ့လျက် ယူကျုံးမရ စိုက်ကြည့်နေမိပါသည်။

ဇေယျာတုဘယ်သူဆိုတာ အင်ၾလေး မသိရှာလေခြင်းဟု စိတ်ထဲက ကျိတ်တွေးလျက် နှုတ်ခမ်းကိုသာ သွားဖြင့် နာနာ ဖိကိုက်လျက် ငြိမ်ငြိမ်ကြီးလုပ်နေမိသည်။

"အင်ၾအတွက် စိတ်မကောင်းမဖြစ်ပါနဲ့လေ၊ အင်ၾအတွက်လည်း ဒုက္ခမရှာပါနဲ့၊ ခတ္တာမြို့င်မှာ အလုပ်လုပ်တယ်ဆိုပေမယ့် အိမ်ကြီးမှာက အင်ၾတစ်ယောက်တည်းမဟုတ်ပါဘူး၊ အင်ၾကြီးတော်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုလည်းရှိပါတယ်"

"ဒေါ်ပု ဟုတ်လား"

ဇေယျာတုဦးခေါင်းမှာ အခုမှပုတ်လောက်ကြီးသွားရလျက် သူ့ကိုယ်ကြီးပါ ဆတ်ခနဲတုန်သွားသည်။

"ဟုတ်တယ်လေ အင်္ဂက ကြီးတော်ဒေါ်ပုရဲ့တူမပဲ၊ အမေဆုံးလို့ ကြီးတော်အတူလာနေမယ်ဆိုတော့ ခတ္တာမြိုင်ရဲ့သူဌေးကြီးကပါ ခွင့်ပြုသဘောတူလို့ အင်္ဂ ဒီကိုရောက်လာတာ"

"အင်္ဂ အင်္ဂရယ်"

"ခတ္တာမြိုင်ရဲ့သူဌေးကြီး သူဌေးကြီးနဲ့သာ ပြောနေရတာပါလေ၊ အင်္ဂလည်း အဲဒီသူဌေးကြီးကို အခုထိတော့ မမြင်ဖူးသေးပါဘူး၊ ကြီးတော်ပုပြောတာကတော့ သူဌေးကြီးရော သူဌေးကတော်ပါ သိပ်သဘောထားကောင်းကြတယ်တဲ့"

ချုပ်တည်းမြိုသိပ်ထားသမျှ လွှင့်စင့်ပေါက်ကွဲမိလုမတတ်ဖြစ်သွားသည်။ အင်္ဂနှုတ်များက သူဌေးကြီးသူဌေးကြီးဟု တစ်ခါခေါ်လိုက်တိုင်း ဇေယျာတုမှာ အင်္ဂရှေ့က အငွေ့ဖျံ့လျက် ကွယ်ပျောက်လိုစိတ် မိုး၍မိုး၍ ပြင်းထန်လာသည်။

အင်္ဂကိုသူချစ်သည်။

မြတ်နိုးသည်။ ဇေယျာတုဘဝနှင့် ထပ်တူထား၍ ချစ်ခင်မြတ်နိုးရသော ချစ်ရသူလေးကိုမှ ကံတရားက ရက်စက်စွာ





ဇေယျာတု၏ဇနီးအေရီရယ်လို့ နာတာရှည် လူမှာတစ်ယောက်ကို အောက်ခြေသိမ်းပြုစုဖို့ အရောက်ပို့ပေးရက်သော ကံကြမ္မာ၏ ရိုင်းပျကြမ်းကြုတ်မှုအောက်မှာ ဇေယျာတု လူးနေအောင် ခံစားနေရသည်။

အင်္ဂနေရာမှာ တခြားတစ်ယောက်ဆိုလျှင် ဇေယျာတုဘက်က ဤမျှခံစားနာကျင်ကြေကွဲစရာမရှိ။ အခုတော့ အင်္ဂဆိုတာ သူကိုယ်တိုင် မထိရက် မကိုင်ရက် တသသချစ်မြတ်နိုးနေသည့် သူမြတ်နိုးစွာ တန်ဖိုးထားရသော ချစ်ရသူ။

သူချစ်မြတ်နိုးစွာ တန်ဖိုးထားရသူလေးကိုမှ အေရီရယ်၏ လက်ပါးစေ မိန်းကလေးအဖြစ် သူမမြင်ရက်။ မမြင်ရဲပါ။

"ဦးဇေယျာတု"

"ဗျာ"

"အင်္ဂမေးနေတာ မကြားဘူးလားလို့"

"ဟင်"

"အင်္ဂ ဘာမေးလိုက်တာလဲ"

"ခစ် ခစ်"

အင်္ဂက ချစ်စဖွယ်ရယ်လျက် ဇေယျာတုမှာ အင်္ဂလက်ကိုဆွဲလျက် ကမ္ဘာအပြင်ဘက်အားလုံးနှင့်ဝေးရာသို့ ပြေးထွက်ပုန်းရှောင်ချင်လာ၏။

"ဦးဇေယျာတုရော ဒီမှာ ဘာအလုပ်လုပ်တာလည်းလို့



www.burmeseclassic.com

www.burmeseclassic.com



မေးနေတာ”

“အစုံပဲ”

“အစုံ”

အငုံက ဒေယျတုစကားကို သံယောင်လိုက်ပြီး ရေရွတ်လျက် ဖွဖွရယ်သည်။

“အငုံကိုညာတာပါ အငုံသိသားပဲ”

“ဘယ်လို”

ဒေယျတု ရင်ထိတ်သွားကာ အငုံကို အလန့်တကြားကြည့်သည်။ သူ့ဘဝမှန်ကို အငုံသိသွားပြီလားဆိုသည့်အတွေးနှင့်ပါ

“အငုံ”

“အခုမှ လန့်မနေပါနဲ့၊ အငုံ ခြံထဲဆင်းလာတုန်းက အ ဘဘဦးစိန်က ဦးဒေယျတုကို ဆရာလို့ခေါ်တာ ကြားလိုက်သား ဦးဒေယျတုက ဦးစိန့်ဆရာလား”

“ဆိုပါတော့လေ”

“ဖြေပုံကြီးကလည်း မရေရာလိုက်တာ ဦးစိန့်ကို မောင်းသင်ပေးတဲ့ဆရာလား”

“အင်း ဟုတ်တယ်၊ ကိုက သူ့ဆရာ”

“ဒါလေးဖြေတာများ စဉ်းစားနေလိုက်တာ၊ ကဲ အ အခန်းကိုပြန်တော့မယ်နော်၊ မနက်ကြမှ ထပ်တွေ့ကြမယ်သိလား”



“နေပါဦး အငုံရယ်”

အိမ်ပေါ်ပြန်တက်မည့် အငုံကို ဒေယျတုတားလိုက်တော့ အငုံက ခြေလှမ်းပြင်ပြီးမှ သူ့ကို ပြန်ကြည့်သည်။

“ဘာပြောမလို့လဲဟင်”

လရောင်အောက်မှာ လှချင်တိုင်းလှနေသော အငုံကို ကြည့်မဝနိုင်သလိုဖြစ်နေလျက်။ ဒေယျတုစိတ်ထဲ သူ့မျက်စိရှေ့က အငုံ ပျောက်သွားမှာကို စိုးထိတ်နေ၏။

“မနက်ဖြန် ကို အိမ်မှာရှိမှာမဟုတ်ဘူး၊ မိုးချုပ်မှ အိမ်ကို ပြန်ရောက်မှာဆိုတော့ ခြံထဲမှာပဲ အခုလို စကားပြောခွင့် မပေးနိုင်ဘူးလား”

“သူဌေးက ကြိုက်ပါ့မလား၊ အခုမှ ခတ္တာမြို့ကိုရောက် ခါစပဲရှိသေး..တယ်၊ အငုံကို ဣန္ဒြေမဲ့တဲ့ မိန်းကလေးလို့ ထင်သွားမှာ အငုံကြောက်တယ်”

“အခုတောင် ဦးဒေယျတုက ကြီးပုတို့မသိအောင် အငုံ အခန်းတံခါးလာခေါက်လို့ အရဲစွန့်ပြီး ခြံထဲကို အတူဆင်းလိုက်လာတာသိလား”

“ကြီးပုသာသိရင် အငုံကို ဒီလောက်တောင် ဣန္ဒြေမဲ့ရပါ့မလားလို့ ပေါင်တွင်းကျောပြတ်အောင်ဆွဲလိမ်မှာ”

“အငုံရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြောင့် အငုံကို ဒုက္ခမရောက်စေရပါဘူးကွယ်၊ အ
မလာချင်လည်းနေပါ၊ ကိုကတော့ အငုံမလာမချင်း ဒီနေရာလေး
စောင့်နေရမှာပါပဲ"

"အငုံသွားနိုင်ပါပြီ"

ကြေကွဲစိုးနင့်သော လေသံကြီးနှင့် စိတ်မချမ်းမသာ
ဖြစ်သွားသော ဓေယျတုမျက်နှာချောချောကို တစ်ချက်စိုက်ကြည့်
ဓေယျတုနားက အငုံ ပြေးထွက်လာခဲ့သည့်တိုင် သူ့ပုံစံကြီး
အငုံမျက်လုံးထဲကမထွက်။

ဦးဓေယျတုရယ်။

ရှင့်ကြောင့်တော့ အငုံခက်ပါတယ်။



## အခန်း (၁၅)

"ဟင်း"

ကျယ်လောင်သော သက်ပြင်းရှိုက်သံက ဘယ်နှစ်ကြိမ်
ဘယ်နှစ်ခါမြောက်ဟူ၍ပင်မသိ။ ဓေယျတုတစ်ယောက်တည်း
ခတ္တာမြိုင်က အဆောင်ကြီး ဘယ်သူမှမနီးခင် ထထွက်လာခဲ့ခြင်းဖြစ်
သည်။

အလုပ်ကိစ္စရှိ၍မဟုတ်။

အငုံနှင့် မျက်နှာချင်း မဆိုင်လိုသောကြောင့်ဖြစ်သည်။
အငုံကို ခတ္တာမြိုင်၏အရှင်သခင် အေရီရယ်ခင်ပွန်းအဖြစ် သူ့ကိုယ်သူ
ထုတ်နှုတ်မပြချင်။ လက်ရှိအခြေအနေမှာလည်း အငုံက သူ့မအထင်
နှင့် သူ့ ဓေယျတုကို အေရီရယ်၏ခင်ပွန်း ခတ္တာမြိုင်၏အရှင်သခင်
ဖြစ်လိမ့်မည်ဟု တွေးမိပုံမပေါ်။

ဓေယျတုကိုယ်တိုင်ကလည်း သူဘယ်သူဘယ်ဝါဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အင့်ကို သူကိုယ်တိုင် ရှင်းပြလိုစိတ် မရှိဟာနှင့်ပင် သက်ပြင်းတစ်ရှိုက်ရှိုက်နှင့် ရေငုံနှုတ်ဆိတ်နေပြီ၏။

အင့်ရယ်။

အဖြစ်မှန်ကို အင့်သိရင် ကိုယ့်ကို လိမ်ညာသူအဖြစ် မုန်းသွားမှာကို ကို စိုးကြောက်လှပါတယ်အချစ်ရယ်။

အင့်မုန်းမှာကိုကြောက်သည်က တစ်ဘက်၊ သူ ဘယ်သူ ဘယ်ဝါဆိုတာ အင့်ကို မဖြစ်မနေ အသိပေးရမည့်အရေးကလည်း တစ်ဘက်နှင့် ဧယျာတုမှာ သူ့အဖြစ်သူ မတွေးနိုင်မအန်နိုင်ဘဲ အခုလို အခြေသို့ရောက်နေခြင်းဖြစ်သည်။

အတွေးတွေကလည်း အမျိုးမျိုးဖြစ်လာသည်။ ဖြစ်ချင်ရာ ဖြစ်စေတော့ဟု သဘောပိုက်ကာ အေရီရယ်ကို တရားဝင်ကွာရှင်းပြီး သူဘယ်သူဘယ်ဝါဆိုတာမသိခင် အင့်အချစ်ကိုအရယူ အင့်ကို လက်ထပ်သိမ်းပိုက်လိုက်ရမည်လား။

ဒီလိုဆိုလျှင်တော့ အေရီရယ်အပေါ် သူ့ဘက်က သိပ်ကို မတရားနိုင်သည်ဟုထင်သည်။ အေရီရယ်မှာ ဘာအပြစ်မှရှိသူ မဟုတ်။ ထို့အတူ အင့်မှာလည်း ဘာအပြစ်မှမရှိအောင် ရိုးသားအပြစ်ကင်းစင်လွန်းသူ။ အပြစ်မရှိသော မိန်းမသားနှစ်ယောက်အပေါ်မှာ ဧယျာတု မတရားမလုပ်ချင်။ လုပ်လည်းမလုပ်ရက်။

ဧယျာတုကိုယ်တိုင်က တရားမျှတ၍ ဖြောင့်မတ်ရိုးသား





သော ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသူဖြစ်ပါလျက် ဘာအတွက် ဤသို့ကြံစည်စိတ်ကူးမိသည်အထိ ဖြစ်ရပါသနည်း။

အခြားအကြောင်းတော့ကြောင့် မဟုတ်ပါ။ အချစ်ဆိုသည့် အရာကြောင့်သာဖြစ်သည်။ ဧယျာတုရင်ထဲ ပူလောင်နေ၏။ ဘယ်လိုပင်လှည့်ပတ်ကာ စဉ်းစားအဖြေရှာသော်လည်း သူလိုချင်သော အဖြေက ရှာမတွေ့။ သူ့အတွက် တစ်ခုတည်းသောအဖြေမှာ အင့်ကို သူ့အဖြစ်မှန်အား ရင်ဆိုင်တင်ပြရန်သာ ရှိပေသည်။

ဧယျာတုတွင် တခြားရွေးချယ်စရာ နည်းမရှိတော့သည့် အဖြစ်ကိုသိလျှင် မျက်နှာကို လက်ဖဝါးနှစ်ဘက်ထဲ နှစ်အုပ်လျက် အကြာကြီး ထိုပုံစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေ၏။

အင့် ကို့အချစ်ဆုံး မိန်းကလေးရယ်။

အခု ကို ဘာဆက်လုပ်မှာလည်း ကလေးရယ်။

အင့်အပေါ်မှာ ကိုယ် မလိမ်ညာရက်သလို အေရီရယ် အပေါ်မှာလည်း ကို မရက်စက်ချင်ဘူး အချစ်ရယ်။

ဒါထက်ပိုပြီး အရေးကြီးတာက ကိုယ့်ကိုကိုယ် လိပ်ပြာသန့်ချင်တယ်။ လိပ်ပြာလုံချင်တယ်ကွာ။

အင့်သိထားတဲ့ ဧယျာတုဆိုတဲ့လူက ရိုးရိုးသာမန်လူ တစ်ယောက်ဖြစ်နေပေမယ့် ခတ္တာမြို့မှာ အင့်တွေ့လိုက်ရတဲ့ ဧယျာတုဆိုတဲ့လူကတော့ အင့်ထင်သလို ရိုးရိုးသာမန်လူ

www.burmeseclassic.com



တစ်ယောက် မဟုတ်ဘူး အချစ်ရယ်။

ကိုယ်ဟာ ခတ္တာမြိုင်ရဲ့ အရှင်သခင်။ ပြီးတော့ အင်္ဂပြုံး ရမယ့် အေရီရယ်ခင်ပွန်းဆိုတာ အင်္ဂလေးသိသွားခဲ့ရင်။

အင်္ဂရယ်။

ကို ဘာမျှားတတ်နိုင်ဦးမှာလဲ အချစ်ရယ်။

နာရီလက်တံက တစ်ချက်ချက်ဖြင့် အချိန်ရွေ့လျားကွက် အတိုင်း နံပါတ်တွေ ကိန်းဂဏန်းတွေကို အစဉ်အတိုင်း ဖြတ်ကျော် နေ၏။ အေရီရယ်ကတော့ ရိုးသား၍ သူ့အပေါ် စေတနာအပြည့် ပါသော အင်္ဂဆိုသည့် ချစ်စရာကလေးမလေးအား သူ့အနားမှာသာ ရှိနေစေပါသည်။

အေရီရယ်ကို အင်္ဂကပဲ အစစအရာရာ ပြုစုလုပ်ကိုင်ပေးရ သည်။ အင်္ဂလုပ်သမျှကို အေရီရယ်က ကျေနပ်သဘောကျသည်။ တစ်ချိန်လုံး အေရီရယ်က အင်္ဂမျက်နှာလှလှလေးကိုသာ ခပ်ပြုံးပြုံး လိုက်ကြည့်နေ၍ အင်္ဂမှာ မိန်းမသားချင်းပင်ဖြစ်သော်လည်း ရှက်အမ်းအမ်းနှင့် သူ့မျက်နှာလှလှလေးကို လက်ချောင်းဖြူဖြူလေး များဖြင့် အုပ်ကွယ်လျက် ခစ်ခနဲရယ်မိသည်လည်းရှိ၏။

"မမက ဘာလို့ အင်္ဂကို ဒီလောက်လိုက်ကြည့်နေရတာ လည်းလို့"

"အင်္ဂမျက်နှာလေးကြည့်ရတာ မမရင်ထဲ အေးချမ်းလွန်း





လို့ပါကွယ်၊ အင်္ဂကလှတယ်"

"မမလည်းလှတာပါပဲနော်၊ ဘာတစ်ခုမှ မပြင်မဆင်ဘဲ နေလို့ပါ၊ အလှပြင်ပစ္စည်းတွေ အင်္ဂယူလာပေးရမလားဟင်"

"နေပါစေကွယ်၊ အလှအပဆိုတဲ့စကားက မမလိုမိန်းမ တစ်ယောက်နဲ့ မဆိုင်တော့တာကြာပါပြီ"

"အမလေး မမကလည်း ကိုယ့်ကိုကိုယ် အဘွားကြီးပုံစံ နဲ့ ပြောနေလိုက်တာ၊ အခုမှ မမအသက်က ငယ်ငယ်လေးရှိပါ သေးတယ် မမရဲ့"

"အလှအပပြင်တယ်ဆိုတာ လူကျန်းမာမှပါကွယ်၊ ကျန်းမာမှ ချမ်းသာတယ်ဆိုတာ ငွေကြေးချမ်းသာတာကို ပြောတာ မဟုတ်ဘူး အင်္ဂရဲ့၊ လူကျန်းမာတာကိုပြောတာ"

"အင်္ဂက ကျန်းလည်းကျန်းမာတယ် ငယ်ရွယ်လှပတဲ့ သူလည်းဖြစ်တယ်ဆိုတော့ နာတာရှည်လူမမာတစ်ယောက်ရဲ့ စိတ်ခံ စားချက်ကို အင်္ဂ ဘယ်သိနိုင်မှာလည်းကွယ်"

တိုးတိတ်ကြေကွဲခြင်းတွေ။ ယှူကျုံးမရသော ခံစားချက် တွေနှင့် လှိုင်းထန်နေသော အေရီရယ်ရင်ထဲ နှလုံးသားထဲက စိတ်ခံ စားချက်အစုစုကို အင်္ဂ နားမလည်သလို သိလည်းမသိပါ။

အင်္ဂသိသည်က အေရီရယ်မမကို အတတ်နိုင်ဆုံး စိတ်မာတဲ့အပြောင်းအလဲ လုပ်ပေးရန်နှင့် စိတ်မချမ်းမသာဖြစ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ရသော သူ့ဘဝ သူနေပျော်လာအောင် ကြိုးစားပုံဖော်ပေးလိုခြင်းမျှသာဖြစ်ပါသည်။

"မငိုပါနဲ့ မမအေရီရယ်ရယ်၊ လူ့ဘဝမှာ လူလာဖြစ်ရတဲ့ အချိန်လေးက တိုတိုလေးပါ၊ အချိန်တန်တော့လည်း အားလုံး သေကြရမယ့်သူခြင်းအတူတူ ဘာလို့ ကိုယ့်ကိုကိုယ် နှိပ်စက်ဖျက်ဆီးနေမှာလည်း မမရယ်"

"သေကာမှသေရော၊ ဖြစ်လာတဲ့ဘဝကို ကျေကျေနပ်နပ် လက်ခံပြီး နေပျော်အောင်သာ နေလိုက်စမ်းပါရှင်"

"ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်မရလို့ စိတ်အလိုမကျတိုင်းသာ လိုက်သေရမယ်ဆိုရင် ဒီကမ္ဘာပေါ်မှာ အသက်ရှင်ရက်နဲ့ လူတစ္ဆေယောက်မှ ကျန်ရစ်ခဲ့မှာမဟုတ်ဘူးသိလား၊ ဘာဖြစ်လို့လည်းဆိုတော့ ဘဝဆိုတာကြီးက သူဖြစ်ချင်တာတွေချည်းဖြစ်ပြီး ကိုယ်ဖြစ်ချင်တာတွေကြတော့ ဘာတစ်ခုမှ ဖြစ်ခွင့်မှမပေးခဲ့ဘဲကိုး"

အင်္ဂကလည်း သူ့ခံစားချက်နှင့်သူ အမေမိဘမရှိ။ အားကိုးရာမဲ့ တစ်ကောင်ကြွက်ဘဝနှင့် သူတစ်ပါးအိမ်မှာ ထမင်း တစ်ရက်အတွက် ကျောတခင်းစာအတွက် သူ့မပညာရေးအတွက် မှီခိုကပ်ရပ်နေရခြင်းအဖြစ်များကို တစ်ခုစီ တစ်စစီမြင်ယောင်လျက် နာကျင်ကြေမွေ့စွာ ပြောခြင်းဖြစ်သည်။

"အင်္ဂမှာလည်း ခံစားချက်ရှိသလိုပဲ"





ငိုင်ကျသွားသော အင်္ဂမျက်နှာလေးကိုကြည့်၍ အေရီရယ်က တိုးတိုးတိတ်တိတ်စွာဆိုတော့ အင်္ဂရယ်သည်။

"ဒါပေါ့ မမရယ်၊ အင်္ဂလည်းလူပဲ၊ မမတို့က ငွေရှိဂုဏ်ရှိပေမယ့် ဘဝမှာ အလိုဆန္ဒတွေမပြည့်လို့ လောကကြီးမှာ မနေချင်ဘူး သေချင်တယ်"

"အင်္ဂကြတော့ မိမရှိဘမရှိ၊ တစ်ကောင်ကြွက်ဘဝနဲ့ ဂုဏ်မရှိ ငွေမရှိ စားစရာနေစရာမရှိလို့ သေသင့်ပေမယ့် မသေဘူး"

"သေလည်း မသေချင်သေးပါဘူးလေ၊ အမေ့ကိုပေးခဲ့တဲ့ ကတိအတိုင်း ဘွဲ့တစ်ခုတော့ ရအောင်ယူရဦးမှာပဲ"

"အင်္ဂဘဝရဲ့ ရည်မှန်းချက်ပေါ့"

"ဟုတ်တယ်မမအေရီရယ်၊ အင်္ဂဘွဲ့ရရင် ကျောင်းဆရာမလေးလုပ်ပြီး ကလေးတွေကိုစာသင်မယ်၊ ဘဝတစ်ခုကို ဂုဏ်သိက္ခာရှိရှိ အေးအေးဆေးဆေး ဖြတ်သန်းကုန်ဆုံးမယ်"

"ဖြစ်လာမှာပေါ့ကွယ်၊ အင်္ဂက လိမ္မာတဲ့သူပဲ"

"ချီးကျူးမနေပါနဲ့ဦးမမရယ်၊ အင်္ဂက အင်္ဂဖြစ်ချင်တာတွေကိုပဲပြောတာပါ၊ ဘုရားသခင်က အင်္ဂကို ဘယ်လိုကံကြမ္မာတွေပေးဦးမယ်ဆိုတာ အင်္ဂတို့ စောင့်ကြည့်ရဦးမှာပါလေ"

မမအေရီရယ်က အင်္ဂစကားကို သဘောကျသလိုပုံ ခေါင်းလေးတညိတ်ညိတ်ဖြင့် ပြုံးပါသည်။ အင်္ဂက မမအေရီရယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာစွာ ငေးကြည့်သည်။ တစ်နေကုန် မမအေရီရယ်နားမှာ နေသော်လည်း သူဌေးဆိုသူကိုက မတွေ့ရ။

အလုပ်ကိစ္စရှိလို့ သူဌေး ခရီးသွားတယ်ဆိုတာလောက်သာ ကြားပုကတစ်ဆင့် သိရတာဖြစ်သည်။ မမအေရီရယ် အိပ်ပျော်သွားမှ ခတ္တာဝမြိုင်အိမ်ကြီးထဲကို အင်ုံ လျှောက်ကြည့်သည်။ သူဌေးနဲ့မမ အေရီရယ်တို့ဓာတ်ပုံတွေ ပန်းချီကားတွေများ မြင်ရတွေ့ရမလားလို့ ပါ။

သို့သော် အင်ုံမြင်လိုတွေ့လိုသော ဓာတ်ပုံကြီးများကိုမတွေ့ ဘဲ ရှုမျှော်ခင်းပန်းချီကားတစ်ချို့ကို ခန့်ညားကျက်သရေရှိစွာ တွေ့ရ ပါသည်။ မမအေရီရယ်၏ ခင်ပွန်းသူဌေးဆိုသူက ဘယ်ကဲ့သို့ သော ပုံစံရှိသူပေနည်း။

မမြင်ဘူးသော သူဌေးဆိုသူကို အင်ုံဘာသာ ပုံဖော်ကြည့် ရင်း အင်ုံစိတ်တွေက ဖျတ်ခနဲ ဦးဇေယျတုရှိရာရောက်သွား၏။

အင်ုံမလာမခြင်း ခြံထဲမှာ အင်ုံ့အလာကိုစောင့်နေမည်ဟု ပြောလိုက်သည့်စကားသံနှင့် တိုးလျှိုတောင်းပန်နေသော ညှို့မျက်လုံး ကြီးများက အင်ုံရင်ကို အဘယ်ကြောင့် နာကျင်ပမ်းလျစေသနည်း။

အစ်ကိုသင်းမောင်တုန်းကလည်း ဒီလိုခံစားချက်မျိုး အင်ုံ မှာမရှိ။ အင်ုံကိုတွေ့လိုမြင်လို၍ အင်ုံရှိရာ အခေါက်ခေါက်အခါခါ နေပူမိုးရွာမရှောင်လာနေသော်လည်း အစ်ကိုသင်းမောင်ကို အင်ုံ





သနား။ စိတ်များပင် နာနေလိုက်ရုံမက မုန်းပင်မုန်းမိသေးသည်။

အခု ဦးဇေယျတုနှင့်ကြတော့ အင်ုံ့စိတ်တွေက ထိုသို့ ပေါက်။ ဘာကြောင့်မှန်းမသိ သူ့အလိုကိုသာ အင်ုံလိုက်ချင်နေ သည်။ သူနှင့်တွေ့သည့်အချိန် သူ့အကြောင်းတွေးမိသည့်အချိန် တိုင်း အင်ုံရင်တွေ တဒိန်းဒိန်းခုန်နေသည်။ စိတ်တွေလှုပ်ရှားနေ သည်။

ရင်တွေတစ်လှပ်လှပ်ခုန်ပြီး သူနှင့်အတူရှိနေသည့်အခိုက် အင်ုံ တစ်ကိုယ်လုံး ပျော်ရွှင်ခြင်းစိတ်တို့လွှမ်းခြုံကာ သူ့မျက်နှာကို သာ ကြည့်နေချင်သည်။ သူ့အသံကိုသာ ကြားချင်နေ၏။

အင်ုံ ဘာဖြစ်နေသနည်း။

ဦးဇေယျတုဆိုသည့် လူကြီးကိုများ အင်ုံချစ်မိနေခြင်းများ လား။

အိုဟယ် မဆီမဆိုင် ငါ့နှယ် ဘာတွေများ လျှောက်တွေး နေမိပါလိမ့်နော်။

ဒါ မိန်းကလေးကတွေးရမယ့် ကိစ္စလား။ အမေသာ အင်ုံနားရှိနေရင် ခေါင်းပူအောင်ခေါက်ပေဦးမည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံချင်တော့သဖြင့် ဒီညတော့ သူချိန်းသည့်နေရာကို မသွား တော့ဟု ဆုံးဖြတ်သည်။

ချိန်းသည့်နေရာဟု တွေးလိုက်မိပြန်တော့ အင်ုံပါးလေး

www.burmeseclassic.com



တွေ့ တူပူသွားပြန်သည်။ ချိန်းသည်ဆိုတာ သမီးရည်းစားချင်း
ခြင်းသာဆိုင်သော စကားဖြစ်သည်။ သူနှင့်အငုံက ဘာဆိုဘာ
မဆိုင်။ သို့သော် အငုံတို့နှစ်ယောက်အဖြစ်က ဆိုင်သူတွေထက်
ပိုဆိုးနေသည်လားမသိ။ တစ်ယောက်ကိုတစ်ယောက် ပါးစပ်က
မပြောကြပါဘဲနှင့် တစ်ယောက်အကြည့်တွေမှာ တစ်ယောက်
နက်ရှိုင်းစွာ နစ်ထင်ပျော်ဝင်လျက် သူ့အလိုလို ချစ်သူသမီးရည်း
ကဲ့သို့ ခံစားနေခြင်းတည်း။

တော်ပြီ တော်ပြီ။

ပြောစရာစကားလည်း ဘာမှဟုတ်တိပတ်တိမရှိ
သူခေါ်တဲ့နေရာကို အငုံမသွားဘဲ ပစ်ထားလိုက်တော့မယ်။

သူ့ဘာသာ ဖြစ်ချင်ရာဖြစ်ပလေ့စေ။

စိတ်ကိုပိုင်းဖြတ်ပြီး ရေမိုးချိုးသည်။ ဖြီးလိမ်း အိ
ဝင်ခဲ့ပေမယ့် အငုံမှာ ရုတ်တရက် အိပ်လို့မပျော်။

မှိတ်ထားသည့် မျက်လုံးထဲ ဧယျတုမျက်နှာချော
ကြီးချည်း ပေါ်လာနေတာနှင့်ပင် နောက်ဆုံး အိပ်ရာက ဝုန်း
ထထိုင်ပစ်ရသည်။ ကြီးပုနှင့် တစ်ခန်းထဲမနေရလို့သာ တော်
သည်။ ခုတင်ပေါ်က အငုံကိုယ်လေးကို လျှောဆင်းပြီး ခြ
မှန်ပြတင်းက အသာချောင်းကြည့်သည်။

စိတ်တွေက ဝေခွဲမရဖြစ်နေပေမယ့် သူစောင့်နေ





အငုံဘာသာ အလိုလိုသိနေ၏။ သက်ပြင်းတစ်ချက်ခိုးချပြီး မှန်ရှေ့
မှာ သွားရပ်သည်။ သနပ်ခါးမွှံနေသော အငုံမျက်နှာလေးက ဝင်းပ
နမွှတ်နေသလို ချိုအေးသော သနပ်ခါးရနံ့ကလည်း သင်းပျံ့နေ၏။

ဒီတစ်ခါပဲထားလိုက်ပါလေ။

နောက်ထပ် သူခေါ်လည်းမသွားတော့ဘူးဆိုရင် ပြီးပြီ
ပေါ့။

တော်ကြာ အငုံမလာမချင်းစောင့်နေမှ သနားစရာ။

တကယ်ဆို သူနဲ့အငုံနဲ့လည်း ဘာမှမဆိုင်တာ မဟုတ်ဘဲ
နဲ့ ညကြီးကြမှ ဘာဖြစ်လို့ အငုံကို တွေ့ချင်ရတာပါလိမ့်။

စိတ်ညစ်လိုက်တာနော်။

အခုရောက်နေတဲ့နေရာက သူ့အိမ်လည်းမဟုတ်။ အငုံအိမ်
လည်းမဟုတ်ဘဲနဲ့။ တော်ကြာ သူ့ဦးဆိုတဲ့လူကြီး မြန်းစားပြန်
ရောက်လာပြီး တွေ့သွားမှဖြင့်။ အငုံကို ဂရုမြဲမလှတယ်ထင်တော့
မှာပဲ။

ကိုင်းလေ ဖြစ်ချင်ရာဖြစ်တော့။

အငုံမသွားတော့ဘူး။

အတွေးကလွန်ဆွဲရင်း မနေ့ညကလိုမျိုး အငုံအိပ်ခန်းတံခါး
ကို သူလာခေါက်ဦးမည်လားလို့ မသိစိတ်ကလည်း တိတ်တိတ်
ကျိတ်မျှော်နေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါက် ခေါက်"

ဟော။

အလွန်အင်မတန်တိုးဖွသော တံခါးခေါက်သံက အင်္ဦးခေါင်းလေးကို မှန်ရှေ့က ဆတ်ခနဲလှည့်လိုက်သလိုဖြစ်သွားစေ အင်္ခတစ်ကိုယ်လုံး တဒိတ်ဒိတ် သွေးတိုးလျက် ရင်တစ်ခုလုံး လှိုင်ဖိုထူပူသွား၏။

* * *



## အခန်း (၁၆)

အခန်းတံခါးကို အင်္ခမဖွင့်သေးဘဲ နေရာမှာရပ်လျက် ကြောက်ရွံ့ခြင်းတစ်ဝက် တွေဝေခြင်းတစ်ဝက်ဖြင့် ဝေခွဲရခက်စွာ အချိန်အတော်ကြာ ရပ်နေပြီးမှ ခြေလှမ်းကို ခပ်ဖွဖွနင်းလျက် အိပ်ခန်း တံခါးဝမှာ ရပ်လိုက်၏။

ထို့နောက် လှုပ်ရှားနေသည့်စိတ်ကို တည်ငြိမ်အောင် ကြိုးစား၍ အခန်းတံခါးချက်ကို အသံမကြားအောင် သတိထားပြီး ဆွဲဖွင့်လိုက်သည့်အခါ အလွန်အင်မတန် စိတ်ကြေကွဲထိခိုက် နေသော မျက်နှာဖြင့် အင်္ခကို စူးစူးနစ်နစ်စိုက်ကြည့်နေသော မျက်လုံး များဖြင့် ဘွားခနဲဆုံမိ၏။

"အင်္ခ"

နှုတ်ခမ်းလှုပ်သည်ဆိုရုံလေး သူက အင်္ခအမည်ကို တိုးတိုးကိုယ်ကြားလေသံဖြင့် ခေါ်ပေမဲ့ အင်္ခမထူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကြောင့်နေတယ်၊ အငုံမလာဘူး"

"ရှုး"

အငုံက သူမနှုတ်ခမ်းပေါ် လက်ချောင်းဖြူဖြူလေး ကန့်လန့်တင်လျက် သတိပေးသည်။ ခတ္တာမြိုင်အိမ်ကြီး၏ အရှင်သခင်များ ကြားသိမှာ အငုံကြောက်၍ဖြစ်သည်။

သူက အငုံကို ဘာမှဆက်မပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့လျက် အငုံတစ်ကိုယ်လုံးကို ခပ်စိမ်းစိမ်းသိမ်းကျုံးကြည့်သည်။ မချင့်မရဲအကြည့်။ အားမလိုအားမရသောအကြည့်။ ချစ်ခြင်းမြတ်နိုးခြင်းများဖြင့် တစိမ့်စိမ့်ပျော်ဝင်နေသော အကြည့်ဖြစ်သည်။

စိုက်ညို့နေသော သူ့အကြည့်များက အငုံ့အသည်းနှလုံးတွေကို ညှို့ငင်ဆွဲယူသွားသဖြင့် အငုံတစ်ကိုယ်လုံး ထူပူလျက် မျက်နှာနီနီဖြင့် အရင်ဦးဆုံး အကြည့်ကို လွှဲဖို့ ကြိုးစားမိသည်။

"မနက်ကြမှပဲ အငုံတို့တွေ့ကြမယ်"

လေသံသဲ့သဲ့ဖြင့် သူ့ကိုမကြည့်ဘဲ အငုံပြောရင်း အိပ်ခန်းတံခါးကို ပြန်ပိတ်ရန်ပြင်သည်။

"ပြန်တော့နော်"

"အငုံ"

"အို"

အငုံက အသံလုံးလုံးမထွက်ရဲ။





သူမလက်ကလေးတစ်ဖက်ကို သူ့ပိုင်ပစ္စည်းနှယ် မလွှတ်တမ်း အတင်းအကြပ် ဆွဲယူခေါ်ငင်သူနောက်မှ ရှက်ခြင်း၊ လန့်ခြင်း၊ ကြောက်ရွံ့ခြင်းတွေနှင့်အတူ ကျိတ်ရုန်းဖယ်လျက်ကပင် အင်အားခြင်းမမျှဘဲ ဖေယျတုဆွဲခေါ်ရာနောက် ဒရွတ်တိုက်ပါလာသည်။

အငုံက လွှတ်နေသော သူမလက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ဆွဲယူထားသော ဖေယျတုလက်ချောင်းများကို ဆွဲယူဖယ်ခွာသည်။

ဖေယျတုက မလွှတ်။

အငုံမျက်နှာကိုလည်း တစ်ချက်လှည့်မကြည့်။ သူဦးတည်ရာကိုသာ ခြေလှမ်းကျဲကြီးတွေနှင့် ဖွတ်အတင်း ဆွဲယူနေပုံကြောင့် အငုံမှာ ဖေယျတုလုပ်ပုံကို စိတ်လည်းဆိုး ဒေါသဖြစ်လာ၏။

အသင့်ပွင့်နေသော နောက်ဖေးတံခါးပေါက်မှတစ်ဆင့် သစ်ပင်တို့ဖြင့် ဝေဆာအုံ့ဆိုင်းနေသော ခြံကျယ်ကြီးထဲ ရောက်သွားသည်နှင့် ဒေါသဖြစ်လုပြီဖြစ်သော အငုံမှာ စိတ်ဆိုးဆိုးဖြင့် ဖေယျတုကိုယ်ကြီးကို လက်လှမ်းမီသမျှ တစ်ဘုတ်ဘုတ် တဘုံးဘုံး ထုရိုက်ပစ်သည်။

"လူကိုများ ပိုင်စိုးပိုင်နင်းနဲ့ ဒီအထိအောင် ခေါ်လာတာ၊ ဘာသဘောလဲ၊ လိုက်လိုက်လျောလျော ဆက်ဆံမိပါတယ်၊ အငုံကို ဆောသူမအနှံ့အအဆိုပြီး အထင်မြင်သေးလို့ ဒီလို"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့"

ကျိတ်မနိုင်ခဲမရ ထွက်ပေါ်လာသော ဇေယျာ့အသံ။ ဇေယျာ့ ဟန်ပန်တွေကို အင်ငုံ ဂရုမစိုက်။ ကိုယ့်စိတ်နှင့်ကိုယ့်ကို မနေရဘဲ သူ့သဘောတစ်ခုထဲနှင့် လူကို သူ့ရည်းစားလို ပိုင်စိုးပိုင်နင်း ဆွဲခေါ်လာသူကို စိတ်ဆိုးဒေါသဖြစ်နေမိသလို

ဒါ အင်ငုံကို အထင်သေးလို့ ဒီလိုပြုမူဆက်ဆံတာပဲဟု တွေးကာ ဝမ်းနည်းသထက် နည်းလာ၍ အခံရခက်ခက်နှင့် ဇေယျာ့ မျက်နှာကို ခပ်စိမ်းစိမ်း ပြန်စိုက်ကြည့်သည်။

"မတော်ဘူး၊ မတော်ဘူး၊ အင်ငုံစိတ်နဲ့ အင်ငုံကိုယ် မနေရဘဲ လူကို ဇွတ်အတင်းဆွဲခေါ်လာရအောင် ခင်ဗျားနဲ့အင်ငုံ ဘာဆိုင်လို့လဲ"

"ခင်ဗျားကို အင်ငုံ မတွေ့ချင်လို့ဆင်းမလာတာ သိရက်နဲ့၊ အိပ်ခန်းတံခါးလာခေါက်ပြီး မေးရုံနဲ့ မပြီးဘူး၊ လူကိုပါ ပိုင်စိုးပိုင်နင်း ဆွဲလားရမ်းလားလုပ်ရအောင် အင်ငုံက ခင်ဗျားရည်းစားမို့လို့လား"

ဇေယျာက သူ့ကိုစွာနေသော အင်ငုံကို တစ်ချိန်လုံး အံကြိတ်ပြီး ငြိမ်သက်စွာ သည်းသည်းမည်းမည်း ရှုးစိုက်ကြည့်သည်။ အင်ငုံ သူ့ကို စိတ်ဆိုးဒေါသဖြစ်နေပုံလေး လှသည်။ ချစ်စရာကောင်းသည်။ သူကိုယ်တိုင်လည်း ဘာကြောင့် ဤမျှရဲတင်းဝံ့စားသော အပြုအမူကို ပြုမိသည်မသိ။





ခြံထဲမှာ အင်ငုံကို သူအကြာကြီး စောင့်နေခဲ့သေးသည်။

နောက်တော့ သူတစ်ယောက်တည်း ဘယ်လိုမှ ငြိမ်နေ၍ မရတော့ဘဲ အင်ငုံအခန်းရှေ့ရောက်လာသည်။ အင်ငုံက သူ့ကိုမတွေ့ချင်သည့်ပုံနှင့် မနက်ကြမှဟုဆိုကာ အိပ်ခန်းတံခါးကို အပိတ်မှာ ဇေယျာကိုယ်တိုင် သူ့ကိုယ်သူ ဘာလုပ်၍လုပ်မိမှန်းပင် မသိတော့။

သူ့မျက်စိရှေ့မှာ အင်ငုံက သူ့ကို တိုးတိုးကျိတ်ကျိတ် ရန်တွေ့စကားဆိုနေသည်။ သူ့အပြုအမူအပေါ် အင်ငုံ အထင်လွဲဝမ်းနည်းနေသည်။ သူ့ကိုကြည့်လာသည့် မျက်ဝန်းလဲ့လဲ့ကြီးတွေထဲမှာ သူ့အပေါ်ထားရှိသည့် အင်ငုံသဘောထားတွေ ပေါ်လာသည်။

သူ့ကို မုန်းတီးသောအကြည့်နှင့် သူ့မအပေါ်မှာ အထင်အမြင်သေး၍ အခုလို ပြုမူရက်သည်ဆိုသော စိတ်ခံစားချက်များ။

"ခင်ဗျားကို အင်ငုံ မုန်းတယ်သိလား၊ နောက်ထပ်လည်း အင်ငုံကို ဘယ်တော့မှ လာမပတ်သက်ပါနဲ့"

"အင်ငုံ"

"လွှတ်"

ပြောပြီး နေရာက ချာခနဲလှည့်ပြေးရန် ကြိုးစားသော အင်ငုံလက်ကလေးတစ်ဖက်က ဇေယျာ့လက်ထဲ ဖျတ်ခနဲရောက်လာသည်။ အင်ငုံက သူ့ကို လှည့်ပင်မကြည့်ဘဲ သူ့မလက်ကလေးကို အနာခံကာ တအားဆောင့်ရုန်းသည်။ သူက မလွှတ်။ အင်ငုံ လက်က



www.burmeseclassic.com

www.burmeseclassic.com



လေးကို လွှတ်လိုက်လျှင် သူနှင့်အင်္ဂ တစ်သက်တာဝေးဖို့ ဖြစ်လာတော့မည်ဟု ဓေယျာတုစိတ်က အငိုလှိုသိနေ၏။

မချိတင်ကဲခံစားနေရသော ဓေယျာတု၏ ပြင်းပြသော ခံစားချက်ဝေဒနာကို အင်္ဂမသိ။ တစ်စစီ ကြေကွဲလွင့်ပြန့်နေသော ဓေယျာတု နှလုံးသားကိုလည်း အင်္ဂမမြင်။ အင်္ဂခနဲ ရှိုက်ငိုသံသဲ့သဲ့လေးက ချုပ်တီးမျိုသိပ်ထားရသော ဓေယျာတု အသည်းပြင်ကို ပြင်းစွာ ရိုက်ပုတ်ပစ်လိုက်၏။

"အင်္ဂ"

"အို အမေ့"

"အင်္ဂ"

"အင်္ဂ . . အင်္ဂ ကို့ချစ်သည်းရယ်"

တင်းကြပ်သော ပိုက်တွေးမှုအောက်မှာ အင်္ဂတစ်ကိုယ်လုံး ကျိုးကြေမွှန်းနစ်သွားသော အဖြစ်ကိုသာ အင်္ဂသိလိုက်သည်။ ဓေယျာတုက အင်္ဂလက်ကလေးကို သူ့ဘက်သို့ အင်အားသုံး၍ ဆောင့်ဆွဲယူလိုက်ရာ အင်္ဂမှာ အရှိန်မထိန်းနိုင်ဘဲ အင်အားချင်းမမျှ သူ၏ရင်ခွင်အတွင်းသို့ သူမကိုယ်ကလေး ပစ်ဝင်လိုက်သကဲ့သို့ ဖြစ်သွားရခြင်းဖြစ်သည်။

ဓေယျာတုမှာ အနှစ်နှစ်အလလ ပျောက်ဆုံး[illegible]ားရာမှ ပြန်လည်တွေ့ဆုံရသော ချစ်သူကို အခုမှပြန်တွေ့ရသူတစ်ယောက်





ဖမာ ဟင်းလင်းပွင့်သော နှလုံးသားအစုံဖြင့် အင်္ဂဆိုသည့် အချစ်ပန်းပွင့်လေးအား အညှိုးကြီးစွာ ရှာသောမိုးကဲ့သို့ အနမ်းပွင့်များ အရှိန်ပြင်းစွာ သွန်ချပစ်လိုက်သည်။

မဖြစ်နိုင်ဘူး။

မဖြစ်သင့်ပါဘူးဆိုသည့် သတိတရားက ဓေယျာတုထံပါးမှ ဝေးရာသို့ လွင့်ပြေးသွား၏။ တွင်တွင်ဆိုနေသော ဓေယျာတုထံမှ ချစ်စကားများက မြတ်နိုးခြင်း၊ ချစ်ခြင်းများဖြင့် ထုံမွှန်းလျက် အမျှင်မပြတ် အထပ်ထပ်သီကျူးလျက်ရှိ၏။

အင်္ဂမှာ ရှက်လွန်းသဖြင့် မျက်ဝန်းအစုံကို ဖွတ်နှစ်၍ မှိတ်ထားသည့်တိုင် အင်္ဂခန္ဓာကိုယ် နုနုထွေးထွေးအနှံ့ လွင့်ချင်တိုင်း ပျံ့လွင့်နေသော ဝင်သက်ထွက်သက်လေနွေးနွေးတို့အား ကွန်းဖယ်ရှန်းကန်နိုင်စွမ်းက မရှိတော့ချေ။

အင်အားပြင်းထန်သော စပါးကြီးမြွေတစ်ကောင်ကဲ့သို့ ညှို့ငင်နေသူထံမှ ချစ်စကားဆိုသံကိုသာ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် သူမလက်လှမ်းမှီသလောက် ထုရိုက်ဖို့ ကြိုးစားလျက်ရှိ၏။

"ခင်ဗျားနော်၊ လူကို"

"အို"

ရန်တွေ့စကားက အဆုံးသို့မရောက်လိုက်။ ထုရိုက်နေသော



www.burmeseclassic.com

www.burmeseclassic.com



လက်အစုံကို အသာအယာသိမ်းပွေ့လိုက်သူ၏ ရင်ခွင်ထဲမှာ အငုံ စကားသံတို့ ပျောက်ဆုံးသွား၏။

"အငုံ"

တိုးရှုနစ်မောသော ဖေယျတုအသံက တုန်နေ၏။ အငုံက သူ့ကိုထူးလည်းမထူး ပြန်၍လည်းမော့မကြည့်။ နီရဲစိုစွတ်သော သူ့နှုတ်ခမ်းအစုံကို မကြည့်ရဲတိုင်း ဦးခေါင်းကိုသာ ဖွတ်နှစ်၍ ငုံ့ထားမိသည်။

ရွာမှာနေတုန်းက အစ်ကိုသင်းမောင် စိတ်ထင်တိုင်း ကြမ်းရမ်းလျက် အငုံကို ဖွတ်အတင်း နမ်းရှိုက်၍ အငုံ ငိုရှိုက်၍ ထွက်ပြေးခဲ့ရဖူးသည့်တိုင် အစ်ကိုသင်းမောင် အနမ်းတွေကို အငုံ သတိမရ။ ဘာမှလည်း မခံစားခဲ့ရ။

ရှက်တာနှင့် အငုံငိုခဲ့တာပဲ ရှိသည်။

ဖေယျတုတိုသည့် သူနှင့်ကြတော့ အငုံတစ်ကိုယ်လုံး တလှပ်လှပ်တုန်ကာ ရင်တွေပါ တဆတ်ဆတ်ခုန်နေလိုက်သည်မှာ ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားရမှာကို ရှက်နေမိသည့်အထိ ဖြစ်သည်။

"ကို့ရင်ခုန်သံတွေကို နားထောင်ကြည့်ပါဦးအချစ်ရယ်၊ ကြားလား အငုံကို ချစ်တယ်"

"အငုံကိုချစ်တယ်တဲ့"





ပြောရင်း အငုံပါးပြင်ကို ငုံ့အနမ်းမှ အငုံက မျက်ခမဲ့ ရှောင်လိုက်တော့ ဖြူဖွေးနုညက်သော အငုံလည်တိုင်ကျော့ကို နမ်းမိ တော့ သူရယ်သည်။

"ချစ်တယ်"

သူပြောစကားကို အငုံမကြားသလိုပင်။ သူ့ရင်ခွင်ထဲက ရုန်းဖယ်တော့ သူက အငုံကိုယ်လေးကို တိုးဖက်သည်။

"ဖယ်ပါ"

"နောက်တစ်ခါ ကို့ကိုမုန်းတယ်လို့ ပြောဦးမှာလား"

မျက်နှာချင်းတိုးဖွေ့အမေးမှာ အငုံ သူ့မေးစေ့ကို လက်က လေးဖြင့် တွန်းဖယ်တော့ သူက အငုံကို ဖွတ်နမ်းသည်။

"အချိန်တွေကြာနေပြီ၊ အငုံသွားတော့မယ်"

"မသွားရဘူး"

"ဟင်"

"ကို ခွင့်ပြုမှသွားရမယ်"

"အို...ဒါကဘာစကားလဲ"

နူးညံ့ရှိန်းလဲ့သည့် အကြည့်တွေအောက်မှာ အငုံ အနေရ ခက်သလို ဖြားယောင်းညှို့ငင်နိုင်စွမ်းသော သူ့အနမ်းတွေကို အငုံ ကြောက်နေပါသည်။

နှစ်ကိုယ်ကြားတိုးတိတ်စွာ စကားဆိုနေပေမယ့် အငုံ



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာမလုံပါ။ အငုံတို့ကို တစ်ဦးတစ်ယောက် တွေ့မြင်သွားမှာ ကြောက်နေမိသလို အနားမှာ အတူရှိနေသူ၏ အချစ်စွမ်းအားတို လည်း အငုံကြောက်သည်။

“ကိုနဲ့ အငုံ သက်ဆိုင်တဲ့စကားလေ”

“အို”

“အခု အငုံနဲ့ကို ဘယ်လိုသက်ဆိုင်ပတ်သက်တယ် ဆိုတာကြောင့် အငုံကို ပိုင်စိုးပိုင်နင်းလုပ်ရတယ်ဆိုတဲ့အဖြေကို အငုံ လက်တွေ့သိပြီမဟုတ်လား”

အပြုံးဖြင့် နူးညံ့ချိုမြိန်နေသော သူ့မျက်နှာချောချော အငုံ မကျေမနပ်လေး မော့အကြည့်မှာ သူက မည်းနက်ကော့ သော အငုံမျက်ဝန်းအစုံ မှေးမှိတ်သွားသည်အထိ အချစ်ဖြင့် ညှို ပါသည်။

“တော်မတော့လို့ဆိုနေ၊ အငုံ ငိုလိုက်တော့မှာနော်”

“ငိုရင်ချော့မှာပေါ့၊ ကလေးလေးလို ကို့ရင်ခွင်ထဲ ထည့် တော့လေ”

“ချစ်တယ်အငုံရယ်၊ အခုချိန်ကစပြီး အငုံက ကို့ချစ် နော်”

“ဘယ်သူက ချစ်တယ်ပြောသေးလို့လဲ”

အငုံက ပြန်စွာတော့ သူက အငုံမျက်နှာလှလှလေး





အရယ်အပြုံးကင်းစွာ စိုက်ကြည့်သည်။ အငုံကလည်း ခပ်တည်တည် ပြန်ကြည့်တော့ ဇေယျာတုရင်ထဲ မချင့်မရဲဖြစ်လာသည်။

ပြီးတော့ ဇေယျာတုမျက်လုံးထဲ ပုံရိပ်တစ်ခု ပြေးဝင်လာ သည်။ ထိုပုံရိပ်က တခြားသူ့ပုံရိပ်မဟုတ်။ ရွာမှာကျန်ခဲ့သည့် အငုံက အစ်ကိုဟုခေါ်သည့် သင်းမောင်ဆိုသည့် ချာတိတ်၏ မျက်နှာဖြစ်သည်။

“ကို့ကို မချစ်ဘူးဆိုတော့ တောမှာကျန်နေတဲ့သူကိုပဲ ချစ်တယ်ပေါ့”

မနာလိုဝန်တိုသံကြီးနှင့် ဆိုလာသူကို အငုံမရယ်ပါ။

“အစထဲက သိနေရင်လည်း ဖြေရှင်းရသက်သာတာပေါ့၊ ဖယ်ပါ အငုံသွားမယ်”

“ဘယ်ကိုသွားမှာလဲ”

“တောမှာကျန်ခဲ့တဲ့ အငုံရည်းစားဆီ၊ ကဲ ရှင်းပြီလား”

“ရှင်းပြီ”

“ကဲ…ကဲ”

အငုံက ရှက်အားပိုပြီး သူ့ကိုယ်ကြီးကို တအားထုရိုက် တော့ ဇေယျာတုက ကျေနပ်ကြည်နူးစွာ မြတ်မြတ်နိုးနိုး အငုံကိုယ် လေးကို တယုတယ ပိုက်ထွေးလျက် ဖွဖွရယ်သည်။

ဒီတစ်ခါတော့ အငုံမငြင်းဘဲ သူ့ရင်ခွင်မှာ ရှက်အေးနှိမြန်း



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာလေးကို ရှက်စနိုး ကွယ်ဝှက်သိမ်းဆည်းလိုက်သည်။

ဪကွယ်…မမျှော်လင့်ပါဘဲ ချစ်သူတစ်ယောက် အငုံ ကောက်ရလိုက်ပြီပဲ။

❦ ❦ ❦



## အခန်း (၁၅)

"အငုံ"

ဧယျတုနှုတ်များက ချစ်ရသူ၏အမည်ကို ချစ်ခြင်းမြတ်နိုးခြင်းတွေနှင့် တိုးတိုးဖွဖွ ခေါ်လိုက်မိသည်ဆိုလျှင်ပင် သူ့နှလုံးသားတစ်ခုလုံး လှိုက်ဖိုနွေးထွေးခြင်းလှိုင်းဖြင့် တစိမ့်စိမ့်ကြည်နူးပီတိဖြစ်သွားသည်။

တစ်စုံတစ်ယောက်၏ အမည်ကို တမ်းတလိုက်လှဲ့စွာ နှုတ်များက ခေါ်လိုက်မိသည်နှင့် ရင်တစ်ခုလုံး နွေးထွေးသွားသော ခံစားမှုမျိုး ဧယျတုဘဝတစ်သက်တာမှာ ဒီတစ်ကြိမ်သာ လှိုက်လှိုက်လှဲလှဲ ခံစားဖူးပါသည်။

ချစ်လိုက်တာ ကလေးရယ်။

သူ့ဘဝအဖြစ်မှန်ကို အငုံသိအောင် ချမပြရဲပါ။ မမျှော်လင့်ဘဲ မိုးသိပ်ချုပ်တည်းထားသမျှ အချစ်တွေ ရင်ဖွင့်ပေါက်ကွဲသွားပါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူလိုချင်တာ ထိုအဖြစ်မျိုးမဟုတ်ပါ။

နိုးကြောင်ခိုးဝှက် တိတ်တဆိတ် နိုးချစ်ရသည့်အချစ်ကို ဖေယျတုကိုယ်တိုင် မုန်းတီးရွံရှာစက်ဆုပ်ပါလျက် ထိုအဖြစ်ကို ကျူးလွန်နေသူကလည်း သူကိုယ်တိုင်ဖြစ်နေတော့ ခက်သည်။ အငုံက သူ့ကို ခတ္တာမြိုင်၏ အရှင်သခင် သူမအလုပ်ရှင်သူဌေး အဖြစ် သိရှာသူမဟုတ်သလို သူမမ အေရီရယ်၏ ခင်ပွန်းသည်မှာ သူမချစ်သူ ဖေယျတုပဲဖြစ်နေလိမ့်မည်။ အိပ်မက်ပင် မက်ဖူးမည် မထင်။

ဖေယျတုကို ခတ္တာမြိုင်၏ ဆွေမျိုးတစ်ဦးဦး သူဌေးကြီး၏ အလုပ်မှာ ဝင်လုပ်နေသူ ဝန်ထမ်းတစ်ဦးဦး အဖြစ်လောက်သာ နားလည်ထားသူဖြစ်သည်။

ဟား အခုမှ သိပ်ကိုခက်နေပြီ ဖေယျတုရယ်။

အခု မင်းကိစ္စကို မင်းဘယ်လိုဖြေရှင်းမလဲ။ အမေးသာရှိ၍ ထိုပုစ္ဆာအတွက် အဖြေကမရှိ။

"တူ…တူ…တူ"

ဖုန်းအသံမြည်လာ၍ ကြည့်လိုက်တော့ အေရီရယ်ဖုန်း ဖြစ်နေသည်။

"ဟဲလို"

"အေရီရယ်ပါ ကို"





"ပြော အေရီရယ်"

"ကိစ္စအထွေအထူးတော့ မရှိပါဘူး၊ ကိုဘယ်နေ့အားမလဲ သိချင်လို့ပါ၊ အန်တီဝင်နီတို့က အိမ်မှာ ခင်နှာစားချင်လို့တဲ့လေ၊ အဲဒါကို ရှိမှဖြစ်မှာမဟုတ်လား"

ဖေယျတု ဘာပြောရမှန်းမသိဘဲ အကြာကြီးငြိမ်ကျသွားသည်။ အန်တီဝင်နီဆိုတာက အေရီရယ် ဝမ်းကွဲအဒေါ်ဖြစ်ပြီး နိုင်ငံခြားမှာသာနေသူ။ ရောက်တုန်းရောက်ခိုက် သူတို့မဆီဝင်လည်ရင်း ခတ္တာမြိုင်မှာ ညစာစားဖို့ ဖြစ်လာဟန်တူသည်။

"ကို"

"ဗျာ"

"ကိုမအားရင်လည်း အန်တီဝင်နီတို့ကို အေရီရယ် ငြင်းလိုက်မယ်လေ"

တိတ်ဆိတ်ငြိမ်သက်သွားသူ၏ သဘောကို လှမ်းမြင်သလို အေရီရယ်က ပြောတော့ ဖေယျတုကိုယ်ကြီး တွန့်ခနဲဖြစ်သွားသည်။ နိုင်ငံခြားမှာတုန်းက အန်တီဝင်နီအိမ်မှာ အေရီရယ်နှင့်အတူ တည်းခိုနေထိုင်ခဲ့ဘူးသည်။ မြန်မာနိုင်ငံကိုလာလည်တော့ သည်း နာမည်ကြီးဟိုတယ်တွေမှာ ဖေယျတုကိုယ်တိုင် အိမ်ရှင် တွေရားကျွေးမြန်စွာ လိုက်၍ ဧည့်ခံကျွေးမွေးသည်။

အေရီရယ် ကျန်းမာရေးကြောင့် ခတ္တာမြိုင်မှာ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ခေည့်ခံကျွေးမွေးတာမျိုး မလုပ်ခဲ့ဖူး။ အခု အန်တီဝင်နီကိုယ်တိုင် ကောင်းဆိုလာပြီဆိုတော့ သူငြင်း၍မဖြစ်တော့ပါ။

"အေရီရယ် ဘယ်နေ့ကျွေးချင်လဲ"

"ဒီဆန်းအေးဆိုရင်ရောကို"

"ကောင်းပါတယ် အေရီရယ်၊ အန်တီဝင်နီကို အကြောင်းပြန်လိုက်ပါ"

"သင့်ခ်ယူးကို"

အေရီရယ် ဖုန်းချသွားသည်နှင့် သူ့လက်ထဲကဖုန်းကို လွှတ်ချပြီး ဓေယျာတု မျက်လုံးအစုံကို တစ်အားမှိတ်ချပစ်လိုက်သည်။

ဘယ်လိုရှောင်ပြေးလို့မှ မလွှတ်နိုင်တော့သည့် အနေအထားမှာ ရှေ့သို့တိုးရန်မှတစ်ပါး တခြားမရှိပြီဟု သိသည်။ အင်ကို အကြောင်းပြချက်တစ်မျိုးမျိုးနှင့် ခတ္တာမြိုင်ကနေ တခြားတစ်နေရာကို ထွက်သွားခိုင်းဖို့ ဆိုတာလည်းမဖြစ်။

မည်းနက်သော ဆံပင်များကို လက်ဖြင့် တအားဆွဲဖွလိုက်သည်။ အေရီရယ်ကို အင်အလစ်မှာ တစ်ကြိမ်သွားရောက်တွေ့ပြီးထဲက နောက်ထပ် သူသွားမတွေ့တော့။ အလုပ်ကို အကြောင်းပြပြီး ဖုန်းနှင့်ပဲ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် နှုတ်ဆက်စကားပြောသည်။

အခြေအနေ မေးမြန်းသည်။





ရိုးသားသော အေရီရယ်က ဓေယျာတု၏ အလိမ်အညာကို မရိပ်မိ။ ခေါ်ပုတ္တမ အင်ဆိုသည့်ကလေးမလေးကို သူ့သဘောကျကြောင်း။ လိမ္မာကြောင်းပြောတော့ သူပြုံးမိနေခဲ့သည်။ ဆိုးသည် ကောင်းသည် ဘာတစ်ခုမှ ဝင်မပြောရဲ။

အင်ဆိုသည့် ချစ်သူနာမည်ကြားရတာနှင့်ပင် ဓေယျာတု စိတ်တွေ လှုပ်ရှားနေခဲ့သည်။ နှစ်သက်ကြည်နူးနေခဲ့သည်။ နောက်ဆုံး အေရီရယ်နားမှာပဲ အင်ကို ခေါ်ယူထားတော့မည်ဟု အဆုံးသတ်မှာတော့ ဓေယျာတု သက်ပြင်းကျယ်လောင်စွာချသည်။

မနက်ခင်းအစောကြီး အိမ်ကထွက်သွားပြီး ညဉ့်နက်မှ ခတ္တာမြိုင်ကို ပြန်ရောက်လာသည့် ဓေယျာတုက အေရီရယ်ဆီကို မသွားသော်လည်း အင်နှင့်တော့ ခြံထဲမှာ ပုံမှန်တွေ့ဖို့ ကြိုးစားသည်။ အင်က တွေ့ချင်ချင်မတွေ့ချင်ချင် ဓေယျာတုက ဇွတ်ရအောင်တွေ့သည်။

အင်မှာ ဓေယျာတု၏သဘောကို ငြင်းဆန်ရင်း ကန့်ကွက်ရင်းနှင့်ပင် ချစ်သူအလိုသို့ လိုက်ရရှာသည်။ ချစ်သူ့ဆိုးသမျှ လက်သီးဆုပ်ကလေးများဖြင့် သူ့ရင်ဘတ်ကြီးကို ရက်စက်စွာ ထုသည်။ ရိုက်သည်။ အပြစ်ပေးသည်။

ဓေယျာတုက အင့်လက်သီးဆုပ်လေးများကို ပန်းနှင့် ပေါက်သည်ဟုထင်သည်။ ချစ်စနိုးရှိုက်နမ်းသည်။ ဇွတ်အတင်း



www.burmeseclassic.com

www.burmeseclassic.com



ချွေ့ရမ်းသည်။ အငုံရှက်ပြီး သူ့ရင်ခွင်ထဲ မျက်နှာကို ကွယ်ဝှက်ထား လျှင်ကား ကျေနပ်ကြည်နူးမဆုံးသော ပီတိဖြင့် အငုံကိုယ်လေးကို ပိုက်ထွေးယုယသည်။

"ဦးဇေယျတု"

"ဘယ်သူ့ကိုခေါ်တာလဲ"

"သူ့ကို"

သူမကျေမနပ်ဆိုတော့ အငုံက သူ့ရင်ခွင်ထဲက ချစ်စဖွယ် သူ့ရင်ဘတ်ကြီးကို လက်ကလေးလှမ်းထောက်သည်။

"ကိုယ့်ချစ်သူကို ဘယ်လိုခေါ်ရမယ် ပြောထားလဲ"

သူ့စကားအဆုံးမှာ အငုံမျက်နှာလေး နီရဲသွားအောင် ရှက်သွားပြီး ခစ်ခနဲရယ်သည်။

"အဲဒီလိုကြီးခေါ်ချင်ပါဘူး"

မောင်ဟု ဇေယျတုက ခေါ်ခိုင်းခြင်းကို အငုံ ရှက်၍ တစ်ခါမှမခေါ်ဘူးပါ။

"ကိုယ့်ချစ်သူကို ဇာကယ်ချစ်တဲ့သူဆို မောင်လို့ခေါ်တာ ပဲ၊ မချစ်တဲ့သူတော့ မပြောတတ်ဘူး"

"မချစ်ဘူးပဲထားလိုက်ပေါ့"

ပြုံးနေသည့် မျက်နှာလှလှလေးကို သူ စိုက်ကြည့်ဝင် သည်။





"တစ်ခါပဲခေါ်ကြည့်လေ၊ ဒါမှ နောက်ခေါ်ရဲသွားမှာ"

"မောင်လို့ခေါ်"

"အာ··ဘာတွေမှန်းလည်းမသိဘူး၊ ဘာမောင်လဲ၊ ခေါ်ချင်ပါဘူး၊ ရှက်စရာကြီး"

"ခက်နေပါလား"

"ဦးဇေယျတုလို့ခေါ်တာ သူစိမ်းတွေမှခေါ်တာဗျာ၊ ကို့ချစ်သူကို အဲဒီလိုမခေါ်ရဘူး"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"စောစောက နာမည်ကြီးတော့ မခေါ်ဘူးနော်၊ တခြား နာမည်ကိုပြောတာ"

"ဦးဇေလား···ဦးယျတုလား"

"ပြောမှ ပိုဆိုးကုန်ပြီဗျို့"

စိတ်ညစ်ညစ်နှင့် သူ တိုးတိုးအော်တော့ အငုံက သဘော ကျမဆုံး။

"ကောင်းပြီ၊ ဒါဖြင့် ဒီလိုပဲခေါ်မယ်"

"ဘယ်လိုခေါ်မှာလဲ"

"ဦးလေးကြီးလို့"

"သိပ်ဆိုးတဲ့ကောင်မလေး"

ဇေယျတုရင်ခွင်ထဲမှာ အငုံအသံလေးတွေ အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားဖူးသည်။

"ဦးလေးကြီး"

"ဗျာ"

"ခစ်...ခစ်"

အငုံခေါ်သည့်အတိုင်း သူကထူးသော် အငုံက တခစ်ခစ် ရယ်သည်။ သူ့ကိုစ၊ ရ၍ အငုံ ပျော်နေတာကို ချစ်စနိုး သူပြုံးကြည့် နေသည်။

"တစ်သက်လုံး ဦးလေးကြီးလို့ပဲခေါ်မှာ"

"တစ်သက်လုံး"

ရယ်မောလျက် အငုံက ခေါင်းလေးညိတ်တော့ ဖေယျတု မှာ တစ်သက်လုံးဆိုသည့် အငုံစကားကြောင့် အတော်ကြီး တုန်လှုပ် သွား၏။ အေရီရယ်မျက်နှာလေးကို ဖျတ်ခနဲ ပြေးမြင်ယောင်လိုက် မိသည့်အတွက်ပါ။

"ဦးလေးကြီးမှာ အရင်က ချစ်သူရည်းစား ရှိဖူးသလား ဟင်"

"အမှန်အတိုင်းပြောရင် ယုံပါ့မလား"

"ယုံမှာပေါ့"

"ဘာဖြစ်လို့ အလွယ်ယုံတာလဲ"

"အငုံချစ်သူမို့ပေါ့"





"ကိုက လိမ်ပြောရင်ရော"

"ယုံရမှာပဲလေ"

"အငုံချစ်သူမို့လို့လား"

"ဒါပေါ့"

"ကဲ မေးတာဖြေပါ၊ အရင်တုန်းက ချစ်သူရည်းစားတွေ အများကြီးထားခဲ့တာပဲလား"

"လူအထင်ကြီးအောင် ပြောရရင် ချစ်သူရော ရည်းစား ရော အားလုံးပေါင်းလိုက်မှ အငုံဆိုတဲ့ ကောင်မလေးတစ်ယောက် ထဲရှိတယ်"

"သွား...ဟုတ်လည်းမဟုတ်ဘဲနဲ့"

အငုံက သူ့စကားကိုမယုံ။

ဖေယျတုကလည်း အငုံကျေနပ်အောင် လိမ်ညာပြောနေ ခြင်းမဟုတ်။ ဘယ်မိန်းကလေးကိုမှ ဖေယျတုအသည်းနှလုံးကိုရော ဘဝကိုပါ ပုံအပ်ပြီး မချစ်ခဲ့ဖူးခြင်းကို အမှန်အတိုင်း ဝန်ခံခြင်းဖြစ် သည်။

"သြော်...ကိုတကယ်ပြောတာကို အငုံက မယုံဘူးလား၊ ချစ်သူရည်းစားဆိုတာကိုတောင် အခုအသက်အရွယ်ကြမှ ထားဘူး တာလေ"

"အချစ်ကို လုံးဝမယုံတဲ့သူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုရော"

"ယုံလို့ကို ပုံအပ်ပစ်လိုက်ကာ"

"ဘယ်သူ့ကိုလဲ"

"အင်ဆိုတဲ့ ကောင်မလေးကို"

လှပသော မျက်ခောင်းကြီးတစ်ခု ဒိုင်းခနဲရောက်လာပေမယ့် ပြုံးနေသည့် အင့်မျက်နှာလေးမှာ ပကတိကြည်စင်ဝင်းပနေပါသည်။

"ချစ်သူ့ရည်းစားတွေ သက်စေ့ထားခဲ့လည်း အင် စိတ်မဝင်စားပါဘူးလေ"

"ဒါပေမယ့် သဝန်တော့တိုတယ်မဟုတ်လား"

"အံမယ် အင့်ကိုသာပြောနေတယ်၊ ဦးလေးကြီးရော အစ်ကိုမောင်နဲ့ အင့်ကို သဝန်တိုတာပဲမဟုတ်လား"

"နားထဲခါးလိုက်တာ"

"ဘာကိုလဲဟင်"

"ဟိုတစ်ယောက်ကို ခေါ်တာကြတော့ အစ်ကိုမောင်ရော မောင်ရော စုံနေတာပဲ၊ ကိုယ့်ချစ်သူကိုကြတော့ မောင်လေးတစ်ခွန်း ခေါ်နိုင်းလို့မရဘူး"

"ခေါ်စမ်း မောင်လို့"

သူက မျက်နှာကို ခပ်တင်းတင်းလုပ်ထားတော့ အင်က





သူ့ကို ပြုံးစိစိမော့ကြည့်သည်။

"ခေါ်လေ"

"ခေါ်မယ်၊ ခေါ်မယ် သချာနားထောင်၊ မျက်လုံးကို အရင်မှိတ်ထား"

"မှိတ်ပြီ"

"အင့်လက်ကိုလည်း လွှတ်ဦး"

"ဘာဆိုင်လို့လဲ"

"သြော်...ဆိုင်လို့ပေါ့၊ လွှတ်ပါဆို"

"ကဲ လွှတ်ပါပြီတဲ့ဗျာ"

"သေချာနားထောင်နော်"

"အင်း"

"အဟမ်း"

အင့်က အဟမ်းဟု လည်ချောင်းရှင်းသံနှင့် ခဏငြိမ်သွားသည်။ ခေယျတုက အင့်ထံမှ မောင်ခေါ်သံကို နားစွင့်ရင်း ငြိမ်သက်စွာ စောင့်သည်။ အင့်ထံမှ အသံလေးထွက်လာသည်။

"ကဲ တကယ်ခေါ်ပြီနော်၊ သေချာနားထောင်"

"မောင်း"

ဖျတ်ခနဲ မျက်လုံးကိုဆွဲအဖွင့်မှာ အင့်က တခစ်ခစ်ရယ်မောလျက် သူ့အနားက လစ်လစ်ပါအောင် ပြေးသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အငုံ့ရယ်။

ဘယ်လိုမှ ဖြေရှင်း၍မရနိုင်သောကိစ္စက မေယျာ့ဦးခေါင်းကို ပြန်မထောင်နိုင်အောင်ပင် ဖိုက်ကျသွား၏။

* * *



## အခန်း (၁၀)

"ကြီးပု"

"ဟင်"

"ဧည့်သည်တွေက ဘယ်နှစ်ယောက်လာမှာလဲဟင်"

"သုံးယောက်ထဲပါ၊ မမအမျိုးတွေပေါ့၊ သူတို့က နိုင်ငံခြားမှာပဲနေကြတာ၊ အခုဟာက ဒီကိုခဏပြန်လာလည်တာ"

"ဪ"

အငုံ့က ကြီးပုခိုင်းတာတွေ အသန်းနှင့်အတူ ဝိုင်းလုပ်ရင်း သူမသိချင်တာကို ကြီးတော်ဒေါ်ပုထံမှာ စပ်စုနေခြင်းဖြစ်သည်။ ခတ္တာမြိုင်၏ သူဌေး။ မမအေရီရယ်၏ ခင်ပွန်းဆိုသူကိုက အခုထိ အငုံ့ မမြင်ရသေး။ ကြည့်စရာလည်း ဓါတ်ပုံတစ်ပုံပင်မတွေ့။

ဧည့်သည်များ ရောက်လာမည့်နေ့မှာပင် သူဌေးပါ ပြန်လာမည်ဆို၍ ဤထမင်းဝိုင်းကို အငုံ့စိတ်ထဲ အထူးစိတ်ဝင်စားနေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကဲ…အငုံ ဒီမှာ ညည်းလုပ်စရာရှိတာလေး လုပ်ပြီးရင် မမအခန်းကိုသွားဦး၊ ဒီနေ့ လူက နည်းနည်းလန်းနေတော့ ညည်းမမ ကိုယ်တိုင် ချေ့သည်ကို အခန်းအပြင်ထွက်ချေ့ခံရင် ချေ့ခံမှာ"

"သွား…သွား မမအတွက် အငုံကိုယ်တိုင် အဝတ်လဲ ပြီး ပေါင်ဒါလေးဘာလေးလူးပေးလိုက်"

"အားလုံးပြီးရင် ညည်းကိုယ်ညည်းလည်း ရေချိုးအလှ အပလေးပြင်ဆင်ပြီး သပ်သပ်ရပ်ရပ်ကလေးလုပ်ထားဦး၊ ထမင်းပွဲ ကို အငုံနဲ့ကြီးပုပဲ စားပွဲထိုးပေးရမှာ၊ ကြီးပု သင်ထားတာတွေ အားလုံး မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ်ကြီးပုရဲ့"

"ဒါပဲ…ဒါပဲ သွားတော့၊ ဒီမှာ ကြီးပု ပြင်ဆင်လိုက်ဦး မယ်"

"ဟဲ့…အသန်း ဒီကိုပြန့်မြန်လာစမ်းပါဦး"

အငုံက ကြီးပုနှင့်အသန်းကို ထားခဲ့ပြီး မမအေရီရယ် အခန်းသို့ လာခဲ့သည်။

"ခေါက်…ခေါက်"

"အငုံလား ဝင်ခဲ့လေ"

"ဟုတ်ကဲ့ မမ"





မွှေးရှံ့သာစွဲထားသော မမအေရီရယ်အခန်းထဲကို အငုံ အသာဝင်ခဲ့သည်။ တစ်နေကုန်နီးပါး အိပ်ထားသဖြင့် မမအေရီရယ် မျက်နှာလေးက ခါတိုင်းနှင့်မတူ လန်းဆန်းနေ၏။

"ချေ့သည်တွေအတွက် ဒေါ်ပု အသင့်ဖြစ်ပြီလား အငုံ"

"ဟုတ်ကဲ့ မမ၊ ကြီးပုက မမကို လိုအပ်တာသွားလုပ် ပေးလိုက်ဦးဆိုလို့ အငုံထွက်လာတာပါ၊ မမကို အဝတ်အရင်လဲပေး ရမလား၊ ဒါမှမဟုတ် မမ ရေချိုးချင်လား"

"မမအတွက်က သိပ်အရေးမကြီးပါဘူးကွယ်၊ ကိုအတွက် သာ သူစိတ်ကြိုက်ဖြစ်နေဖို့ ပိုအရေးကြီးတာပါ"

"သူဌေးကြီးအတွက်ကို ပြောတာလား မမ"

"သူဌေးကြီးတဲ့လား"

"ရှင်"

မျက်လုံးဝိုင်းဝိုင်းကြီးနှင့် အငုံ့ကိုမြင်တော့ အေရီရယ်က ရယ်သည်။ အငုံစကားက သူ့အတွက် ရယ်စရာပြက်လုံးလို ဖြစ်နေ သည်မဟုတ်လား။

"ဩော်…မမယောက်ျားကို အငုံက သူဌေးကြီးလို့ခေါ် တာ သဘောကျလို့ ရယ်တာပါကွယ်၊ ကိုလာမှ ကို့ကို ရယ်စရာ ပြောရဦးမယ်။ မနက်ကလည်း ရေချိုးပြီဆိုတော့ ရေပတ်ပဲတိုက် လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်ကတော့ မမပြောတဲ့ အဖြူနုရောင်ဝတ်စုံလေးကို ပဲ ထုတ်ပေး၊ အဲဒီဝတ်စုံလေးက အင်ုတို့ သူဌေးကြီးက မမအတွက် နိုင်ငံခြားကဝယ်လာတဲ့ အမှတ်တရလက်ဆောင်လေ"

"တစ်ခါမှ ကို့ကို မဝတ်ပြရသေးလို့ တစ်ခါထဲဝတ်လိုက် မှာ၊ မမဗီရိုထဲက အဝတ်ကို အရင်ထုတ်ပြီး အပြင်မှာချိတ်ထား လိုက်"

"ဟုတ်ကဲ့ မမ"

အင်ုက မမအေရီရယ် ညွှန်ကြားသည့်အတိုင်း အစီအရီ ချိတ်ဆွဲထားသော ရောင်စုံအမျိုးတန်ဝတ်စုံပေါင်း မြောက်မြားစွာထဲ မှ မမ လက်ညှိုးညွှန်ပြသည့် အဖြူရောင်ဝတ်စုံကို ရွေးထုတ်ပေးရ ပါသည်။

ခင်ပွန်းသည်၏ အမှတ်တရ ချစ်လက်ဆောင်ဖြစ်ဟန်တူ သော ထိုဝတ်စုံဖြူဖြူလေးကို မမကို သူမမျက်စိရှေ့တည့်တည့် မြင်နိုင်သောနေရာတွင် ချိတ်ဆွဲစေလျက် အင်ု ရေပတ်တိုက်ပေးနေ သည့် အချိန်မှာရော၊ ခန္ဓာကိုယ်လေးအနှံ့ အမွှေးနံ့သာများ လိမ်းပေး နေသည့် အချိန်မှာပါ ထိုဝတ်စုံလေးကို တစိမ့်စိမ့်ကြည့်နေတာကို အင်ု မြင်တွေ့နေရသည်။

"လောကကြီးက မတရားလိုက်တာ"

"ရှင်"





"ကမ္ဘာပေါ်မှာ မမလောက်ကံဆိုးတဲ့မိန်းမ ရှိပါဦးမလား ကွယ်"

"အဲဒီလိုလည်းမဟုတ်ပါဘူး မမရယ်၊ သူဌေးကြီးက မမကို ချစ်သားပဲ"

"ချစ်တယ် ဟုတ်လား"

"ချစ်လို့ပဲ မမအတွက် တကူးတကလက်ဆောင် ဝယ်လာ ပေးတာမဟုတ်လား မမရဲ့၊ အဲဒါ မမကိုချစ်လို့ပေါ့"

"အဟင်း…ဟင်း"

"ထားပါလေ၊ ထားပါ၊ မမကို ဟိုမှာမြင်နေရတဲ့ ပဝါ လေး ယူပေးစမ်းပါဦး"

"ဟုတ်ကဲ့မမ"

အမှောင်က တဖြည်းဖြည်းရင့်လာ၏။

အားလုံး အသင့်ပြင်ဆင်ပြီး ဖြစ်သော်လည်း သူဌေးရောက် မလာသေး၍ ထမင်းပွဲမှာ မစနိုင်သေးချေ။ မမအေရီရယ်မှာ ဧည့်သည်များကို ကြိုးစား၍ ဟန်လုပ်ဧည့်ခံရင်း နာရီကိုသာ တကြည့်ကြည့်ရှိနေသည့်အဖြစ်ကို အားလုံးက ရိပ်မိကြ၏။

"ကဲ…တို့တော့ ဗိုက်ဆာပြီဟေ့၊ အိမ်ရှင်ကမအားလို့ ဧည့်မခံနိုင်လည်း ကိစ္စမရှိဘူး၊ ကိုယ့်ဘာသာကိုယ်ပဲ ထမင်းပွဲ စလိုက်ကြရအောင် အေရီရယ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"အန့်တီဝင်နီသဘောပါ၊ အေရီရယ်ကတော့ သူပြန့်အလာကို စောင့်ရင်း ခေါင်းမထောင်ချင်အောင်ဖြစ်နေပြီ အန့်တီရေ"

"အိပ်ရာထဲသာ သွားလှဲနေလိုက် အေရီရယ်၊ လာ လာ အန့်တီဝင်နီကိုယ်တိုင်လိုက်ပို့မယ်"

"အေရီရယ်ကိုခွင့်လွှတ်ပါ အန့်တီဝင်နီ"

"အန့်တီကသာ ပြောရမယ့်စကားပါ အေရီရယ်ရယ်၊ တူမ အိမ်ကို ထမင်းစားလာတာကလည်း တခြားအကြောင်းကြောင့် မဟုတ်ပါဘူးကွယ်၊ နောက်ထပ် ဘယ်အချိန်ကြမှ တို့တူဝရီးပြန် တွေ့ကြရမယ်ဆိုတာ မသိနိုင်လို့ အမှတ်တရ နှုတ်ဆက်တဲ့ပွဲလေး တစ်ခုသဘောပါ"

"အေရီရယ်သိပါတယ် အန့်တီဝင်နီ၊ နောက်တစ်ခါ ခတ္တာမြို့ကို အန့်တီဝင်နီလာရင် အေရီရယ်ကိုယ်တိုင် အန့်တီကို ကြိုနိုင်တော့မှာမဟုတ်ပါဘူးရှင်"

"အိုကွယ် စိတ်မကောင်းစရာတွေ ဘာလို့ပြောရတာလဲ တူမရယ်၊ စိတ်ကိုအားတင်းထားမှပေါ့"

အေရီရယ်က ဘာမှမပြောဘဲ သူ့မျက်နှာလေးကို မထိတရိ မချိုပြုံးလေး ပြုံးနေပါသည်။ အိပ်ရာပေါ် အရောက်မှာ အေရီရယ်က တင်းထားသမျှစိတ်တွေကို လျှော့ချလိုက်ပုံဖြင့် တစ်ခါထဲ ခွေကျသွားရာ အားလုံးပြာယာခတ်သွားကြသည်။





"ဒေါက်တာဆီဖုန်းဆက်ပါဦး ဒေါ်ပု၊ သူ့ယောက်ျားဆီကိုလည်း အမြန်ဆုံးပြန်လာပါလို့ အကြောင်းကြားလိုက်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

အန့်တီဝင်နီကိုယ်တိုင် ဝင်ရောက်စီစဉ်နေခြင်းဖြစ်သည်။

"ဒေါ်ပု"

"ရှင် မမ"

"ဆရာဝန်ဆီ ဖုန်းဆက်ချင်ဆက်ပါ၊ ကိုဆီကိုတော့ ဖုန်းမဆက်ပါနဲ့၊ ဒီနေ့ သူကိုယ်တိုင်လာမယ်လို့ ကတိပေးထားတာ ရောက်အောင်လာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ မမ"

ဆရာဝန်ရောက်လာပြီး အေရီရယ်အခြေအနေကို စစ်ဆေးသည်။

"ဆေးရုံတက်မလား အေရီရယ်"

"အေရီရယ် ဒီမှာပဲနေမယ်"

"အေရီရယ်အတွက် ဆေးရုံမှာက ပိုအဆင်ပြေအောင်ထင်တယ်၊ ဟိုမှာက ပစ္စည်းလဲစုံတယ်လေ"

"အေရီရယ် သိပါတယ်ဒေါက်တာ၊ အေရီရယ်အတွက် နောက်ဆုံးအခြေအနေဖြစ်နေရင်လည်း အေရီရယ် ဒီမှာပဲ မျက်စိမှိတ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောကောင်းမဆိုကောင်း တူမရယ်"

အန့်တီဝင်နီက အေရီရယ်စကားကို သဘောမကျသည် ဝင်တားပေမယ့် အေရီရယ်သာ ဂရုမစိုက်။ ဆရာဝန်က အေရီရယ် သဘောဆန္ဒအတိုင်း သူတတ်နိုင်သမျှ ဆေးကုသမှုပေး၍ နှုတ်ဆက် ပြီး ပြန်သွားသည်။

"ဒေါ်ပု အန့်တီတို့ကို အကောင်းဆုံးစီစဉ်ပေးလိုက်ပါ ကို အိမ်ပြန်ခေါ်ကျွေးမွေးမယ်ထင်တယ်"

"ဟုတ်ကဲ့ပါ မမ"

"အင်ုမလိုက်ခဲ့နဲ့၊ ညည်းမမနားမှာပဲနေပြီး လိုအပ်တာ ပြုစုလုပ်ကိုင်ပေးလိုက်၊ လူသုံးယောက်စာလောက် ကြီး တစ်ယောက်တည်းလဲ လုပ်နိုင်တယ်"

ဒေါ်ပုကာ အင်ုကို အေရီရယ်နားမှာထားပြီး အခန်းအပြင် ပြန်ထွက်သွားသည်။ ခုတင်ထက်မှာ အလွန်တရာ မှိန်ဖျော့သော အသွင်ဖြင့် အသက်ကို ခက်ခဲပင်ပန်းစွာ ရှူသွင်းနေရသော မေ အေရီရယ်ကိုကြည့်ကာ အင်ုသည်ပင်လျှင် မကြည့်ရက်။

သူဌေးဆိုသူက အခုထိ မမအေရီရယ်ရှိရာကိုလည်း ရောက်မလာသလို ဖုန်းတစ်ချက်မျှသော်လည်း ဆက်ဖော်မရပါ အင်ုမှာ မမအေရီရယ်ကိုယ်စား သူဌေးအပေါ်မှာ စိတ်အလိုမကျဖြစ် နေသည်။ အခုနေများ မမအေရီရယ် တစ်ခုခုဖြစ်သွားမှဖြင့် သူဌေး

...င် သိမည်မဟုတ်။

"အန့်တီဝင်နီတို့ ထမင်းပွဲကို သွားကြည့်စမ်းပါဦး အင်ု ...ယ်၊ အဆင်မှပြေကြရဲ့လားလို့"

"အင်ုသွားကြည့်ပြီး ချက်ချင်းပြန်လာခဲ့မယ်နော် မမအေရီ ...ယ်၊ မမသာ ကိုယ့်ဘာသာ နေကောင်းအောင်နေပါနော်"

အေရီရယ် မျက်လုံးမဖွင့်ဘဲ ခေါင်းကိုလှုပ်သည်ဆိုရုံလေး ...ပြတ်သည်။ အိပ်ခန်းထဲက လှစ်ခနဲ ပြေးထွက်၍ ဧည့်သည်များ ...နေသည့် ထမင်းစားခန်းရှေ့သွားပြီး မယောင်မလည်နှင့် အခြေအနေ ...ကို သွားကြည့်သည်။

တိတ်ဆိတ်စွာ စားနေကြသူတွေထဲမှာ အန့်တီဝင်နီ မျက်နှာ ...ကောင်းဆုံးဖြစ်သည်။ သူဌေးဆိုသူက ထမင်းဝိုင်းပြီးဆုံးခါနီးအထိ ...ရောက်မလာသေး ကြီးပုက အင်ုကိုမြင်တော့ အမူအရာနှင့် ...အေရီရယ်ရှိရာ ပြန်သွားခိုင်းသည်။

"သူဌေးကြီးရောက်ပြီလား အင်ု"

အခန်းတံခါးကို ဖွင့်ပြီးဝင်လိုက်သည်နှင့် မမအေရီရယ် ...က အင်ုကို အရင်ဆီးကြိုမေးခြင်းဖြစ်သည်။

"မရောက်သေးပါဘူး မမအေရီရယ်၊ အန့်တီဝင်နီတို့ ...ည်း အားလုံးအဆင်ပြေကြပါတယ်၊ ထမင်းပွဲ သိမ်းကာနီးပါပြီ"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



မမအေရီရယ် အသံက လေသံမျှသာဖြစ်သည်။ အိပ်ရာထဲမှာ မျက်လုံးမဖွင့်နိုင်ဘဲ ငြိမ်သက်စွာ လှဲလျောင်းနေပေမယ့် မမအေရီရယ် စိတ်တွေကတော့ သူမယောကျ်ား အချိန်မီ ရောက်မလာနိုင်ခြင်းပေါ်မှာ စိတ်ထိခိုက်နေခြင်း အဖြစ်ကို အငုံ ရိပ်မိပါသည်။ ခင်ပွန်းဖြစ်သူ ဝယ်လာသော အဖြူရောင်ဝတ်စုံလေးရှိရာ ရောက်သွားတော့ အငုံမှာ ပို၍ပင် သနားကရုဏာဖြစ်ရသည်။

အထီးကျန်ခြင်း၊ ဝမ်းနည်းခြင်းဝေဒနာတွေ ပြည့်နှက်နေသည့် မမအေရီရယ်ကို ကြည့်ရသူမှာ အငုံမှာလည်း စိတ်မသက်သာလှပါ။ ဧည့်သည်တွေအားလုံး နှုတ်ဆက်ပြီး ပြန်သွားကြသည်။ မမအေရီရယ်က မည်သူ့ကိုမှ စကားမပြောနိုင်တော့ဘဲ ငြိမ်ကျသွားသည်။

အိပ်ပျော်နေသည်လား။

သူ့ဘဝသမိုင်းကြောင်းများကို ပြန်ပြောင်းတွေးတောနေသည်လား မသိပါ။ ကြီးပု ပြောပြထား၍ အငုံက မမအေရီရယ်နှင့် သူ့ဌေးကြီးတို့၏ ရင်နာစရာအဖြစ်များကို အားလုံးသိရှိထားခြင်းဖြင့် မမကို ဘယ်လိုများ နှစ်သိမ့်အားပေးရပါ့ဟု တွေးနေသည်။

ဖျတ်ခနဲ ဆရာဝန်က ဆေးတိုက်ခိုင်းထားတာ မတိုက်ရသေးသည့် အဖြစ်ကို သတိရသွား၏။

"မမ ခဏလေးနော်၊ မမအတွက် ဆေးသောက်လို့ရ





အောင် အငုံ စွပ်ပြုတ်ရည် သွားယူလိုက်ဦးမယ်"

အေရီရယ်က မလှုပ်။

ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း စွပ်ပြုတ်ရည်တစ်ခုခုသောက်ပြီးမှ ဆေးသောက်ရမည့်အဖြစ်ကြောင့် အငုံ မီးဖိုဆောင်ကို ရောက်လာ၏။

"အငုံ ရောက်လာတာနဲ့ အတော်ပဲ"

"ရော့…ရော့ ဒီမှာစွပ်ပြုတ်ရေရပြီ၊ မဝင်ဝင်အောင် ချော့မော့တိုက်ပြီး ဆေးပါတစ်ခါတည်း ဝင်အောင်တိုက်လိုက်"

"ဟုတ်ကဲ့ ကြီးပု"

အငုံလက်ထဲရောက်လာသည့် စွတ်ပြုတ်ရည်နှင့်ဆေးကို မဝင်ဝင်အောင် ချော့တိုက်မည်ဟု အားခဲထားသော အငုံစိတ်ကူးလေးက မချိမဆန့် နာကျင်ကြေကွဲစွာ စိတ်အဆင်းရဲကြီး ဆင်းရဲနေသူ၏ မျက်နှာထားကြောင့် ကြက်စွပ်ပြုတ်ရည်ပန်းကန်လေးကို ကိုင်လျက် ငိုင်ကျသွား၏။

သို့သော် အငုံမှာ တာဝန်ရှိသည်။ ဆေးနှင့်အစာဝင်မှ ကျန်းမာမည်ဆိုသော အသိရှိသည်။ မဝံ့မရဲနှင့်ပင် မမအေရီရယ်နား အသာတိုးကပ်သွားပြီး မမအေရီရယ်ကို အနူးညံ့အချိုသာဆုံး လေသံဖြင့် ချိုမြိန်စွာ ခေါ်လိုက်သည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ကဲဟယ်"

"ဝုန်း"

"အား"

"အမလေး"

"ခွမ်း"

အဖြစ်အပျက်တို့က လျှင်မြန်လွန်းသဖြင့် အင့်ပင် လိုက်မမှီနိုင်ခဲ့ပါ။ အေရီရယ်က ရုတ်တရက်ကြီး အင့်လက်ထဲက အငွေ့တထောင်းထောင်းထနေသော ကြက်စွပ်ပြုတ်ရည်ပန်းကန်ကို လက်ဖြင့် ပြင်းစွာ ရိုက်ထုတ်လိုက်ရာ အင့်ကိုယ်ပေါ်သို့ အပူရည်နှင့် လောင်းချလိုက်သလိုဖြစ်သွား၏။

"အင့်"

ထိုမြင်ကွင်းကို အစအဆုံးမြင်လိုက်ရသူက တခြားသူမဟုတ်။ ဧယျတုကိုယ်တိုင် ဖြစ်နေပြီး အံ့သြသင့်လျက် ကြောင်ကြည့်နေစဉ်မှာ

"ကဲဟယ်"

"ကဲ"

"မမ"

"ဝုန်း"





"ခွမ်း"

"ဒုတ်"

"အား"

"ဟာ"

အဆက်မပြတ် ပစ်ပေါက်လိုက်သော ပစ္စည်းများ၏ ကျွက်ကွဲသံ။ အင့်၏ တားမြစ်သံတို့ ရောထွေးခိုက်မှာပင် အင့်မျက်နှာပေါ် နီရဲသော သွေးစက်တွေ ဖြာခနဲစီးကျလာ၏။

"အေရီရယ်"

ဧယျတုအော်သံက တစ်ခန်းလုံး ဟိန်းသွားသလို အခန်းထဲရှိ မိန်းမသားနှစ်ယောက်၏ အကြည့်များကလည်း အခန်းဝမှာ မားမားကြီးရပ်နေသည့် ဧယျတုရှိရာ တစ်ပြိုင်တည်း ရောက်သွား၏။

"ကို"

"ဦးဧယျတု"

အင့်နှင့် အေရီရယ် မိန်းမသားနှစ်ယောက်စလုံး၏ ရင်ထဲတိုးတိတ်စွာ ဧယျတုကို ခေါ်ငင်လိုက်သံဖြစ်ပါ၍ တစ်ယောက်ခေါ်သံကို တစ်ယောက် မကြားလိုက်ကြပါ။

"ဒါက ဘယ်လိုဖြစ်တာလဲ အေရီရယ်"

"ကိုမြင်တဲ့အတိုင်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အို"

"အန်တီဝင်နီတို့ ပြန်သွားပြီ၊ ကို ကျေနပ်တယ်မဟုတ်လား၊ အေရီရယ် ဦးဘထွန်းဆီကို ဖုန်းဆက်ပြီးပြီ၊ ကုမ္ပဏီကို မလာဘူး၊ အိမ်မှာလည်း တစ်နေကုန်မရှိဘူး၊ မိုးချုပ်မှပြန်လာတယ်"

"အေရီရယ်ကို ကိုဘာပြောချင်သေးလဲ၊ အေရီရယ်ကို ကွာရှင်းပေးပါ"

"ဟာ"

ဖေယျတုထံမှ ထွက်ပေါ်လာသော အသံမဟုတ်ပါ။ အင့်ထံမှ အလန့်တကြားထွက်လာသော အသံဖြစ်သလို သူမမျက်စိရှေ့က လူသားနှစ်ယောက်ကို တစ်ခါမှ မမြင်ဘူးသလို စိမ်းစိမ်းကြီး စူးစိုက်ကြည့်ရင်း အခြေအနေမှန်ကို နားလည်ရိပ်စားခဲ့ရပါပြီ။

အင့်ရဲ့ချစ်သူ။

အင့်ရဲ့ အချစ်ဆုံးချစ်သူဆိုတာ တခြားသူမဟုတ်ဘဲ မမအေရီရယ်ရဲ့ ယောကျ်ား သူဌေးကြီးတစ်ဖြစ်လဲ ဦးဖေယျာတုကိုယ်တိုင် ဖြစ်နေပါရောလား။

အင့်နှုတ်ဖျားက တစ်စုံတစ်ရာကို အလန့်တကြား ရှူးရှူးဝါးဝါး မအော်မိစေရန် သူမနှုတ်ခမ်းကို လက်ဖဝါးလေးဖြင့် အလန့်





တကြား ပိတ်ကွယ်လျက် ခြေနှစ်လှမ်းစာမျှ ယောင်ရမ်းနောက်ဆုတ်လိုက်သည့် အင့်ကို ဖေယျတု ရင်ထိနာကျင်စွာ တွေ့မြင်နေရပေမယ့် နေရာက မရွေ့ရဲသလို

ဘာစကားမှလည်း မဆိုနိုင်။

"အင့်"

"ရှင်"

အေရီရယ်အသံက တုန်လှုပ်ချောက်ချားနေသော အင့်ကိုယ်လေးကို အရှိန်ပြင်းစွာ ဆွဲခါလိုက်သလို အင့်တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။

"သွားတော့"

မျက်နှာပေါ် စီးကျလာသည့် သွေးစက်တွေကို မသုတ်အား။ မမအေရီရယ်ထံမှ အမိန့်သံကြားသည်နှင့် အခန်းပေါက်ဝမှာ ပိတ်ရပ်နေသော ဖေယျတုအနားက တိုးဝှေ့ဖြတ်ကျော်ပြီး မျက်နှာကို လက်ဖဝါးဖြင့် အုပ်ကွယ်ကာ တအားပြေးထွက်ခဲ့သည်။

"အင့်"

ဖေယျတုရင်ထဲ အသည်းထဲက လှိုက်လှဲစွာ အင့်အမည်ကို ကြေကြေကွဲကွဲ လှမ်းခေါ်သံက သူ့အဇ္ဈတ္တထဲမှာသာ ပဲ့တင်ထပ်သွားပေမယ့် အင့်ကမကြား။



www.burmeseclassic.com

www.burmeseclassic.com



ကြားအောင်လည်း ဓေယျတုကိုယ်တိုင် နှုတ်က ထုတ်ဖော်ပြီး မခေါ်ပုံ။

"အေရီရယ် တစ်ယောက်ထဲနေပါရစေ"

"ဒေါ်ပု"

"လာပါပြီဆရာ"

"အေရီရယ်အခန်းကို ရှင်းပေးလိုက်ပါ"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

အေရီရယ်အခန်းရှေ့က ဓေယျတု ချာခနဲလှည့်ထွက်ကျော နိုင်းခဲ့သည်။ သူ၏ဦးတည်ရာက အငုံဆိုသည့် ချစ်သူလေးထံသို့ ဖြစ်သည်။ အငုံကတော့ သူ့မအိပ်ခန်းတံခါးကို မှီလျက် မျက်ရည်မကျနိုင်ဘဲ တောင့်တောင့်ကြီးရပ်လျက် ငြိမ်နေမိသည်။

* * *



## အခန်း (၃၉)

"ဒေါက်...ဒေါက်"

"ဟင်"

အခန်းပြင်မှ တိုးဖွသော တံခါးခေါက်သံက အငုံနားထဲ အကျယ်လောင်ဆုံးသော ဗုံးတစ်လုံး ပေါက်ကွဲသွားသည်နှင့်တူသည်။

"တံခါးခဏဖွင့်ပါ"

ဓေယျတု၏အသံ။

ဘယ်လိုပုံစံနှင့် အငုံအခန်းရှေ့မှာ ရပ်ပြီး အငုံကို ခေါ်နေသည်ကိုက အငုံလည်းမသိပါ။ အလုပ်ရှင်သူဌေးတစ်ယောက်က အလုပ်သမားတစ်ယောက်အပေါ်မှာ ထားရှိအပ်သည့် အမိန့်အာဏာမျိုးနှင့်လား။

ချစ်သူတစ်ယောက်၏ ပိုင်စိုးရဲပုံသော ချစ်ခြင်းမေတ္တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲလား။ မှန်ထဲမှာ တစ်ပိုင်းတစ်စ လှမ်းမြင်နေရသော အင့်ပုံရိပ်ကို ရီဝေငေးကြောင်သော မျက်ဝန်းအစုံဖြင့် အင့် ကြောင်ကြည့်နေမိသည်။ နီရဲသော သွေးစက်တွေ စိမ့်ကျနေသော နွမ်းရိခြောက်သွေ့သော နှလုံးသားဗလာနှင့် မျက်နှာလှလှလေးတစ်ခု။

"အင့် ပြောမရရင် အခန်းတံခါးကို ကိုယ်ဖျက်ဝင်ခဲ့မှာနော်"

"ကို့စိတ်ကို အင့်သိတယ်မဟုတ်လား"

ဟင့်အင်း အင့်မသိပါ။

အင့် ဘာဆိုဘာမှ မသိခဲ့သောအဖြစ်အပျက်များက ဖြူစင်ရိုးသားသော အင့်အသည်းနှလုံးကို အင့်ဘဝကို မည်းနက်သောဆေးစက်များကို ရက်စက်စွာ လောင်းချရက်သကဲ့သို့တည်း။

"အင့်"

အင့်မှ တံခါးမဖွင့်မပေးမချင်း ခေါ်နေမည့်အသံကို အင့်မကြားရက်နိုင်သလို မမအေရီရယ် မသိသေးသည့် အင့်တို့ အချစ်ဇာတ်လမ်းကို အပြီးတိုင် ကွယ်ဝှက်မြှုပ်နှံသိမ်းဆည်းရန် အိပ်ခန်းတံခါးကို လေးပင်တုန့်နှေးသော လက်များဖြင့် ဆွဲအဖွင့်…

"အင့်…အင့်ရယ်"

အတင်းအကြပ် သိမ်းကျုံးပွေ့ယူလာသည့် ချစ်သူရင်ခွင်မှာ အသက်မဲ့သောမျက်နှာ။ ခံစားချက်ပျောက်ဆုံးနေသော နှလုံးသားအစုံဖြင့် အင့် ခပ်ငြကြောင်ကြောင် ရှိနေပါသည်။





"အင့်"

ဖေယျတုက ငေးကြောင်နေသော အင့်ကိုယ်လေးကို မချိတင်ကဲ သူ့ရင်ခွင်ထဲမှာ ဆွဲထုတ်ကာ မျက်နှာချင်းဆိုင်စေ့စေ့ကြည့်သည်။ အင့်က သူ့ကိုမမြင်မတွေ့တော့သည့်နှယ် တွေဝေငေးကြောင်လျက် တုံ့ပြန်ကြည့်တော့ ဖေယျတုအသည်းတွေ ဆတ်ဆတ်ခါသွားရ၏။

မျက်နှာပေါ်မှာ သွေးစတွေကို ဖေယျတုလက်ထဲက လက်ကိုင်ပဝါဖြင့် ကမူးရှူးထိုး ဖယ်ရှားဖို့ ကြိုးစားနေရာမှ အင့်လက်တစ်ဖက်ကို တအားဆွဲဆုပ်ကာ နေရာက အင့်ကိုယ်လေးကို ဒရွတ်တိုက် ဆွဲခေါ်လာခဲ့သည်။

သူတို့နှစ်ဦး အမြဲဆုံတွေ့သည့်နေရာလေးအရောက်မှာတော့ အရင်ချစ်သူ့ဘဝကို ဖေယျတုက ရွတ်အတင်း အသက်သွင်းဖို့ ကြိုးစားသည်။ ကြမ်းကြမ်းရမ်းရမ်း မချိတင်ကဲ ကမူးရှူးထိုးဖြင့် အေးစက်သွေ့ခြောက်သွားသည့် အင့်အသည်းနှလုံးကို ပွက်ပွက်ဆူဝေသွားမတတ် ညှို့ငင်သည်။ ဖြားယောင်းသွေးဆောင်သည်။

အသိတရားက အခံရခက်စွာ မချိတင်ကဲဖြစ်သွားသော အင့် နှလုံးသားအတွင်း အလန့်တကြားပြန်ရောက်လာ၏။

"အင့်"

"သူ…ခွေး…ကြီး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အငုံခေါ်သံက ဖေယျတုခေါင်းထဲ မိုက်ခနဲဖြစ်သွားကာ အငုံမျက်နှာကို ထိတ်လန့်ချောက်ချားစွာ ငုံ့ကြည့်သည်။ အငုံက သူ့ကိုကြည့်သည်လည်းမဟုတ်၊ မကြည့်သည်လည်းမဟုတ်။

"အေရီရယ်ကို ကွာရှင်းပြီး အငုံနဲ့ တရားဝင်လက်ထပ်ပါရစေကွယ်"

ဖေယျတုစကားက အငုံကိုယ်လေးအား ဆောက်ခနဲ တုန်ခါ ပစ်၏။

"အငုံ"

"သူဌေးကို အငုံ လက်မထပ်နိုင်ပါဘူး"

တစ်ခွန်းချင်း အေးစက်စွာ အငုံဆိုလိုက်တော့ ဖေယျတု နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ပြီး အငုံမျက်နှာလေးကို စိုက်ကြည့်သည်။

"ကိုတို့နှစ်ယောက်ရဲ့ အချစ်တွေကို အငုံ ထည့်မတွက်တော့ဘူးလား၊ အငုံကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာကိုရော အငုံမသိလို့လား"

"အငုံချစ်သူက သူဌေးမဟုတ်ပါဘူး၊ သူဌေးဆိုရင်လည်း အငုံက ချစ်ခဲ့မှာမဟုတ်ပါဘူး"

"အငုံ သွားပါရစေ"

"ဘယ်ကိုသွားမှာလဲ၊ ကို့ကို တစ်ယောက်တည်းထားပြီး အငုံသွားချင်တိုင်းသွားလို့ရမယ်ထင်နေလား၊ အငုံသွားရင် ကိုပါ





အငုံနဲ့အတူ လိုက်ရုံပဲ"

ငိုခြင်းမြင်းလျက် အငုံက မျက်ရည်မကျအောင် အံလေး ကျိတ်ထားသည်။ ဤသူသည် အငုံချစ်သူမဟုတ်။ မမအေရီရယ်၏ ချစ်သူဖြစ်၍ သူနှင့်အငုံ မည်သို့မျှ မသက်ဆိုင်သည့်အဖြစ်ကို အငုံသိသည်။ ခံစားနားလည်သည်။

ဖေယျတုဆိုသည့် ဤသူသာလျှင် အသည်းနှလုံး နုနယ်လှသော မိန်းမသားနှစ်ယောက်၏ဘဝကို ရက်စက်စွာ လှည့်စားရက်သူသာတည်း။

ခရွှာမြို့င်တွင် အငုံ ဘယ်နည်းနှင့်မှ ဆက်နေ၍ မဖြစ်ခြင်းကို အငုံ သိသလို ဖေယျတုလည်း သိပေမည်။ အငုံတို့အဖြစ်ကို မမအေရီရယ်ရော ကြီးပုပါ မသိသေး၍သာ တော်တော့သည်။ သိများသိလျှင် အငုံဘဝကြီးကို တွေးပင်မတွေးရဲချေ။

"အငုံကို ဒုက္ခမပေးပါနဲ့ရှင်"

"ကို ဒုက္ခရောက်မှာကိုတော့ အငုံကြည့်ရက်သလား"

"မဖြစ်နိုင်တာ မပြောပါနဲ့ရှင်၊ သူဌေးမရှိရင် မမအေရီရယ်က ဘယ်သူနဲ့နေမှာလဲ၊ တစ်သက်လုံး အတူနေလာတဲ့မမကိုတော့ သနားသင့်ပါတယ်"

"ကို့ကိုတော့ အငုံက မသနားဘူးလား"

"အငုံရေ…အငုံ"

ကြီးပုအသံကြောင့် ဖေယျတုရော အငုံပါ အမှောင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အသာငြိမ်နေလိုက်ကြရပါသည်။

"ခက်လိုက်တဲ့ ကလေးမလေးနယ် ခေါင်းကဒဏ်ရာကြီးနဲ့ ဘယ်များသွားနေပါလိမ့်နော်"

ကြီးပုရဲ့ ညည်းတွားသံနှင့် တစ်ဖျတ်ဖျတ်ခြေသံက အင်နှင့် ဝေးသွားသည်နှင့် နေရာက အင်ပြေးထွက်ဖို့ ခြေလှမ်းပြင်သည်

"အင်"

"အို...လွှတ်ပါ"

အင့်အကြံကို ကြိုသိထားသည့် ဇေယျာတုကလည်း အင့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ သိမ်းကျုံးပွေ့ဖက်ထားသဖြင့် အင့်ဘဦးတည်ရာကိုမရောက်။ ဇေယျာတုက အင့်မျက်နှာလေးကို ငွတ်နမ်းသည်။

"ကို့ကိုလက်ထပ်ပါ့မယ်လို့ ကတိမပေးရင် အခုပဲ အင့်ကိုအေရှီရယ်ရှေ့ကို ဆွဲခေါ်သွားရလိမ့်မယ်"

"ဘာ ဘာလုပ်မလို့လဲ"

"ကိုနဲ့လက်ထပ်မယ့်သူဟာ အင့်လို့ သူ့ကိုပြောပြလိုက်မှာပေါ့"

"အို"

"ပြောစမ်း ကို့ကိုလက်ထပ်ပါမယ်လို့၊ အင့်က ကတိပေးပါ"

အသံတုန်တုန်ကြီးနှင့် သူက ဗွတ်တရွတ် တောင်းဆိုတော့





အင့်ဘက်ကလည်း သူ့ကိုပြန်ပြီး အလိမ္မာသုံးမှ ဖြစ်တော့မည်ဟု တွေးလိုက်သည်။

"သူ့ဌေးစကားကို အင့် လက်ခံပါ့မယ်၊ အင့်တောင်းတဲ့ ကတိကိုလည်း သူ့ဌေးကပေးရမယ်"

"ဘာသူဌေးလည်း လူကို"

"အို"

"ဦးဇေယျာတု ဒီလိုဗွတ်တရွတ်လုပ်တာမျိုး အခုကစပြီး ဆင်ခြင်ပါ၊ အင့်မကြိုက်ဘူး"

"ကိုတော့ ကြိုက်တယ်"

"ဒီပုံဆိုရင်တော့ အင့် ခဏ္ဍာမြိုင်မှာ မနေနိုင်တော့ပါဘူး"

"ဘယ်လိုပုံစံမှနေမှာလဲ"

"အတတ်နိုင်ဆုံး အင့်နဲ့ ကင်းရှင်းအောင်နေရပါ့မယ်၊ မမ အေရှီရယ်နဲ့လည်း ကွာရှင်းဖို့စကား မပြောပါနဲ့ဦး၊ အင့်တို့မှာ အချိန်တွေအများကြီး ရှိပါသေးတယ်"

"ဒီလိုပြောပြီး ကို့ကို အဲလစ်မှာ အင့်ထားပြီး ပြေးမလို့မဟုတ်လား"

အင့်စိတ်အတွေးကို ထွင်းဖောက်မြင်သူလို ပြောလိုက်တော့ အင့် လန့်သွားသည်။ အမှန်လည်း အင့်က ထိုစိတ်ကူးနှင့် အခုစကားကို ဆိုနေခြင်းဖြစ်သည့်အတွက် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကို အင့်က ညာမလို့ပေါ့ဟုတ်လား"

"အင့်က မညာပါဘူး၊ အင့်ကသာ အညာခံရတာပါ"

"အင့်ရယ်"

ကိုယ့်အပြစ်နှင့်ကိုယ် အင့်ကိုယ်လေးကို ပိုက်ထွေးယူ ရုံသာတတ်နိုင်ပါသည်။

"ကို့ကို မမုန်းလိုက်ပါနဲ့ကလေးရယ်၊ လိမ်ညာခဲ့တယ်ဆို ရင်လည်း အဲဒါဟာ အင့်ကိုချစ်လို့ဆိုတာ နားလည်ပါဗျာ"

"ချစ်ရင် ပိုမညာသင့်တာပေါ့"

"အင်း…ဟုတ်တယ်၊ ကိုမှားတယ်၊ အဲဒီအမှားအတွက် အင့်ကို ကိုယ်ဘယ်လိုလျော်ကြေးပေးရမလဲ"

"အင့် ရွာကိုပဲပြန်ပို့ပါရစေ"

"အဲဒါ အင့်တောင်းတဲ့ လျော်ကြေးလား"

"ဟုတ်ပါတယ်"

"အင့်ရဲ့ အစ်ကိုမောင်နဲ့ လက်ထပ်မယ်ပေါ့ ဒီလိုလား"

အင့်မဖြေ။

ခြောက်ကပ်အက်ကွဲစွာ ရယ်သံကိုသာ စိတ်မချမ်းမြေ့ ကြားနေရသည်။

"အင့် ခေါင်းတွေမူးလာပြီ"

"အာ…ဆောရီး ကိုယ့်အတွက်ကိုယ်ကြည့်ပြီး ကိုယ်ဖြစ်ချင် တာတွေချည်း ပြောနေမိတယ်"





"လာ…အင့်ကို ကိုယ်ဆေးခန်းလိုက်ပို့မယ်"

"ဟင့်အင်း…ဟင့်အင်း ဦးဧယျတုနဲ့ အင့် ဘယ်ကိုမှ သွားပါရစေနဲ့"

အင့်စကားကြောင့် ဧယျတုမျက်နှာချောချောက သိသာ စွာ မည်းပျက်သွားပေမယ့် အင့်မမြင်နိုင်။ အခုချိန်ကစပြီး သူနှင့် အကင်းရှင်းဆုံးနေတော့မည်ဟု အင့်စိတ်မှာ ပိုင်းဖြတ်ထားသည့် အတိုင်း သူ့အလစ် အင့် ထိုနေရာက ပြေးထွက်လာခဲ့သည်။

"အင့်သွားတော့မယ်"

"အင့်"

ဧယျတုတစ်ယောက်တည်း နေရာမှာ ခေါင်းငိုက်စိုက်ရပ် ကျန်ရစ်သည်။ အင့်ထံမှ စိမ်းပြတ်တင်းမာသွားသည့် သဘောကို သိပြီးနောက်မှာ အင့်ကို လက်လွှတ်ဆုံးရှုံးရမည့်အရေးကို တွေးကာ ဧယျတု ရင်လေးမွန်းကြပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈

## အခန်း (၂၀)

"အငုံ ရွာကိုပြန်တော့မလို့ဆို"

"ဟုတ်ကဲ့ မမအေရီရယ်"

အဝတ်ထုပ်ကို ပိုက်လျက် ငြိမ်သက်နေသော အငုံက မည်သူ့မျက်နှာကိုမှ မကြည့်မိအောင် မျက်လွှာချလျက် ဦးခေါင်းကိုပါ ငုံ့ထားလိုက်၏။

အေရီရယ်က အငုံမျက်နှာလေးကိုကြည့်ရင်း နဖူးပြင်ဘယ်ဘက်စွန်းမှာ ကပ်ထားသည့် ပလာစတာလေးထံ ရောက်သွားသည်။

"မမက မသွားပါနဲ့လို့ ပြောရင်ရော မရတော့ဘူးလား"

"အငုံ ဆုံးဖြတ်ပြီးသားမို့ပါ"

တုံးတိတိ အငုံဖြေတော့ အေရီရယ်ထံမှ သက်ပြင်းရှိုက်သံထွက်လာသည်။ စိတ်ထဲကတော့ ဖေယျတုပြန်မလာခင် ခတ္တာမြိုင်က အမြန်ထွက်သွားဖို့ကိုသာ စိတ်စောနေသည်။



"ရွာမှာ အငုံတစ်ယောက်တည်း နေလို့မဖြစ်တော့ဘူးဆို၊ အခုတော့ နေလို့ဖြစ်သွားပြီလား၊ ဟိုတစ်နေ့ညက အငုံအပေါ်မှာ မဆက်ဆံတာ လွန်သွားတယ်၊ အဲဒီအတွက် အငုံ စိတ်ဆိုးပြီးပြန်တာဆိုရင်တော့ အငုံမပြန်ပါနဲ့၊ မမအများကို တောင်းပန်"

"မမရယ် အငုံကို အဲဒီလောက်ကြီး ပြောဖို့မလိုပါဘူးရှင်၊ မမကို အငုံစိတ်ဆိုးလို့ပြန်မှာလည်း မဟုတ်ပါဘူး"

အငုံမှာက အငုံအကြောင်းနဲ့ အငုံပါဆိုသည့်စကားကို စိတ်ထဲကပဲ အငုံဘာသာ ဆက်ပြောနေမိသည်။

"စိတ်မဆိုးဘူးဆိုလည်း လက်ထဲကအထုပ် ပြန်သိမ်းလိုက်အငုံရယ်၊ အငုံနဲ့နေရတာ မမပျော်ပါတယ်"

ဖြစ်ရလေရှင်။

ပြုံးနေသည့် မမအေရီရယ်ကို အငုံသနားကြင်နာစွာ ငေးကြည့်သည်။ ဘာမှမသိလေခြင်း။ အလိမ်အညာခံရလေခြင်းဆိုသည့် ယူကျုံးမရ အကြည့်များနှင့်ဖြစ်သည်။

"အငုံကို သွားသာသွားခွင့်ပြုလိုက်ပါတော့ မမရယ်၊ အငုံ ရွာကိုပြန်မှ ဖြစ်မှာမို့ပါ"

"ချစ်သူရည်းစားက ရွာမှာရှိနေလား"

"ရှင်"

"ဩော်...ဟုတ်...ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲရောထိုင်လိုက်သည်။

"ဒီကပြန်ရင် လက်ထုပ်ကြမှာလား"

"ဟုတ်ကဲ့"

ဒုတိယအကြိမ် ခေါင်းညိတ်မိပြန်သည်။ စိတ်ထဲကတော့ အချိန်မရွေး ပြန်လာနိုင်သည့် ဦးဓေယျတုကားကြီးကို ကြောက်နေသည်။ သူပြန်ရောက်လာလို့ အင့်အကြံတွေ ရိပ်မိသွားမှဖြင့် သူ့လက်က ပြေးမလွတ်မှာ အင့်ကြောက်ပါသည်။

"တားလို့ကို မရတော့တာ မမရေ၊ ဒေါ်ပုလည်း အာပေါက်အောင် ပြောပြီးပြီ၊ သူ့ကောင်လေးလာခေါ်မယ်ဆိုတာနဲ့ လွှတ်လိုက်ရတော့တာပဲ"

"အင့်ကို လာခေါ်မယ်လား"

"ဟုတ်ကဲ့"

"တီး…တောင်"

"ဟော အပြင်ကဘဲလ်သံကြားတယ်၊ ပြောရင်းဆိုရင်း မောင်မင်းကြီးသား ရောက်လာပြီလားမသိဘူး"

ဒေါ်ပုက ခြံအပြင်နှင့် ဆက်သွယ်သည့် ဖုန်းခွက်ကို ကောက်ကိုင်သည်။

"ဘယ်သူလဲ"

"သင်းမောင်ပါ၊ အင့်နဲ့တွေ့ချင်လို့ပါ"





"တွေ့လား လာပြီမမရေ"

"အို"

တိုက်တိုက်ဆိုင်ဆိုင် အစ်ကိုသင်းမောင် လိုက်လာချိန်နှင့် ရင်ဆိုင်တိုးနေ၍ အင့်မှာ ငိုချင်စိတ်တစ်ဝက်နှင့် မျက်စိမျက်နှာပျက်သွားတာကို မနည်းပြန်ထိန်းလိုက်ရသည်။

"အင့် သွားပါရစေတော့ ကြီးပုနဲ့မမရယ်၊ အင့် မမနဲ့ ကြီးပုကို ကန်တော့ပါတယ်"

အစ်ကိုသင်းမောင် ရောက်လာမှ အိုးနင်းခွက်နင်း ဖြစ်ကုန်မည်စိုး၍ ကြီးပုနှင့် မမကို ခပ်သွက်သွက်ကန်တော့ပြီး အဝတ်ထုပ်ကို ကောက်အလွယ်မှာ ကြီးပုက အင့်လက်ထဲကို စာအိတ်တစ်အိတ်လာထည့်သည်။

"ရော့…ရော့ ညည်းမမက ပေးတာ၊ ယူသွား"

"အင့်ကို ခွင့်ပြုပါ"

ငြင်းဆန်၍ရမည်မဟုတ်သည့်အတူ စာအိတ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ခတ္တာမြိုင်အိမ်ကြီးထဲက ခြေလှမ်းသွက်သွက်နင်း၍ အပြေးလေးကျောခိုင်းထွက်ခဲ့သည်။

နေရစ်တော့ မမအေရီရယ်နဲ့ ခတ္တာမြိုင်ရေ။ နေရစ်တော့။ မမအေရီရယ်အတွက် အင့်၏ နိုင်မာသောဆုံးဖြတ်ချက်ကို မည်သူမှ မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"အင်ု"

"လာ အစ်ကိုမောင်၊ ဒီနေရာက အင်ုတို့ အမြန်ဆုံးသွားကြမယ်"

"ဘာဖြစ်လို့လဲ အင်ု"

အထုပ်ကလေးပိုက်၍ ကတိုက်ကရိုက် ထွက်လာသော အင်ုကို သင်းမောင်က တအံ့တသြမေးရင်း အင်ုလက်ထဲက အထုပ်ကို ဝင်ဆွဲသည်။

"အို…နေပါစေ၊ အင်ုဘာသာပဲ ဆွဲပါ့မယ်"

"ပေးစမ်းပါ အင်ုရယ်"

"ဟော ဟိုမှာ တက္ကစီတစ်စီးလာနေတယ်၊ တားလိုက်ပါဦး အစ်ကိုမောင်"

"ကျိုး"

သင်းမောင်က အင်ုအလိုကျ ကားကိုတားပေးသည်။

"ရွှေတိဂုံဘုရားကို ပို့ပေးပါ"

ဈေးပင်မမေးဘဲ အင်ုက သူမသွားမည့်နေရာကို ပြောပြီး ကားပေါ်တက်တော့ သင်းမောင်ပါ အင်ုနှင့်အတူပါလာသည်။ အင်ုတို့ကားလေးက အထွက် လမ်းတစ်ဖက်အချိုးအကွေ့လေးမှ ဘွားခနဲဝင်လာသည့် ဓေယျာတုကားကြီးကို အင်ု မမြင်လိုက်သလို ဓေယျာတုကလည်း သူ့ကားနားက ဝွတ်ကာသီကာ ဖြတ်သွားသော





အင်ုစီးသွားသည့်ကားလေးကို မမြင်လိုက်ပါ။ ကားနှစ်စီးစလုံး လိုရာခရီးကို ဦးတည်လျက် အပြင်းမောင်းသွားသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက်ကျန်ရစ်၏။

ပြာလွင်ကျယ်ပြောသော မိုးကောင်းကင်မှာ လွတ်လပ်ပေါ့ပါးစွာ ပျံသန်းသွားသော ငှက်ဖြူငယ်လေးကို ငေးကြည့်နေခိုက် ကျယ်လောင်သော အသက်ပြင်းရှိုက်သံက အင်ု နားစည်ကို ရိုက်ခတ်သွား၏။

"အင်ု ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးပေါ့ဟုတ်လား"

အစ်ကိုသင်းမောင် အသံကြီးက အက်အက်ကွဲကွဲ။ အင်ု မျက်နှာလှလှလေးကို ငေးကြည့်နေပုံကလည်း တနင့်တပိုး။

"အစ်ကို့ကို အင်ုခင်ပါတယ် အစ်ကိုရယ်၊ အစ်ကို တစ်ယောက်လိုလည်း ချစ်ပါတယ်၊ လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်လို့ပါ၊ အစ်ကိုမောင်ကို အင်ု ပြောပြီးပြီပဲ၊ အင်ုမှာ ချစ်သူရှိတယ်လို့လေ"

"သူ့ကိုပဲ အင်ုချစ်တယ်"

"အင်ုချစ်သူကိုပဲ အင်ုလက်ထပ်မယ်လို့ ပြောချင်တာ မဟုတ်လား အင်ု"

အစ်ကိုသင်းမောင်က အင်ုစကားကို ဝင်ကြည့်ပြီး သူ့ဘာသာပြောလိုက်တော့ အင်ု ရယ်မောလျက် ဦးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ခါယမ်းလိုက်ပါသည်။

"အင့်ချစ်သူကို အင့်ချစ်တယ်လို့ ပြောတာပါ အစ်ကို မောင်ရယ်၊ သူ့ကိုလက်ထပ်မယ်လို့ အင့်မပြောပါဘူး"

"ဒါနဲ့များအင့်ရယ် အစ်ကိုလက်ထပ်မယ်ဆိုတာကို မငြင်းဘဲ လက်ခံလိုက်ပါလားကွယ်၊ အင့်ကို အစ်ကိုချစ်တာ အင့်လည်း သိပါတယ်"

"မဖြစ်ပါဘူး အစ်ကိုမောင်ရယ်၊ လူကြီးမိဘတွေ သဘောတူတဲ့ နှင်းဆီကိုပဲ အစ်ကိုမောင်လက်ထပ်လိုက်ပါ၊ နှင်းဆီ ကိုယ်တိုင်လည်း အစ်ကို့အပေါ်မှာ ဘယ်လောက်ချစ်တယ် အနစ်နာ ခံတယ်ဆိုတာ အစ်ကိုမောင် ပိုသိမှာပါရှင်"

အင့်အပေါ်မှာ အမြဲတမ်း တစ်ဖက်သတ်ရန်လိုမုန်းတီးနေသော နှင်းဆီအပေါ်ထားသည့် အင့်သဘောထားကို သင်းမောင် အံ့ဩနေမိပါသည်။ အင့်နေရာမှာသာ နှင်းဆီဆိုလျှင် အခုလိုစကား မျိုး ပြောနိုင်မည်မဟုတ်တာ သေချာပါသည်။

"အင့်"

"ရှင်"

"နှင်းဆီကို မမုန်းဘူးလားဟင်"

"မမုန်းပါဘူး အစ်ကိုမောင်၊ မိန်းမသားချင်းဖြစ်လို့ ပိုပြီး ကိုယ်ချင်းစာနာမိပါသေးတယ်၊ နှင်းဆီ အစ်ကို့ကို ချစ်တာ တစ်ရွာ





လုံးသိနေတာပဲအစ်ကိုရယ်"

"အစ်ကို အင့်ကိုချစ်နေတာကြတော့ တစ်ရွာလုံးသိနေတာ ထည့်မပြောတော့ဘူးလားဗျာ"

"ပြောစရာမှမလိုပဲလေ၊ သူဆင်းရဲမှဆိုးမသမီး အင့်နဲ့ အစ်ကို့ကို အစ်ကို့မိဘဆွေမျိုးအသိုင်းအဝိုင်း ရှိရှိသမျှ ဘယ်သူမှ သဘောမတူကြသော်လည်း သူတို့သိနေကြတာပဲ။

"အင့်ရယ်"

အင့်မျက်နှာလေး ပြုံးနေပေမယ့် အင့်ရင်ထဲက ငိုနေတာကို ဘယ်သူမှမသိပါ။ အချစ်ဦးလည်းဖြစ်၊ အချစ်ဆုံးလည်းဖြစ်သော ချစ်ရသူကို အရူးအမူး ချစ်ပေမယ့် အင့်ဘက်က အချစ်တစ်ခုထဲကို ရှေ့တန်းတင်ပြီး မိုက်ရူးရဲမလုပ်ခဲ့ပါ။

သနားစရာကောင်းသော မမအေရီရယ်နေရာမှာ အင့်သာ ဆိုလျှင်ဆိုသည့် ကိုယ်ချင်းစာနာတရားလေးရှိသလို မသိ၍မှားမိ သည့် အပြစ်ကိုသိလျက်နှင့် ဇွတ်နစ်၍ မမိုက်လိုသူအဖြစ် ခတ္တာ မြိုင်က ဦးဖေယျာတုအလစ်မှာ ဇွတ်နစ်ထွက်ပြေးလာခဲ့ရသူလည်း ဖြစ်ပါသည်။

အင့် ရုတ်တရက်ပျောက်သွား၍ ဦးဖေယျာတု ခေါင်းမီး တောက်လျှင်လည်း ခဏတဖြုတ်သာ ဖြစ်ပါလိမ့်မည်။ ကြာလျှင် တော့ အင့်ဆိုသည့် မိန်းကလေးတစ်ယောက် သူ့ဘဝထဲမှာ ရှိခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တာကို မေ့ချင်မေ့သွားမည်။ ဦးဇေယျတုလို လူတစ်ယောက်အနားမှာ အငုံထက် အချောအလှအတော်အတတ် အဆပေါင်းများစွာ သာလွန်သော မိန်းမလှပေါင်းမြောက်မြားစွာ ရှိမှန်း အငုံသိပါသည်။

အငုံလို ကျေးတောသူမလေး၏ အလှနှင့် ဘဝက သူလို လူတစ်ယောက်အတွက် ဘာဆိုဘာမှမဟုတ်။

“အခု အငုံ ဘာဆက်လုပ်မယ်စိတ်ကူးလဲ၊ ခတ္တာမြိုင်က အငုံအမေသူငယ်ချင်း ဒေါ်ပုဆီကို လုံးလုံးပြန်သွားဖို့ စိတ်ကူးမရှိတော့ဘူးလား”

“ခတ္တာမြိုင်ကိုသာ မပြန်ချင်တာပါလေ ကြီးပုနဲ့တော့ အဆက်အသွယ်မပြတ် ရှိနေမှာပါ၊ လောလောဆယ် အငုံမှာ ဘာအစီအစဉ်မှမရှိသေးပါဘူး အစ်ကိုမောင်ရယ်၊ ဘယ်သွားရမှန်းလည်း မသိဘူး”

“အင်းလေ…ဘယ်သွားရမှန်းမသိတာထက် ဘယ်မှ သွားစရာမရှိဘူးဆိုဟာက ပိုမှန်မှာပါ”

“အငုံစကားတွေက အစ်ကို့ရင်ကို ဘယ်လောက်ပူစေတယ်ဆိုတာ အငုံသိလားကွယ်၊ အငုံသွားစရာမရှိရင် အစ်ကို့အဘွားလေး ဒေါ်ပညာဝတီဆိုတာရှိတယ်၊ အငုံ အဲဒီဘွားလေးကျောင်းမှာ သွားနေမလား၊ အစ်ကိုလိုက်ပို့မယ်”

“အငုံမှာ တခြားလည်း သွားစရာမရှိတော့ အစ်ကို့ဘွား





လေးကျောင်းမှာပဲ လိုက်နေပါ့မယ်အစ်ကို”

“ဒါဖြင့် ထ၊ အခုပဲသွားကြမယ်”

တဆစ်ချိုးပြောင်းလဲသွားသော အငုံ့ဘဝခရီးက အစ်ကိုသင်းမောင်၏ ဘွားလေး ဒေါ်ပညာဝတီဆိုသည့် ဆရာလေးကျောင်းမှာ အဆုံးသတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါကလေးတို့"

"ဟေး"

ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ပျော်ရွှင်မြူးတူးစွာ ဟစ်အော်ခုန်ပေါက်ထွက်ပြေးသွားသော ကျောင်းသားကလေးသူငယ်လေးများကို ကျေနပ်ပီတိအပြုံးဖြင့် လိုက်ငေးကြည့်ရင်း အငုံ ဆွဲခြင်းတောင်းလေးကို ကောက်ယူလိုက်သည်။

တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှ အပန်းဖြေရင်း ဖြည်းဖြည်းချင်း ရွာလမ်းကလေးအတိုင်း လျှောက်လာခဲ့သူက ကလေးတို့၏ဆရာမလေး အငုံ။ ဘွားလေး ဒေါ်ပညာဝတီ၏ အကူအညီအထောက်အပံ့။ အငုံ၏ ကြိုးစားရိုးသားမှုဖြင့် ဤရွာလေးမှာ ဆရာမအလုပ်ကလေး ရရှိခဲ့သူဖြစ်သည်။





ခတ္တာမြိုင်နှင့် ပတ်သက်သမျှ ကြီးတော်ဒေါ်ပုကအစ ဦးဖေယျတုနှင့် ပတ်သက်ဆက်နွယ်မှုအပေါင်းကို ရက်စက်စွာ ဖြတ်တောက်ခဲ့သူက အငုံကိုယ်တိုင်သာ။

ကိုယ်တိုင် အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ဖြေဆိုထားသလို ဘဝရပ်တည်မှုအတွက်လည်း ကလေးတို့၏ဆရာမလေးအဖြစ် ကျားကန်ရပ်တည်ထားသူ၏ ဘဝခရီးက ပန်းခင်းသောလမ်းမဟုတ်ပေမယ့် ကျေနပ်ကြည်နူးစရာဖြစ်ပါသည်။

ကိုယ်တိုင်ဝါသနာပါသော အလုပ်မို့ ပို၍နေပျော်တာလည်းပါသည်။ အနောက်တောင်ဆီမှ ညို့တက်လာသော မိုးကိုမြင်ရသည်။ မကြာမီ မိုးရွာပေဦးတော့မည်။

အငုံမှာ ဆောင်းစရာထီးလေးပါသည်။ လေပြင်းပြင်းကျသဖြင့် တဖျတ်ဖျတ်လွင့်မျောနေသော အဝတ်အစားများကို ဖုံးဖိရင်း ဤလေနှင့် ထီးဖွင့်ဆောင်း၍ မဖြစ်နိုင်မှန်း သိသည်။

မိုးလွတ်မည့် လေကွယ်ရာနေရာကို မှေ့ရှာရင်း ခြေလှမ်းကို ခပ်သွက်သွက်အလျှောက် သူမအပေါ်မှ အရှိန်ပြင်းစွာ မောင်းနှင်သွားသည့် ကားကြောင့် ဖုန်လုံးကြီးဖွေ့ ကားနောက်ပါးမှာ အရှိန်ဖြင့် လိမ့်ကျန်ခဲ့သည်။

မိုးက လေနှင့်အတူ တဝေါဝေါပြေးလာပြီး သွန်ချသလို ဝုန်းခနဲရွာအချမှာ အငုံတစ်ကိုယ်လုံး ရွှဲရွှဲနစ်သွားသည်။ မိုးလွတ်ရာမဟုတ်သော်လည်း ကုက္ကိုလ်ပင်အောက် အပြေးလျှောက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းအပြင်မှာ အင့်နားက ဖြတ်သွားသောကားက မိုးထဲရေထဲ ဝေါခနဲ နောက်ပြန်ဆုတ်လျက် အနေအထားအတိုင်း အင့်ဘေးမှာ ကျွီခနဲ ထိုးရပ်လာသည့်အတွက် အင့်လန့်သွားသည်။

ကားမှန် ဝေါခနဲကျလာပြီး လူတစ်ယောက်၏မျက်နှာ ဘွားခနဲပေါ်လာတော့ အင့်လန့်မအော်မိအောင် ပါးစပ်ကို လက်ဝါးလေးဖြင့် လျှင်မြန်စွာ အုပ်ကွယ်လိုက်မိ၏။

"အင့်"

ဦးဇေယျာတု။

တမ်းတလှိုက်လှဲသော ခေါ်သံနှင့် ရိုဝေမှိုင်းညို့သော မျက်ဝန်းညိုအစုံကို စိတ်မဝင်စားအား စာသင်ကျောင်းဆောင်လေးရှိရာသို့ နောက်ကြောင်းလှည့်ပြီး ကမူးရှူးထိုး ထွက်ပြေးဖို့ကြိုးစားမိသည်။

"အင့်…အင့်"

"မပြေးနဲ့လေ"

ဇေယျာတု လှမ်းခေါ်သော်လည်း အင့်က လှည့်မကြည့်။ ခြေဦးတည့်ရာကိုသာ ရွတ်နစ်ပြေးတော့ ဇေယျာတုက သူ့ကားဖြင့် အင့်နောက်ကို ဝေါခနဲမောင်းလိုက်သည်။

"အင့်"

"ကျွီး"

အင့်နား ကားကိုထိုးရပ်ပေမယ့် အင့်က အပြေးမရပ်။





ဘယ်သူများ အင့်ရှိသည့်နေရာကို လမ်းညွှန်လိုက်ပါလိမ့်ဟုတွေးရင်း ရင်တွေတဒုန်းဒုန်း ခုန်လျက် မမအေရီရယ်မျက်နှာကိုသာ မျက်လုံးထဲကမထွက်ဘဲ တစ်ယောက်တည်း ရွတ်အပြေးမှာ ဇေယျာတုကလည်း ကားပေါ်က ခုန်ချပြီး မိုးထဲလေထဲ အင့်နောက် ရွတ်ပြေးလိုက်ဖို့ ကြိုးစားသည်။

မိုးကရွာသည်။

လေကထန်သည်။

ရွှံ့ဗွေးမြေအစေးကို အရှိန်ဖြင့်ပြေးအနင်းမှာ ဇေယျာတု တစ်ကိုယ်လုံး လျှောခနဲပါသွားရုံမက ဗုန်းခနဲ အင့်ခနဲ လဲပါသည်။

"အင့်"

"အမလေးဗျာ"

"ဗိုင်း"

"အင်း"

အင့်က ဇေယျာတုအဖြစ်ကို သိလည်းမသိ၊ ရှုည့်လည်းမကြည့်အား ကျောင်းထဲ ရွတ်ကာပြေးအဝင်မှာ ကျောင်းထဲက ထွက်လာသူကို အင့်ခနဲဝင်တိုက်လိုက်မှ အပြေးရပ်သွား၏။

"အင့်"

"ဘုတ်…အမလေး"

အင့်က ဝင်တိုက်ပြီး အင့်ကပင် အလန့်တကြား အော်ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လာတာလဲ ဆရာမ၊ ဟိုလူကရော ဘယ်သူလဲ"

"ဆ…ဆရာ ဦးအောင်မွန်"

အငုံအသံက တုန်တုန်ရီရီ။ မျက်စိမျက်နှာပျက်မို့ ဆရာဦးအောင်မွန်ပင် လန့်နေပုံရသည်။

"ဟုတ်တယ် ဆရာမ၊ ကျွန်တော်ပါ၊ မိုးထဲလေထဲ ဆရာမ တအားစွတ်ပြေးလာတာမြင်လို့ ကျွန်တော်ရပ်ကြည့်နေတာ၊ ဆရာမက မမြင်ဘဲ ကျွန်တော့်ကိုဝင်တိုက်တာလေ"

"ဟိုမှာလဲနေတဲ့လူက ဆရာမအသိထဲကလား"

လဲနေသူဆီမှ မိုးရေထဲ အငုံလှမ်းကြည့်လိုက်တော့ ရွှံ့နှစ်နှင့် ဗွက်ရေတွေ ပေလူးလျက် ချော်လဲရာက ကုန်းထနေသူ ဦးဖေယျတုကြောင့် အငုံမှာ ကြံရာမရ ငိုချင်လာသည်။

ဒီအထိအောင် သူလိုက်လာပြီဆိုထဲက မလွယ်မှန်း အငုံသိသည်။

"ဟော…ဟိုမှာလာနေပြီ"

"ဟို..ဟို အငုံကို ကူညီပါဦးဆရာရယ်၊ အငုံလေ"

"အငုံ"

အငုံစကားက အဆုံးသို့မရောက်လိုက်ရ။ မိုးရေတွေ ရွှဲစိုလျက် ရွှံ့နှစ်ဗွက်ရေတွေ ပေလူးနေသူက အငုံနှင့် ဆရာဦးအောင်မွန်နား မားခနဲရောက်လာတော့ အငုံမှာ အလန့်တကြားနှင့် ဆရာ





ဦးအောင်မွန်နား ဖွတ်တိုးကပ်ရပ်လိုက်ပြီး စိတ်ကို ဒုန်းဒုန်းချလိုက်ရသော အမူအရာဖြင့် ဆရာဦးအောင်မွန်လက်မောင်းတစ်ဖက်ကို မိုးရေတို့ စိုရွှဲအေးစက်နေသော သူမလက်တစ်ဖက်ဖြင့် ပြုန်းခနဲ ဆွဲဖက်လိုက်၏။

"ဆရာမ"

ဆရာဦးအောင်မွန်ထံမှ အလန့်တကြားအော်သံကို အငုံ ဂရုစိုက်မနေနိုင်။ ဦးဖေယျတုကိုသာ မောကြီးပမ်းကြီး မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး

"ဒီမှာ အငုံယောကျ်ားရနေပြီ၊ ဟောဒါ အငုံယောကျ်ား ဆရာဦးအောင်မွန်တဲ့"

"အငုံ"

"ဟာ ဆရာမ"

ယောကျ်ားနှစ်ယောက်စလုံး မျက်စိမျက်နှာပျက်သွားသလို အငုံတစ်ကိုယ်လုံးလည်း စိတ်လှုပ်ရှားတာရော ရွှဲရွှဲစိုနစ်နေသည့် မိုးရေတို့ကြောင့်ရော လေပြင်းတစ်ချက်အဝှေ့မှာ ဆတ်ဆတ်တုန်ခါလျက် မူပျက်နေပါသည်။

"ဟို…ဒီလိုပါခင်ဗျာ၊ ကျွန်တော်က"

"ဆရာ"

"ဗျား"

ကမန်းကတန်း ဖြေရှင်းချက်ထုတ်၍ ရှင်းလင်းဖို့ ပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ဆရာဦးအောင်မွန်ကို အငုံက ဦးဇေယျတုမမြင်အောင် လက်မောင်းကို အတင်းဖိကုတ်လိုက်ရာ ဆရာမှာ စကားမဆက်နိုင်ဘဲ ဖြစ်သွား၏။

"ဒါ ဟို အငုံ့မိတ်ဆွေပါဆရာ၊ ဦးဇေယျတုတဲ့၊ ဦးဇေယျတု ဒါ အငုံ့ယောက်ျား"

"အငုံပြောချင်တာ ဒါပဲလား"

"ဟင်"

"ဗျာ"

ဆရာဦးအောင်မွန်ရော အငုံပါ ဘာပြောရမှန်းမသိဘဲ တစ်ယောက်မျက်နှာ တစ်ယောက်အကြည့်မှာ ဦးဇေယျတုက အငုံ့ မျက်နှာကိုပဲ မျက်တောင်မခတ် စိုက်ကြည့်သည်။

"အငုံမှာ ယောက်ျားရှိရှိမရှိရှိ ကို စိတ်မဝင်စားဘူး"

"လာ ကားပေါ်တက်"

"အို ဘယ်လဲ"

"အငုံ့လက်ကိုလွှတ်ပါ"

"ဆရာ…ဆရာ"

ဇေယျတုက အငုံနားမှာ အတူရှိနေသည့် ဆရာဦးအောင်မွန်ကို တစ်ချက်ပင် အရေးမလုပ်။ ခပ်တည်တည်ပင် အငုံလက်ကိုဆွဲ၍ မိုးထဲလေထဲ သူ့ကားရှိရာ ဖွတ်ဆွဲခေါ်ခြင်းကြောင့် အငုံမှာ ကြံရာမရ ဆရာဦးအောင်မွန် လက်မောင်းတစ်ဖက်ကို မလွှတ်တမ်းဆွဲထားလျက် အားကိုးတကြီး ဆရာဦးအောင်မွန်အမည်ကို တလျှက်အော်နေခြင်းဖြစ်သည်။





ဆရာဦးအောင်မွန်မှာ အစထဲက လူရိုးလူဖြောင့်ဖြစ်ရသည့်အထဲ ဇေယျတု၏ တည်ကြည်ခန့်ညားချောမွေ့သော မျက်နှာထား။ လှပနုငယ်၍ စွဲမက်ဖွယ်ရာ အလှတရားတို့ဖြင့် ပြည့်စုံသော ကျောင်းဆရာမလေးအငုံတို့ကြား ဘယ်ဘက်က ပါရမှန်းမသိဘဲ ဆူကြောင်ကြောင်ကြီး ဖြစ်လျက်နေ၏။

သို့သော် ဇေယျတုဆိုသည့် ကိုလူချောကလည်း ဆရာမလှလှလေးအငုံကို ဖွတ်အတင်းအဓမ္မ လက်မောင်းရင်းမှ ပိုင်နိုင်စွာရဲရဲဝံ့ဝံ့ဆွဲအခေါ် အငုံက ဆရာဦးအောင်မွန်၏ တိုက်ပုံအင်္ကျီစတစ်ဘက်ကို မိမိရရဆွဲအထား ကိုယ့်ကားယားအနေအထားနှင့် သုံးဦးသား မိုးထဲလေထဲ ဒရွှတ်တိုက်ဖြစ်လျက်သား ရှိနေပေသည်။

"ဦးဇေယျတု"

"ရှင်…အငုံကိုလွှတ်နော်"

"လွှတ်ဆို"

"အိုး…အမေ့"

ဇေယျတုက အငုံစကားကို အရေးစိုက်ခြင်းမပြုဘဲ အငုံလက်ကို အားထည့်၍ တအားဆွဲခေါင့်အခေါ်မှာ ဆရာဦးအောင်မွန့် ဝါ အရှိန်မထိန်းနိုင်ဘဲ အတူပါလာ၏။

"ဆရာ…ဆရာ အငုံကို သူမလွှတ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူမလွှတ်ရင် ကျွန်တော့်ကိုသာ လွှတ်လိုက်တော့ ဆရာမ"

"ကျွန်တော့်ကိုသာ လွှတ်လိုက်"

"အို…အရေးထဲ"

အင်္ဂမှာ အားကိုးတကြီး ဆရာဦးအောင်မွန်ဘက် လှည့်၍ တိုင်တည်ပါသည်ဆိုမှ ဆရာဦးအောင်မွန်က အင်္ဂကို ဝင်ဆွဲဖို့အသားထား၍ တစ်ထည်တည်းသာရှိသော တိုက်ပုံအရိလေး အင်္ဂလက်ချက်ဖြင့် စုတ်ပြတ်တော့မည့်အရေးအတွက် အင်္ဂနောက်မှ မိုးရေထဲ အပြေးအတူလိုက်ပါလာရင်း သူ့အင်္ကျီလက်ကို လွှတ်ဖို့ တောင်းပန်နေခြင်းဖြစ်သည်။

အင်္ဂမှာ ကိုယ့်ယိုကားယားဖြစ်နေသည့် သူတို့အဖြစ်ကို မရယ်နိုင်အား ဖျိုခနဲပါလာသည့် ဆရာဦးအောင်မွန်၏ တိုက်ပုံအင်္ကျီ လက်တစ်ဖက်ကြောင့် ကြောင်သွားသည်။

"ဗျို"

"အမလေးဗျာ ရှိစုမဲ့စုလေးတော့ ကုန်ပါပြီ ဆရာမရဲ့"

ငိုသံပါကြီးနှင့် မိုးထဲလေထဲ တိုက်ပုံအင်္ကျီ အရွဲ့အစောင်း လက်တစ်ဖက်ပြုတ်နှင့် အော်ဟစ်ကျန်ခဲ့သော ဆရာအဖြစ်ကိုကြည့်ပြီး ဒေါသဖြစ်ဖြစ်နှင့် အင်္ဂ ဖေယျတုဘက်လှည့်၍ ရင်ဆိုင်လိုက်သည်။

"ရှင့်ကြောင့်…ရှင့်ကြောင့်၊ ဟိုမှာ ဆရာ ဘယ်လိုဖြစ်ကျန်ခဲ့ပြီလဲ၊ အဲဒါ အဲဒါ အင်္ဂယောကျ်ားရှင့်"

"ကားပေါ်တက်"

"မတက်ဘူး"

"လာခဲ့"

"အိုး…အမလေး"

ဇွတ်ခနဲ အင်္ဂခါးမှ ဆွဲပွေ့လျက် ကားပေါ်ပွေ့တင်လိုက်ပုံက ပေါ့ပေါ့ပါးပါး။ သူကိုယ်တိုင် ကားပေါ်တက်ပြီး ဝူးခနဲ မောင်းထွက်တော့ အင်္ဂမှာ ဘာပြောပြော အရာမထင်ဘဲ သူ့လုပ်ချင်ရာတွေချည်း စွတ်လုပ်နေသူကို ဒေါသဆူဝေစွာ ရန်တွေ့ပါသည်။

"ရှင်…ရှင် လူမှဟုတ်ရဲ့လားဟင်"

"လူမဟုတ်ဘူး၊ နတ်ဖြစ်နေတာ ကြာလှပြီ"

"ဟင်"

"ကိုယ့်ကိုယ်ကို လုံလှပြီထင်ပြီး ပုန်းနေလို့ရော ကိုယ့်လက်က လွှတ်မယ်ထင်နေလား"

"အိမ်ဘယ်မှာလဲပြော"

"မသိဘူးရှင်"

အင်္ဂမှာ လူမဟုတ်ပါ နတ်ဖြစ်နေသည်ဆိုသော လူကို သူမအိမ်လေးသို့ မခေါ်လိုသဖြင့် ရှုံ့အပြောမှာ ဖေယျတုက သူ့ကားကို လမ်းဘေးသစ်ပင်ကြီးတစ်ဖက်အောက် တအားဆွဲရွှေ့ပြီး ရပ်လိုက်ခြင်းကြောင့် အင်္ဂလန့်သွားသည်။




စိုးမိုး - စာပေ

www.burmeseclassic.com



"ဒါ ဘာလုပ်တာလဲရှင့်၊ သူများရပ်သူများရွာကြီးမှာ"

"ကိုယ်နေတဲ့အိမ်ကို မသိဘူးဆိုလို့ သိအောင်ပြမလို့"

"ရှင်နော်"

လှစ်ခနဲ ကားပေါ်ကဆင်းအပြေးမှာ ဖေယျတုကလည်း အရှုံးမပေးဘဲ အင်ကိုယ်လေးကို ကျုံးပွေ့ပြီး ကားနောက်ခန်းထဲ ပစ်ထည့်သည်။ ဒီတစ်ခါ အင် ပြေး၍မလွတ်တော့မှန်းသိသည်နှင့် သူ့ရင်ဘတ်ကြီးကို လက်ကလေးဖြင့် တွန်းထောက်လျက်

"ရှင်…ရှင် အင့်မှာ ယောကျ်ားရှိတယ်ဆို"

"အို…အို"

"စိတ်ချ၊ အခုမှ အင့်ယောကျ်ားအစစ် ဘယ်သူဆိုတာ အင့်သိရစေမယ်"

အုန်းခနဲ, ဂျိန်းခနဲ မိုးထစ်ချုန်းသံက အင့်တို့ကားထဲက ရန်ပွဲလေးကို အသံတိတ်ငြိမ်သက်သွားစေအောင် လွှမ်းမိုးသွား၏။

❧ ❧ ❧





# အခန်း (၂၂)

"အိမ်ပြန်ကြမယ်"

"အင့် မလိုက်ဘူး"

"ဘာဖြစ်လို့လဲ"

ဒေါသဖြင့် ဆတ်ခနဲမော့အကြည့်မှာ နီရဲစိုစွတ်သော နှုတ်ခမ်းအစုံကြောင့် မျက်နှာတစ်ခုလုံး ထူအမ်းလျက် အင့်ကိုယ်ပေါ်က သူ့လက်တွေကို ဖွတ်ဖယ်ရန် တွန်းထုတ်ပစ်သည်။

"အင့်"

"ရှင့်ကို အင့်မုန်းတယ်သိလား"

"ဒီလောကချစ်စရာကောင်းတဲ့လူကို မုန်းတာ အင့် တစ်ယောက်ပဲရှိတယ်သိလား"

ပြုံးနေသော သူ့မျက်နှာကို အင့်မကြည့်ပါ။

မမအေးရီရှယ်ဆိုသည့် အတွေးတစ်စနှင့်ပင် အင့်ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်လှပါသည်။

"အင်ံ"

"ဖယ်ပါ၊ အင်ံအသားကို မထိပါနဲ့"

အင်ံက ဓေယျတုလက်ကို တွန်းထုတ်တော့ သူက ချစ်မြတ်နိုးစွာရယ်သည်။

"ဒီလောက်အသည်းမာနိုင်မယ်မှန်း မသိလို့ တစ်ခါထဲ အပိုင်သိမ်းမထားလိုက်တာ၊ အချိန်တွေ ဘယ်လောက်နှမြောစရာကောင်းလဲ"

"ရှင့်အကြံတွေသိလို့ အင်ံကလည်းမနေတာ"

"ဒါနဲ့ပဲ ဒီရွာမှာ ဘယ်သူမှမသိအောင် တိတ်တိတ်လာပုန်းနေတယ်ပေါ့ ဟုတ်လား"

အင်ံ မဖြေပါ။

မနက်လင်း၍ ရွာကလူတွေနှင့် မျက်နှာချင်းဆိုင်ရမှာတွေးပြီး ဝန်လေးမျက်နှာပူနေပါသည်။ ဖွတ်တရွတ်လူဆိုး။ အင်ံနေသည့် အိမ်လေးပေါ်မှာ အခန့်သား။ အင်ံကို သူလက်ခုပ်ထဲကရေနှယ် သူ့စိတ်ကြိုက် ဆော့ကစားချင်တိုင်း ဆော့ကစားခွင့်ရနေခြင်းကိုပဲ မုန်းနေမိသည်။

"လက်ထပ်ကြမယ်နော်ချစ်"

"ရှင်သစ္စာဖောက်ပေမယ့် အင်ံကတော့ မမအေရီရယ် အပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်မှာမဟုတ်ဘူး"





"သစ္စာရှင်မလေးပေါ့ ဟုတ်လား"

"အင်ံကို မလှောင်ပါနဲ့"

"လေးစားမြတ်နိုးရလွန်းလို့ ဂုဏ်ပြုရတာပါဗျာ၊ ချစ်တယ် အင်ံရယ်၊ သိပ်ချစ်တယ်"

တမ်းတခဲ့ရသော အလွမ်းများအတွက် အတိုးချအနမ်းများ မသုံးနိုင်တော့ဟု ထင်ရသည့်အထိဖြစ်သည်။

"ကို့ကို သားတွေသမီးတွေ အများကြီးမွေးပေးရမယ်နော် ဘု အချစ်" ဟာခဲ့

"ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ" ၆မှာ

"လက်မထပ်ဘဲ ကို့ကို အပျော်ကြံမလို့လား"

"ရှင်နော်"

"အဟွန်း…ဟွန်း…ဟွန်း" ဘိသူ

ကြည်မွေ့စွာ သူရယ်တော့ အင်ံမျက်စောင်းက ဒိုင်လုံးနှင့် ရောက်သွားသည်။

"ရွာကလူတွေက ကိုဘယ်သူလဲလို့မေးရင် အင်ံ ဘယ်လိုဖြေမှာလဲ"

"ရွာထဲက လူကြီးအိမ်မှာ ရှင့်ကိုယ်ရှင် ဘယ်လိုပြောခဲ့လဲ"

"ဆရာမအင်ံရဲ့ ယောကျ်ားပေါ့"

"ဟွန်း…ဒါနဲ့များ လူကိုလာမေးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…နေဦး ကျောင်းမှာတွေ့ခဲ့တဲ့ အငုံယောကျ်ားရော"

ဖြူးစိစိလုပ်ထားသည့် သူ့မျက်နှာကိုကြည့်ပြီး အငုံပါးနှစ်ဖက် ဖြန်းခနဲ ပူနွေးသွားသည်။ ဆရာ့ကို အားနာမျက်နှာပူမိ၍ပါ။

"ရှင့်ကြောင့် ဆရာခမျာ ကြားထဲက အားနာစရာ"

"အငုံပဲ အငုံယောကျ်ားဆို၊ ကိုယ် အငုံကို အတင်းဆွဲခေါ်တော့ သူပါအတူပါလာတာ ကို့အပြစ်လား"

"ရှင့်ရန်ကိုကြောက်လို့ပေါ့"

"အခုရော ကြောက်သေးလား"

"သွား"

"အဟွန်း…ဟွန်း…ဟွန်း"

မြတ်နိုးသိမ်မွေ့စွာ အငုံပါးပြင်နုကို ဖွဖွငုံ့နမ်းသည်။

"ပစ္စည်းတွေသိမ်းတော့နော်၊ မနက်စောစောပြန်ကြမယ်"

"အငုံမလိုက်ဘူးဆို"

"ဗွတ်ပွေ့တင်ရမှာပဲ"

"မမအေရီရယ်ကို မသနားတော့ဘူးလား ရှင်ရယ်"

"သနားလို့ပေါ့"

"ဟင်"

"ကို့စိတ် ကို့သဘောနဲ့ဆို အငုံမှာ အခုချိန်ဆို သားတစ်ယောက်တောင် ရှိနေလောက်ပြီ"





"အို ဒါကဘာစကားလဲ"

"ချစ်စကားလေ"

လက်ထပ်ဖို့ပြောတိုင်း သက်ပြင်းလေးချပြီး သူ့ကို ငြင်းချက်ပြန်ထုတ်တတ်သော အငုံကို ချစ်သည်။ ပို၍ မြတ်နိုးစုံမက်သည်။ အငုံက ရုပ်ကလေးတင် လှတာမဟုတ်။ အသည်းနှလုံးရော စိတ်ထားရော လှပလွန်းသူ။ မိန်းမမြတ်ဖြစ်သည်။

အငုံနေရာမှာ တခြားတစ်ယောက်ဆိုလျှင် ဓေယျာ့တစ်ယောက် အနှစ်နှစ်အလလက ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ဂုဏ်သိက္ခာကို ကျူမ်းထိုးမှောက်ခုံ သဲထဲရေသွန်ဖြစ်မှာ သေချာသည်။

အငုံက ထိုသို့မဟုတ်။

လူငယ်သော်လည်း စိတ်ထားနှလုံးသား လှပကြီးမြတ်သူအဖြစ် သူမကိုယ်သူမ အစစအရာရာ အနစ်နာခံကာ အားလုံးနှင့်ဝေးရာကို ရှောင်ပြေးခဲ့ရှာသူဖြစ်သည်။

"အငုံ"

"ရှင်"

"ကို့ကို လက်မထပ်ချင်တာ အေရီရယ်ကြောင့် မဟုတ်လား"

"သိရဲ့သားနဲ့ရှင်ရယ်"

"တောကျောင်းက ဆရာမလေးဆိုတော့ ဘာမှမသိရှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဘာကိုလဲဟင်"

"အေရီရယ်ဆုံးသွားတာ တစ်နှစ်ပြည့်ပြီလေ အင်"

"အို"

"ကိုတို့ လက်ထပ်လို့ဖြစ်ပါပြီနော်"

"အင့်မသိတော့ဘူး ဦးဒေယျာတုရယ်"

"အင့်သိအောင် ကိုသင်ပေးမှာပါ အချစ်ရယ်"

"အိုကွယ်"

ဝမ်းသာသည်လည်းမဟုတ်။

ဝမ်းနည်းသည်လည်းမမည်။

သို့သော် လွတ်လပ်သော ချစ်သူ့ရင်ခွင်အတွင်းမှာ နှင်းဆီတစ်ပွင့် ပွင့်ဖူးစေဆောနိုင်ခွင့် ရှိခြင်းကိုက အင့်သိ၏။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်



www.burmeseclassic.com